


www.burmeseclassic.com
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
နှလုံးသားအိမ်လေးထဲမှာ
2015
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) |
| | | ရွှေစာပေ၊ အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း၊ |
| | | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၁၀၀၉၈) |
| | | (ရွှေခြေသည့်ပုံနှိပ်တိုက်) |
| | | အမှတ်-၁၀၉၊ ၃၁လမ်း (၁၁)ရပ်ကွက် |
| | | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၀၅ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | စိုးလပြည့်စာပေ |
| | | အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊ |
| | | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| | | ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၀၉၄ |

၈၉၅-၈၃

ရှင်မြတ်နိုး

နှလုံးသားအိမ်လေးထဲမှာ/ရှင်မြတ်နိုး။ ရန်ကုန်၊

ရွှေစာပေ၊ ၂၀၀၅။

(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) နှလုံးသားအိမ်လေးထဲမှာ


အခန်း ( ၁ )

ရှစ်လအရွယ် မိန်းကလေး၀၀ကစ်ကစ်ကို မေမေက မွေးစားဖို့ ခေါ်ဆောင်လာသည်။ ဆယ်နှစ်သားအရွယ် ရှိနေပြီဖြစ်တဲ့ စစ်နိုင်သော်ရဲ့ စိတ်ထဲမှာ ညီမလေးတစ်ယောက်ရတော့မည်ဟု အတွေးဝင်လျက် အပျော်ကြီးပျော်နေမိ၏။ ညီမလေး ချစ်စရာလေး အသားအရည်ကအစ ဖြူဥဖွေးနေသည်။

"ညီမလေးနာမည်က အနှိုင်းမဲ့တဲ့ သော် ... ပုသိမ်မှာလေ မေမေတို့နဲ့ အိမ်ချင်းကပ်နေခဲ့တဲ့ ငွေဥနစ်လေ သားသိတယ် မဟုတ်လား ... မမငွေဥရဲ့ သမီးလေးပဲ"

"မမငွေဥ သိတာပေါ့ သားကိုလည်း ချစ်တယ်လေ ... သားအပေါ်ကောင်းတယ် ... အလိုလည်း လိုက်တယ် ... မမငွေဥက ဘာဖြစ်လို့ ညီမလေးကို ပေးလိုက်ရတာလဲ ... မမ ဘာဖြစ်လို့လဲဟင်"

"မမငွေဥက ဆုံးသွားပြီ ... သမီးလေး မွေးပြီး မီးတွင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆုံးတာလေ ... ”

“ဟင် ... ”

“ညီမလေး အဖေလည်း လွန်ခဲ့တဲ့ တစ်လလောက်က ဆုံးသွားရှာတယ်လေ ... ”

“ဗျာ ... ”

ညီမလေးကိုကြည့်ပြီး သော်သနားလိုက်တာ ... အပြစ်ကင်းစင်စွာ အိပ်စက်နေတဲ့ အနှိုင်းမဲ့က မမငွေဥနှစ်ရဲ့သမီးလေးဖြစ်၍ သော် သံယောဇဉ်ကြီးရတဲ့ အစ်မရဲ့သမီးဖြစ်သဖြင့်လည်း မြင်မြင်ချင်းပင် သံယောဇဉ်တွယ်သွားရသည်။

“အဲဒါလေ ... သူ့အဖွားကလည်း ကျန်းမာရေးမကောင်းလို့ မမွေးနိုင်တော့လို့ မေမေ့ကိုခေါ်ပြီးပေးတာ စောင့်ရှောက်ပေးပါတဲ့”

ညီမလေး မျက်နှာချောချောလေးကို ငေးစိုက်ကြည့်ရင်း သော် သနားလည်းသနား ... ချစ်လည်းချစ်နှင့် ပွေ့ချီမိသွားသည်။

“ညီမလေး နိုးသွားမယ်လေသား ... မေမေတို့က မျက်နှာစိမ်းနေလို့ ညီမလေး ငိုလိမ့်မယ် ... သူ့အဘွားဆီက မေမေချီတာတောင် ငိုလို့”

“ဟုတ်လား ... မေမေ ညီမလေးရဲ့ အဘွားက ဘာဖြစ်လို့ လိုက်မလာရတာလဲဟင် ... ”

“မချောချောလည်း နေမကောင်းဘူး ... မလိုက်လာဘူး ချောချောကို သားလည်းသိတာပဲ ... မမငွေဥ အမေ ... ”

“သိတယ် ... သိတယ် ... သားနဲ့ မမကို အတူတူထိန်းတာ





ပဲ”

“အမွေစား အမွေခံစာချုပ်နဲ့ အပြီးအပိုင်ပေးလိုက်တာ သူလည်း လာမဆက်သွယ်ဘူးတဲ့ ... သမီးလေး အရင်းတစ်ယောက်လိုပဲ မွေးပါတဲ့ ... ”

“ကောင်းတယ် မေမေ ... သော်လည်း ညီမလေး တစ်ယောက်ရချင်နေတာနဲ့ အတော်ပဲ ... ညီမလေးကို သားကိုယ်တိုင် ထိန်းမယ်နော်”

“ထိန်းလေ ... သားအတွက် အဖော်ရတာပဲ ... ညီမလေး အနှိုင်းမဲ့လေးကို မေမေတို့သမီးအရင်းလို့ ထင်အောင် ပတ်ဝန်းကျင် အသစ်ကို ပြောင်းရမယ်”

“ဟုတ်တယ် မေမေ ... ဒီကနေ ပြောင်းရမယ် ... သော် လည်း ညီမလေး အရင်းအဖြစ်ပဲ သတ်မှတ်ချင်တယ် ... ပြောင်းရအောင်ပါ”

“မေမေအမြန်ဆုံး စီစဉ်မယ် ... ငွေဥလေးကိုလည်း မေမေက သမီးအရင်းလေးလို ချစ်ခဲ့တာဆိုတော့ အနှိုင်းမဲ့လေးအပေါ် လည်း မြင်မြင်ချင်းပဲ သံယောဇဉ် တွယ်မိနေတယ် ... မေမေ့ သမီးလေးပဲ”

မေမေက အိမ်ပြောင်းဖို့အလျှင်အမြန် စီစဉ်သည်။ သော်မှာ လည်း အဖေမရှိဘူး ... သော် ၃ နှစ်သားလောက်မှာ နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွား၏။ ထို့ကြောင့်ပင် မေမေ လျှော်ကြေးရ၍ သော်တို့သားအမိ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့ရသည်။

"ဒီမှာရှိနေတဲ့ အလုပ်သမားတွေကအစ မေမေအလုပ်ဖြုတ်ပစ်လိုက်တယ် ... သမီးလေးအကြောင်း သိသမျှအားလုံး ခြေရာလက်ရာ ဖျက်ပစ်ရမယ်"

"သော်ကြိုက်တယ် မေမေ ... ညီမလေးနဲ့ မြန်မြန်အဝေးကို ပြောင်းကြမယ်နော်"

မေမေရယ် သော်ရယ် ညီမလေးအနှီးမဲ့ရယ် ရန်ကုန်ကို ပြောင်းလာကြသည်။ မေမေက ရွှေဆိုင်ဖွင့်ခဲ့၏။ ညီမလေးနှင့်သော်တလည်း ရုပ်ရည်ချင်းဆင်တူသည်။ အသားဖြူဖွေးနေတာရော ချောတာရော မေမေနှင့်လည်း ညီမလေးက ဆင်သည်။

"သော်ရယ် ... ညီမလေးကို ဒီလောက်အထိ သံယောဇဉ်ကြီးပြီး ဂရုစိုက်ရှိတာ လွန်ပြီကွယ် ... ညီမလေးက သားလောက်သံယောဇဉ်တွယ်ပါ့မလား မေမေတောင် စိတ်ပူတယ်"

"ညီမလေးကလည်း သားကိုချစ်မှာပါ ... ကြည့်ပါဦး ... ညီမလေးပြုံးနေတယ် ချစ်စရာကောင်းတယ်နော် ... မေမေ ဒီမှာကြည့်စမ်း ... ညီမလေး မော့ ... "

"ခစ် ... ခစ်"

"ခစ် ... ခစ် ... ခစ်"

သူက မြှူလိုက်တိုင်း ညီမလေးက တခစ်ခစ်နှင့်အသံလေးထွက်လျက် ရယ်မောနေလေသည်။ သော် အချိန်ပြည့် စက္ကန့်မလပ်ညီမလေးကိုပဲ စိတ်ပူနေခဲ့၏။ သတိရလွမ်းဆွတ်နေ၍ မေမေကပင်





သတိပေး ပြောနေရသည်။

"မေမေရှိပါတယ် သားရယ် ... ပညာရေးပဲ အာရုံစိုက်ပါကွယ် ... မေမေ မရှိရင် ညီမလေးကို အစစအရာရာ သားသော်ပဲ ကျွေးမွေးစောင့်ရှောက်ပေးရမှာပါ"

"ဟုတ်တယ် မေမေ ... သားလည်း ညီမလေးအတွက် ကြိုးစားနေတာပါ ... ညီမလေးကို သားရေချိုးပေးရဦးမယ်"

"မေမေ ချိုးပေးပါ့မယ် သော်ရယ် ... "

"သော်ပဲ လုပ်မယ် ... ညီမလေးကိစ္စတွေ အားလုံး သော်လုပ်ပေးချင်တယ် ... သော်လေ ညီမလေးကို အရမ်းချစ်တယ် မေမေ ... "

"သမီးလေး အနှီးကလည်း ချစ်စရာလေးပဲ ကြည့်ပါဦး သား ငိုယိုနေတာမျိုးလည်း မရှိဘူး ... အေးတယ် အကျင့်လည်း ကောင်းတယ်"

ညီမလေးက ငယ်ငယ်လေးထဲက ငိုယို ဆူပူခြင်းမရှိခဲ့။ လိမ္မာသူလေးပါ ... သော် မျက်စိအောက်ကပင် အပျောက်မခံခဲ့ ... သူ ကျောင်းတက်နေတဲ့ အချိန်မှာ မေမေ့လက်ထဲ အသေအချာအပ်ထားရသည်မှာ အမော ... သူ အင်ဂျင်နီယာဘွဲ့ရပြီး ကုမ္ပဏီ ထူထောင်သည့်အချိန်တွင် ညီမလေးက တက္ကသိုလ်ဝင်တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။ မေမေဆုံးသွားခဲ့၏။ ထိုအချိန်ထဲက ညီမလေး တာဝန်များကို သူအပြည့်အဝယူလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ထမင်းစားမယ် ... ကိုကို ကြက်သားကြော်ထားတယ် ... ဆီနဲ့ဆားလေးနဲ့နယ်ပေးထားတယ် ... ညီမလေး အရမ်းကြိုက်တယ်လေ ... "

"ဟာ ... ကိုကိုကလည်း မမေးမမြန်းနဲ့ ဘာဖြစ်လို့နယ်လိုက်ရတာလဲ အနှိုင်းမစားဘူး ... ငါးဟင်းစားချင်တာပါ ... ကိုကိုကလည်းလေ့ တော်ပြီ ... မစားတော့ဘူး"

"အမလေး ညီမလေးရယ် ... စိတ်တော့ မကောက်လိုက်ပါနဲ့ ... ကိုကို ငါးဟင်းလည်းချက်ထားပါတယ် ... ကြက်ကြော်နဲ့မစားချင်ရင်လည်း ရတယ်လေ ... ညီမလေး ငါးမကြိုက်ပါဘူး ... ဘာလဲ ကိုကို့ကို ပြဿနာရှာချင်တာ မဟုတ်လား ... "

ညီမလေး ဆိုးဆိုးပေပေ ကောင်မလေး မဟုတ်ပေမယ့် ငယ်စဉ်လေးထဲ သူအရမ်းအလိုလိုက်ထားလွန်း၍ ပြဿနာရှာချင်သည်။ ဒီဟင်းဆိုရင် ဟိုဟင်းမရှိတာကို ပြော၍ သူအမောတကောရှာဖွေပေးရသေး၏။ တက္ကသိုလ်ဝင်တန်း အောင်တဲ့ အထိတောင် အစားအသောက်နဲ့ ပတ်သက်ပြီး သူ့ကိုပြဿနာရှာချင်တုန်းဖြစ်သည်။

"မစားတော့ဘူး ... မစားတော့ဘူး ... ညီမလေး အပြင်ဆိုင်မှာပဲ စားမယ် ကိုကို လိုက်ကျွေး ... "

"အင်းပါ ... အင်းပါ ... ကိုကိုကျွေးပါမယ် ... နှုတ်ခမ်းကြီးစူထော်ပြီး စိတ်ကောက်မနေစမ်းပါနဲ့ ကိုကိုမှားပါတယ် ညီမလေး ကျေနပ်တဲ့အထိ နောက်တော်ပါးကနေ လိုက်ပါပြည့်စွမ်းပေးပါ့





မယ်"

ညီမလေး မျက်နှာလေးပေါ်မှာ အပြုံးတွေဝင်းလက်လာမှ သူ စိတ်အေးရသည်။ ဆိုင်လည်း ရွေးသေး ... ဟင်းတွေလည်း ကျီးများနေသေးတယ် ... သော်က ဆိုင်ရှင်ကိုအားနာနေမိ၏။ ညီမလေး စိတ်ကောက်မှာ စိုး၍လည်း မပြောရဲ ... ဆိုင်ရှင်အား တောင်းပန်ရင်း သူက ကျီးများတယ်ဟု ပြောရသည်။

"ကိုကိုကလည်း ကျီးများရမှာပေါ့ ... ကိုယ်စားမဲ့ဟင်းလေ အကောင်းဆုံးရွေးချယ်ရမယ်လေ ... "

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ညီမလေးပြောတာမှန်ပါတယ် ရွေးချယ်ပါ ... စိတ်တိုင်းကျ ရွေးချယ်စေဗျား ... "

ညီမလေးက သူ့အပေါ် နွဲ့ဆိုးဆိုးပြီး ပြဿနာရှာတာပါ ဘယ်လိုပဲ ဖြစ်နေပါစေ သော်လုံးဝ ပင်ပန်းနွမ်းလျှမှု မဖြစ်ခဲ့ ...။ ညီမလေး ဆန္ဒတွေနှင့် တထပ်တည်းကျနေစေရန် သော် ဂရုတစိုက် ဇေ့ဇေ့စပ်စပ် လုပ်ကိုင်ရသည်။ ညီမလေးကတော့ စာတော့ကြိုးစားသည်။ ဆရာဝန်ကြီး ဖြစ်ချင်တာတဲ့လေ ... ဘာသာစုံဂုဏ်ထူးနှင့် အောင်တယ်ဆိုတော့လည်း သော် ကျေနပ်ပျော်ရွှင်မိလေသည်။

"ကိုကို့ ညီမလေးက အရမ်းတော်တယ်ကွာ ... ထူးချွန်လိုက်တာ အနှိုင်းလေး ဆေးကျောင်းတက်ခွင့်ရပြီပေါ့ ... ပျော်တယ်ကွာ"

သော့်အချစ်တွေ အားလုံး ညီမလေးအပေါ် စုပုံထားလျက် တခြား ဘယ်လောကပဲ ချောမောလှပသူ အရည်အချင်းပြည့်ဝ



www.burmeseclassic.com

www.burmeseclassic.com



သည့် အသိုင်းအဝိုင်း မြင့်မြတ်ထဲက မိန်းကလေးဖြစ်နေပါစေ သော် လုံးဝ စိတ်မဝင်စားခဲ့ ... ညီမလေးနှင့်ဝေးရမှာကို အကြောက်ဆုံး ဖြစ်သည်။

"ကိုကို့ ဘဝမှာ ညီမလေးကလွဲပြီး ဘယ်သူမှ တန်ဘိုးထား ရမယ့် မိန်းကလေး မရှိစေရဘူး ... လူပျိုကြီးပဲလုပ်မယ် ... ညီမလေးကို စိတ်မချဘူး ... ကိုကို ကိုယ်တိုင် ပြုစုစောင့်ရှောက် ပေးရမှ စိတ်ချမယ် ... "

ညီမလေးလည်း ချစ်သူရည်စား မရှာနဲ့ဟုပြောတော့ အင်း တဲ့ ပေါ့ပျက်ပျက် ... သော်က အနှိုင်းကို ကတိတစ်ခု အသေ အချာတောင်းပေမယ့် အင်းဟုပြောပြီး ရယ်မောရင်း အလေးအနက် မရှိခဲ့ ... သူ့ စိတ်ပူရခြင်းပင် ... အရမ်းကြီးလည်း မတားဆီး မချုပ်ချယ်ရဲ ... ညီမလေး စိတ်ဆိုး စိတ်ကောက်မှာ စိုးရိမ်နေမိ၍ ဖြစ်သည်။

"အနှိုင်း"

"ဟင် ... "

"ပညာပဲရှာနော် ... ကိုကိုပြောတာ ကြားလား"

"အင်းပါ ... "

"လေးလေးနက်နက် ဖြေစမ်းပါ ညီမလေးရယ် ... "

"ကိုကိုကလည်းလေ ဘာလဲ ... ကိုကို့ မေးခွန်းကို ကတ္တရာ စေး တိုင်ကီရှက်ပြီး ဖြေရမှာလား အရေးမပါတာ ... ညီမလေး အိပ်တော့မယ် ... မနက်ကျောင်းစတက်ရမှာနော် ... ရင်တွေ





အရမ်းခုန်နေတယ် သိလား"

"ဟုတ်သားပဲ ... အိပ်တော့ အိပ်တော့ ... ကိုကို အိပ်ရာ ခင်းပေးထားတယ်"

ညီမလေးက သူ့မအိပ်ခန်းထဲဝင်ပြီးမှ ကိုကိုရေ ကိုကိုရေ ဟု အသံပြကြီးနှင့် အော်နေ၍ သော် ကမန်းကတန်းနှင့် ညီမလေး အခန်းထဲ ပြေးဝင်သွားရသည်။

"ဘာလဲ ... ဘာတွေ့လို့လဲ ညီမလေး ... "

"ဒီမှာ ... ဒီမှာ ကိုကိုခင်းထားတဲ့ အိပ်ရာခင်းအရောင်ကြီး ကို မကြိုက်လို့ ... "

"ညီမလေးပဲ အပြာရောင်ကြိုက်တယ်လေ ... "

"အပြာရင့်ရောင်ကြီး ညီမလေးက နုနုကြိုက်တာ ... ပြာ လိုက်တာ ရင့်ရင့်ကြီး ... ဒါ ညီမလေးကို မမေးပဲ ကိုကို့သဘောနဲ့ ကိုကိုဝယ်လာတာ ... မကြိုက်ဘူး ... ပြန်လဲပေးပါ ... ဟင်း စိတ်ညစ်တယ် ... မျက်စိ စူးလိုက်တာ ... "

"ဟုတ်ပါပြီ ... ခဏလေးနော် ... ကိုကို ပြန်လဲပေးပါ့မယ် စိတ်မညစ်ပါနဲ့ ညီမလေးရယ် ... ထိုင်နေပါဦး ခဏလေး ... "

ညီမလေးကို ချော့မော့ပြီး အိပ်ရာခင်းကို အသစ်လဲဖို့လုပ်ရ သည်။ သူကလည်း သူပဲ ညီမလေးမပါဘဲ ပစ္စည်းတွေဝယ်ရင်း အိပ် ရာခင်းဝယ်လာတာ ... အပြာရင့်ဖြစ်သွားသည်။ ဒီကောင်မလေး ချေးများစရာမရှိ ရှာကြံဂျီးများနေတတ်၏။ ကလေးဆိုးလေးပိုပဲ သူကလည်း မိန်းမကြီးတစ်ယောက်ကဲ့သို့ ညီမလေးအိပ်ဖို့ အိပ်ရာက

www.burmeseclassic.com



အစ ခင်းကျင်းပေးမှ စိတ်တိုင်းကျသည်။ ညီမလေးက သူလုပ်ပေးမှ ချေးများလွန်းတဲ့ အနှိုင်းမဲ့ဆိုရင် ဝေးဝေးက ရှောင်ချင်ကြသည်။

"ကဲ ... အပြာနုရောင်လေး ကြိုက်လား ... ကြည့်ဦးလေ"

"ကြိုက်ပြီ ... အနှိုင်းအကြိုက်ကို သိတယ်ဆိုပြီး ကိုကို ကလေ တလွဲပဲလုပ်တယ် ... အလကားပဲ"

"ညီမလေးကလည်းကွယ် ... ကိုကိုက အပြာရောင်ဆို ညီမလေးကြိုက်မယ်ထင်တာ ... ဟုတ်သားပဲ နုနုလေး ... နုနုလေး ကိုကိုကြောင်သွားတယ် ... ဟုတ်သားပဲ ... ညီမလေးက အရောင် နုနုလေးတွေ ကြိုက်တာလေ ... Sorry ... Sorry ... Sorry"

သော်တစ်ခုခုမှားသွားလျှင် ညီမလေးအား Sorry ... Sorry ဟု အထပ်ထပ်တောင်းပန် စကားပြောတတ်တာတောင် ညီမလေး စိတ်ကောက်မပြေဘဲ နှုတ်ခမ်းစူထော်ထားလျှင် ညီမလေးစိတ်ဆိုး ပြေစေမယ့် နည်းမျိုးစုံ ရှာဖွေ၍ ချော့ရလေသည်။

★

အခန်း ( ၂ )

ညီမလေး အနှိုင်းမဲ့ကျောင်းစတက်သောနေ့တွင် သော်ကိုယ် တိုင် လိုက်ပို့ပေးရင်း ငယ်ငယ်က မူကြိုစတက်တုန်းကလိုပဲ သော် စိတ်မချနိုင် ... သူတို့ အနီးအနား အထက်တန်းကျောင်းကနေ အဝေးသို့ ပြောင်းရ၍လည်း ညီမလေးနေတတ်ပါ့မလား ... သူငယ် ချင်းတွေကရော ညီမလေးနှင့် အဆင်ပြေပါ့မလားဟု စိတ်ပူရပြန် သည်။

"ကိုကိုပြန်တော့လေ ... ညီမလေး ရပါပြီ ... ကလေးမှ မဟုတ်တော့တာ ... "

မူကြို စတက်တုန်းကတော့ ကိုကိုမပြန်ပါနဲ့ဦးဟု ငိုယိုတား ဆီး ... သူ့လက်ကို အတင်းဆွဲထားခဲ့သည်။ အခုလည်း သူ့ကိုဆွဲ ထားစေလိုနေခဲ့သည်။ ညီမလေးက ကိုကိုပြန်တဲ့။ အခြေအနေတွေ က ဒီလောက်အထိပဲ ပြောင်းလဲသွားပြီလား ... သော် ကြောင်၍ ရပ်နေဆဲပင်။ ညီမလေးက ကိုကိုပြန်လေ ... ညီမလေး ဝင်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ဟု လက်ပြန့တ်ဆက်ပြော၍ သော့်အား ကျောခိုင်းထွက်ခွာသွားသည်။

"ညီမလေး ... အနိုင်း ... "

သော် လှမ်းအော်ခေါ်မိတော့မလို အသံထွက်သွားပြီးမှ ဟုတ်သားပဲ ... ညီမလေး မှုကြိုတတ်တာမှ မဟုတ်တာဟု တွေးပြီး ကားဆီပြန်လှည့်လာခဲ့သည်။

"အနိုင်းက အပျံသင်စငှက်ကလေးတစ်ကောင်လိုပဲ လူ့လောကကြီးထဲကို စတင်ပျံသန်းဖို့ ကြံစည်နေပြီပဲ ... ကိုကို့စိတ်ထဲမှာ ကလေးလိုပဲ ထင်နေတယ် ... မှုကြို စတက်တုန်းကလိုပဲ တစ်နေကုန် ထိုင်စောင့်နေချင်တယ် ... မဖြစ်သေးပါဘူး ... ဆေးကျောင်းသူကြီးတောင် ဖြစ်နေပြီပဲ ... "

BURMESE CLASSIC

သော် စိတ်ကိုထိန်းချုပ်လျက် ကားစက်အား အနိုင်နိုင် အင်အားတွေစုစည်းပြီး နှိုးနေရသည်။

"သော်ရယ် ... သားအနေနဲ့ ညီမလေးအပေါ်မှာ ဒီလောက်အထိ သံယောဇဉ်ကြီးနေတာ မေမေတော့ စိတ်ပူတယ် ... တကယ်လို့လေ ညီမလေးမှာ ချစ်သူတွေ့သွားလို့ အိမ်ထောင်ပြုတဲ့အခါ သော် ဘယ်လိုဖြေသိမ့်နိုင်မလဲ ... အခက်တွေ့လိမ့်မယ် သံယောဇဉ်တွေကို လျှော့စမ်းပါ ... "

မေမေပြောတဲ့ စကားတွေကို ပြန်ကြားယောင်လာရင်း ညီမလေး ရည်းစားတွေ့ပြီး အိမ်ထောင်ပြုလျှင် ဘယ်လိုလုပ်မလဲ ဆိုတဲ့ အတွေးတွေ ဝင်လာရကာ သော် စိတ်တွေ တုန်လှုပ်ချောက်





ချားသွားသည်။ ဘယ်လို ရင်ဆိုင်ရမလဲ ညီမလေးက ချောမောလှပ၏။ အရပ်မြင့်မြင့်လေးနှင့် ကိုယ်လုံးကိုယ်ပေါက်ကအစ တောင့်တောင့် ဖြောင့်ဖြောင့် အသားအရည်ကလည်း ဖြူဝင်းအိနေသည်။

"မဟုတ်သေးပါဘူး ... သော် ... မင်းဘာတွေ စဉ်းစားနေတာလဲကွာ ... ညီမလေးက အချိန်တန် အရွယ်ရောက်လာပြီး ချစ်သူလည်း တွေ့ချင်တွေ့မှာပဲလေ ... ဟာ မဖြစ်ဘူး ... ညီမလေးမှာ ချစ်သူဆိုတာ လုံးဝ မရှိစေရဘူး ... ဘယ်လို အကြောင်းနဲ့မှ လက်မခံနိုင်ဘူး တားဆီးရမယ် ... "

သူ့ကို ညီမလေး ပစ်ခွာထားခဲ့မဲ့အဖြစ်တွေကို ဘယ်လိုနည်းနှင့်မှ လက်ခံနိုင်ဖို့ စဉ်းစားမရ ... အတွေးနှင့်ပင် ထိတ်ထိတ်ပြာပြာနှင့် ရင်တွေပူပင်သောကတွေကြီးစွာ ဝင်ရောက်လာရသည်။ ကားတော်က ရပ်သွား၏။ ကျောင်းဝင်းထဲကနေ မထွက်နိုင် ညီမလေးက မှုကြိုတက်ခါစက ငိုယိုနေသဖြင့် သော်ပါလိုက်ငိုပြီး တစ်နေကုန် ကျောင်းရှေ့မှာထိုင်စောင့်နေခဲ့သည်။ အခု မှုကြိုတတ်တာမဟုတ်၊ ဆေးတက္ကသိုလ်ပါ ... ဒီအရွယ်ကြီးရောက်မှ အစ်ကိုက တစ်နေကုန် စောင့်နေတယ်ဆိုရင်လည်း လူကြည့်မကောင်းပေ။ သော် ကားတော်ကိုပြန်နှိုး၍ မောင်းထွက်လာခဲ့မိသည်။ သူ့ ကုမ္ပဏီကို ပြန်ရောက်လာ၏။ သူ့နှင့်ရွယ်တူဝင် ချစ်ချစ်ဝါက ဆီးကြိုရင်း သော့် ညီမလေးကျောင်းစတက်ပြီလား ... ညနေ အစည်းအဝေး ရှိတယ်နော်ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစည်းအဝေးကို သော် တက်နိုင်မှာမဟုတ်ဘူးထင်တယ်၊ ကိုယ့်ညီမလေးကို ကြိုရမယ် ... ချစ်ပဲ အားလုံး တာဝန်ယူလိုက်တော့နော်"

"သော်ကလည်း You ညီမလေးက ဆေးတက္ကသိုလ်ကျောင်းသူကြီးတောင် ဖြစ်နေပြီပဲ ... ကားဝယ်ပေးလိုက်လေ ကားမောင်းသင်ပြီး သူ့ဟာသူ တက်ပါစေပေါ့ ... "

"ဟာ ... မဖြစ်ဘူး ကိုယ့်ညီမလေးက ငယ်သေးတယ် ကားမောင်းခွင့်မပြုနိုင်သေးဘူး ... အန္တရာယ်များပါတယ် ... ဒီအရွယ်က မျက်ခြေမပြတ် စောင့်ကြည့်ထားရမယ် ... "

ချစ်ချစ်ကတော့ သော် တစ်ယောက် သူ့ညီမကိစ္စကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားတတ်တာ သိထားသည်။ အလုပ်ကိစ္စတောင် ချစ်နှင့်လွှဲထားတာကများ၏။ ချစ် တစ်ခါတစ်လေ သဘောမကျမိ ... သော့်စိတ်ကြီးကို ပြောင်းလဲပစ်ချင်သည်။

"ညီမလေး အိမ်ထောင် မကျမချင်း ကိုယ့်မှာ တာဝန်ရှိတယ် ချစ်ရာ ... မင်းမှာ ညီမလေးဖြစ်ဖြစ် မောင်လေးပဲဖြစ်ဖြစ် မရှိတော့ ကိုယ်ချင်းစာတတ်မှာ မဟုတ်ဘူး ... ကိုယ်ကတော့ ကိုယ့်ညီမလေးကို အရမ်းချစ်တယ် စိတ်မချနိုင်ဘူး ... မိဘတွေလည်း မရှိတော့ သံယောဇဉ်ပိုပြီး တွယ်ရတယ်"

"အင်းပါ ... ချစ် သိပါတယ် ... သော်ရယ် ဒီလောက်ကြီး သံယောဇဉ်တွယ်တာမျိုး မဖြစ်သင့်ဘူးထင်တယ် ... သော် စိတ်ဒုက္ခ ရောက်ရလိမ့်မယ် ... "





"မတတ်နိုင်ဘူးကွာ ... ကိုယ့်ညီမလေးအတွက် ကိုယ်ပဲ အဖေ ... ကိုယ်ပဲအမေ ... ညီမလေး ဆေးတက္ကသိုလ်တက်တာ ငယ်ငယ်က မူကြိုတက်တုန်းကလိုပဲ ကိုယ်စိတ်မချဘူး ... ကိုယ်ကရစိုက်မှ ဖြစ်မယ်"

သော် လွန်လွန်းသည်ဟု ထင်သည်။ သော့်ညီမလေး အနှိုင်းမဲ့ကလည်း ချောလိုက်တာ ... ဘာမှ အပြစ်ပြောစရာ မရှိအောင် ဖြစ်မျိုးမှည့်မထင်ဆိုတဲ့ ကောင်မလေးမျိုးပါ ... သူ့ညီမနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိ မခံတတ် ... ချစ်နှင့်သော်တို့က ကျောင်းနေဘက် သူငယ်ချင်းတွေပါ။ သော်စိတ်က သူ့ညီမအနှိုင်းမဲ့ထံတွင်သာ အချိန်ပြည့်ရောက်နေလေသည်။

"ချစ်"

"ဟင်"

"လက်မှတ်ထိုးစရာ ဘာရှိလဲ ... ပေးလေ"

"သော် ... "

"ပြော"

"ဒီနေ့ အစည်းအဝေးက အရေးကြီးတယ်ထင်တယ် ... အနှိုင်းကိုကြိုဖို့ ဒရိုင်ဘာ ရှိတာပဲ"

"ချစ် ... ကိုယ်စကားကို နှစ်ခါမပြောဘူးနော် ... ကိုယ်အတွက် ချစ်ရှိနေတာပဲ မင်းလည်း ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လေ"

"ရှိတော့ရှိတာပေါ့ သော် ... ဒါပေမယ့် အမေရိကားကသည့်



www.burmeseclassic.com

www.burmeseclassic.com



သည်တွေလာမှာ … သော်က အင်္ဂလိပ်စကားပြောကောင်းတယ် ချစ်တို့ကုမ္ပဏီအပေါ် အထင်ကြီးလေးစားအောင် သော့်ကို ရှိစေချင်တာပါ”

“ရပါတယ် … မင်းလည်း အမေရိကားပြန်ပဲဟာ … ကဲပါ မင်းလုပ်စရာရှိတာတွေ လုပ်ဖို့ စီစဉ် … ကိုယ် ခဏနေရင်သွားမှာ”

“ဘယ်လဲ … ”

“ညီမလေးဆီလေ … ”

“သော်ရယ် … ရှင် အခုလေးတင်ပဲ … အဲဒီကလာတာလေ”

ဟုတ်သားပဲ … သူ့စိတ်တွေ အစိုးမရတော့ ညီမလေးအကြောင်းကလွဲပြီး ဘာကိုမှ မစဉ်းစားနိုင် … ခုချက်ချင်းပဲ ထသွားပစ်လိုက်ချင်သည်။ ညီမလေးကတော့ ညနေလေးနာရီလောက်မှ လာကြိုပါတဲ့ … သူက အချိန်တွေကို မစောင့်နိုင် … ညီမလေး စောစောထွက်လာရင် ဘယ်လိုလုပ်မလဲ … ”

“ချစ် … ”

“ဟင်”

“ကိုယ် လက်မှတ်ထိုးရမယ့်ဟာတွေ သွားယူပါ … ”

“ဟုတ်ကဲ့ … ”

သော့်အပြုအမူတွေအတွက် ချစ်နည်းနည်းလေးမှ မကျေနပ်။ အမြဲတမ်း သူ့ညီမလေး အနိုင်းမဲ့အတွက်ပဲ ဖြစ်ခဲ့သည်။ ကုမ္ပဏီမှာတောင် ချစ်အုပ်ချုပ်ထားလို့ပါ … အမှန်အတိုင်း ဝန်ခံရလျှင် သော့်ကို ချစ်သည်။ သော်စိတ်ကို ဆွဲဆောင်ဖြားယောင်းနိုင်ဖို့ ချစ်





ကြံစည်ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ပေ … ။ အချိန်ရတာနှင့် ညီမလေးဆီ ပြန်ပြေးဖို့ပဲ စဉ်းစားနေခဲ့သည်။ ချစ် အခန်းအပြင် ပြန်ထွက်လာခဲ့၏။ သော့် ညီမ အနိုင်းမဲ့ အမြန်ဆုံး ချစ်သူတွေ့သွားပါစေဟု ဆုတောင်းနေမိသည်။

“မမချစ် ဘာတွေဖြစ်လာတာလဲဟင် … ဆရာ အခန်းထဲက ပြန်ထွက်လာတာ … မျက်နှာကြီး ရှုံ့တည်တည်ကြီးနဲ့”

“ဘာမှမဟုတ်ဘူးဟ … ကုမ္ပဏီဥက္ကဋ္ဌက သူ့ညီမလောက် ဘာကိုမှ စိတ်မဝင်စားလို့ ဒေါသထွက်နေတာ”

“ဟုတ်တယ်နော် … သူ့ညီမအပေါ် အချစ်ကလွန်ကဲတယ် တွေ့တောင် မတွေ့ဖူးဘူး … ”

ကုမ္ပဏီမှာလည်း သော် အဖြစ်သည်းလွန်းလို့ ဝိုင်း၍ ဝေဖန်နေကြသည်။ ချစ်စိတ်ထဲမှာ သော့်အချစ်တွေ ရချင်လွန်း၍ ဘယ်လိုကြံစည်ရမလဲဟုပင် တွေးမိနေ၏။ သော် ထူထောင်ထားခဲ့သော ကုမ္ပဏီဖြစ်၍ သော့်အမိန့်ကို မလွန်ဆန်ရဲပေ။ ထို့ကြောင့်ပင် လက်မှတ်ထိုးစရာ အရေးတကြီး စာရွက်စာတမ်းတွေ အမြန်ယူပြီး သော့်အခန်းထဲ ပြန်ဝင်လာခဲ့ရသည်။

“ဟင် … သော် ဘယ်သွားမလို့လဲ … ဒီမှာ လက်မှတ်ထိုးမယ်ဆို”

“ဟုတ်သားပဲ … ”

သော်ကိုယ်တိုင် မေ့လျော့၍ ထွက်ဖို့ပြင်လိုက်သဖြင့် ချစ် သတိပေးမှ ပြန်၍ထိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သော်ရယ် ... ဘာလဲ ရှင့်ညီမကျောင်းကို သွားတော့မလို့လား ... ဒီလောက်တောင်ပဲ စိတ်ပူနေရလား ... တကယ်ပါပဲ"

"ပေး ... ပေး ... စာရွက်တွေ ချစ်အစည်းအဝေးခန်းမှာ တင်ပြရမယ် မဟုတ်လား"

"ရော့ ... ရော့ ... ကုမ္ပဏီ ကိစ္စတွေလည်း စိတ်ဝင်စားပါဦး သော်ရယ်"

သူကမှ ရှင်းလင်းပြောပြမနေတော့ဘဲ ... လက်မှတ်တွေပဲ ထိုးပေးသည်။ သူ့စိတ်တွေက ညီမလေးဆီပဲရောက်နေတယ် ကျောင်းက စတက်တဲ့နေ့ဆိုတော့ သူ စိတ်ပူနေသည်။ အနှိုင်း မူကြို စတက်တုန်းကလိုပဲ သူ့စိတ်ကပူပင်နေကာ သွားကြိုဖို့ပဲ ဆန္ဒပြင်းပြနေခဲ့၏။ လက်မှတ် အမြန်ထိုးပြီးထသည်။

"စီးပွားရေးကိစ္စတွေကိုရော သော် စိတ်ဝင်စားသေးရဲ့လား"

"ချစ်ရှိသားပဲ မင်းစိတ်ဝင်စားဖို့ အရေးကြီးတယ် ... မင်းကို လွှဲထားတာလေ"

"သော်ရယ် ... "

သူ ထွက်လာခဲ့သည်။ ညီမလေးအတွက် ဒီလောက်အရေးကြီးနေတာ အခုချိန်မှာ သူဘာကိုမှ စိတ်မဝင်စားနိုင် ...။ ညီမလေးရှေ့ရေးအတွက် သူစီးပွားရေးတွေ လုပ်နေခဲ့တာ အောင်မြင်ပြီးစခဆောင်းထားနိုင်ခဲ့သည်။

"သော် ... အစည်းအဝေးပြီးရင် ရှင့်ဆီလာခဲ့မယ်"

သူဘာမှ ပြောမနေတော့ဘဲ ကုမ္ပဏီရုံးခန်းထဲကနေ ထွက်





လာခဲ့သည်။ ခြေလှမ်းတွေက သွက်နေ၏။ ညီမလေး အရမ်းချောတော့ ဆေးကျောင်းသားတွေကြားထဲမှာ ရေပန်းစားနေမှာပဲ ... ကောင်လေးတွေ နှောက်ယှက်လို့ကတော့ ငါနဲ့တွေ့မယ် ကားကို မောင်းပြီး ညီမလေးကျောင်းကို ထွက်လာခဲ့သည်။

"ကျောင်းက မလွှတ်သေးဘူးပဲ ... ငါက စိတ်စောပြီး အစောကြီးရောက်နေတာပဲ"

သူ့စိတ်တွေက ကယောင်ကတမ်းနှင့် ညီမလေးအတန်းရှေ့မှာရပ်၍ စောင့်နေလေသည်။

"ကိုကို့ရဲ့ စိတ်တွေကို နားလည်ပေးစမ်းပါ ... ညီမလေးရယ်"

အသက်အရွယ်ရလာလေ ညီမလေးအတွက် စိုးရိမ်ပူပန်မှုတွေက တိုး၍သာ ဖြစ်ပေါ်လာနေလေသည်။

"ငါပဲ မှားယွင်းနေတာလား ... တဖြည်းဖြည်းနဲ့ အစ်ကို အစ်ယောက်ရဲ့ စိုးရိမ်ကြောင့်ကြမှုတွေထက် လွန်ကဲနေပြီထင်တယ်"

သော် အမြဲတမ်းစဉ်းစားမိနေတဲ့ အချက်ပင် ...။ အနှိုင်းမှ နှင့်သော် သွေးသားမတော်စပ်ကြတာ သူပဲသိထားသည်။ အခုအလော သူ့စိတ်တွေ မတည်မငြိမ်နှင့် ညီမလေးမှာ ချစ်သူရှိသွားမှာကို အကြောက်ကြီးကြောက်နေခဲ့ကာ စိတ္တဇဆန်နေ၏။ စဉ်းစားမိတိုင်း စိုးရိမ်သောကတွေ လွန်ကဲလာပြီး လူသတ်ချင်တဲ့စိတ်တွေပြင်းထန်စွာ ဖြစ်ပေါ်လာနေ၏။ အနှိုင်းကိုလည်း စိတ်မချနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုထိန်းချုပ်ထားရမလဲဆိုတာပဲ စဉ်းစားနေခဲ့သည်။ ဆူလည်း မဆူရက်ခဲ့ ညီမလေး စိတ်ဆိုးစိတ်ကောက်ပြီး သူ့ကိုကျောခိုင်း ထွက်ခွာသွားမှာ အလွန်အမင်းကြောက်ကျစိတ်တွေ လွှမ်းကဲနေခဲ့ သည်။

"ညီမလေးတို့ သင်တန်းတွေကလည်း ကြာလိုက်တာ ... ဟုတ်ရောဟုတ်ရဲ့လား အတန်းထဲမှာရော ညီမလေးရှိသေးရဲ့လား"

အတွေးတွေနှင့် ရှုပ်ထွေးလျှက် သင်တန်းဆောင်တွေရှိရာ ဘက် မျှော်ကြည့်ရင်း သော့်စိတ်တွေ လှုပ်ရှားနေခဲ့သည်။

"ငွေဥကလေ မေမေ့ကိုမှာခဲ့တယ်သား ... သူ့ သမီးလေး ကို အပ်ခဲ့ပါတယ်တဲ့ ... ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ဖိတ်ဆိုသလို သမီးလေး အနှိုင်းမဲ့ကို မြေတောင်မြှောက် ပြုစုစောင့်ရှောက်ထား ပေးပြီး အရွယ်ရောက်လာရင် သားနဲ့လက်ထပ်ပေးပါတဲ့ ... မေမေ လည်း ဆန္ဒရှိတယ် ... "

မေမေ မကွယ်လွန်ခင် မှာကြားခဲ့တဲ့ စကားတွေပဲဖြစ်သည်။ ထိုစကားကိုကြားထားပြီးထဲက သော့်စိတ်တွေ တစ်မျိုးတစ်မည် ပြောင်းလဲသွားခဲ့၏။ ညီမလေးအား သော်ကလွဲပြီး တခြား ပိုင်ဆိုင် မှာ ကြောက်လန့်နေမိလာသည်။

"အနှိုင်းကို တစ်နေ့နေ့မှာတော့ ကိုကိုနဲ့ သွေးသားမတော် စပ်ဘူးဆိုတာ ပြောပြရမယ် ... အနှိုင်းမှာ ချစ်သူရှိလာရင်လေ"

သော် အမြဲတမ်း စိတ်ကူးနေမိပေမယ့် လက်တွေ့မှာတော့ သတ္တိက မရှိ ... ပြော၍ မထွက် ... ညီမလေးက သူ့ကို မောင်နှမ





အရင်းဟုပဲ ထင်မှတ်နေသည်။

"အနှိုင်း အရမ်းတုန်လှုပ်ချောက်ချားသွားမှာ ကိုကိုကြောက် တယ် ... ရှက်သွားမလားပဲ"

သော့်စိတ်တွေ တည်ငြိမ်လာအောင် အတော်လေးကြိုးစား နေရသည်။ ဘယ်အချိန်မှ ထွက်လာမယ်မှန်းမသိ ... ။ အခုလောက် ဆိုရင် ယောက်ျားလေး သူငယ်ချင်းတွေနဲ့ပဲ တွေ့ဆုံခင်မင်နေပြီ လား ... ယောက်ျားလေး တစ်ယောက်နဲ့တွဲထွက်လာလို့ကတော့ မင်းသေပြီသာ မှတ်လိုက်တော့ အနှိုင်းမဲ့ ... ဆေးကျောင်းတက်ခိုင်း မိတာ မှားသွားပြီထင်တယ် ... သော် တားလည်း မတားရဲ ... ညီမလေး အပျော်တွေကို ဖျက်ဆီးပစ်ဖို့ သော် တွန့်မိနေလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ဟော ... အတန်းတွေ ပြီးပြီထင်တယ် ... ကျောင်းသားတွေ ထွက်လာကြပြီပဲ"

သော် စိတ်တွေ အလွန်အမင်း တုန်လှုပ်နေခဲ့သည်။ ရင်ခုန်သံတွေ တဒိန်းဒိန်း မြန်ဆန်နေ၏။ ကျောင်းသား ကျောင်းသူတွေ အုပ်စုလိုက် တလှုပ်လှုပ် တရှုရှု ထွက်လာကြသည်။

"ညီမလေး ... ဟိုမှာ ညီမလေးထွက်လာနေပြီ"

ညီမလေးက သူငယ်ချင်းကောင်မလေး တစ်ယောက်နှင့် တွဲထွက်လာသည်။ သူငယ်ချင်းရသွားပြီ ထင်တယ် ... မိန်းကလေး ဖြစ်နေ၍ စိတ်အေးသွားရ၏။ တဖြည်းဖြည်းနှင့် ညီမလေးက သူ့ကားနားလျှောက်လာသည်။ သူကားထဲကနေ ထွက်၍ ညီမလေးကို အပြုံးတွေနှင့် ဆီးကြိုနေသည်။

"ကိုကိုရောက်နေတာ ကြာပြီလားဟင် ... "

"အင်း ... ကြာပြီ ... ညီမလေး အတန်းပြီးမယ့် အချိန်မသိလို့





ကိုကို ကြိုရောက်နေတာလေ"

"ကိုကို့အကြောင်းတော့ အနိုင်းသိသားပဲ"

ညီမလေးနှင့်တွဲထွက်လာတဲ့ သူငယ်ချင်းက လာကြိုတဲ့ကားနှင့်ပါသွားသည်။

"ညီမလေး သူငယ်ချင်းရနေပြီလား"

"အင်း ... မိုးစက်ပွင့်တဲ့ အနိုင်းနဲ့ ကပ်ထိုင်ရင်း ခင်မင်သွားတာ"

"ဟုတ်လား ... "

"ကိုကို"

"ဟင်"

"ပြောပြရဦးမယ် သိလား"

"နောက်မှပြော အခုကားပေါ်တက်တော့လေ"

ညီမလေးစကားတွေထဲမှာ ကောင်လေးတွေအကြောင်း ပါလာမှာကို သူလုံးဝ မကြားချင်ပေ။ ညီမလေးကလည်း ပထမဆုံးနေ့ဖြစ်၍ အတွေ့အကြုံတွေ ပြောပြချင်နေပုံရသည်။

"ကိုကိုရေ တကယ်ပဲသိလား ... ညီမလေးတို့ အတန်းမှာလေ Queen ရွေးတာ အားလုံးက အနိုင်းမဲ့လို့ ဝိုင်းပြီး မဲပေးနေကြတယ်လေ ... "

"ဘာ ... Queen ဟုတ်လား"

"အင်း ... ညီမလေးက အလှဘုရင်မ အရွေးခံရတယ်... ဗျာကို ဝိုင်းကြည့် လက်ခုပ်တွေတီးတော့ မျက်နှာတွေ ပူလာတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

ညီမလေးမျက်နှာပေါ်မှာ အပျော်တွေနှင့်ပြုံးချိုနေသည်။ သူကတော့ စိတ်ပူလိုက်ရတာ စီးပွားရေးလုပ်ငန်းတွေထဲမှာပင် စိတ်မဝင်စားနိုင် ... အရေးကြီးတဲ့ အစည်းအဝေးကိုပင် လက်ထောက်နှင့်လွှဲထားခဲ့၏။ အန္တိုင်းမဲ့ မင်းကတော့ ကိုယ့်ကို အစ်ကိုအရင်းလို့ ထင်နေတာကိုး ... သူ ကားမောင်းရတာပင် စိတ်မဖြောင့် တုန်တုန်လှုပ်လှုပ် ဖြစ်လာသည်။

"ညီမလေး ... သူငယ်ချင်းနဲ့ ကိုကို့ကို မိတ်ဆက်ပေးရမယ် အန္တိုင်းကိုကို ဘယ်လောက်ချောလဲဆိုတာ ကြွားမလို့"

အန္တိုင်းရယ် ကိုကို ဘယ်လိုပြောရမလဲ ... အန္တိုင်းက သူ့ညီမလေး အရင်းမဟုတ်ဘူးဆိုတာ ပြောရခက်နေသည်။ ငယ်ငယ်လေးထဲက ပြောပြဖို့ ပြောမထွက်။ မေမေကိုယ်တိုင်လည်း ပြောမထွက်ခဲ့ပေ ... ။

"ကိုကို ... "

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ ... မျက်နှာလည်း မလန်းဘူး၊ ကုမ္ပဏီမှာ ပြဿနာရှိလို့လား"

"ဒီည အစည်းအဝေးရှိတယ် ... ဘာတွေဖြစ်မလဲဆိုတာ စဉ်းစားနေတာပါ ... နိုင်ငံခြားသားတွေနဲ့ တွေ့ဆုံရမှာလေ ... ချစ်နဲ့လွှဲထားလိုက်ရတယ် ... "

"ကိုကိုရယ် ... ဒီလောက် အရေးကြီးတဲ့ အစည်းအဝေး





တက်လိုက်တာ မဟုတ်ဘူး ... ဒရိုင်ဘာရှိတာပဲ အကြိုခိုင်းလိုက်ရင်ရတာပဲ"

"အန္တိုင်း ... "

"ရှင် ... "

"ကိုကိုကတော့လေ ... အန္တိုင်းကို မကြိုရတက်တုန်းက အချိန်တွေအတိုင်းပဲ စိတ်ပူနေတယ် ... ကိုကို စိတ်မချဘူး ... ဒါကြောင့် စီးပွားရေးကိစ္စတွေ ထားခဲ့ပြီး ညီမလေးကို လာစောင့်နေတာ"

"ဟား ... ဟား ... ဟား ကိုကိုကလည်းလေ အရမ်းရယ်ရတာပဲ ... အန္တိုင်း ဆေးတက္ကသိုလ် ကျောင်းသူကြီးတောင် ဖြစ်နေပါပြီရှင့် ... စိတ်ချလိုက် အန္တိုင်းကားမောင်းသင်မယ် ... ကားဝယ်ပေးပါနော် ကိုကို ... "

သော် ကတိမပေးနိုင် ... ကားမောင်းတာ လွယ်ပေမယ့် ညီမလေးကို စိတ်ကမချ။ အန္တရာယ် တစ်ခုခုနဲ့တွေ့ရင် ဘယ်လိုလုပ်ခလဲ ... ညီမလေးအား သူ့မျက်စိရှေ့ကပင် အပျောက်မခံနိုင်အောင် ဖြစ်နေသည်။

"ကိုကို ... "

"ဟင်"

"ညီမလေးပြောတာကြားလား ... ကားဝယ်ပေးပါနော်"

"ငယ်သေးတယ် ... "

"သူများတွေ မောင်းနေကြတယ် ... ကိုယ်ပိုင်ကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလာတက်ကြတာ ... အနှိုင်းအရမ်း အားကျတယ်သိလား"

"အနှိုင်းအသက်နဲ့ ကားမောင်းလိုင်စင် ဘယ်လိုလုပ်ရမှာလဲ ဆယ့်ရှစ်နှစ် မပြည့်သေးဘူးလေ"

"လိုင်စင်မရှိလည်း မောင်းနေကြတာပဲလေ"

"ကိုကို့စကားကို နားထောင်စမ်းပါ ... အနှိုင်းအသက်အရွယ်ရလာရင် အဲဒီအချိန်ကျမှ အကောင်းဆုံး နောက်ဆုံးပေါ် ကားဝယ်ပေးပါ့မယ် ... ကိုကို ရှာဖွေစုဆောင်းထားသမျှ ညီမလေးအတွက်ပဲ မဟုတ်ဘူးလား"

"အင်းပါ ... "

ကိုကိုက အနှိုင်းအပေါ် ဘယ်လောက်အထိ သံယောဇဉ်ကြီးလည်းဆိုတာ သိသည်။ အရမ်းချစ်တာပဲ ဒီမောင်နှမနှစ်ယောက်ထဲရှိကြတာ အနှိုင်းလည်း ကိုကို့ကို ချစ်သည်။ နေရာတကာ ကိုကို့ကို စိတ်ပူအောင်မလုပ်ချင် ... အနှိုင်းကြောင့် ကိုကို့ စီးပွားရေးလုပ်ငန်းတွေပဲ ထိခိုက်နိုင်၏။ အနှိုင်းထပ်ပြီး မပူစာပဲ ငြိမ်နေလိုက်သည်။

"ကိုကိုရေ ... အနှိုင်း အခန်းဝမှာလေ ကောင်လေးတွေက ပြုံတစ်ပြုံတစ်နဲ့ Queen ကို လာကြည့်တဲ့ သတင်းက အရမ်းပျံ့သွားတာသိလား ... "

"ကျွိ ... "

"အမေ့ ... ကိုကို ဘာဖြစ်လို့လဲ"

ကားက ရုတ်တရက်ကြီး ဘရိတ်အုပ်သံကြီး ကျယ်လောင်





စွာ ထွက်လာကာ ရပ်သွား၍ အနှိုင်း အထိတ်တလန့်နှင့် ကိုကို့ကို ကြည့်မိနေသည်။

"ဘာမှ မဟုတ်ဘူး ... ကိုကိုမေ့ပြီး ဘရိတ်ကို မနင်းမိ သွားတာ ... ညီမလေးက အနားကနေ စကားတွေများနေတော့ ကိုကို အာရုံနောက်သွားတာကွ"

ညီမလေးဆီကနေ ကောင်လေးတွေအကြောင်းပြောလာ၍ သော် တုန်လှုပ်ချောက်ချားပြီး ဘရိတ်နင်းမိလျှက်သား ဖြစ်သွားရသည်။

"အနှိုင်း"

"ဟင် ... ကိုကို"

"ကောင်လေးတွေအကြောင်း လုံးဝ စိတ်မဝင်စားနဲ့နော် ကျောင်းစာတွေက အရေးကြီးတယ် ... ကိုကိုက အမြင့်ကြီးမှန်းထားတာ ... "

"သိပါတယ် ကိုကိုရ ... အနှိုင်းလည်း စိတ်မဝင်စားပါဘူး၊ အတွေ့အကြုံ ပြောပြတာ ... "

"ရည်းစားထားဖို့ လုံးဝ စိတ်မကူးနဲ့နော် ... ကိုကို မကြိုက်ဘူး"

"အင်းပါ ... "

အနှိုင်းကိုတော့ အမှန်တွေသိစေရန် ပြောပြသင့်သည်ဟု ထင်သည်။ ဒါပေမယ့် သူ့မှာ သတ္တိမရှိပေ။ ညီမလေး သိသွားရင် အမှန်းတွေ အရှက်ကွဲမှုတွေနှင့် ပြဿနာကြီးထွားလာမှာ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။ သူလည်း ရတ်တရက်ကြီး ရင်မဆိုင်ရဲ ပြောပြဖို့ အလွန် အမင်း ဝန်လေးနေမိသည်။

"မပြောသေးဘူး ... ညီမလေးမှာသာ ချစ်သူရည်စား ရှိမနေခဲ့ရင် ကိုကိုလည်း အတိတ်က အဖြစ်အပျက် အမှန်တွေကို ထုတ်ဖော်မပြောဖို့ ဆုံးဖြတ်ထားတာပါကွာ"

သူ့အနားကနေ ညီမလေးပျောက်ကွယ်သွားမှာ ကြောက်သည်။ အမှန်တွေ မပြောဖို့ပဲ ဆုံးဖြတ်ထားသည်။

"ကိုကို"

"ပြော"

"ဟိုလေ ... ကိုကို ဒီအသက်အရွယ်ထိ လူပျိုကြီးဖြစ်နေတာ ညီမလေးကြောင့် မဟုတ်လား"

"ဟုတ်တယ်လေ ... အနှိုင်းကို စောင့်ရှောက်ဖို့ လိုအပ်တယ် ကိုကိုက ဘယ်သူ့နဲ့မှ စိတ်မချဘူး ... အမြဲတမ်း ကိုကို ကိုယ်တိုင် ပြုစုယုယပေးချင်တယ် ... ကိုကိုဘဝရဲ့ အရေးကြီးဆုံးက အနှိုင်းမဲ့ပဲ ... "

"ညီမလေးကတော့လေ အနှိုင်းလည်း အရွယ်ရောက်လာပြီဆိုတော့ မမချစ်ကို လက်ထပ်ဖို့ ရွေးချယ်စေချင်တယ်"

"ဘာ ... ဘာပြောတယ် အနှိုင်း ... အဓိပ္ပါယ်မရှိတာပဲ ... တော်ပြီ ... ဆက်မပြောနဲ့တော့ ခေါင်းကိုနောက်မှီ ... မျက်လုံးတွေမှိတ်ပြီး ငြိမ်ငြိမ်သက်သက် လိုက်ခဲ့ ... "

သူ ကားမောင်းနေရင်းကနေ လက်တစ်ဘက်နှင့် အနှိုင်း





ခေါင်းလေးအား နောက်မှီစေသည်။ အနှိုင်းက ရယ်မောရင်း မျက်ဝန်းလေး ပြူးပြ၏။ ကိုကိုက ကားကိုရပ်၍ သူမခေါင်းလေးအား လက်တွေနှင့်ဖိထားပြီး မျက်ခွံလေးကို ပိတ်ပေးနေသည်။

"ကောင်မလေး အရမ်းစကားများတယ် ... မောင်းတဲ့လူ အာရုံနောက်အောင် အိပ်ပြီးလိုက်ခဲ့ ... "

"မအိပ်ချင်ပါဘူး ... "

"မျက်လုံးတွေမှိတ်ထား တစ်နေကုန်စာတွေ သင်ရတာ ကိုကိုညီမလေး မောပန်းနေမှာပဲ ... နားလိုက်"

အနှိုင်း ... နှုတ်ခမ်းထူထူလေးတွေပေါ်မှာ အပြုံးလေးတွေ ဆင်းနေသည်။

"ကဲပါ ... ကားပဲမောင်းတော့ အနှိုင်းအိပ်ပြီးလိုက်မယ် အိမ်ပြန်ရောက်မှပဲ စကားပြောမယ်နော် ... ကိုကို"

"အင်း ... "

အနှိုင်းက ပြောပြီး မျက်ဝန်းလေးတွေကို မှိတ်ထားလိုက်သည်။ သူ ရုတ်တရက် ကားစက်မနှိုးနိုင်သေးပဲ ညီမလေးကို ရှုးငိုက်ကြည့်မိသွား၏။ အရမ်းချောတဲ့ အနှိုင်းမဲ့လေး မလှဲမသွေ အောက်ပြားလေးတွေရဲ့ စိတ်ဝင်စားမှု ရှိလာနိုင်သည်။ အနှိုင်းကရော ဘယ်အတိုင်းအတာလောက်အထိများ ငြင်းပယ်နိုင်မလဲ။ အနှိုင်း အရွယ်ရောက်နေပြီပဲ ...

"ကိုကို ... ဘာကြည့်နေတာလဲ ... ကားမောင်းတော့လေ"

"ဟုတ်သားပဲ ... မျက်လုံးလေးတွေမှိတ်ပြီး အိပ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးက အပြစ်ကင်းလိုက်တာလို့ ... ကိုကို့စကားတွေ နား ထောင်ပြီး လိမ်လိမ်မာမာ နေလာတဲ့ ညီမလေး အရွယ်ရောက်လာ တော့ ကိုကို့စကားတွေကို နားထောင်ပါတော့မလားလို့ စိတ်ပူ လာတယ်"

ကိုကိုရဲ့ အချစ်တွေကို အနှိုင်း တစ်ခါတလေ အကြောက် ကြီး ကြောက်လာရသည်။ လွန်လွန်ကဲကဲ ချစ်တာပါ ...။ အနှိုင်းကို မျက်စိအောက်ကနေ အပျောက်မခံ ...။ အနှိုင်း ဝေယျာဝစ္စ တွေအားလုံး ကိုကိုပဲ လုပ်ကိုင်ပေးနေတတ်၏။ အနှိုင်းက အဲဒီ လောက်အထိ မဖြစ်စေချင်။ အနှိုင်းသဘာဝအတိုင်း လွတ်လပ်စွာ နေထိုင်လိုသည်။ ဒါပေမယ့် ကိုကို့ကို စိတ်ချမ်းသာစေချင်နေခဲ့၏။ ကိုကိုက ငြိမ်ငြိမ်နေမရ သူမ နဖူးလေးကို နမ်းသည်။

"ကိုကို့မှာ စဉ်းစားစရာတွေ များနေတယ်နော် ... အနှိုင်း လေး ငြိမ်ငြိမ်လိုက်ခဲ့ ... "

ညီမလေးဆီက ... ကောင်လေးတွေနဲ့ပတ်သက်တဲ့ အကြောင်းတွေ ဆက်မကြားလိုသဖြင့် အလိမ္မာနှင့် တားဆီးပစ်ရ သည်။ အနှိုင်းနဖူးလေးကို နမ်းရှိုက်မိစဉ် ငယ်ငယ်ကနှင့် ခံစားမှု မတူတော့ပဲ မရိုးသားမှုတွေ ရောထွေးယှက်တင်နေသည်။

"ကိုကို့စိတ်တွေ ပေါက်ကွဲချင်နေတယ် ... အနှိုင်းရယ် မဖြစ် သင့်ဘူးဆိုတာ ကိုကိုသိပါတယ် ... ခက်နေတာက အတိတ်က အကြောင်းတွေကြောင့်ပဲ အနှိုင်းမေမေ ဆန္ဒပဲ ... "

ကားမောင်းရင်း အနှိုင်းကိုကြည့်မိသွားသည်။ ချောလိုက်





တာ သူ့ကိုသွေးသားရင်းဟု ထင်မှတ်ထားတဲ့ ညီမလေးအား သူ ဘယ်လိုမှ မဖွယ်မရာ စကားတွေကို ပြောထွက်နိုင်ခြင်း မရှိ။ ညီမလေးအဖြစ်ပဲ ကိုကို့အနားမှာ တစ်ယောက်ထဲနေပေးပါ ... ညီ မလေးရယ် ... သော်က သတ်မှတ်ထားခြင်း မရှိပါဘူး ... ကိုကို ဘာဆက်လုပ်ရမလဲ အနှိုင်းရယ် ... ရူးတော့မယ် ထင်တယ် ... သူ့ဖို့က တဖြည်းဖြည်း ခက်ခဲလာနေလေသည်။

"မင်းကို ချစ်သူကောင်လေး မရှိစေရဘူးလို့ ကိုကို အမိန့် ထုတ်လည်း ကံကြမ္မာတွေက သူ့အလိုလို ဖန်တီးလိုက်မှာ ကိုကို သိနေတယ် ... အနှိုင်း စိတ်ဆင်းရဲမှာလည်း ကိုကိုကြောက်နေ တယ်"

အနှိုင်းက မျက်ဝန်းလေးကို ရုတ်တရက်ဖွင့်ကြည့်လိုက်ပြီး ဘာကြည့်နေတာလဲဟု မေးလိုက်ရာ အနှိုင်းမျက်ဝန်းလေးက ရိုးသားဖြူစင်နေပေမယ့် သူ့အတိတ်တလန့်နှင့် မျက်နှာတွေ ပူကာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

"ကိုကိုနော် ... အနှိုင်းကို စိတ်မချဖြစ်မနေပါနဲ့ အပျိုကြီး လားပါ ... ပြီးတော့ ဆေးကျောင်းသူလေ ... စဉ်းစားဆင်ခြင်တဲ့ အရာရှိပါတယ် ... "

"အင်း ... ခက်တာပဲ ကိုကိုကတော့ မူကြိုတတ်စကလေး လေးလို့ပဲ ထင်နေတယ် ... ညီမလေးက အရမ်းလှတယ်လေ ကိုယ့်ရင်ခွင်ထဲက ထွက်သွားမလားလို့ အထူးသဖြင့် ညီမလေး ချစ် ရ ထားသွားမှာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ခိုက်ချ ..."

"ဘာကို စိတ်ချရမှာလဲ"

"ချစ်သူထားမှာလေ ... ဟား ဟား ဟား"

"ကောင်မလေး လာမနှောက်နဲ့ သေမယ်"

သူ့လက်တွေက ညီမလေးပခုံးလေးကို ဖက်၍ သူ့ရင်ခွင်ထဲမှာ အပ်ထားလိုက်သည်။ မနှောက်ပါနဲ့ အန္တိုင်းရယ် ကံကြမ္မာတွေကို ဘယ်လိုရှောင်တိမ်းနိုင်မလဲ။ ကိုကိုကြောက်နေတယ် ... တစ်နေ့နေ့မှာ ညီမလေး ချစ်သူတွေမှာပါ ... သေချာတယ် ... ညီမလေးကို ဘယ်လိုယောက်ျားမျိုးနဲ့မှ မတွေ့နိုင်အောင် သံကွန်ချာနဲ့တော့ အုပ်ထားလိုက်ချင်ပါတယ် ... ညီမလေးက ရိုးသားစွာ သူ့ရင်ခွင်ထဲမှာ မှီတွယ်နေလေသည်။

☆

အခန်း ( ၄ )

ကိုကိုက ယောက်ျားလေးတွေနဲ့ သူငယ်ချင်းမလုပ်ရပါဘူးဟု အမိန့်ထုတ်ထား၍ အန္တိုင်းခပ်ရှောင်ရှောင် နေခဲ့တာ မိုးစက်နှင့် ကျောင်းနေဘက် သူငယ်ချင်းဆို၍ ပြီး ... အန္တိုင်းတို့လိုပဲ ပထမနှစ် ကျောင်းသား အခရာဆိုတဲ့ ယောက်ျားလေး တစ်ယောက်နှင့် မိတ်ဆွေဖြစ်သွားသည်။

"အခရာက စာအရမ်းတော်တာ အန္တိုင်းရ ... သူ့ရည်မှန်းချက်တွေကလည်း အရမ်းမြင့်တယ်"

အန္တိုင်းရှက်နေသည် မျက်နှာလည်းပူတယ် ... ကိုကိုသိသွားမှာလည်းကြောက်တာနဲ့ မျက်နှာချင်းပင် မဆိုင်ရဲ ... အခရာဆိုတဲ့လူက အရမ်းသန့်ပြန့်ရှင်းပြီး လူကြီးလူကောင်း ပီပီသသ ချောမောသည်။ ငယ်ပေမယ့် ခေတ်လူငယ်ပုံစံမရှိ။ ရှပ်အင်္ကျီ လယ်ကတုံးအဖြူ လက်ရှည်နှင့် ပုဆိုးအပြာနုရောင်ကို တွဲဝတ်ထားသည်။

"ဒီလိုပုံစံမျိုးဆို ကိုကိုဆူမှာ မဟုတ်ပါဘူး ... ကြိုးစားရိုး



www.burmeseclassic.com

www.burmeseclassic.com



သားတဲ့ စာကြိုးစားမယ့် ပုံစံ … ”

အနှိုင်းတွေးနေမိလေသည်။ ယောကျာ်းလေးတစ်ယောက်နှင့် ပထမဆုံး သူငယ်ချင်းဖြစ်ရ၍လားမသိ … ထူထူပူပူကြီး ကိုကိုကလွဲပြီး အနှိုင်းမှာ ယောကျာ်းလေး အသိမိတ်ဆွေ မရှိပေ။

“သူက အနှိုင်းမဲ့တဲ့ အရမ်းအေးပြီး ဖြူဖြူစင်စင်လေး … စာလည်း ကြိုးစားတယ်”

“တွေ့ဆုံရတာ ဝမ်းသာပါတယ် … အနှိုင်းမဲ့ ကိုယ်က အခရာပါ ဘာမှအားမနာပါနဲ့နော် … အရမ်းရှက်နေတယ် ထင်တယ်”

“ဟို … ဟိုလေ အနှိုင်းလည်း တချိန်လုံး ကိုကို့မျက်စိအောက်မှာနေရပြီး ယောကျာ်းလေးသူငယ်ချင်းမရှိခဲ့ပါဘူး … အခရာ့ကိုလည်း ခင်ပါတယ် … အနှိုင်းလေ အနှိုင်း … ”

တကယ်ပါပဲ … သူက စူးစိုက်ကြည့်လိုက်သဖြင့် စကားကထစ်သွားကာ ဘာဆက်ပြောလို့ ပြောရမှန်း မသိဖြစ်သွားသည်။ မိုးစက်က ရယ်နေ၏။ ကိုကိုသိလို့ မဖြစ်ဘူးဆိုတာ ပြောမလို့ စကားက ထစ်သွားသည်။

“အနှိုင်းရယ် … မရှက်စမ်းပါနဲ့ … ရှင်က တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီလေ မိတ်ဆွေ သူငယ်ချင်းဆိုတာရှိရမှာပဲ … ”

“ကိုကိုကလေ ကိုကိုက … ”

“အခရာ့ ပုံစံကိုလည်း ကြည့်ပါဦး … ရိုးသားကြိုးစားတဲ့





ပုံလေ … ကဲ တို့သုံးယောက် မိတ်ဆွေဖြစ်တဲ့ အမှတ်တရအဖြစ်တစ်ခုခု သွားစားကြမယ်”

ကိုကိုများ ရောက်နေမလားပဲ … အနှိုင်း တထိတ်ထိတ်တလန့်လန့် အနှိုင်းစည်းဖောက်လိုက်တာလား … ကိုကို့စကားကိုအမြဲတမ်း နားထောင်တတ်တဲ့ အနှိုင်းမဲ့၊ အခုတော့ ယောကျာ်းလေးသူငယ်ချင်းရနေခဲ့ပြီပဲ … ကိုကိုသိသွားရင် ဆူမှာပါ … ကိုကိုကအနှိုင်းကို အရမ်းချစ်ပြီး မျက်စိအောက်ကတောင် အပျောက်မခံခဲ့ဘယ်လိုကိစ္စပဲဖြစ်ဖြစ် အနှိုင်းကိစ္စကသာ အရေးအကြီးဆုံးပါ။

“လာပါ အနှိုင်းရယ် … အဝေးကြီးသွားမှာမှ မဟုတ်တာရှင့်အစ်ကိုလာကြိုမယ့် အချိန်နဲ့အဝေးကြီး … ”

မိုးစက်က အတင်းဆွဲခေါ်နေသဖြင့် အနှိုင်းလိုက်လာခဲ့ရသည်။ ရင်တွေတုန်လိုက်တာ အနှိုင်းကိုယ်တိုင်လည်း ဆေးတက္ကသိုလ် ကျောင်းသူကြီး ဖြစ်လာ၍ ကိုယ့်သဘောနှင့်ကိုယ် သွက်လက်စွာ သွားလာလှုပ်ရှားချင်နေခဲ့၏။ ကိုကိုက ငယ်သေးတယ်ဆိုတဲ့ အကြောင်းပြချက်နှင့် တားဆီးပိတ်ပင်ထားခဲ့သည်။

“အနှိုင်း”

“ဟင်”

“ဘာစားမလဲ မှာလေ … ”

“မိုးစက်ပဲမှာပါ … အနှိုင်းမမှာတတ်ပါဘူး”

အစားအသောက်ကအစ ကိုကိုပဲစီမံပြင်ဆင် ပြုလုပ်ပေးခဲ့ဘာဆိုတော့ အနှိုင်းအပြင်မှာလည်း တခြားသူတွေနှင့်ထိုင်မစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတော့ ကြောက်လန့်နေသည်။ ကိုကိုနဲ့ဆို အနှိုင်းချေးများပြီး ဟိုဟာမစားဘူး ဒီဟာမစားဘူးနဲ့ ရွေးခဲ့သလောက် အခရာ့ရှေ့မှာ ဆွံ့အသူ တစ်ယောက်ဖြစ်နေခဲ့သည်။

"အနှိုင်း ..."

"ရှင် ..."

"ကိုယ်မှာပေးမယ် ... မင်းဘာကြိုက်လဲပြော"

"မသိဘူး ... အနှိုင်းက ကိုကိုနဲ့ပဲစားဖူးတာပါ ... မိုးစက်တို့ စားတာ စားပါ့မယ်"

အနှိုင်း ရင်တွေပူနေသည်။ ကြောက်နေပါ၏။ ကိုကိုလာမှာပဲ စိုးရိမ်သည်။

"စားလေ အနှိုင်း အရမ်းမကြောက်ပါနဲ့ ... သတ္တိရှိစမ်းပါ။ ကလေးလည်း မဟုတ်တော့တာပဲ ... ဟယ် ကြည့်ပါဦး အခရာရယ် အနှိုင်းမဲ့လေး မျက်နှာလေးက သပြေသီးမှည့်ရောင်ဖြစ်နေပြီ"

အခရာကလည်း အနှိုင်းမဲ့ဆိုတဲ့ မိန်းကလေးနှင့်မိတ်ဆက်ပေးဖို့ မိုးစက်ကို တမင်အကူအညီတောင်းခဲ့တာပါ ... ။ အရမ်းချောပြီး အရမ်းလည်း ဖြူစင်တယ် ... အဝတ်အစား ဝတ်ဆင်မှုကအစ မြန်မာဆန်ဆန် ကျက်သရေရှိနေသည်။

"အခရာလိုလူမျိုးမို့ အနှိုင်းနဲ့မိတ်ဆက်ပေးတာနော် ... အနှိုင်းကအေးတယ် မိုးစက်ကြောင့် အနှိုင်းကို ထိခိုက်နစ်နာမှုတွေ မရှိစေချင်ဘူး ..."

မိုးစက်ကလည်း မာနကြီးသည် ယောကျ်ားလေးတွေနှင့်





ခင်မင်ပေမယ့် ရှုပ်ရှုပ်ယှက်ယှက် မလုပ် ... အခရာ ကိုယ်တိုင် မိန်းကလေးတွေနှင့် မပတ်သက်ခဲ့ပေမယ့် အနှိုင်းမဲ့ဆိုတဲ့ မိန်းမချော လေးကို တွေ့မြင်ပြီးတည်းက စိတ်လှုပ်ရှားကာ သူငယ်ချင်း မိုးစက် ပွင့်ထံ မိတ်ဆက်ပေးဖို့ အကူအညီတောင်းလိုက်ရခြင်းဖြစ်သည်။

"အနှိုင်းမဲ့မှာ မိဘတွေမရှိတော့ဘူး အခရာ ... ကိုကိုကပဲ အစစ အရာရာ အဖေလိုရော အမေလိုရော ပြုစုစောင့်ရှောက်လာခဲ့ တာလေ ... ညီမလေးကို အရမ်းချစ်လွန်းတယ် ... ဂရုလည်းစိုက် တယ် ... တစ်ခါတလေ အနှိုင်း စိတ်ရှုပ်ရတယ် ... အချစ်ကြီးတာ ကို မကြိုက်ဘူး ... ဒါပေမယ့် ကိုကိုစကားတွေကိုလည်း နားထောင် ချင်တယ် ... ကိုကိုက စီးပွားရေးလုပ်နေရတာ မဟုတ်လား ... အနှိုင်းကြောင့်လေ စိတ်မချမ်းမသာ မဖြစ်စေချင်တာပါ"

အနှိုင်းမဲ့ကို အခရာ ပို၍ပင် သနားကြင်နာသွားမိသည်။ အခရာကလည်း ပညာရေးကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စား သူပါ။ မိဘတွေကလည်း ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေရှိလူကြီး လူကောင်းတွေပါ တစ်ဦးတည်းသောသား အခရာ့ကို ငုံထားမတတ် ချစ်ကြသည်။

"အခရာလည်း အနှိုင်းလိုပါပဲ ... ဒက်ဒီနဲ့မာမီက အရမ်းချစ် ကြတယ် ... ဒါပေမယ့် အလိုတော့မလိုက်ဘူး ... ပညာရေးပဲ အဓိက ကြိုးစားစေတယ် ... လွတ်လပ်ခွင့်တော့ အပြည့်အဝရှိတယ် လေ"

"ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



အမွေလို ယောကျ်ားတစ်ယောက်နဲ့ခင်မင်တာ ကိုကိုဆွမှာ မျှော်ပါးများလေ ... အရာအားလုံး ပြည့်စုံနေတယ် ... အခရှေ့ကို ထားဖို့တဲ့တားကြီးတောင် အကောင်းစားကြီးပါ ... ညီမလေး လှ တောင်းလှတော်နဲ့တွေ့ရင် ကိုကိုသဘောကျမှာပါ ... အနှိုင်းငယ် သေးလို့ ကိုကိုစိတ်ပူပြီး စည်းကမ်းတွေ တင်းကြပ်ထားတာပဲဖြစ် နိုင်သည်။

"ကိုယ်က ထူးချွန်ချင်တယ် ... တကယ့်ကို တတ်ကျွမ်းတဲ့ လူ့အသက်တစ်ချောင်းအတွက် ကယ်တင်နိုင်တဲ့ သမားတော်ကြီး တစ်ယောက် ဖြစ်ချင်တယ်လေ"

"အနှိုင်းလည်း အခရှေ့လိုပါပဲ"

"ကဲ ... ရှင်တို့နှစ်ယောက်ကတော့ အတိုင်အဖောက်ညီ လိုက်တာ ... စားပြီးရင် ထကြမယ် ... တော်ကြာ အနှိုင်း ကိုကိုက အစောကြီးရောက်နေတတ်တယ်ဟ ... "

"ဟုတ်တယ် ... ဟုတ်တယ် ... ကိုကိုက အနှိုင်းကိုစိတ်မချ ဘူး ... ငယ်ငယ်ကလိုပဲ တစ်နေကျောင်းရှေ့ကနေ ထိုင်စောင့်နေ ချင်တာတဲ့"

"ဒီလောက်တောင် အဖြစ်သည်းတဲ့ လူပျိုကြီး မိုးစက်ဝင်လုံး လိုက်ရမလား အနှိုင်း"

"အမလေးရမယ် မထင်နဲ့နော် ... ကိုကိုက အနှိုင်းကိစ္စနဲ့ စီးပွားရေးလုပ်ငန်းပဲ စိတ်ဝင်စားတာ ... ကိုကို့အနားမှာ အပျိုကြီး မမချစ်ဆိုတာရှိတယ် အရမ်းချောပြီး အမေရိကားပြန် လုံးဝ စိတ်





မလှုပ်ရှားဘူး ... အပျိုကြီးမမက ရေလာမြောင်းပေး လုပ်တာ တောင် ရေခဲတုံးကြီးတဲ့ ... "

တစ်ခါတရံ ကိုကို့မှာ ချစ်သူရှိနေရင် အရမ်းကောင်းမှာပဲဟု အနှိုင်းတွေးမိနေသည်။ ကိုကိုကမှ မလှုပ်တာ တစ်နေ့တစ်နေ့ စက္ကန့်မလပ် အနှိုင်းစားဖို့ ဝတ်ဖို့ ဒီအရွယ်အထိ အနှိုင်းအိပ်ရာတွေ ခင်းကျင်းပေးနေတုန်း ဖြစ်၏။ အနှိုင်းကိုဖက်တုန်း နမ်းတုန်းပဲ ...

"အနှိုင်း ဘာတွေစဉ်းစားနေတာလဲ ... မျက်နှာလေးပေါ် မှာ ဖြူဖတ်ဖြူရော်နဲ့"

"အခရာ နေခဲ့တော့နော် ... "

"ဘာဖြစ်လို့လဲ ... အနှိုင်း ... ကိုယ်က လိုက်ပို့ပေးချင်တာ"

"ကိုကိုရောက်နေမလားပဲ ... တွေ့သွားရင် အနှိုင်းကျောင်း တောင် အထုတ်ခံရနိုင်တယ်"

အခရာ ဆက်မလိုက်ရဲတော့ပေ။ အနှိုင်းကျောင်းထုတ်ခံရလို့ မတွေ့တော့မှာပဲ စိုးရိမ်သည်။

"နေခဲ့ပါ့မယ် ... အနှိုင်း စိတ်ဖြောင့်ဖြောင့်လေးသွားပါ။ ကိုယ့်ကြောင့် အနှိုင်းစိတ်တွေ အနှောက်အယှက် မဖြစ်စေချင်ပါ ဘူးကွာ နော် ... "

"ကျေးဇူးပဲ ... "

"အို ... "

"ဟာ ... "

အနှိုင်းစိတ်လောကြီးပြီး အခရာ့ရှေ့ကိုရောက်အောင် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



အထွက်တွင် ခြေချော်၍လဲပြိုကျတော့မတတ် ယိုင်သွားသဖြင့် အခရောက ဖမ်းယူထိန်းမိတ်ထားပေးလိုက်ရသည်။

"တွေ့လား ... ဇာတ်လမ်းက စနေပြီ"

"မိုးစက်နော် ... "

အနှိုင်းလည်း အသားတွေ တဆတ်ဆတ်တုန်လျက် အခရော့ လက်တွေကြားကနေ အတင်းရုန်းဖယ်ပစ်မိသည်။

"အနှိုင်း ... "

"ဟင်"

"စိတ်ကို အရမ်းကြီး မလှုပ်ရှားစေချင်ဘူးကွာ ... ကလေး မဟုတ်ဘဲနဲ့ အစ်ကိုကို ဒီလောက်ကြောက်ရလား"

အခရော လက်တွေထဲကနေ ရုန်းဖယ်ထွက်၍ နောက်ကြောင်း လှည့်မကြည့်တော့ပဲ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"အနှိုင်းရယ် နေပါဦးဟ ... အခရောကျွန်ခဲ့ပါပြီ ရှင့်ကိုကိုလည်း အရိပ်အယောင်တောင် မတွေ့သေးပါဘူး ... လမ်းကို မှန်မှန်လေး လျှောက်စမ်းပါ ... "

အနောက်ကနေ ပြေးလိုက်လာရတဲ့ မိုးစက်က အမောတကြီးပြောဆို တားဆီးနေသည်။ မိုးစက်သတိပေးမှ အနှိုင်းခြေလှမ်းတွေရပ်သွားရ၏။ ကိုကို့ကားလည်း မတွေ့ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရသေးသည်။

"ဟူး ... မောလိုက်တာ အနှိုင်းမဲ့နဲ့ပေါင်းမိမှ မိုးစက်ပွင့်အမောဆို့သေရလိမ့်မယ် ထင်တယ်"





ထိုင်နေကျ သူမတို့အတန်းရှေ့မှ ထိုင်ခုံလေးပေါ်ထိုင်မိမှ အနှိုင်း စိတ်မောသက်သာလာရသည်။

"Sorry နော် မိုးစက် ... တောင်းပန်ပါတယ်နော် အနှိုင်းအကြောင်း အနှိုင်းအသိဆုံးပါ"

ခုံတန်းလေးပေါ်မှာ ထိုင်၍ ကိုကိုအလာကို အနှိုင်းစောင့်နေရသည်။ နေရာမရွှေ့ရဘူးတဲ့လေ ...

"အနှိုင်း ... "

"ဟင် ... "

"အခရောကို ဘယ်လိုမြင်လဲ"

"ဘာကိုလဲ ... "

"ဒီကောင်ကလေ ထူးထူးခြားခြားနော် စာ ... စာနဲ့ စာရှိုး တ ရှင့်ကို မိတ်ဆက်ပေးပါလို့ တောင်းဆိုလာတယ် ... ထူးဆန်းတယ်နော် ... "

"တော်ပါပြီ မိုးစက်ရယ် ... အနှိုင်းအေးအေးပဲ နေပါရစေဟာ အခုမှ ပထမနှစ်စတက်တာလေ ... "

ကိုကို့ကို ကြောက်တယ် ... စောစောက အဖြစ်အပျက်ကြောင့် အနှိုင်းရင်တွေ ခုထိ တဆတ်ဆတ်ခုန်နေဆဲပါ။

"အခရော့လို ယောကျ်ားမျိုးက ရှားမှရှားနော် ... ဘာမှငြိုးစားမနေနဲ့ ... စောစောက ရှင်တို့နှစ်ယောက် ဖြစ်ပျက်တာလေ အတွက်တမဲ့ပေမယ့် ဇာတ်လမ်းကစတာပဲ ... "

"တော်ပြီ ... တော်ပြီ မိုးစက် ... ဟော မင်းအိမ်ကတာကြို



www.burmeseclassic.com

www.burmeseclassic.com



ပြီ သွားတော့ ... ”

“ဘာလဲ ရှင်က တစ်ယောက်တည်းဖြစ်နေအောင် ကျုပ်ကို မောင်းထုတ်တာပေါ့လေ ... သွားပါမယ်၊ တော်ကြာ အခရော လာ ထိုင်နေမှ ဒုက္ခနော်”

“ဟယ် ... ဟုတ်သားပဲ ကိုကိုလည်း လာကြိုတော့မှာပါ မိုးစက် ... ခဏလေးစောင့်နေပေးပါဦး ... တောင်းပန်ပါတယ်ဟာ နော် ... ”

“မထိုင်ပါဘူး အခရောက မိုးစက်ကို ရှောင်ခိုင်းထားတယ် သွားပြီနော် ... ”

“မိုးစက် ... မိုးစက်”

မိုးစက်က လက်ပြပြီး တကယ်ပဲပြန်သွားသည်။ ခုံတန်းလေး ပေါ်မှာ အနှိုင်းတစ်ယောက်တည်း ကြောက်ပြီးဘေးတွေ နောက် တွေလည်း မကြည့်ရဲပဲ ငုတ်တုတ်လေးထိုင်နေပါ၏။ ကိုကို မြန်မြန် လာကြိုပါစေ ... ။

“အခရောရယ် တကယ်ပဲ ထူးဆန်းလိုက်တာ ... ကျွန်မနဲ့မှ လာဆုံရတယ်လို့ ... ”

အခရော ပြန်ရောက်လာပါစေဟုလည်း စိတ်ထဲမှာ တမ်းတမ်း တတ ဖြစ်လာနေသည်။ ပြီးတော့ သူ့ရင်ခွင်ထဲ လဲပြိုကျသွားတာ လည်း မိုးစက်ပြောသလို ဇာတ်လမ်းပဲလား ... မတွေးချင်တော့ပါ ဘူး ... မိုးစက်ကတော့ အခရော့လို ယောကျ်ားလေးတစ်ယောက်ကို မငြင်းပယ်ပစ်သင့်ဘူးတဲ့ ... အနှိုင်းရင်တွေ တုန်နေသည်။





“ဟော ... ကိုကိုလာပြီ”

ကိုကို့ကားကို လှမ်းမြင်လိုက်သဖြင့် သူမ ထလိုက်သည့် အချိန်တွင် ခပ်လှမ်းလှမ်းမှာ အခရော့ကားက ရပ်ထား၏။ အမလေး တော်ပါသေးရဲ့ အနှိုင်းနား လာမထိုင်လို့ အခရော့ကိုလည်း သေသေ ချာချာ မကြည့်ရဲ ... ကိုကို့ကားနားရောက်သွားပြီး ကိုကိုက သူ့ လက်တွေနှင့် သူမအား သိုင်းဖက်လျှက် ကားထဲဝင်ထိုင်စေသည်။

“ညီမလေး စောင့်နေရတာ ကြာပြီလား ... ”

“ဟုတ် ... ”

“ကိုကို အလုပ်ရှုပ်သွားလို့ပါ ... နောက်ဆို ဘယ်လောက် အရေးကြီးတဲ့ အလုပ်မဆို ကိုကိုပစ်ထားခဲ့မယ် ... ကားကို အမြန် မောင်းလာတာကွ”

“ကိုကိုရယ် ... ညီမလေးစောင့်နေရလည်း ဘာမှမဖြစ်ပါ ဘူး ... မိုးစက်နဲ့ပါ အခုလေးပဲ မိုးစက်ပြန်သွားတာလေ ... ”

“Sorry တောင်းပန်တယ်”

ကိုကိုက ရယ်မောပြောဆို၍ အနှိုင်းပါးပြင်လေးအား ခပ်ဖွဖွ လေး လိမ်ဆွဲပြီး ခေါင်းလေးကိုလည်း ပုတ်လျှက် ကားတံခါးကို လည်း တယုတယ ပိတ်ပေးသည်။

★

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၅ )

အခရာ့မြင်ကွင်းထဲမှ အနှိုင်းမဲ့နှင့်သူမကိုကိုတို့ ပျောက်ကွယ်သွားပေမယ့် အနှိုင်းကိုကိုရဲ့ ပြုံးမှုပုံတွေက မေ့ပစ်လို့ မရခဲ့ ... ဘယ်လိုကြီးလဲ ... ညီမတစ်ယောက်အပေါ် ဆက်ဆံပုံကြီးက သာမာန်ထက် လွန်ကဲနေသည်ဟုထင်သည်။

"မောင်နှမ အရင်းမှဟုတ်ရဲ့လား ... အစ်ကိုကလည်း ယုယနေလိုက်တာ ... ဘာကြီးလဲဟ"

အခရာတစ်ယောက် အနှိုင်းမဲ့နှင့်တွေ့ဆုံပြီးထဲက ရယူပိုင်ဆိုင်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေခဲ့သည်။ ချစ်မိနေ၏။ အခရာလည်း မိန်းကလေးတွေကို စိတ်မဝင်စားသူပါ။ အနာဂတ်ရဲ့ ရည်မှန်းချက်တွေက အကြီးကြီး။ ပညာရေးကလွဲပြီး ဘာမှအဓိကမရှိခဲ့။ အခုတော့ အနှိုင်းမဲ့ ...

"အခရာ မင်းတော့သွားပြီ ... အနှိုင်းမဲ့၊ အနှိုင်းမဲ့နဲ့ အချစ်တွေ အစိုင်အခဲဖြစ်တည်နေတာ ဘယ်လိုလုပ်ရမလဲ"





အနှိုင်းမဲ့က အရမ်းချောမောပြီး ရိုးသားဖြူစင်သူ ... အနီး[illegible]ကြည့်လေ အချစ်တွေက သူ့နှလုံးသားတွေထဲ အမြစ်တွယ်နေ[illegible]ဲ ... မိုးစက်ကိုတောင် မိတ်ဆက်ဖို့ မရှက်နိုင်ပဲ အကူအညီ[illegible]ာင်းခဲ့မိသည်။

"အနှိုင်းရယ် ... ကိုယ်တော့ မင်းကိုချစ်မိနေပြီ ... အချစ်ဦး[illegible] ရှာရတော့မယ် ထင်တယ်"

စိတ်တွေ လှုပ်ရှား၍ သူအိမ်ပြန်လာတဲ့အထိ အနှိုင်းကိုပဲ [illegible]တိရတမ်းတနေသည်။

"သားလေး အခရာ ကျောင်းမှာ အဆင်ပြေရဲ့လား"

"ပြေတယ် မာမီ"

"ကြိုးစားနော် ... သားအတွက် မာမီတို့ အရမ်းမျှော်လင့်[illegible]ကြတာ နှစ်စဉ် ထူးချွန်ထက်မြက်မှုရှိအောင် ကြိုးစားပါ"

"စိတ်ချပါ မာမီ ... သား အကြောင်းလည်း မာမီသိသားနဲ့"

"သား ... "

"ဗျာ"

"မင်းကို မာမီ အထူးသတိပေးချင်တာက မိန်းကလေးကိစ္စပဲ [illegible]မှာ အတွေ့အကြုံမရှိဘူး ... မာမီစိတ်ပူတယ် ... ကောင်မလေး[illegible] လုံးဝ စိတ်မဝင်စားနဲ့ သားက အတွေ့အကြုံမရှိတော့ မဟုတ်[illegible]တွေ ဖြစ်မှာ စိတ်ပူလို့ပါ ... "

"မာမီရာ အခရာသိပါတယ် ... တကယ်လို့လေ သားမှာ [illegible]ရမယ့် ကောင်မလေးတွေ့ရင်တောင် မာမီ့ဆီအရင်ဆုံး ခေါ်လာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာပါ ... မာမီ့ကို ရွေးချယ်ခိုင်းမှာပါနော်"

"ပြီးပါရော ... ပြီးပါရော ... မာမီရွေးချယ်မယ် ... သား ချစ်သူ သားခေါ်လာခဲ့ မာမီ မတားဘူး ... "

"Ok"

မာမီ့ကို နှုတ်ဆက်ပြီး အပေါ်သို့တက်လာခဲ့သည်။ အနိုင်း ကိုသာ မာမီတွေ့ရင် အရမ်းသဘောကျသွားမှာ သေချာတယ် ... ယဉ်ကျေးသိမ်မွေ့လွန်းတဲ့ အနိုင်းမဲ့ ...

"အနိုင်း မင်းကိုချစ်တယ် ... မင်းကို ပိုင်ဆိုင်ထားချင်တယ် အရမ်းချစ်တယ်ကွာ ... "

အနိုင်းအကြောင်းတွေးမိတိုင်း အခရာရင်တွေ ခုန်ပြီး ကြေ နေခဲ့သည်။ အနိုင်း ဖုန်းနံပါတ်ကို အခရာသိထားသည်။ အခုချိန် လောက်ဆို အနိုင်းဘာတွေလုပ်နေမလဲ ... ရေချိုး ညစာစားနေ မလား ... ညကျရင် အနိုင်းထံ ဖုန်းဆက်ဖို့ စဉ်းစားထားသည်။

"အနိုင်းကရော ကိုယ့်အကြောင်းတွေးနေမလား ... ရင်တွေ ခုန်နေမလား"

သူ့ရင်ခွင်ထဲသို့ မထင်မှတ်ဘဲ လဲပြိုကျလာတဲ့ မိန်းမချော လေး အနိုင်းမဲ့ ဖူးစာပဲထင်တယ် ... သူ ရေချိုးခန်းထဲဝင် သန့်ရှင်း ရေးလုပ်ပြီး အပြင်ထွက်လာသည်။

"သားလေးရေ ... ညစာစားကြမယ် သားဒက်ဒီက မအား ဘူးတဲ့ ... မာမီ အဆင်သင့်ပြင်ထားပြီးပြီနော်"

ဒက်ဒီရော မာမီရော သူ့ကို အလွန်အမင်း ချစ်ကြသည်။





ဒိုလေသေးမရှိအောင် ဂရုတစိုက် ပြုစုပေးတတ်၏။ အခရာ့ စိတ် အဝင်မတွေ့တာ အနိုင်း အစ်ကိုပဲ ...

"လွန်တယ် လွန်ကိုလွန်ပါတယ် ... အစ်ကိုဖြစ်ပြီး သူ့ ရည်း စားကို တွေ့နေသလိုပဲ"

သူ ညစာ စားနေရပေမယ့် အတွေးအားလုံးက အနိုင်းမဲ့ဆီပဲ ရောက်နေသည်။ မာမီက သူ့ကို ခုထိ ကလေးတစ်ယောက်ကဲ့သို့ ကျွေးမွေးနေဆဲပါ။ ငါး အရိုးကအစ နှင်၍ တယုတယ ကျွေးနေဆဲ ဖြစ်သည်။

"သားလေး အရိုးမစူးအောင် မာမီသေသေချာချာ လုပ်ပေး ထားတယ်စား အားရှိအောင် များများစားနော် သားလေး"

"ဟုတ်ကဲ့ ... "

သူ့ကို တယုတယကျွေးနေတာ အနိုင်းဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ ... အခရာနှင့် အနိုင်းတို့ဘဝတွေက အပူအပင် ကင်း ပြည့်စုံနေကြ၍ နစ်ဘက်မိဘတွေ သဘောမတူစရာ မရှိနိုင်။ ဘက်ကနေ အနိုင်းကိုချစ်ကြောင်း အမြန်ဆုံးဖွင့်ဟပြောချင်နေ သည်။ သူများတွေ ဦးသွားမှာစိုးရိမ်နေ၍ဖြစ်၏။ ညစာစားပြီး မာမီ့ ကို နှုတ်ဆက်၍ စာကျက်ဦးမည်ဟုအကြောင်းပြ၍ သူ့အခန်းထဲပြန် လာခဲ့သည်။

"အနိုင်းဆီ အရင်ဆုံး Massage ပို့လိုက်မယ်"

အခရာ အရင်ဆုံး အနိုင်းအခြေအနေကို သိသာရန် Mas- sage ပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အနှိုင်း ဘာလုပ်နေလဲ ... အခြေအနေကောင်းရင် အခရာ ဖုန်းပြောမလို့ပါ"

အခရာ့ဆီကနေ Massage ပြန်ပို့ပေး၍ အခရာပျော်သွားသည်။

"ကိုကိုရှိနေတယ် ... နောက်မှ အနှိုင်းပြန်ဆက်မယ်"

ကိုကိုရှိသေးတယ်တဲ့ ညီမအခန်းထဲ ဘာဝင်လုပ်နေလဲ ... ဒီအချိန်က အနားယူတဲ့ အချိန်ပါ ... အနှိုင်းအစ်ကိုနေထိုင်ပုံကြီးကို အခရာ မနှစ်မြို့မိ ... သူဆက်၍ စောင့်နေမိသည်။

"ညတောင် ဆယ်နာရီထိုးနေပြီ အနှိုင်းဘာလုပ်နေလဲ ... ပြန်မဆက်သေးပါလား"

အခရာ စောင့်နေရတာ စိတ်မရှည်နိုင်ဖြစ်နေသည်။ ဒီလောက်အထိတောင် အနှိုင်းအချုပ်ချယ်ခံနေရလား ... အခရာ ထပ်ပြီး Massage ပို့ချင်တာ အနှိုင်းစိတ်အနှောက်အယှက် ဖြစ်မှာစိုး၍ မပို့တော့ ည ၁၁ နာရီလောက်မှ အနှိုင်းဆီက အဆက်အသွယ် လုပ်သည်။

"အနှိုင်းရယ် ... ကိုယ်စောင့်နေတာ ဘာဖြစ်လို့ အခုဆက်သွယ်ရတာလဲ အိပ်ပျော်သွားလို့လား"

"ဟင့်အင်း ... ကိုကို မပြန်သေးလို့ပါ"

"ဘာပြောတယ် အနှိုင်း ... မင်းကိုကိုက ဒီအချိန်အထိ အခန်းထဲမှာ နေတာလား"

"အင်း ... အနှိုင်းစာကျက်နေတာ စောင့်ပေးတယ် ... ဒီလို





စဲ ကိုကိုက အနှိုင်းအိပ်မှ ပြန်ထွက်သွားတတ်တာပါ"

အခရာစိတ်ထဲမှာ လုံးဝကို ဘဝင်မကျနိုင်ပဲ တင်းကြပ်ကြပ်ကြီး ဖြစ်နေသည်။

"အနှိုင်း ... "

"ဟင်"

"ကိုယ်လေ ... တစ်ချိန်လုံး အနှိုင်းကိုပဲ သတိရနေတယ်၊ လွမ်းဆွတ်တမ်းတနေသလိုလိုကြီးကွာ"

"ရှင် ... "

အခရာ့စကားကြောင့် အနှိုင်းရင်တွေ တဒိတ်ဒိတ် ခုန်သွားသည်။ အနှိုင်းလည်း တချိန်လုံး အခရာ့ကို သတိရနေတာပါ။ ကိုကိုက တစ်ချိန်လုံး အနှိုင်းအနားကနေ မခွာပဲရှိနေသည်။ အနှိုင်း ဘာစားချင်လဲ ... ဘာလုပ်ချင်လဲ စာကျက်ဖို့အဖော် ကိုကိုကြောင့် အခါတလေ စိတ်ရှုပ်ထွေးနေရသည်။

"အနှိုင်း ... "

"ဟင်"

"ကိုယ့်ကိုရော သတိရလား"

"အင်း"

"တကယ်လား"

"အင်းပါ"

"အနှိုင်းကလည်းကွာ စကားပြောရတာ အေးတိအေးစက် နဲ ... "

"ကျွန်မ အိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဘာဖြစ်လို့လဲ စကားမပြောချင်လို့လား"

"မဟုတ်ပါဘူး … ဟိုလေ အိပ်ချင်လို့ပါ … "

အနှိုင်းလည်း အခရာနှင့်စကားတွေအများကြီး ပြောချင်နေပါတယ် … သတိရနေတာပါ။ ဒါပေမယ့်လေ ကိုကိုက စိတ်မထင်လျှင် အခန်းထဲပြန်ဝင်လာတတ်သည်။ ပြီးတော့ အနှိုင်းဖုန်းကိုလည်း စစ်ဆေးတတ်သေး၏။ အခရာ့ကို ဘယ်လိုရှင်းပြရမလဲ … သူမ အိပ်ချင်ကြောင်းပဲ ပြောလိုက်သည်။

"အနှိုင်းရယ် ခဏလေးပါကွာ … အိပ်တာက ကိုယ့်ထက်အရေးတကြီး ထားနေတာလား … "

"ဟိုလေ … အခရာနဲ့က မနက်ဖြန် ကျောင်းမှာတွေ့နိုင်ကြတာပဲ … အနှိုင်း အရမ်းအိပ်ချင်နေလို့ပါနော် … ဒါပဲနော်"

"အနှိုင်း … "

"ဟင်"

"ဘာမှ မဟုတ်တော့ပါဘူး … အိပ်တော့နော် … ကိုယ်လေ မိန်းကလေးတွေကို စိတ်မဝင်စားခဲ့ဘူး … ကိုယ်က ရည်မှန်းချက်ကြီးတယ် … ဒါပေမယ့် အနှိုင်းကိုတွေ့လိုက်ရတော့ ကိုယ့်ရည်မှန်းချက်တွေက ဦးတည်ရာပြောင်းသွားတယ် … "

"ဘာကိုလဲဟင် … အခရာ"

"နောက်မှ ပြောပြမယ်"

"အင်း … "

"အိပ် … အိပ်တော့"

အခရာပြောချင်တဲ့စကားရဲ့ အဓိပ္ပါယ်ကို အနှိုင်းသိနေသည်။





အနှိုင်းလည်း အခရာနှင့်ခံစားချက်တူညီနေ၍ ဖြစ်၏။ ကိုကို့ကြောင့်ပဲ အခုတောင် အခရာ့ဖုန်းနံပါတ်အား သူမဖုန်းထဲကနေ ပျောက်သွားအောင် ဂရုတစိုက် ဖျက်လိုက်ရသည်။

"အနှိုင်း … ညီမလေး"

"အနှိုင်း … "

"ဟင် … ကိုကိုပဲ"

အနှိုင်း ထင်ထားတဲ့အတိုင်းပင် ကိုကိုထပ်ရောက်လာ၍ အသံမပေးတော့ဘဲ အိပ်ချင်ယောင်ဆောင်ပစ်လိုက်သည်။ ဘုရားဘုရား ရင်တွေတုန်လိုက်တာနော် … အခရာ့ ဖုန်းနံပါတ်ဖျက်ပစ်လိုက်လို့ မောပမ်းသွား၏။ ကိုကို မသွားသေးပေ။

"ဘာဖြစ်လို့ အခန်းပိတ်ထားရတာလဲ … ကိုကိုပြောထားတယ်လေ … အခန်းဂျက်မချနဲ့လို့ အရေးအကြောင်းရှိရင် ဘယ်လိုလုပ်မလဲ … ညီမလေး အနှိုင်း"

ကိုကိုခေါ်နေသည်။ အနှိုင်း တမင် အခရာနှင့်ဖုန်းဆက်ချင်လို့ အခန်းတံခါးအတွင်းကနေ လော့ခ်ချထားတာပါ … ကိုကို တော်တော်နှင့် မပြန်။ အခန်းဝမှာ ရပ်နေသေး၏။ အနှိုင်း မထချင် … သူမ စိတ်တွေမလုံမလဲနှင့် မျက်နှာချင်း မဆိုင်ရဲလို့ပါ သူမငြိမ်သက်နေမိသည်။

"ဒီကောင်မလေး အိပ်ပျော်သွားပြီထင်တယ် … ဘာဖြစ်လို့ အတွင်းကနေ တံခါးပိတ်ထားရတာလဲ … မဟုတ်သေးပါဘူး"

သော်စိတ်ထဲမှာ အနှိုင်းအခန်းတံခါးပိတ်ထား၍ မသင်္က



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရသည်။ အနှိုင်းငယ်စဉ်လေးထဲက အခန်းတံခါးဖွင့်၍ အိပ်စက်စေ၏။ ဘာဖြစ်လို့လဲဆိုတော့ အခန်းထဲမှာ တစ်စုံတစ်ခုဖြစ်နေလျှင် မသိမှာစိတ်ပူ၍ ဖြစ်သည်။

"အနှိုင်း ... အနှိုင်း"

"ဒီကောင်မလေး အိပ်တာလည်း မြန်တယ် ... အနှိုင်း"

ညီမလေး နိုးသွားမှာစိုး၍ သော်ဆက်မခေါ်တော့ဘဲ ပြန်ထွက်လာခဲ့သည်။ သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။ အခုတလော အနှိုင်းကို စိတ်မချနိုင် ဘာတွေဖြစ်နေမှန်းတောင် မသိပါဘူး ... စိတ်တွေလည်း လှုပ်ရှားလွန်းနေသည်။

"အနှိုင်းမှာ ချစ်သူရနိုင်တယ် ... ဒီကောင်မလေးကြီးလာ တသွေးတမွေး ချောမောလာတယ် ... "

သူ တားဆီးဖို့အတွက် အကြံအစည်တွေ ထုတ်နေမိသည်။ စီးပွားရေးတွေလည်း လစ်ဟင်းပြီး ချစ်လက်ထဲမှာပဲ လွှဲအပ်ထားသည်။

"အနှိုင်းရယ် ကိုကို့ကို နားလည်ပေးပါ ... ဘဝတစ်လျှောက်လုံး ညီမလေးအတွက်ပဲ အဓိကဖြစ်နေခဲ့တယ် ... သံယောဇဉ်ကြိုးတွေ အထပ်ထပ်ပဲ ညီမလေးအပေါ် ရစ်ပတ်ထားမိတယ်"

ညီမလေး အခန်းတံခါးအတွင်းမှ ပိတ်ထား၍ စိတ်ကပူနေသည် မဖြစ်ဖူး ဖွင့်ရမယ် ... သူ့မှာသော့အပိုရှိ၏။ သူအမြဲတမ်း ဝင်ထွက်သွားလာနိုင်ရန် တံခါးဖွင့်ထားသည်။

"တံခါးသွားဖွင့်ရမယ် ... ညီမလေး ဘာဖြစ်လို့ပိတ်လိုက်





တာလဲ ... ဒီကောင်မလေး မဟုတ်တာတွေများ လုပ်မလို့လား"

သူ သော့အပိုယူပြီး ညီမလေးအခန်းကို ဖွင့်လိုက်သည်။ အခန်းထဲဝင်လာခဲ့၏။ အနှိုင်း အိပ်ပျော်နေ၏။ ညီမလေးမျက်နှာလေးအား ဂရုတစိုက် ငေးမောကြည့်မိသည်။

"အနှိုင်းရယ် အပြစ်ကင်းပြီး ချစ်စရာကောင်းလိုက်တာ ... မင်းလေးကို မှည့်တပေါက်လေးတောင် မစွန်းထင်းစေချင်ဘူး အနှိုင်း"

အနှိုင်းမျက်နှာလေးအား သူငုံ့နမ်းရှိုက်မိသည်။

"အခန်းတံခါးဖွင့်ထားစမ်းပါ ညီမလေးရယ် ... ကိုကို ဘယ်အထိ စိတ်ပူရလဲ ညီမလေး ... အခန်းထဲ ကိုကိုမကြာခဏလာပြီး ကြည့်ရမယ်လေ"

ညီမလေး အိပ်စက်နေတာကြည့်ပြီး သော် စိတ်ချလက်ချဖြစ်၍ ပြန်ထွက်လာခဲ့သည်။

"ဟူး ... "

ကိုကိုခြေသံပျောက်သွားမှ အနှိုင်းသက်ပြင်းမောကြီးအား ဟူးခနဲမှုတ်ထုတ်ပစ်လိုက်မိသည်။ ဘုရားရေ ကိုကို ဝင်ဝင်လာတတ်တာ အနှိုင်းသိသိကြီးနှင့် အခရာကြောင့် တံခါးပိတ်ထားမိတာပါ။ မျက်ဝန်းလေးတွေ ဖျတ်ခနဲပြန်ဖွင့်သွားသည်။ အိပ်ရာပေါ်ကနေ ထပြီး ငုတ်တုတ်လေး ထထိုင်မိနေ၏။ အနှိုင်း ဘယ်လိုလုပ်ရမလဲ ကိုကိုကြောင့် စိတ်ရှုပ်လိုက်တာ သူမက အခရာကိုပဲ သတိရနေသည်။

"အခရာရယ် ... အနှိုင်းဘဝကို ဘယ်လိုလုပ်ရမလဲဟင် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက အရမ်းကြီး စည်းကမ်းကြီးပြီး အနှိုင်းကို မျက်စိအောက်က အပျောက်မခံတော့ဘူး ... အနှိုင်းစိတ်ညစ်တယ်”

ကိုကိုက အနှိုင်းငယ်ငယ်လေးထဲက အနှိုင်းအခန်းတံခါးကို မပိတ်ဘဲ အိပ်ဖို့အကျင့် လုပ်ပေးထားသည်။

“ညီမလေးကို စိတ်မချဘူး ... ကိုကို စိတ်ပူလာရင် ဝင်ကြည့်လို့ရအောင်ပါ ... ”

အနှိုင်းငယ်ငယ်ကလို မပျော်တော့ဘူး ကိုကို ... ဘယ်လိုလုပ်ရမလဲဟင် ...

အနှိုင်းမှာ အခရာဆိုတဲ့ ယောကျ်ားလေး တစ်ယောက်နဲ့ မိတ်ဆွေဖြစ်နေတယ် ... ကိုကို သိသွားရင် အနှိုင်းကို အသေတောင် သတ်ပစ်မလားဘဲ ... မနက်ဖြန်အတွက် အနှိုင်းစိတ်တွေ မတည်မငြိမ်နဲ့ ပျော်နေသလိုလိုပဲ ...

အခရာကို တွေ့ချင်နေတယ် ... ညီမလေး နှလုံးသားထဲမှာ အချစ်ဆိုတဲ့ ခံစားချက်နုနုလေး တိုးဝင်လာနေသလိုပဲ ...

ကိုကို့ကိုတောင် ဆန့်ကျင်ပစ်ချင်လာနေတယ် ... ကိုကို့ အချစ်တွေကို ညီမလေးကြောက်လာပြီ၊ ညီမလေး မငယ်တော့ဘူး လွတ်လပ်ခွင့်ပေးပါနော် ... အနှိုင်း အိပ်ရာလေးပေါ် ပြန်လှဲချပစ်လိုက်ကာ အိပ်ဖို့ ကြိုးစားနေရလေသည်။

☆

အခန်း ( ၆ )

အနှိုင်းကျောင်းသွားခါနီးတွင် ကိုကိုက မိခင်တစ်ယောက်ကဲ့သို့ပင် ထမင်းဘူးအား အသေအချာ စီစစ်ညှန်ကြားပြီး အလုပ်သမားတွေကို ကြီးကြပ်နေသည်။ အဝတ်အစားကအစ ကိုကိုရွေးပေးတာပဲ ဝတ်ရ၏။ အနှိုင်းအကျင့်ပါနေပါပြီ ... ငယ်စဉ်လေးထဲက ဒီအတိုင်းပဲလေ ...

“ဒေါ်စော သတိထားပါဗျာ ... ညီမလေး အဆီများရင် မကြိုက်ဘူးလေ ... ဒေါ်စောရဲ့ ဆိတ်သားခြောက်မီးဖုတ်က ဆီတွေဆမ်းထားတာ များနေတယ်”

ကိုကိုက အဲဒီလို ... ကလေးတုန်းကတော့ ကိုကို ဂရုစိုက်မှုအတွက် အနှိုင်းကျေနပ်ပျော်ရွှင်ခဲ့ပေမယ့် အခုချိန်မှာတော့ လွတ်လပ်မှုတွေသာ လိုလားနေခဲ့ပြီဖြစ်၍ စိတ်ထဲမှာ မွန်းကြပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေဘူးတွေ ဘာတွေရော ပါပြီလား ဒေါ်စော"

"ဟုတ်ကဲ့ ..."

"မင်းမင်း ... လွယ်အိတ် ကားပေါ်ပို့လေ"

"ဟုတ်ကဲ့ ..."

ကိုကို အကွက်ကျကျ လိုလေသေးမရှိအောင် စီမံပေးနေသည်။ အနှိုင်းကားပေါ်တက်တဲ့အထိ ကိုကိုက ချိုပိုးခေါ်တော့မတတ် လမ်းမှာလည်း အနှိုင်းအား ဆုံးမစကားတွေ တသီတတန်းကြီး ပြောလာသည်။

"အနှိုင်း"

"ဟင်"

"ပညာရေးကိုပဲ အာရုံစိုက်ပြီး ကြိုးစားနော် ... သူငယ်ချင်းတွေဘာတွေ အများကြီးမထားရဘူး ... အာရုံနောက်တယ် ယောက်ျားလေးတွေ ဝင်ရောရင် သတိဝီရိယရှိရှိနဲ့ ရှောင်ပါ ... ကိုကိုက လွဲပြီး ဘယ်သူ့ကိုမှ မယုံနဲ့ ..."

"ဟုတ် ..."

"တက္ကသိုလ်တက်မှ ညီမလေးအရမ်းတည်ငြိမ်သွားတယ် ... ကိုကို့ကိုတောင် ဂျီမကျတော့ဘူး ... ဟုတ် ဟုတ်နဲ့လိမ္မာနေတယ်"

အနှိုင်းက စိတ်ညစ်လို့ ငြိမ်သက်နေတာပါ ကိုကို့ကို ဂျီမကျချင်တော့ပါဘူး ... ကိုကိုနဲ့ အဝေးဆုံးကိုထွက်ပြေးချင်တာ ... အနှိုင်းကလေးမဟုတ်တော့ဘူးလို့ အော်ဟစ်ချင်နေသည်။





"အနှိုင်း ယောက်ျားလေးတွေနဲ့ ခင်မင်ပတ်သက်တာ တွဲသွားတွဲလာလုပ်တာတွေ ကိုကို လုံးဝမကြိုက်ဘူး ... မိုးစက်ပွင့်ဆိုတဲ့ အနှိုင်းသူငယ်ချင်း အကြောင်းလည်း နောက်ကြောင်းရာဇဝင် စုံစမ်းခိုင်းထားတယ်"

"ဟာ ... ကိုကိုကလည်း မဆီမဆိုင် အနှိုင်းတို့ သိစရာမှ မလိုတာပဲ ... မိုးစက် သိသွားရင် မကောင်းပါဘူး ... သူလည်း ချမ်းသာတယ် အဆင့်အတန်းရှိပါတယ် ကိုကိုရဲ့"

"အဆင့်အတန်းနဲ့ မဆိုင်ဘူး ... စိတ်ဓာတ်နဲ့ဆိုင်တယ် ညီမလေးကို အောင်သွယ်မှာကြောက်လို့ ..."

"ကိုကိုကလဲ ..."

"ဘာကိုကိုကလဲ ... လုပ်မနေနဲ့ ကိုကိုက ညီမလေးကို စေ့စေ့ကြည့်တာတောင် မကြိုက်ဘူး ... ကျောင်းတက်ခွင့် ပြုတာတောင် မလွှဲမရှောင်သာလို့ ညီမလေးရဲ့ အကြီးမားဆုံးဆန္ဒဖြစ်နေလို့လေ ..."

ညီမလေး အနှိုင်းကို စိတ်ဝင်စားကြမယ့် ... ယောက်ျားတွေ အများကြီးရှိလာနိုင်တာကို သော်သိနေသည်။ စောစောစီးစီးကပဲ ကာဆီး ပိတ်ပင်ထားသင့်တာတွေ တင်းတင်းကြပ်ကြပ် လုပ်ထားမယ် ... ဖြစ်နိုင်ရင် သော်ကိုယ်တိုင် ညီမလေးနဲ့အတူတူ ကျောင်းလိုက်တက်ချင်နေသည်။

"ကဲ ... ကျောင်းရှေ့ရောက်ပြီ ညနေ လေးနာရီ ကိုကိုအတိအကျ ရောက်မယ် ... ဒီခုံတန်းလေးမှာပဲ ညီမလေး ထိုင်စောင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဟုတ် ... "

ကားတံခါးကိုဆင်းပြီး ကိုယ်တိုင်ဖွင့်ပေးသည်။ အနှိုင်းပတ်ဝန်းကျင်အား စူးစမ်းလေ့လာကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ အရေးရပ်နေ၏။ ရင်တွေ ဒိန်းခနဲခုန်သွားသည်။

"အနှိုင်း"

"ရှင်"

"ဘာတွေလိုက်ကြည့်နေတာလဲ ... မိန်းကလေးဆိုတာ မျက်လုံးမကစားရဘူး"

"ဟို ... ဘာမှ မကြည့်ပါဘူး ... မိုးကိုစက်ကို ရှာတာပါ"

"ဘယ်သူမှ ရှာမနေနဲ့ ကိုယ့်အတန်းကိုယ်သွားတော့"

"ဟုတ် ... "

ကိုကို့ကို ကျောခိုင်းပြီး ခပ်သွက်သွက်လေး လျှောက်လာခဲ့သည်။ အနှိုင်းပျောက်သွားတဲ့အထိ ကိုကိုရပ်ကြည့်နေမှာ သိထား၍ နောက်သို့ ပြန်မကြည့်ရဲ အရေးလိုက်လာမှာလား မိုးစက်ရေ ကိုကိုက မိုးစက်နောက်ကြောင်းတွေပါ မဆီမဆိုင်စုံစမ်းနေသဖြင့် အနှိုင်းအားနာရသည်။

"ဟဲ ... အနှိုင်း"

"အမလေး ... ဟာ မိုးစက်ကလည်း လန့်လိုက်တာ"

အတန်းထဲဝင်ခါနီး မိုးစက်က အနောက်မှ လှမ်းဖက်လိုက်သဖြင့် အနှိုင်းလန့်သွားရကာ အော်မိသွားသည်။





"အနှိုင်းကိုကိုကတော့ လွန်တယ် ခုထိရပ်ကြည့်နေတုန်းပဲ ဆရာ ... "

"ဟင် ... "

ကိုကိုရှိနေသေးတာပါလား ... မိုးစက်က အနှိုင်းကိုဖက်လိုက်တာ ကိုကိုတွေ့သွားပြီထင်တယ် ... ကိုကိုကြိုက်မှာ မဟုတ် ညနေလာကြိုရင် အနှိုင်းအဆူခံရမှာ သေချာသည်။

"လာ ... အတန်းထဲဝင်ရအောင်"

"အင်း ... "

ခပ်လှမ်းလှမ်းမှာ အရေးကိုလည်းတွေ့လိုက်ရ၍ အနှိုင်း စာသင်ခန်းတွေထဲ အပြေးအလွှားဝင်လိုက်ရသည်။

"အနှိုင်း ဘာဖြစ်နေတာလဲ ... ရှင့်အစ်ကိုကို ဒီလောက်တောင်ပဲ ကြောက်နေရလားဟယ် ... "

"အင်း ... ကြောက်ရတယ်၊ ကိုကိုက အမေတစ်ယောက်လိုပဲ အနှိုင်းကို လုံးဝစိတ်မချတာပါ ... မိဘတွေလည်း မရှိတော့ အနှိုင်းအတွက် မိခင်နေရာကနေ ကိုကို ပူနေရတာလေ ... "

"အင်းလေ ... ဒီမောင်နှမနှစ်ယောက်တည်းရှိတာကိုး ... [illegible] ယောင်းမ ရှင့်အစ်ကိုနဲ့ ချိတ်ပေးပါလား မိုက်တယ်ဟ ... အရပ်မြင့် ဒေါင်ကောင်းကောင်းနဲ့ မော်ဒယ်တွေကို သနားတယ်"

"တကယ်ပဲ မိုးစက်ရယ် ... ချိတ်ပေးလိုက်ချင်တယ် ... [illegible]ယ်တူ မမချစ်ကိုတောင် မကြိုက်ဘူး ... အချိန်တိုင်း အနှိုင်းအတွက်က စိတ်ကဖြစ်နေခဲ့တာလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ အခရောလာနေပြီ"

"ကိုကို မသွားသေးဘူးထင်တယ် ..."

"မမြင်ရတော့ပါဘူး ... ရှင်ကလည်း ဒီလောက်အထိ ကြောက်မနေစမ်းပါနဲ့ အနှိုင်းရာ ..."

စာသင်ခန်းထဲရောက်နေတာတောင် အနှိုင်းစိတ်တွေ မလုံပေ။ ကိုကိုကြည့်နေသလိုပဲ ထင်မှတ်နေသည်။ အခရော ဝင်လာ၏။ အနှိုင်းမျက်နှာလေးပူပြီး စာအုပ်ကိုပဲ ခေါင်းငုံ့လှန်လှောကြည့်နေမိသည်။

"အနှိုင်း ..."

"ဟာင်"

"မင်းကိုကိုပြန်ထွက်သွားပါပြီ ... အတန်းချိန်လိုသေးတာပဲ ... အပြင်ခဏ ထွက်ရအောင်"

"ဟင့်အင်း ... မထွက်တော့ပါဘူး အခရော"

ကိုကို ပြန်လှည့်ချင် လှည့်လာနိုင်သည်။ အနှိုင်းအား ကြိမ်ဖန်များစွာ ပြန်ပြန်ကြည့်တတ်တာ ကိုကို့အကျင့်စရိုက်ပါ အနှိုင်းသိသည်။

"လာပါ အနှိုင်းရာ ... မိုးစက်လည်း ဘာမှမစားရသေးဘူး တစ်ခုခု သွားစားရအောင်ပါ ..."

မိုးစက်ကပါ အနှိုင်းလက်လေးအား အတင်းဆွဲခေါ်နေ၍ မငြင်းသာတော့ပဲ အနှိုင်းအပြင်လိုက်ထွက်လာရသည်။ ကိုကိုရှိနေဦးမလားဟု စိတ်ကထင့်နေပေမယ့် ကိုကိုက ရှိမနေပေ။ တော်ပါ





ရဲ့ အခရောက သူမနှင့်ယှဉ်တွဲလျှောက်နေပြီး မိုးစက်က တ်မှာ ကျန်နေခဲ့တတ်၍ အနှိုင်းရပ်စောင့်နေရတာ အမော။

"အနှိုင်း ဘာဖြစ်လို့လဲ ... မိုးစက်က ဒီလိုပဲအပေါင်းအသင်း းတယ် ... တလမ်းလုံး နှုတ်ဆက်နေတာပဲလေ ... ကိုယ်နဲ့ နှိုင်း သွားနှင့်မယ်"

"ရှင် ..."

"ဘာရှင်လဲ ... အနှိုင်းမျက်ဝန်းလေးတွေကလေ ကျီးလန့် ဘာတွေကြောက်နေရတာလဲ ကိုယ်က ဘီလူးကြီးတစ်ကောင် ..."

အခရောရယ် ရှင်ကမင်းသားလေးပါ ... တကယ့်ကို နုပျို မောပြီး ရှင်းသန့်နေတဲ့ မင်းသားချောလေးပါနော် ... အနှိုင်း မကြောက်မရွံ့ မတုန်လှုပ်ဘဲ အခရောနဲ့တွဲလျှောက်ချင်နေခဲ့ပါ ... အနှိုင်းဘဝက တခြားမိန်းကလေးတွေနဲ့ လုံးဝမတူတဲ့ ... ။

"အနှိုင်း သတ္တိမွေးစမ်းပါ ... တက္ကသိုလ်ကျောင်းသူကြီးဖြစ် နော် ... ဘာမှ မသိတဲ့ ငတုံးမလေးဖြစ်နေလိမ့်မယ်"

မထူးတော့ပါဘူး ... အနှိုင်း သတ္တိတွေပဲ မွေးတော့မယ် တာ လုပ်နေတာလည်း မဟုတ် ... ပြီးတော့ အခရောက တဲ့သူတစ်ယောက် အနှိုင်း သတ္တိနည်းနည်း ရှိလာသည်။

"Queen က အရမ်းမိုက်တယ်ကွာ ... မြင်သူငေးရတယ် ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကဝေဖန်သံတွေကြောင့် အနှိုင်းခြေလှမ်းလေးတွေတုန့်ဆိုင်းသွားတာကို အခရာက လုံးဝဂရုမစိုက်နဲ့တဲ့ ဘာမှမဖြစ်ဘူးတဲ့ အနှိုင်းလည်း ထူပူပြီး အခရာနှင့်တွဲလျှက် စားသောက်တန်းထဲ ဝင်လာခဲ့ရသည်။

"အနှိုင်း ဘာစားမလဲ ... ဘာလဲ မမှာတတ်လို့ ကိုယ်မှာပေးရမှာလား"

"အနှိုင်းဘာမှ မစားတော့ပါဘူး ... အိမ်က စားလာတယ်လေ ... မိုးစက်ကို စောင့်ရအောင်ပါနော်"

အနှိုင်းမျက်နှာလေးကို အခရာ စူးစူးလေးစိုက်ကြည့်မိနေသည်။ ရှုံ့ကိုးရှက်ကန်းနှင့် မျက်နှာပြင်လေးပေါ်မှာ ပန်းသွေးရောင်က သိသိသာသာ လွှမ်းခြုံနေခဲ့၏။ အနှိုင်းက အစ်ကိုတစ်ယောက်ရဲ့ တင်းကြပ်တဲ့ အုပ်ထိန်းမှုအောက်မှာ လူ့လောကကြီးအကြောင်း ဘာမှ မသိနားမလည်ရှာတဲ့ ကလေးလိုဖြစ်နေသည်။

"အခရာ ... ဘာလို့ စိုက်ကြည့်နေရတာလဲ အနှိုင်းမနေတတ်ဘူး ... စားလေ ဘာစားမှာလဲ ... မှာပါ"

"ကိုယ်က အစား စားချင်လို့လာတာမဟုတ်ဘူးနော် ... အနှိုင်း စကားပြောချင်လို့လာတာ"

"ဟင် ... ဘာတွေပြောချင်လို့လဲ အနှိုင်းတို့ အတန်းတက်ဦးမယ်နော် ... မိုးစက်ကလည်းဟာ ကြာလိုက်တာ"

မိုးစက် တမင်မလိုက်လာတာများလား ကိုကိုက မိုးစက်အောင်သွယ်ပေးမှာကို အစိုးရိမ်ကြီး စိုးရိမ်နေသည်။ ရှင်အောင်သွ





ဆေးနေတာပဲ မိုးစက် ... ကိုကိုသာ သိသွားရင် ရှင်သေလိမ့်မယ်။ အခရာ့ကိုလည်း ရဲရဲတင်းတင်း မကြည့်ရဲ ... ဘာတွေပြောမှာလဲ ပြန်ချင်နေ၏။ အခရာက ရယ်နေသည်။

"အနှိုင်းရယ် ... ရှက်နေလိုက်တာ ကိုယ်တို့က သူငယ်ချင်းတွေပါ ... အနှိုင်းကြောက်နေတယ် ... လက်ဖျားတွေတောင် အေးစက်နေပြီလား မသိဘူး ... "

"ဟင် ... "

အနှိုင်းလက်ဖျားလေးအား အခရာက ရုတ်တရက်ဆုပ်ကိုင်လိုက်သဖြင့် အနှိုင်းကြောက်လန့်တကြား ရုန်းဖယ်မိသည်။

"ဟို ... ဟိုမှာ လူတွေကြည့်နေတယ် ... အခရာ ဘာလုပ်တာလဲ"

"လူတွေကြည့်နေတာပဲ အနှိုင်းရာ ... နတ်တွေကြည့်နေလည်း ဘာဖြစ်လဲ ... ဒါမျိုးက မိတ်ဆွေအဆင့်မှာ စမ်းကြည့်တတ်ကြတာပဲလေ ... "

"အခရာရယ် ... ပြန်ကြရအောင်နော် ... မိုးစက်ကလည်း လာသေးဘူး အနှိုင်းဆက်ပြီး ထိုင်မနေချင်တော့ဘူး ... "

အခရာက ဆက်ထိုင်နေ၍ အနှိုင်းတစ်ယောက်ထဲလည်း သွားရဲ ... တချို့လည်း အတွဲတွေပူးကပ်ထိုင်နေကြသည်။ အနှိုင်းတစ်ယောက်ပဲ သရုပ်ပျက်နေတာပဲဖြစ်၏။ အရေးထဲ အခရာက အစားအသောက်တွေ မှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပါ အနှိုင်းရာ … မင်းသတိရလာအောင် တမင်လှေကျင့်ပေးထားတာ ကိုယ်တို့က ဘာလုပ်နေလို့လဲ မိုးစက်မပါလဲ ထိုင်နေစမ်းပါ အနှိုင်းရယ်"

အနှိုင်းတစ်ယောက်ထဲမှ ထမသွားရဲပဲ ဆက်ထိုင်နေရှိပဲ ရှိသည်။ အကြာကြီးနေမှ မိုးစက်ပြန်ရောက်လာ၏။ ယဲသူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေလို့ စကားကောင်းနေတာတဲ့ … အနှိုင်းကျောက်ရုပ်လေးတစ်ရုပ်ကဲ့သို့ ထိုင်နေသည်။

"ကဲပါကွာ … အနှိုင်း အရမ်းရှက်နေပြီ … ကိုယ်သွားနှင့်မယ်နော် မိုးစက် … "

"အတူတူသွားမယ်လေ အခရာ"

"အနှိုင်းအတွက်ပါ … မျက်နှာလေးရဲပြီး လက်ဖျားတွေလည်း အေးစက်နေတယ် … အနှိုင်းကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး … စိတ်အေးလက်အေး ထိုင်ကြပါဦး"

အခရာ ထွက်သွားတော့မှပဲ အနှိုင်းစိတ်တွေ ပေါ့ပါးသွား[illegible]သည်။

"အနှိုင်း … "

"ဟင်"

"ရှက်မနေပါနဲ့ဟာ တို့တွေက အရွယ်ရောက် ပညာရော ပြည့်[illegible]နေတာပဲ … ချစ်သူဆိုတာ ဒီအချိန်မှာမှ မရှာရင် အသက်ကြီးလာ[illegible]ရှာဖို့မလွယ်ဘူးနော် … ပြီးတော့ အခရာက မိန်းမချောလေး[illegible]အများကြီး ခေါင်းခေါက်ရွေးချယ်ခွင့်ရှိနေသူဟ … အခရာနဲ့တွဲရ[illegible]





ဂုဏ်ယူစမ်းပါ အနှိုင်းရာ … "

အခရာထွက်သွားတော့လည်း အနှိုင်းစိတ်ထဲမှာ ဟာတာတာကြီးနှင့်ကြေကွဲသလိုလို ခံစားကျန်ရစ်ခဲ့သည်။ ဟုတ်ပါတယ်လေ … အနှိုင်းဘာတွေ ရှက်နေတာလဲ … အခရာ့ကို အားနာနေသည်။

"ရှင့်အစ်ကိုကရော သူ့ညီမလေး အမှားအယွင်းတွေဖြစ်မှာ[illegible]စိုးရိမ်လို့ စည်းကမ်းပေးနေတာပါဟ … မိုးစက်သိတယ် အခရာလိုကောင်လေးမျိုးနဲ့ဆို ရွှေယောက်ဖ ငွေယောက်ဖ ဖြစ်သွားလိမ့်မယ်[illegible]ကြည့်လိုက်ပါ … "

"မိုးစက် … "

"ဟင်"

"သွားကြစို့နော်"

"အခရာက မိုးစက်ကို လျှို့ဝှက် Message ပေးသွားတယ်[illegible]ကို သတိရလာအောင် ပတ်ဝန်းကျင်နဲ့ ထိတွေ့ပေးရမယ်တဲ့ ခဏ[illegible]ထိုင်ပါဦး … ဒီမှာ အခုမှ မိုးစက်မနက်စာ စားရတာ၊ အိမ်က[illegible] စိတ်ကောက်ပြီး ဘာမှမစားဘဲထွက်လာခဲ့မိလို့ပါ"

"ဟင် … ရှင်က စိတ်ကောက်တတ်တယ် … ဒီလောက်[illegible]လပ်ပြီး ပျော်နေရတာများ … "

"ဒီလိုပါပဲ တစ်ခါတလေ အိမ်ကလူတွေကို ဗိုလ်ကျတာလေ[illegible]ရော ကိုကိုကို စိတ်ကောက်ဖူးသလား"

"အင်း … ကောက်ဖူးတာပေါ့ … ကိုကိုက အနှိုင်းစိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျ ဘယ်လောက်ပဲ လုပ်ပေးနေပါစေ အနှိုင်းကရှာကျန် စိတ်ကောက်တယ် … ဂျီကျတယ် … ကိုကိုက နည်းမျိုးစုံသုံးပြီး ချော့တာ … ဒါပေမယ့်လေ အခုတော့ အနှိုင်း ကလေးမဆန်ချင်တော့ဘူး လွတ်လပ်မှုတွေကို လိုလားတောင့်တနေတယ် … ”

“ရှင့်ကိုကိုကတော့ လွန်ပါတယ် စိတ်ညစ်စရာကြီး … ရှင့်စိတ်တွေကိုက အရက်အကြောက်တွေ လွန်ကဲနေတာ … လူ့လောကကြီးထဲ ခဏလေးရောက်လာတာ ပျော်သလိုပဲနေစမ်းပါ မိုးစက်တို့ကိုလာပြီး မချုပ်ချယ်နဲ့ ပြဿနာက မိုးမီးလောင်သွားမယ်”

မိုးစက်က သွက်လက်ဖြတ်လတ်ပြီး ပျော်ပျော်နေတတ်သည်။ သူငယ်ချင်းတွေလည်း အများကြီးရှိတယ် ပွင့်လင်းလွတ်လပ်စွာ နေထိုင်ပြောဆို၍ အနှိုင်း အားအကျကြီးကျနေရ၏။ ဘာပဲဖြစ်ဖြစ် အနှိုင်းမှာ သတ္တိတွေရှိနေစေချင်ပါတယ် … အလေ့အကျင့်ရအောင် ရန် စိတ်တင်းပြီး ထိုင်နေပစ်လိုက်သည်။

☆

## အခန်း ( ၇ )

သော့်စိတ်တွေ အခုတလော ပိုပို၍ ညီမလေးထံ အာရုံစိုက်[…]နေသည်။ အလုပ်ကိစ္စတွေရော ချစ်ကိုရော ဥပေက္ခာပြုထားခဲ့[…] မကျေမနပ်ဖြစ်နေသူက ချစ်ချစ်ပင် … ။

“သော် ဘာတွေဖြစ်နေတာလဲ … ကုမ္ပဏီကိုလည်း လုံးဝ[…]ထားတယ် … သော့် ညီမလေး ကျောင်းတက်တာ မူကြို မဟုတ်[…] သိရဲ့လား … ”

“မူကြို မဟုတ်လို့ ကိုယ်စိတ်ပူတာပေါ့ ချစ်ရာ … ကလေး[…] ဘာစိတ်ပူစရာရှိမှာလဲ ရည်းစားထားမလား ပေါက်ကရတွေ[…]မလားလို့ စိတ်ပူရတယ် … ဒါကြောင့် ကိုယ်မျက်ခြေမပြတ်[…] စောင့်ရှောက်နေတာပါ … ”

“သော်ရယ် … အချိန်တန် အရွယ်ရောက်နေပြီပဲ သဘာဝ … ”

“တော်ပြီချစ် ဆက်မပြောနဲ့တော့ … အချိန်မတန်သေးလို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ … သဘာဝ ဆိုပေမယ့်လည်း ကိုယ်တားဆီးရမယ်"

ချစ် မကျေမနပ်ဖြင့် မျက်စောင်းထိုးပြီး ပြန်ထွက်သွားသည်။ မတတ်နိုင်ဘူးကွာ … သော့်နှလုံးသား ခံစားချက်ကို သော်ပဲ အသိဆုံးပါ … ။ ချစ်က သူနှင့်ရွယ်တူတန်းတူ အနီးကပ်နေခဲ့သူပဲ ဒါပေမယ့် သော့်နှလုံးသားကို ပိုင်စိုးထားတာက အနှိုင်းမဲ့ပဲ … သူ တခြားဘာကိုမှ စိတ်မဝင်မိ … ချစ်ကို သူငယ်ချင်းအဖြစ်ပဲ လက်ခံနိုင်သည်။

"အနှိုင်းမှာ ချစ်သူဆိုတာ … လုံးဝ မရှိစေရဘူး … အဲဒီ သဘာဝတရားဆိုကြီးကို ငါလုံးဝ တားဆီးထားမယ်"

သူတွေးနေမိသည်။ အနှိုင်းမဲ့ မင်းလေးက ကိုကိုညီမလေး အရင်းမဟုတ်ဘူး … ကိုကိုဘယ်တုန်းကမှလည်း ညီမလေးတစ်ယောက်လို့ သတ်မှတ်မထားဘူး … ချစ်သူလား … သူ အထိတ်တလန့်ဖြစ်သွားသည်။ ပတ်ဝန်းကျင်ကိုလည်း မလုံမလဲနှင့်သူတစ်ယောက်ထဲရှိနေတာ သိသိကြီးနှင့် ပတ်လည်ပြန်ကြည့်မိသွားသည်။

"ငါမတွေးသင့်ဘူး … ထင်တယ် မဖြစ်နိုင်တာပဲ မဖြစ်သင့်ဘူး ညီမလေးအဖြစ်ပဲ သတ်မှတ်ထားခဲ့တာပါ … ဒါပေမယ့် အနှိုင်းလေးရယ် … မင်းက ကိုကို့ အနားကနေ ရက်ရက်စက်စက် ပစ်ခွာထွက်သွားတော့မလား … "

စိတ်တွေ ပူလောင်မိသည်။ ထိုင်မရ ထမရ အခန်းထဲမှာ တစ်ယောက်ထဲ စိတ်တွေလှုပ်ရှား ဂယက်ထနေသည်။

"အနှိုင်းကို ငါသိမ်းပိုက်သင့်လား … ဘာတွေဖြစ်သွားနိုင်





လဲ … "

သူတွေးနေမိသည်။ မတွေးသင့်ဘူးဟု အသိတွေနဲ့ သူ့စိတ်တွေကို ထိန်းချုပ်ခဲ့သည် မရ … အနှိုင်းမဲ့ တခြားယောကျ်ားတစ်ယောက်နဲ့ လက်ထပ်သွားမှာ သော်လက်မခံနိုင်ဆုံး … အကြောက်ဆုံးဖြစ်နေသည်။

"ငါ လက်မခံဘူး … မင်းဘယ်လို အကြောင်းနဲ့မှ တခြားယောကျ်ားလေးတစ်ယောက်ရဲ့ ဇနီးမဖြစ်စေရဘူး အနှိုင်းမဲ့ … "

အနှိုင်းမဲ့ အတန်းပြီးမယ့်အချိန်ကို စောင့်နေရင်း သူအတွေးတွေ မတည်မငြိမ်နှင့် တခြားဘာကိစ္စမှ စိတ်မဝင်စားနိုင်ပေ။ အနှိုင်းစာသင်ချိန်ပြီးမှာက လေးနာရီ သူသွားကြိုဖို့ အစောကြီးထဲက ပြင်ဆင်နေသည်။

"အနှိုင်းမဲ့ မင်း ကိုကိုစကားကို နားထောင်ရမယ် … ချစ်သူထားရင် ငါ့အဆိုးမဆိုနဲ့"

သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေတဲ့အထဲမှာ ချစ်ချစ်က တစ်မျိုး မင်းကိုငါ ဘယ်တော့မှ လက်မထပ်ဘူး … ငါ့မှာ ချစ်သူရှိတယ် … အဲဒါ အနှိုင်းမဲ့ပဲ … သူအပြင်ထွက်ဖို့ ပြင်ဆင်သည်။

"သော် ဘယ်သွားမလို့လဲ … ခဏလောက်နေပါဦး … ဒီမှာ ရှင်နဲ့ ဆွေးနွေးစရာတွေ ရှိတယ်လေ … "

"ကိုယ် ကျောင်းသွားကြိုမလို့လေ ချစ် … ကိုယ်ပြောထားတာပဲ မင်းပဲစီမံခန့်ခွဲလို့ပေါ့လေ … "

"သော်ရယ် … ရှင် စိတ်မှ ကောင်းသေးရဲ့လား … ခုမှ



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီ ရှိသေးတယ်"

"ဟင် ... "

သူ နာရီကိုကြည့်လိုက်တော့ နှစ်နာရီပဲရှိသေးသည်။ ဟုတ်တာပဲ ... ဘာဖြစ်လို့များ သူ့စိတ်တွေ လောပြီး အနှိုင်းမဲ့ဆိုပဲသွားချင်နေ၏။ ချစ်ချစ်က မျက်မှောင်လေးကြုံ့၍ သူ့ကို ရွှတည်တည်ကြီးနှင့် ကြည့်သည်။

"ရှင်မသွားရဘူး ... ကုမ္ပဏီကို ဒီလောက်အထိ ဥပေက္ခာမပြုပါနဲ့ ... ကျွန်မ ဘယ်လောက်ပဲ တာဝန်ယူနိုင်ပါစေ ရှင်ရှိရမယ်"

"ကဲပါကွာ ... ဘာကိစ္စရှိသေးလဲ ပြော ... "

"ပြန်ထိုင် ... "

ချစ်ကိုလည်း သော် သိပ်ပြီးတင်းတင်းမာမာ ဆန့်ဆန့်ကျင်ကျင် မလုပ်ရဲခဲ့ ... သူ့ဘက်က မှားယွင်းနေသည် ... ပြီးတော့ သူ့ညီမလေးအား မောင်နှမအရင်းဟုပဲထင်၏။ သူ့ခံစားချက်တွေကို ရင်ဖွင့်ပြရမှာ မဖြစ်နိုင်ဖြစ်နေ၏။ ချစ်နှင့်ပဋိပက္ခ မဖြစ်စေ၍ ပြန်ထိုင်ရသည်။

"သော် ... "

"ဟင်"

"ကျွန်မတို့နိုင်ငံခြားကို ထွက်စရာရှိတယ် ... စီးပွားရေးလေ ကျွန်မ တစ်ယောက်တည်းသွားလို့ လုံးဝမဖြစ်ဘူးနော်"

"ဘာ ... "

"ရှင်ပဲစီစဉ်ထားတာပဲ ... စင်္ကာပူက ကုန်သည်တွေနဲ့သွား





တွေ့ဖို့ပါ ... "

ဟုတ်သားပဲ ... လွန်ခဲ့တဲ့ နှစ်လလောက်က စီစဉ်ထားတဲ့ ကိစ္စဖြစ်သည်။ သူကိုယ်တိုင်ပဲ လုပ်ငန်းရှင်တွေနှင့်ပြောဆိုထားခဲ့၏။ သူသွားရမယ် မဖြစ်မနေပဲ ချစ်နှင့်သွားရမည်ဖြစ်၏။ သူ သတိရသွားသည်။

"အနှိုင်းလေးက အရမ်းကြွေဒြေသိက္ခာရှိပြီး ရိုးသားပါတယ်၊ သော့်ကိုလည်း အရမ်းချစ်ပြီး သံယောဇဉ်ရှိပါတယ် ... သော်စိတ်ချပါ ... "

သူ့စိတ်ရဲ့ ခံစားချက်တွေကို ဘယ်သူမှမသိနိုင်ပါဘူး ... ဘယ်လို ရင်ဖွင့်ရမလဲ ... တိုင်ပင်လို့လည်း မရ ... ချစ်စကားကို မဆန့်ကျင်နိုင် ... ။

"သော့် ညီမလေးကို သော်ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ ချစ်သိပါတယ် ... ရှင်က ယောကျာ်းလေးဆိုတော့ ညီမလေးအပေါ် ဗိုဗိုစီးစီး မထိန်းသိမ်းနိုင်ခဲ့ဘူးလေ ... "

"အင်း ... "

"ရှင် မိန်းမယူလိုက်တော့"

"ဘာ ... ဘာပြောတယ် ချစ်"

"ရှင် ချစ်သူရှာသင့်တယ် ... ဘယ်လိုလဲ ကျွန်မစောင့်ရှောက်ပေးရမလား"

"ချစ်ရာ ... မနောက်ပါနဲ့ ကိုယ့်ညီမလေးအတွက် ယောင်းမနဲ့ စိတ်မချဘူး ပြဿနာလေ ... ကိုယ် လုံးဝ စိတ်မချလို့"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲသော်ရယ် ... ဒီလိုဆို ရှင်ပဲ ရှေ့လျှောက် အနှိုင်းကို ဘယ်လိုစောင့်ရှောက်မလဲ စဉ်းစားပါဦး"

"ကိုယ် မသိတော့ဘူးကွာ ... ကဲပါ ခရီးထွက်ဖို့ ကိုယ် စဉ်းစားမယ်"

"စဉ်းစားလို့ မရဘူး ... သွားကိုသွားရမယ် ... ကျွန်မ စီစဉ်မယ် ... ရှင် ငြင်းလို့မရဘူး ... ညီမလေးကို စိတ်မချလို့ဆိုပြီး အကြောင်းပြချက်က ရှင့်ဂုဏ်သိက္ခာကို ထိခိုက်မှာနော်"

"စီစဉ်လိုက်ကွာ ... "

ချစ်နှင့်ဆန့်ကျင်စကားတွေ မပြောချင်ပေ။

"ပြီးရော ... ရှင့်ညီမကို အုပ်ထိန်းပေးရမယ်ဆိုရင် ချစ် ကူညီမယ်နော် ... ဘယ်လိုလဲ လူပျိုကြီး"

ချစ်ချစ် ပြန်ထွက်သွားမှ သော် စိတ်မောသက်သာသွားရသည်။ လောကကြီးက ဘာတွေလဲကွာ စိတ်ပျက်တယ် ... အနှိုင်းမှဲကို သူ့ညီမလေး အရင်းဟုထင်မှတ်နေကြ၍ သော် အခြေအနေတစ်ခုကို ပြောင်းလဲပစ်ဖို့ ခက်ခဲနေ၏။ သူ့ရဲ့ဆုံလည်ထိုင်ခုံပေါ် မှီထိုင်လိုက်သည်။

"အနှိုင်းနဲ့ ကိုကို ဒီလိုအခြေအနေမျိုး လာဆုံကြရတာလဲကွာ ... မင်းကို စတွေ့တုန်းကတော့ တကယ့်ကို ညီမလေးအရင်းတစ်ယောက်လို ချစ်ခဲ့တာပါ"

သူ့စိတ်တွေထဲမှာ ဖြူစင်ရိုးသားမှုတွေ တဖြည်းဖြည်း ကင်းမဲ့လာရသည်။ ညီမလေးအရင်းကဲ့သို့ မသတ်မှတ်ထားနိုင်တော့ ...





ချစ်မိနေပြီ ... ကိုကို ဘယ်လိုလုပ်ရမလဲ ... ညီမလေးသာသိသွားရင် ရှက်ပြီး သတ်သေမလားပဲ ... ကိုကို စိတ်ပူတယ် ... အဖြစ်မှန်တွေကို ထုတ်ဖော်ပြောဖို့လည်း သတ္တိမရှိ ... ကြောက်နေသည်။

"ချစ်ကိုရွေးချယ်လိုက်ရင်ရော ... "

အမှန်တွေဖြစ်ပေမယ့် သူ့နှလုံးသားတွေက လက်မခံနိုင်ပဲဖြစ်နေသည်။ ခေါင်းကိုပဲ ခါရမ်းပစ်မိလိုက်၏။ အနှိုင်းမှဲ တက္ကသိုလ်တက်မှ သူ့စိတ်တွေ လုံးဝပေါက်ကွဲလာရသည်။

"ဆရာ ... ဝင်လာခဲ့မယ်နော်"

"အင်း ... "

သူ့ရဲ့လက်ထောက်တစ်ယောက်ဖြစ်တဲ့ အောင်အောင်ပါ မိုးစက်ပွင့်အကြောင်း စုံစမ်းခိုင်းထားသည်။

"မင်းလာတာနဲ့အတော်ပဲကွာ ... ကိုယ် အခုပဲ အပြင်သွားတော့မလို့လေ ... "

အောင်အောင်က လူယုံပါ သော်ကယ်တင်စောင့်ရှောက်ထားသူ ဖြစ်သည်။

"မိုးစက်ပွင့်အကြောင်းတွေ မင်းသိလာခဲ့လား ... အောင်အောင်"

"သိတယ် ဆရာ ... "

"ပြောစမ်း ... "

"မိုးစက်ပွင့်က ဝိုက်ဆံချမ်းသာတဲ့ ဂုဏ်သိက္ခာရှိရှိထဲကပါ ဆရာ ... "



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာက ယောကျ်ားလေးတွေနဲ့ရှုပ်မရှုပ်ပဲကွ"

"မရှုပ်ပါဘူး ... သန့်တယ် ... အနိုင်းလေးလိုပဲ ချစ်သူ လုံးဝ မထားခဲ့ဘူး ... ပညာရေးပဲ အဓိကထားပြီး ကြိုးစားတာတဲ့"

"ကောင်းတယ် အောင်အောင် ... ညီမလေးအတွက်ကွ ... အနိုင်းက လူ့လောကကြီးအကြောင်း ဘာမှ သိတာမဟုတ်ဘူး ... အပေါင်းအသင်းကအစ လေ့လာထားရမယ်"

"ဟုတ်ပါတယ် ဆရာ ... အနိုင်းက လိမ္မာပါတယ် ... ဆရာ မသိဘဲ ဘာမှလုပ်ရဲမှာ မဟုတ်ပါဘူး ... ဆရာ စိတ်ပူနေလို့ပါ"

အောင်အောင်ကတော့ ဆရာ့ကို အဖြစ်သည်းလွန်းသည်ဟု ထင်သည်။ ညီမကိုချစ်တာ လွန်ပါတယ် ... မိဘတွေမရှိကြဘူးဆို တော့လည်း ညီမလေးကိုပဲ သံယောဇဉ်ကြီးကြီး တွယ်တာနေတာပဲ ဖြစ်၏။ အောင်အောင်စိတ်ထဲမှာ ဆရာ့ကျေးဇူးတွေရှိနေ၍ ဘယ်လို အလုပ်မျိုးမဆို လုပ်ပေးဖို့ ဆုံးဖြတ်ထားမိသည်။

"ဆရာ ... ဘာခိုင်းစရာရှိသေးလဲဟင် ... "

"အောင်အောင် ... "

"ဗျာ ... ဆရာ"

"မင်းကိုယ့်အပေါ် သစ္စာရှိပါ ... ကိုယ်စောင့်ကြည့်နေမယ် မင်းသာ လူယုံအစစ်ဖြစ်ခဲ့ရင် မင်းကိုတိုင်ပင်စရာတွေ အများကြီး ရှိတယ်ကွ ... "

"ဆရာရယ် ပြောနေစရာလိုသေးလား ... ဆရာ့ကျေးဇူးတွေ ကိုဆပ်ဖို့ အများကြီးရှိနေပါသေးတယ် ... ကျွန်တော့်ကို ယုံပါ"





"ကောင်းပြီလေ ... မင်းသွားတော့ မင်းကိုသင့်တော်တဲ့ အချိန်ကျရင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုခု ထူထောင်နိုင်ဖို့ အရင်းအနှီး ထုတ်ပေးမယ် ... "

"ဆရာရယ် ဝမ်းသာလိုက်တာဗျာ ... စိတ်ချပါ ... ဆရာ လုပ်ချင်တာ ရင်ဖွင့်ချင်တာတွေ ပြောသာပြောပါ ... ကျွန်တော် လုံးဝ နှုတ်လုံပေးမယ် ... ဆရာ့အတွက် အသက်တောင်ပေးနိုင်ပါ တယ်ဆရာ ... "

"ကျေးဇူးပဲ အောင်အောင် ... မင်းသွားတော့ ... "

"ဟုတ်ကဲ့ပါ ... "

အောင်အောင်ကတော့ သူ့အပေါ် သစ္စာရှိမယ်ဆိုတာ ယုံကြည်မိသည်။ လူယုံလိုတယ် ညီမလေးတစ်ခုခု မဟုတ်တာလုပ် ရှင် နိုင်ငံခြားသို့ အပြီးအပိုင်ခေါ်သွားဖို့ ဆုံးဖြတ်ထားသည်။

"အနိုင်းမဲ့ကို ဘယ်လိုမှ တခြားယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲ အဝင်မခံနိုင်ဘူး ... မင်းလေးကို ထာဝရပိုင်ဆိုင်သူက သူ့ကိုပဲ ဖြစ်စေရမယ် ... "

သော် နိုင်မာစွာ ဆုံးဖြတ်လိုက်သည်။ ဘယ်လို အဟန့် ဘား အကာအရံတံတိုင်းတွေ အားလုံးဖြိုချဖျက်ဆီးပစ်မယ် ... နှိုင်းမဲ့က သူ့သွေးသားရင်း ညီမလေးမှ မဟုတ်တာပဲ ... သော် ပိုင်ဆိုင်သင့်တယ် ... ဒီနေ့ကစပြီး အနိုင်းက သော့်ညီမလေး ဟုတ်တော့ဘူး ... ချစ်သူ ...



www.burmeseclassic.com

www.burmeseclassic.com



"အနှိုင်းကိုသွားကြိုမယ် ... သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ လုပ်မယ် ... အနှိုင်းကိုလုံးဝ မစွန့်လွှတ်နိုင်ပါ"

သူ ကျောင်းကြိုဖို့အတွက် ကုမ္ပဏီရုံးခန်းထဲကနေ ထွက်လာခဲ့သည်။ အခြေအနေ မပေးသေးသဖြင့် သူ့စိတ်တွေ ပဲ့နဲ့ မပျက် ထိန်းချုပ်ထားရမည် ဖြစ်သည်။

"ကိုကိုနဲ့ အနှိုင်း နိုင်ငံခြားကို ထွက်သွားကြမယ် ... အဲဒီ ရောက်မှ အဖြစ်မှန်တွေကို ပြောမယ် ... လက်ထပ်မယ် ... မင်း ဘက်က ငြင်းဆန်ချင်သလောက် ငြင်းဆန်ပါ ... ကိုကို အရယူပြမယ်"

အချစ်ရေးမှာ မတရားတာမရှိဘူးလေ ... ရှေးစကားပါပဲ သော် သတ္တိမရှိလျှင် အနှိုင်း တခြားသူနောက်ပါသွားမှာ သေချာသည်။

"အနှိုင်းရယ် ... မင်းလည်း ကိုကို့အပေါ် သံယောဇဉ်တွယ်နေမှာပါ ... ကိုကို့ကို မရက်စက်ပါနဲ့ ... မင်းလေးအတွက် ဘဝမှာ အချိန်တွေ အများကြီး ကိုကိုပေးဆပ်ထားခဲ့ရတာပါ"

သော် ကားနှင့်အပြင်သို့ ထွက်လာခဲ့သည်။ ဘာကိုမှလည်း ဂရုမစိုက်ချင် ... အတ္တကြီးကြီးပဲထားမယ် ... သူ ဆေးတက္ကသိုလ် ဝင်းထဲ ဝင်လိုက်သည်။

"အနှိုင်း မရောက်သေးဘူးပဲ ... အင်းလေ စောနေသေးတယ် ... သော်ကိုယ်က စိတ်လောနေတာပါ"





အနှိုင်း ထိုင်စောင့်နေကျ ထိုင်ခုံလေးမှာ သော်ထိုင်နေသည်။ အနှိုင်းတို့ အတန်းစောမလွှတ်သေးပေ။ စာသင်နေတာ တွေ့နေရ၏။ အနှိုင်း ဆေးတက္ကသိုလ် အရမ်းတက်ချင်လို့ စာတွေကို အရူးအမူး ကြိုးစားနေခဲ့၏။ သူ အသိဆုံးပင် ...။ ထို့ကြောင့်ပဲ အနှိုင်းဆန္ဒအတိုင်း ဆေးတက္ကသိုလ်သို့ တက်ခွင့်ပေးမိသည်။

"ဖြစ်နိုင်ရင်လေ အနှိုင်းလေးကို ဖန်ပေါင်းချောင်ထဲမှာ ထည့်သိမ်းထားခဲ့ချင်တာပါ ... အနှိုင်းရယ်"

သူမှားသွားတယ် ... မာမီက ပြောပါတယ် ... အနှိုင်းနဲ့သားဘယ်လိုမှ သွေးသားမတော်စပ်ကြောင်း အနှိုင်းသိတတ်စအရွယ်ထဲက အသိပေးထားရမယ်တဲ့ ... သော်က သတ္တိမရှိတာပါ ... ညီမလေးကိုလည်း သူ့ ညီမလေးအရင်းကဲ့သို့ စောင့်ရှောက်ပေးဖို့ပဲ ရည်မှန်းခဲ့တာပါ ... တဖြည်းဖြည်းနှင့် သူ့စိတ်တွေက မရိုးသားတော့ဘူး ... အနှိုင်းကို ချစ်မိသွားပြီဖြစ်သည်။

☆

www.burmeseclassic.com

## အခန်း ( ၈ )

"ဟယ် ... ဘယ်လိုလုပ်မလဲ အန္နိုင်း ... ဟိုမှာ ရှင့်အစ်ကို အစောကြီး လာစောင့်နေတယ်"

"ဟင် ... ဘယ်မှာလဲ"

"ဟိုမှာ ... ကြည့်စမ်း"

"ဘုရားရေ ... "

စားသောက်တန်းကနေ ထွက်လာတဲ့ အန္နိုင်းခြေလှမ်းတွေ တုန့်ခနဲ ရပ်တန့်သွားသည်။ ကိုကိုကရောက်နေပြီပဲ လေးနာရီမှ လာကြိုဖို့ ပြောထားတာကို ...

"ရှင့် အစ်ကိုကတော့ လွန်တယ် ... ယောင်းမရေ ... ကြည့်စမ်း ... ဝီရိယ တော်တော်ရှိတာပဲ"

"အန္နိုင်းတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘာလဲဟ ... တို့က ဘာလုပ်နေလို့လဲ ... အခရာလည်း မရှိဘူး ... တို့မိန်းကလေး နှစ်ယောက်ပဲ"





"မဟုတ်ဘူး မိုးစက်ရ ... ကိုကိုက အဲဒီလို လျှောက်သွား နေတာ မကြိုက်ဘူး ... အန္နိုင်းကို အတန်းမတက်ဘူး ထင်နေလိမ့် မယ် ... "

"ဒီမနက်လုံး အတန်းမှမရှိတာပဲ ... အခု အတန်းတက် သွားတက်မလို့လေ ... ဘာမဟုတ်တာ လုပ်လို့လဲ ... "

"သေချင်တာပဲ ... "

ကိုကို့အကြောင်းကို အန္နိုင်းအသိဆုံးပင်ဖြစ်သည်။ မရှာဘူး မဟုတ်တာ မလုပ်ဖို့ အတန်းအပြင်တွေ မသွားဖို့တတွတ်တွတ်မှာ ထားတာပဲ ဖြစ်၏။ သေပါပြီ ... ကိုကို့ရှေ့ကနေ ဖြတ်၍ အတန်း ဆီ သွားရမှာ ကိုကို အနားရောက်သွားမှာပင် လန့်နေသည်။

"ဘယ်လိုလုပ်မှာလဲ အန္နိုင်း ... ဒီလိုပဲ ရပ်နေတော့မှာလား"

"ရပ်နေချင်တယ် ... သေတောင်ပစ်ချင်တာ ကိုကိုဆူမှာ သေချာတယ် မိုးစက်ရာ ... ကျောင်းတောင် ထုတ်ပစ်လိုက်မှာဟ"

"ဘာ ... အဓိပ္ပါယ်မရှိတာပဲ လူတစ်ယောက်ရဲ့ လွတ်လပ် ခွင့်ဆိုတာ ရှိတယ်လေ ... သူက အစောကြီးလာပြီး စောင့်နေတာ ပဲ"

"စဉ်းစားပါဦး ... အန္နိုင်းဘာလုပ်သင့်လဲ ... တော်ပါသေးရဲ့ အခရာ ထပြန်သွားလို့"

"သေလိုက် ... "

"သေပစ်လိုက်မှာနော် ... လာမြှောက်ပေးမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အနိုင်းရယ် ရှင့်ဘဝကလည်း မိုးစက်တစ်ခါမှ မတွေ့ဖူးဘူး ကြောက်မနေပါနဲ့ဟာ သွားမယ် ... မိုးစက်ကိုယ်တိုင် ပြောမယ်၊ ကျွန်မ ဗိုက်အောင့်လာလို့ ဆေးသွားဝယ်တာပါလို့ ... အခု အတန်း ပြန်တက်မလို့ပါပေါ့ ... "

"ဆေးက ဘယ်မှာလဲ"

"ဒီမှာလေ အစာအိမ်ဆေးတွေ မိုးစက်ဆီမှာ အမြဲပါတယ် မိုးစက်က ဗိုက်အောင့်တတ်လို့ပါ"

"အမလေး ရှောဏ်တော်စူးရောက်လိုက်တာ ပညာရှိကဝိကြီးရယ် ... အားကိုးပါတယ်"

"သွားကြမယ် ... ရှင်ကြောက်ရွံ့ကြောက်ရွံ့ လုပ်မနေနဲ့ တို့နှစ်ယောက်က မဟုတ်တာ မလုပ်ပဲ ဟုတ်တာတွေကြီးပဲ လုပ်ခဲ့တာမျိုး ... "

အနိုင်းလက်ဖျားတွေက အေးစက်ချင်လာပြီ ... နှုတ်ခမ်းသားလေးက တဆတ်ဆတ် ... ကိုကိုရှေ့မှာ ဟန်ဆောင်နေနိုင်ဖို့က ခက်သည်။ အကြည့်စူးစူးနဲ့ မသင်္ကာသလိုလို ကြည့်ဖြစ်တာပါ။ မိုးစက်က သူမလက်ကိုဆွဲ၍ ခြေလှမ်းတွေ စလှမ်းသည်။

"လာပါဟာ ... မကြောက်နဲ့ အနိုင်းကို အခုရောကလည်း သတ္တိရှိစေချင်တယ် ... အမိပွါယ်မရှိတာ"

မိုးစက် အတင်းဆွဲခေါ်လာ၍ အနိုင်းလိုက်လာခဲ့ရသည်။ ကိုကို့ရှေ့ရောက်လာတော့ ကိုကိုက ,မျက်လုံးပြူးကြီးတွေနှင့်





အမှတ်မထင် ကြည့်လိုက်၍ အနိုင်းသွေးပျက်မတတ် ထိတ်လန့်သွားရသည်။

"ကျွန်မ ဗိုက်အရမ်းအောင့်လို့ ဆေးထွက်ဝယ်တာပါ အစ်ကို အတန်းတက်ဖို့ ရှိပါသေးတယ် ... အနိုင်းကိုလေ မိုးစက် အတင်းပဲ အဖော်ခေါ်သွားမိတာပါ"

"အနိုင်းနေခဲ့တော့ ... မင်းသွားနိုင်တယ် မိုးစက်ပွင့်"

"ရှင် ... ဟိုလေ ကျွန်မတို့ အတန်းတက်ဖို့က ကျန်ပါသေးတယ်"

"မင်းသွားတော့ ... ဒါပဲ"

ဘယ်လိုကြီးလဲဟ ဟူသောအကြည့်အမျိုးနှင့် မိုးစက်က အနိုင်းကိုကြည့်နေသည်။ အနိုင်းက ကိုကို့ဘေးမှာဝင်ထိုက်လိုက်သဖြင့် မိုးစက် မျက်နှာလေး မသာမယာနှင့်ထွက်သွားသည်။

"မိုးစက် အမှားပါနော်အစ်ကို ... အနိုင်းက ငြင်းပါတယ် ကိုကိုက အဲဒီလိုလျှောက်သွားတာ မကြိုက်ဘူးလို့ အကြိမ်ကြိမ်ပြောပါတယ် ... ကျွန်မမှာ အဖော်မရှိလို့ပါ ... ဒီမှာ ဝယ်လာတဲ့ဆေးတွေပါ ... "

ကိုကိုက ဆေးတွေကိုမကြည့်ဘဲ မျက်နှာထားတင်းတင်းကြီး လှုပ်နေ၍ မိုးစက်ထွက်သွားသည်။

"လာပြန်မယ် ... ကားပေါ်တက်"

"ဟို ... ကိုကို အတန်းရှိပါသေးတယ် ... အရေးကြီးလို့ [illegible]င်းမတက်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ... နင်က ငါ့စကားတွေကို 'စောဒကတက် တာလား ..."

"မဟုတ်ပါဘူး ... ကိုကို တကယ်လည်း အတန်းကအရေး ကြီးလို့ပါနော် ..."

"မရဘူး ... တက်ဆိုတက်ပါ ... ကိုကိုဘာပြောထားလဲ အတန်းထဲကနေ လျှောက်မသွားရဘူးလို့လေ ... ပြောထားတယ် လေ ... မင်းကို ဆုံးမတာနော် အနှိုင်း ..."

သော် လုံးဝခွင့်မလွှတ်နိုင်သော အပြုအမူတွေကို အနှိုင်း လုပ်ဆောင်လိုက်ခြင်းပင်ဖြစ်သည်။ ဘယ်သွားတာလဲ ဆေးသွား ဝယ်တာတဲ့ ... သူငယ်ချင်းနှင့် ဒီလိုလျှောက်သွားနေတာမျိုး သော် လက်မခံနိုင် ... မှတ်သွားအောင် အပြစ်တစ်ခုခုပေးဖို့ ဆုံးဖြတ်ထား မိသည်။

"သွားမယ် ... ကားပေါ်တက်နော် ... ကိုကို တခြားနေရာ တွေမှာ အလိုလိုက်ချင်လိုက်မယ် ... ပညာရေးမှာတော့ မရဘူး"

"အနှိုင်း ... စာကြိုးစားပါတယ် ကိုကိုရဲ့ ... အတန်းမလစ် ပါဘူး ... အခုလည်း အရေးကြီးတဲ့ အတန်းအမှန်ပါ ..."

အနှိုင်း အမှန်တရားတွေကို ရင်ဆိုင်ပစ်ချင်သည်။ အတန်းက တကယ်လည်း မှတတ်မဖြစ် အရေးကြီးတာပါ ... ကိုကိုလွန်တယ် သူများတွေလိုပဲ လွတ်လပ်စွာ နေထိုင်လိုခဲ့သည်ကို ကိုကိုက လက် မခံခဲ့ ... ။ အတင်း ကားပေါ်တက်စေသည်။

"တက်စမ်း အနှိုင်းမဲ့ ... လုံးဝ ခွင့်မလွှတ်ဘူး ... ဒဏ်ပေး





ဘာပဲ"

"ကိုကို ..."

"ဘာလဲ ..."

"ညီမလေး အပေါ်ဆက်ဆံတာ ကိုကိုအရင်ကနဲ့ လုံးဝမတူ ဘူးနော် ... အရမ်းတင်းကျပ်တယ် ညီမလေး ဘာအမှားမှလည်း မလုပ်ဘဲနဲ့ ... ကိုကို လွန်တယ်"

"ဟုတ်တယ် ... အခု စည်းကမ်းတင်းကျပ်ရမယ် ... အရင် ကလို ကလေးမဟုတ်တော့ဘူး ... ပြီးတော့ ကိုကိုမလာသေးဘူး ဆိုပြီး ထင်ရာလုပ်တာမျိုး လုံးဝ လက်မခံတာ"

"အတန်းအားနေလို့ပါ တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ အဖော်ခေါ်ကြတာပဲလေ ... အနှိုင်း သန့်စင်ခန်းသွားရင်တောင် မိုးစက်က လိုက်စောင့်ပေးတာပါ"

သူ့ အရမ်းလွန်သွားပြီလားဟုတွေးမိပေမယ့် အနှိုင်း နောက် ဘစ်ခါ ထပ်မသွားရဲအောင် မာန်မဲခြိမ်းခြောက်ထားရမည် ဖြစ် သည်။

"မရဘူး ... ကိုကိုက အပြင်တွေလျှောက်သွားတာ မကြိုက် ဘူးဆိုရင် ... မသွားနဲ့ပေါ့ ... မင်းအတန်းတက်တာ ဘယ်လောက် ကြာသေးလို့လဲ ... အပြင်ထွက်ချင်နေပြီ"

အနှိုင်းကို အရင်ကလို စိတ်တိုင်းကျနေခွင့်ပေးလို့ မဖြစ်တော့ ဘူး ... ယောကျ်ားလေးတွေနဲ့ ပတ်သက်ခင်မင်သွားမှာစိုးသည်။ မိုးစက်ပွင့်နောက်ကြောင်းက ကောင်းနေလို့ ညီမလေးနဲ့ပေါင်းခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာပါ ... အနှိုင်းနှင့်ပတ်သက်လာလျှင် သူအပြတ်သားဆုံး ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်သည်။

"ဆေးတက္ကသိုလ်ကို မင်းတက်ချင်တဲ့ဆန္ဒ ကိုကိုခွင့်ပြုထားတာနော် ... ပညာပဲသင် ... တခြားဘာဘာညာညာတွေဆို လုံးဝလက်မခံဘူး ... ကျောင်းထုတ်ပစ်မှာ ဘာမှတ်လဲ ... "

ကိုကို လေသံတွေက ဒေါသတကြီး မာထန်လွန်းနေသည်။ အနှိုင်း စဉ်းစားလို့တောင် မရတော့ ... ကိုကို တဖြည်းဖြည်း အရင်ကနှင့်မတူပေ။ အနှိုင်းကိုလည်း အလွန်အမင်းကြီး ဂရုစိုက်လွန်းလာသည်ဟု ထင်မိသည်။

"နောက်နေ့ကစပြီး အပြင်တွေလျှောက်မထွက်တော့ပါဘူးဆိုတဲ့ ကတိပေး ... "

ကိုကို့ဘက်က တရားမျှတမှု လုံးဝမရှိတဲ့ အဖြေတစ်ခုအတင်းအကျပ် တောင်းတာမျိုး အနှိုင်းဆန့်ကျင်ပစ်ချင်သည်။

"ပေးလေ ... ဘာလဲ ရတ်တရက် ကတိမပေးနိုင်တာ ဘာအကြံအစည်တွေ ရှိလို့လဲ"

"ကတိပေးနိုင်ပါတယ် ကိုကို ... "

ကိုကို့ကို စိတ်သောကတွေရောက်မှာလည်း အနှိုင်းမလုပ်ရက် ကိုကိုက အနှိုင်းကို အဖေလိုရော အမေလိုရော ချစ်ပြီး ... ယုယပြုစုလာခဲ့၍လည်း အနှိုင်းမဆန့်ကျင်လိုတော့ ကိုကို့စကားကိုနားထောင်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"ညီမလေးကို ယုံပေးပါကိုကို ... ပညာရေးကိုပဲ ညီမလေး





အမိက ထားပါတယ် ... ကျွန်မလေ ဆရာဝန်ဖြစ်ချင်တယ် စာကြိုးစားမှာပါ ... "

အနှိုင်းမျက်ဝန်းလေးတွေပဲ မျက်ရည်စလေးတွေ ရစ်ဝဲလာသဖြင့် သော် စိတ်မကောင်းဖြစ်ရသည်။ ဒါပေမယ့် မျက်နှာကျောကို အလျှော့မပေးပေ။ ခြံထဲ ပြန်ရောက်လာတော့ အနှိုင်းကရှေ့မှ ဆင်းသွားသည်။

"အနှိုင်း ... ကိုကိုမှားပါတယ် ... အဓိပ္ပါယ်မရှိတဲ့ လုပ်ရပ်တွေကို လုပ်မိနေတယ် ... အနှိုင်းစိတ်တွေ အနှောက်အယှက်ဖြစ်စေတာ ကိုကို့စိတ်တွေ ထိနိုက်ကြေကွဲရပါတယ်"

သော် စိတ်ထိနိုက်ရပေမယ့် အနှိုင်းကိုလည်း တင်းကျပ်စွာ ဆုံးချုပ်ထားလိုနေသည်။ အနှိုင်းမှဲ့က သွက်လက်တဲ့ ခြေလှမ်းတွေနှင့် အပေါ်ထပ်သို့ ဆက်တက်သွား၏။ ဒီကောင်မလေးက မျက်ရည်ရွှယ်တယ် ... သူမအခန်းထဲမှာ ငိုကြွေးနေမှာ သေချာသည်။ သူကတော့ စိတ်ကိုတင်း၍ သူ့အခန်းထဲ ပြန်ဝင်လာခဲ့၏။ အနှိုင်းကိုချော့ရမယ် ... ဘယ်လိုချော့ရမလဲ ... အနှိုင်း စိတ်ကောက်လျှင် ခဏတော်လေးချော့မော့ရသည်။ အဝတ်အစားလဲပြီး အနှိုင်းအခန်းထဲ ဝင်လာခဲ့၏။ သူထင်ထားသလို အနှိုင်းက စိတ်မကောက်ဘဲ စာကြည့်စားပွဲမှာ သနပ်ခါးအဖွေးသား လိမ်းခြယ်လျက် ထိုင်နေသည်။

"အနှိုင်း ... "

"ရှင် ... ကိုကို"

"တယ်ဟုတ်ပါလား ... ကိုကိုက စိတ်ကောက်နေပြီထင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ... ချောနည်းတွေတောင် စဉ်းစားလာတယ်"

"ကိုကို့ကို အနိုင်းစိတ်မကောက်တော့ပါဘူး ... ဘာဖြစ်လို့လည်းဆိုတော့လေ အနိုင်းက ငယ်တဲ့အရွယ်မှ မဟုတ်တာ ... ပြီးတော့လည်း ကိုကိုက အနိုင်းရဲ့ အဖေဆိုလည်း ဟုတ်တယ် ... အမေဆိုလည်း ဟုတ်တယ်လေ ... အနိုင်းအတွက်ပြောတာလို့တွေးပြီး စိတ်မကောက်တော့ပါဘူး ... "

အနိုင်းက လူကြီးဆန်ဆန်လေး ပြောနေသည်။ ကိုကိုက အနိုင်းရဲ့ အဖေဆိုလည်း ဟုတ်တယ် ... အမေဆိုလည်း ဟုတ်တယ် ဟုပြောလိုက်သဖြင့် သူ့ကျောထဲအထိ စိမ့်တက်သွားအောင် ရှက်စိတ်တွေနှင့် ပူထူသွားရ၏။ ညီမလေးက သူ့ကို တစိမ်းအတွေးမှ မတွေးတာ ... ကိုကိုဘက်ကသာ ဖောက်ပြန်စိတ်တွေနဲ့ တစ်မျိုးတမည် မရိုးမသားဖြစ်နေတာပဲဖြစ်သည်။

"ဗိုက်ဆာနေပြီလား ... အနိုင်းလေး ... ကိုကိုတို့ အပြင်ထွက်စားမလား"

"ဟင့်အင်း ... အိမ်မှာပဲစားမယ် ကိုကိုလည်း အရမ်းပင်ပန်းနေတယ်လေ ... အလုပ်ကိစ္စကတစ်မျိုး အနိုင်းကြောင့် စိတ်ပူရ... အပြင်လည်း မထွက်ချင်ဘူး"

တကယ်တော့ ကိုကို့ကို အနိုင်းအနည်းငယ်တော့ စိတ်... ချင်နေသေးသည်။ ကလေးမဆန်ချင်တော့လို့ပါ ... အစ်ကို... ယောက်ရဲ့ သံယောဇဉ်ကိုလည်း အနိုင်းနားလည်အောင် ကြိုး... ချင်နေခဲ့၏။ အနိုင်းအပေါ် ကိုကို့အချစ်တွေ သံယောဇဉ်...





ဘယ်လောက်အထိ ကြီးမားလည်းဆိုတာ အနိုင်းအသိဆုံးပါ ... အနိုင်းရဲ့ ဝေယျာဝစ္စတွေ အားလုံး မေမေထက် ကိုကိုကဂရုတစိုက် စိတ်ရှည်ရှည် လုပ်ကိုင်ပေးခဲ့၍ ဖြစ်သည်။

"ထ အနိုင်းလေးသဘောအတိုင်းပဲကွာ ... ကိုကိုတို့ထမင်းစားခန်းသွားကြမယ် ... ကိုကို ပွေ့ချီပေးရမလား"

"ဟာ ... ကိုကိုကလည်း အနိုင်း ကလေးမဟုတ်တော့ဘူးနော် ... "

"ကိုကိုအမြင်မှာတော့ ကလေးပဲထ ... "

ထဆိုပြီး အနိုင်းနဖူးလေးအား နမ်း၍ အနိုင်းပခုံးလေးနှစ်ဘက်မှ ဆုပ်ကိုင်မထူ၍ လက်လေးဆွဲကာ အောက်ထပ်သို့ ဆင်းသာခဲ့ကြလေသည်။

★

www.burmeseclassic.com

အခန်း ( ၉ )

"အနှိုင်းအစ်ကိုက တော်တော်လေးလွန်တယ် မိုးစက် အဓိပ္ပါယ်မရှိတာ ညီမကို ကလေးလို့ ထင်နေတာလား ... "

အခရာလုံးဝ မကျေမနပ်ဖြစ်ရသည်။ အနှိုင်းအရေးကြီးတဲ့ သင်တန်းကိုပင် တက်ခွင့်မရ ... ပြန်ခေါ်သွားသည်။

"အနှိုင်းက အရမ်းရိုးသားပြီး အေးချမ်းတယ် ... ဘာပြစ်မှုတွေများ လုပ်ခဲ့လို့လဲ မိုးစက် ... အရမ်းသနားစရာကောင်းတယ်"

"အခရာ"

"ပြော ... "

"အနှိုင်းကို ချစ်နေတာလား"

"ဟုတ်တယ် ... မိုးစက်"

"မလွယ်ဘူး ... "

"ဘာဖြစ်လို့ မလွယ်ရမှာလဲ ... ကိုယ်ကတော့ အနှိုင်းကို အရယူပစ်မှာ ကိုယ် အနှိုင်းကိုချစ်တယ် ... မိုးစက် သိပါတယ်ကွာ





ကိုယ် မိန်းကလေးတွေကို စိတ်မဝင်စားဘူးဆိုတာ ... "

"အခရာရယ် ကိုယ့်ရည်မှန်းချက်တွေလည်း ပျောက်ဆုံးကုန်ပါဦးမယ်နော်"

"ကိုယ့်ရည်မှန်းချက်တွေက အနှိုင်းကြောင့်ပိုပြီး ခိုင်မာလာတယ် ... မြင့်သထက် မြင့်ချင်တယ် ... "

"အနှိုင်းကို ဘယ်လိုလုပ်ရမလဲ ... ကျောင်းတောင်တက်ပါ့မလား"

"အနှိုင်းဘဝ အရမ်းတင်းကျပ် ပိတ်လှောင်ထားရင် ကိုယ်ခိုးပြေးရလိမ့်မယ်"

"အခရာရယ် ... ဒုက္ခပါပဲ ... ရှင့်မိဘတွေက သဘောမတူရင် ဘယ်လိုလုပ်မလဲ"

"အနှိုင်းလို မိန်းကလေးမျိုးနဲ့ ဘယ်မိဘတွေက သဘောမတူဘဲနေမှာလဲ မိုးစက်ရာ ... "

မိုးစက်လည်း အနှိုင်းအဖြစ်တွေကို မြင်လိုက်ရတော့ သနားသွားရသည်။ အစ်ကိုက ဘာဖြစ်လို့များ ဒီလောက်အထိ နားလည်မှု မပေးနိုင်ရတာလဲ ... အစ်ကိုကို အရမ်းကြောက်နေရ၏။ အနှိုင်းအတွက် ဘာလုပ်ပေးရမှန်း မသိဖြစ်ရသည်။

"အနှိုင်းကသာ လက်ခံမယ်ဆိုရင် ကိုယ်ခိုးပြေးမယ် ... တို့နှစ်ယောက် ကျောင်းဆက်တက်နိုင်ဖို့ ငွေကြေးပြည့်စုံတာပဲ ... အနှိုင်းကို ပိုင်ဆိုင်ထားချင်တယ် ... အနှိုင်းအစ်ကိုက တကယ့်ကို မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အန္တိုင်းကိုတော့ အခရာ မဖြစ်မနေ ပိုင်ဆိုင်ထားချင်သည်။ လက်လွှတ် အဆုံးအရှုံးမခံနိုင်လောက်အောင် ချစ်မိ၏။ အန္တိုင်း အစ်ကိုက အမွေဖြတ်ချင်လည်း ဖြတ်ပါစေ ... အန္တိုင်းအတွက် အခရာ တာဝန်အပြည့်ယူချင်သည်။

"အန္တိုင်းနဲ့ချစ်သူတွေဖြစ်အောင် အရင်ကြိုးစားပါဦး"

"မိုးစက် စောင့်ကြည့်နေလေ ..."

အတန်းတွေပြီးသွား၍ အခရာ အိမ်ပြန်လာခဲ့သည်။

"သားလေး မျက်နှာလေး ညှိုးနွမ်းနေတာပါလား ... ဘာဖြစ်လို့လဲကွယ် ကျောင်းမှာ ဘာတွေအဆင်မပြေဖြစ်နေလဲကွယ်"

သူ့ကို မာမီက ဂရုတစိုက်လေးကြည့်ရင်း မေးနေလေသည်။ အခရာလည်း မိဘတွေချစ်ခင်မြတ်နိုးရတဲ့ သားပါ။ လွတ်လပ်ခွင့် အနည်းငယ်ရှိသေးသည်။ အန္တိုင်းဘဝက လုံးဝကိုပိတ်လှောင်ထိန်းချုပ်ခံနေရ၏။ လုံးဝ မတရားတာပါ ... အန္တိုင်းက ဆေးကျောင်းသူကြီးတောင် ဖြစ်နေသည်။

"သား ပြောလေ ... မာမီ့သားလေး ဘဝမှာ ဘာများ အခက်အခဲရှိနိုင်မလဲ ... ကောင်မလေး ကိစ္စလား"

မာမီ့စကားကြောင့် အခရာ အကြည့်တွေကဖျတ်ခနဲရော... သွားသည်။ ညှိုးနွမ်းနေတဲ့ အခရာမျက်ဝန်း အရိပ်တွေကြောင့် မာမီ မျက်လုံးပြူး မျက်ဆံပြူးနှင့် သားလေးဘာဖြစ်လို့လဲ ... ဘာ ကောင်မလေးကများ မာမီ့သားကို ငြင်းဆန်လိုက်လဲ ပြောပါဦး နေ၏။ အခရာ မဖြေချင်သေးပေ ... အန္တိုင်းနှင့်သူက မိတ်ဆွေ





သူငယ်ချင်း အဆင့်ပဲရှိသေးသည်။

"ဘာမှ မဟုတ်ပါဘူး မာမီရယ် ... သားသူငယ်ချင်း ကောင်မလေးတစ်ယောက် ကိစ္စပါ ... သား စိတ်မကောင်းဖြစ်လို့ပါ"

မာမီ့ကို အခရာပြောပြမိသည်။ အစ်ကိုတွေက ဒီလိုပဲ ညီမလေးကို အချစ်ကြီးချစ်တတ်ကြတယ် သားရဲ့ ... သူတို့က မောင်နှမ နှစ်ယောက်ပဲရှိတာကိုးဟု မာမီက နှစ်သိမ့်နေ၏။ အခရာ ဘဝင်မကျမိတာက အန္တိုင်းကိုကိုရဲ့ လွန်ကဲတဲ့ အပြုအမူတွေပဲ ...

"အန္တိုင်းက အရမ်းရိုးသားဖြူစင်ပြီး အေးတယ် ... မာမီ အရမ်းလည်း ချောတယ်"

"သား အခရာ ... ပညာရေးက အဓိကနော် ... အန္တိုင်းမဲ့ဆို ကောင်မလေးနဲ့တော့ မာမီတွေ့ချင်တယ် ... သားက အရမ်း ချစ်လို့လေ ..."

"တွေ့ပေးချင်တယ် မာမီ ... တစ်နေ့လောက် ကျောင်းကို လိုက်ခဲ့ပါ သားပြချင်တယ် ..."

ခါသီတာနွယ်ကတော့ သားကိုအရမ်းကြီး ထိန်းချုပ်ထားချင်ပေ။ အချိန်တန် အရွယ်ရောက်နေပြီဟု ထင်သည်။ ချစ်သူ ... တွေ့မှာပဲ အန္တိုင်းမဲ့အပေါ် သားစိတ်က စွဲလမ်းနှစ်သက်နေ ...

"သား ... အပေါ်တက်တော့မယ် မာမီ"

"တက်လေ ..."

သူအပေါ်သို့ တက်လာတာ ခြေလှမ်းတွေက လေးလံနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အနိုင်းမဲ့ မနက်ဖြန် ကျောင်းမှတက်ပါ့မလားပဲ ... အနိုင်းကို သတိရနေမိသည်။ သူ့ အခန်းထဲရောက်တော့ Message ပို့ကြည့်မိ၏။ မနက်ဖြန် ကျောင်းလာမလားဟု ပို့တော့ လာမည်တဲ့ Message ဆက်မပို့ပါနှင့် ပြန်ပို့သည်။

"မင်းမှာ လူ့အခွင့်အရေးဆိုတာ မရှိတော့ဘူးလား အနိုင်းမဲ့ရာ"

ဒါပေမယ့်လည်း အနိုင်းဆန္ဒကို အခရာ လက်ခံ၍ Message ဆက်မပို့တော့ ... အခရာ့စိတ်ထဲမှာ အနိုင်းကိုပိုင်ဆိုင်ရဖို့ သူမကိုကိုရဲ့ ငြင်းပယ်လို့ မရနိုင်တဲ့ ထူးချွန်ထက်မြက်မှုတွေရှိနေမည်ဖြစ်သည်။

"အနိုင်း မင်းကိုချစ်တယ် ... ကိုယ်တို့နှစ်ယောက်လုံး ကြိုးစားကြရအောင်ပါ ... "

အခရာ စိတ်တွေပူလောင်၍ တစ်ညလုံး အိပ်မရ ... အနိုင်းကျောင်းကို မလာတော့မှာ အခရာစိတ်ပူနေသည်။ မိုးစက်ထံဖုန်းဆက်လိုက်၏။ အနိုင်းဆီ မိန်းကလေးအသံနှင့် ဖုန်းဆက်ပေးရန်ပြောသည်။

"မနက်ဖြန် အနိုင်းကျောင်းကို ရောက်လာမှာပါ ... အခရာ ရယ် ... စိတ်တွေ မလောပါနဲ့နော် ... မိုးစက် လုံးဝ မဆက်သွယ်ရဲဘူး ... သူ့အစ်ကိုက ဘာကြီးမှန်းမသိဘူး ... အိပ်လိုက်တော့ အရှုံးအမူးကြီးပါလား အခရာ ... "

"ဟုတ်တယ် မိုးစက် ... ကိုယ်ဘယ်လိုမှ နေလို့မရတော့





ဘူး ... အနိုင်းအတွက် စိတ်ပူနေမိတယ်လေ"

"အရေးကြီးတာက အနိုင်းကိုကို မရိပ်မိစေဖို့ပဲ အခရာ ... ရှင် ဒီလိုကြီးဖြစ်နေရင် မလွယ်ဘူးနော် ... မိုးစက် ကြောက်တယ် သူ့အစ်ကို မျက်လုံးအကြည့်က မီးထတောက်တော့မယ့်အတိုင်းပဲ"

"တောက် ... လွန်တယ်ကွာ"

"အခရာ ဘာဖြစ်နေတာလဲ ... ရှင့်စိတ်ကို ထိန်းထားမှဖြစ်မယ် ... အနိုင်း ဒုက္ခရောက်အောင် မလုပ်ပါနဲ့ဟယ် သနားလို့ပါ"

"အနိုင်းကို သနားလို့ပေါ့ ... မိုးစက် ကိုယ်နေလို့တောင်မရတော့ဘူး ... မာမီ့ကိုတောင် ရင်ဖွင့်ပြလိုက်တယ် ... မာမီက အနိုင်းမဲ့ကို တွေ့ချင်တယ်တဲ့ ... "

"သွားပြီ ... အခရာတော့ စိတ်ရောဂါ အထူးကုဆေးရုံ ပို့ရတော့မယ် ထင်တယ် ... "

မိုးစက်က မနက်မှတွေ့မယ်ပြောပြီး ဖုန်းပိတ်ပစ်သည်။ အခရာပဲ ကြောင်နေတာပါ ... အနိုင်းမဲ့ အမူအရာလေးတွေက အခရာ့ မျက်လုံးထဲက မထွက် ... သူညဉ့်နက်မှ အိပ်ပျော်သွားသည်။

"သားလေး အခရာ ... နေမြင့်နေပြီ သားကျောင်းသွားရမယ် ... ထတော့ ... "

မာမီလာနှိုးမှ အခရာ သတိရသွားပြီး လူးလဲထိမိသည်။

"အတန်းချိန်တောင်နီးနေပြီပဲ မာမီ ... သားအိပ်ပျော်သွားတယ် ... မာမီ ဘာဖြစ်လို့ အစောကြီး လာမနှိုးတာလဲဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



အနိုင်းနဲ့ တွေ့ဖို့ အချိန်တောင် မရှိတော့ဘူးထင်တယ်”

“သားရယ် … တကယ်ပါပဲ … မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ စွဲလန်းနေတာ … မာမီတော့ အံ့ဩတယ် အခရာ မှ ဟုတ်ရဲ့လား … ”

ဒေါ်သီတာနွယ်တောင် စိတ်ပူမိလာရသည်။ သားလေး အခရာ အရူးအမူးဖြစ်နေပုံပင် … မိမိတို့ အရမ်းကြီး ချုပ်ချယ်မထား ပေမယ့် သားကိုယ်တိုင်က မိန်းကလေးတွေထက် ပညာရေးကိုပဲ အထူးလုပ်ဆောင်ကြိုးစားနေခဲ့သူ ဖြစ်၏။ အနိုင်းမဲ့ဆိုတာ ဘယ်လို ကောင်မလေးမျိုးလဲ အစ်ကိုတစ်ယောက်ရဲ့ အုပ်ထိန်းမှုအောက်မှာ လိမ္မာရေးခြားရှိသူလေးတော့ ဖြစ်နိုင်သည်။

“သားရေချိုး အဝတ်အစားလဲ မာမီ တစ်ခုခုစားဖို့ ပြင်ထားမယ် … သားဒက်ဒီလည်း နိုင်ငံခြားကနေ မနက်ဖြန် ပြန်လာလိမ့်မယ်”

ဒက်ဒီပြန်ရောက်လာရင် အတော်ပဲ … အခရာရင်ဖွင့်ရမယ့် ဒက်ဒီနှင့်ကယောက်ျားချင်းလေ အခရာ့ခံစားချက်ကို ဒက်ဒီနား အလည်ဆုံး ဖြစ်နိုင်သည်။

“မာမီအောက်ကနေ စောင့်နေမယ်နော် သားလေး”

“ဟုတ်ကဲ့ … ”

အခရာက လိမ်မာတဲ့သားပါ … မိဘကို စိတ်ဆင်းရဲစေရန် ဘယ်လိုအပြုအမူမျိုးမှ အခရာမလုပ်ခဲ့ သားတစ်ယောက်ထဲမို့ အလို လိုက်ခဲ့ပေမယ့် … ရည်မှန်းချက်ကြီးကြီးထား၍ ပညာရေးပဲ အာရုံ





စူးစိုက်ထားခဲ့သည်။

“အရမ်းနောက်ကျနေပြီ အခရာ အိပ်ပျော်သွားတာကို မိုးစက်ကလည်း ဖုန်းနဲ့လှမ်းမနိူးဘူး … အနိုင်း ကျောင်းမှလာရဲ့ လား”

အခရာ ရေချိုးခန်းထဲ အမြန်ပြေးဝင်၍ ကိုယ်လက်သန့်စင် သည်။ ပြီးတော့ အမြန်ပြန်ထွက်လာကာ အဝတ်အစားလဲလိုက် ပြီး မာမီနဲ့ နံနက်စာ စားလို့ မဖြစ်တော့ဘူး … အနိုင်းလာမလာ သိချင်လာ၍ မိုးစက်ဆီ ဖုန်းဆက်လိုက်သည်။

“အနိုင်းလာလား မိုးစက် … ကိုယ့်စိတ်တွေ အရမ်းပူနေလို့ ပါ”

“မလာဘူး … ”

“ဘာ … ”

“အနိုင်း ကျောင်းထွက်သွားပြီလို့ သူ့အစ်ကိုလာပြောသွား တယ်”

“မိုးစက် မနောက်နဲ့နော် … သူ့အစ်ကိုကို အခရာသွား တွေ့ချင်လာပြီ … မတရားလုပ်တာပဲ”

“နောက်တာမဟုတ်ဘူး … အတည် ဒါပဲနော်”

မိုးစက် အတည်ပေါက်ပြောပြီး ဖုန်းကိုပိတ်ပစ်လိုက်သည်။ စကားပြောဟားအော်ရယ်နေတဲ့ မိုးစက်ကို အနိုင်းဘေးကနေမရယ်နိုင် ဘဲ ငေးငေးလေး ပြန်ကြည့်မိသည်။

“မိုးစက် … မနောက်ပါနဲ့ဟယ် … အခရာ အရမ်းစိတ်ပူပြီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ ... ”

“စိတ်ပူတယ်ပေါ့ ... ”

“အင်း ... ”

“နှစ်ယောက်လုံး လိုက်လည်းလိုက်ပါတယ် ... အပြန်အလှန် စိတ်ပူနေလိုက်ကြတယ်နော်”

မိုးစက် စကားတွေကို အနှိုင်းလည်း ဝန်ခံရမလိုဖြစ်နေသည် အနှိုင်းရင်ထဲမှာလည်း အခရာ့ကို အမြဲတမ်း သတိရတမ်းတပြီး မတွေ့ရတော့မှာ စိတ်ပူပင်နေခဲ့၏။ ကိုကို့ကို သတ်ချင်တယ်တဲ့ အဲဒီစိတ်ကြီးကိုတော့ အနှိုင်းမနှစ်သက်မိပေ။ အခရာ နားလည် အောင် ရှင်းပြရမည်ဖြစ်သည်။ ခဏကြာတော့ အခရာ့ကားလေးက ဝေါခနဲ ဂျက်လေယာဉ်ပျံ တစ်စင်းလိုရောက်လာသည်။ အနှိုင်းကို တွေ့လိုက်ရတော့မှ ကားပေါ်ကနေအလောတကြီး ဆင်းလာတဲ့ အခရာ့ မျက်နှာလေးက ပြုံးသွားတော့၏။ မိုးစက်ကတွေ့လား အဖြစ်သည်းနေတာများ အမြင့်ကတ်တယ်ဟု မျက်စောင်းလေးဝေ့ ဝဲရင်းပြောသည်။

“မိုးစက်ရာ အရမ်းနောက်တာပဲ ... ကိုယ်ဘယ်လောက် အထိ စိတ်သောကရောက်ရလဲ ... မာမီနဲ့မနက်စာတောင် အတူတူ မစားနိုင်ဘူး ... ကိုယ် အမြန်ဆုံးလာခဲ့တာ ... ”

“အခရာရယ် ရှင်ကလည်းလေ ... တွေ့တာတောင် မကြာ သေးဘူး ... သံယောဇဉ်ကြီးက ဖြတ်တောက်ပစ်လို့မရအောင် ရှုပ် နှောင်မိနေပါလား”





အနှိုင်းကိုတွေ့လိုက်ရတော့မှ အခရာစိတ်တွေ တင်းကျပ် လှောင်ပိတ်နေရာကနေ ပြေလျော့သွားသည်။ ပျောက်ဆုံးသွားတဲ့ အပျော်တွေက ပြန်လည်း အသက်ဝင်လှုပ်ရှားလာ၏။ အနှိုင်းအနား သို့ သူရောက်လာလေသည်။

“အနှိုင်း ... ”

“ဟင်”

“မင်း ... အဆင်ပြေလား ကိုယ်အရမ်းစိတ်ပူနေတာ ... အနှိုင်း ကျောင်းထွက်သွားမှာကိုလေ ... ”

“ကိုကိုက ကတိတွေအထပ်ထပ်တောင်းတယ် ... သူ့စည်း ကမ်းတွေ သူ့စကားတွေကို တသွေမသိမ်းနားထောင်ပေါ့မယ်လို့ လေ ... ”

“အနှိုင်းရယ် ... ကိုယ်တို့က အရွယ်ရောက်နေကြပါပြီ ... အနှိုင်းကိုကိုက အရမ်းလွန်ပါတယ်ကွာ”

“အခရာ ... အနှိုင်းပြောမယ်နော် ... ကိုကိုက အနှိုင်းမိဘလို ထိုက်လိုရော စောင့်ရှောက်လာတာပါ ... ကိုကို့ကို အပြစ်မတင်ပါ နဲ့နော် ... မုန်းလည်း မမုန်းပါနဲ့ ... ”

“ကိုယ်က အနှိုင်းအတွက် စိတ်ပူပြီးပြောတာပါ ... အနှိုင်း ကိုသနားတယ် ... ကိုယ့်မာမီကိုတောင် ကိုယ်ပြောပြလိုက်တယ် အနှိုင်းကို တွေ့ချင်တယ်တဲ့ ... ”

“ဟင် ... အခရာ ဘာတွေသွားပြောထားလဲ ... အနှိုင်းအစ် ကို အခရာပိုသိပါတယ်လေ ... လူတွေနဲ့ တွေ့ချင်တိုင်းတွေ့လို့ရ



www.burmeseclassic.com

www.burmeseclassic.com



တာမှ မဟုတ်တာ ... အနှိုင်း ကြောက်ပါတယ်"

"အနှိုင်း မတွေ့ချင်လည်း မတွေ့ပါနဲ့ ... ကိုယ်က အနှိုင်း စိတ်တွေအနှောက်အယှက် ဖြစ်ရမှာ လုံးဝ မလိုလားဘူး ... အနှိုင်း ပျော်ရွှင်နေစေချင်တာ"

"အမလေး နှစ်ယောက်သား အတိုင်အဖောက်ညီနေလိုက်တာ ... ဘေးမှ ရှိနေတဲ့ မိုးစက်ပွင့်ကို မေ့နေကြပြီလား"

"မမေ့ပါဘူး ... ကျေးဇူးရှင်ကြီး မိုးစက် ... လာလေ ကိုယ်တို့ တစ်ခုခုသွားစားမယ် ... ကိုယ် ကျွေးမှာနော်"

"Ok ကောင်းတယ် ... လာသွားကြမယ် အနှိုင်း"

"အနှိုင်းမလိုက်တော့ပါဘူးနော် ... "

"ဟင် ... ဘာဖြစ်လို့လဲ အနှိုင်းရ ... "

"ကိုကို့ကို ကတိပေးထားတယ် ... အတန်းထဲကလွဲပြီး တခြားမသွားပါဘူးလို့လေ ... အနှိုင်း ကတိတည်မှဖြစ်မယ် ... မိုးစက် အနှိုင်းကိုနားလည်ပေးကြပါနော်"

အနှိုင်းကြောက်တယ် ကိုကိုက အချိန်မရွေးကျောင်းကို ရောက်လာပြီး အနှိုင်းဘယ်လိုနေထိုင်လဲဆိုတာ ကြည့်နေနိုင်သည်။ ပြီးတော့ အနှိုင်းကျောင်းမထွက်ချင်ဘူး ဆရာဝန်ဖြစ်ချင်ပါတယ်။ ကိုကိုက စီးပွားရေးရှာနေရတာပါ ... အနှိုင်း ရှေ့ရေးအတွက်ဆိုတာ လည်း အနှိုင်းသိနေခဲ့၏။ အခရာ့ကိုလည်း အနှိုင်းအားနာမိ၍ အနှိုင်း ရင်ထဲမှာ သံယောဇဉ်တွယ်နေတဲ့ သူဖြစ်နေသည်။

"အနှိုင်းမသွားဘူးဆိုရင် အခရာတို့လည်း မသွားတော့ဘူး





မိုးစက် အတန်းထဲပဲသွားကြမယ်"

"ဖြစ်ပြီ ... "

အနှိုင်းအတွက် စဉ်းစားပေးတဲ့ အခရာ့ကိုလည်း ကျေးဇူး တင်မိသည်။ အနှိုင်းကိုနားလည်ပေးပါ အခရာနဲ့ မိုးစက်ရယ် ကိုကို မကြိုက်တဲ့ အလုပ်ကို အနှိုင်းမလုပ်တာက သူငယ်ချင်းတွေနဲ့ရော အနှိုင်းဖြစ်ချင်လွန်းတဲ့ ဆရာဝန်ဘဝကိုရော မစွန့်လွှတ်လိုက်ချင်လို့ပါ နော် ... အနှိုင်း မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေက ပြည့် ဝိုင်းလာချင်သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"အနှိုင်း"

"ဟင်"

အပေါ်ထပ်စာသင်ဆောင်ကနေ ဆင်းလာတဲ့ အနှိုင်းကို အခရာက ရှေ့မှ ရုတ်တရက်ပိတ်ကာ ရပ်လိုက်သည်။ မိုးစက်က အတူတူတွဲလျှက် ဆင်းလာတာကို ရှေ့ဆက်ဆင်းသွားသဖြင့် အနှိုင်းတားဆီးခွင့် မရလိုက်တော့ တခြားသူတွေလည်း ဆင်းသွားနေကြသဖြင့် အနှိုင်းရှက်လည်းရှက်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"အနှိုင်း ... ဘာဖြစ်ရတာလဲ ... ကိုယ်က အရမ်းကြောက်စရာကောင်းနေလို့လားကွာ"

"အခရာ ... ဘာလုပ်တာလဲ ဖယ်ပါ ... ပတ်ဝန်းကျင်မှာ"

"အားလုံး ဆင်းကုန်ကြပါပြီ ... ကိုယ်တို့နှစ်ယောက်ထဲ ရှိပါတယ်"

"ဟင်း"





ဟုတ်သားပဲ ကျောင်းဆင်းချိန်ဆိုတော့ ကျောင်းသားတွေ မရှိသလောက်ပင် အခရာပို၍ ကြောက်လန့်သွားရသည်။

"ပြန်ကြရအောင် အခရာ ... နှစ်ယောက်ထဲ မနေသင့်ပါဘူး နော် ... အနှိုင်းဘဝလည်း အခရာသိသားပဲ ကိုကိုလာကြို့တော့မယ် ..."

"မပူပါနဲ့ မိုးစက်ကို အစောင့်ချထားပါတယ် ... အောက်ဆုံး ထပ်မှာ စောင့်နေလိမ့်မယ်"

"ဟင်"

အခရာက သူမ ခန္ဓာကိုယ်လေးအား အုပ်မိုးမတတ် သူ့ လက်တွေကို နံရံမှာ ထောက်ထားသေးသည်။

"အခရာ ..."

"အနှိုင်း ဘာလုပ်မလို့လဲ ... ဖယ်ပါနော်"

"ဟင်"

"အနှိုင်းကိုချစ်တယ်"

"ရှင် ... အမလေး အခရာ ဘာတွေလာပြောနေတာလဲ ဖယ်ပါ ..."

"ကိုယ့်ကို ချစ်တယ်လို့ပြောမှ ဖယ်မယ်ကွာ"

"အဲ ... အဲဒီလို မလုပ်ပါနဲ့နော် ... အနှိုင်းတောင်းပန်ပါတယ် ကိုကိုက အနှိုင်းကို အရမ်းနောက်ကျမှ ထွက်လာရင် သတ်လိမ့်မယ် ... အနှိုင်းကြောက်ပါတယ် ဖယ်ပါ ..."

"အနှိုင်း ကိုယ့်ကိုစဉ်းစားပေးပါ ... ကိုယ်အားလုံးတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်တယ်နော် ... ကိုယ် လူရှုပ်လူပွေလည်းမဟုတ်ဘူး ... ကိုယ် ပထမဆုံး ချစ်မိတဲ့ မိန်းကလေးက အနှိုင်းပါ”

အနှိုင်းပါးပြင်လေးကို နမ်းပစ်ချင်လာသည်။ မျက်ဝန်းလေး ကလယ်ကလယ်နှင့် အနှိုင်းကြောက်လန့်တကြား ကြည့်နေ၏။ အနှိုင်းမျက်နှာလေး ပန်းနုရောင်လေး ဖြစ်နေသည်။ အခရာ ရင်ထဲမှာ အချစ်တွေ ပွင့်ထွက်ပေါက်ကွဲမတတ် သူနောက်ကျသွားမှာလည်း စိုးရိမ်နေ၏။ ဖြစ်ချင်ရာဖြစ် အနှိုင်းကိုချစ်တဲ့အကြောင်း ပြောလိုက်သည်။ မိုးစက်ကလည်း ထောက်ခံ၏။ အခရာနဲ့သဘောတူသည်တဲ့ ... ။

“အနှိုင်း ကိုယ့်ကို အဖြေပေးပါ ... ကိုယ် အနှိုင်းအတွက် အနာဂတ်မှာ ဗိုပြီးကြိုးစားပြချင်တယ်”

အနှိုင်း အနှိုင်း ဘာပြောရမှန်းမသိ ... ။ စကားလုံးတွေက အနှိုင်းလည်ချောင်းဝမှာ တစ်ဆို့နေသည်။ အနှိုင်းနှလုံးသားတွေထဲမှာ အခရာရှိနေပေမယ့် ဘယ်လိုပြောပြရမလဲ ... အနှိုင်း နီးနီးစပ်စပ် ပတ်သက်မိတာကလည်း အခရာပါပဲ ...

“အနှိုင်း”

“ဟင် ... ”

“ကိုယ့်ကို ချစ်တယ် မဟုတ်လား”

“ရှင် ... ”

“ချစ်တယ်လို့ ပြောလေ”

“ဟို ... ဟို ... ဟင့်အင်း ဟို ဖယ်ပါနော် ... အနှိုင်းကြောက်





တယ် ကျောင်းသားတွေတောင် သိပ်မရှိတော့ဘူး ... သွားကြရအောင် ကိုကိုရောက်နေပြီ ထင်တယ် ... ”

“ချစ်တယ်လို့ပြော ... ”

အနှိုင်း မျက်ဝန်းလေးတွေက တကယ့်ကို ပြူးကြောင်ကြောင် ... နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ရင်နေတာကြည့်ပြီး အခရာ သနားသွားသည်။ ဒါပေမယ့်လည်း သူ့စိတ်တွေ မထိန်းချုပ်နိုင်စွာဖြင့် အနှိုင်း နှုတ်ခမ်းလေးကို ဖျတ်ခနဲနမ်းပစ်လိုက်၏။ ပြီးတော့ သူမခန္ဓာကိုယ်လေးအား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

“အနှိုင်းရယ် ကိုယ်သိပါတယ် ... အနှိုင်း မျက်ဝန်းလေးတွေထဲမှာ ကိုယ့်ကိုချစ်တဲ့ အရိပ်တွေ ရှိနေပါတယ် ... မင်းကို အရမ်းချစ်တယ်”

“ဟင် ... ”

အနှိုင်း ခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ရီသွားကာ ရုန်းဖယ်ပစ်ဖို့လည်း အင်အားမရှိ ... အခရာ့ ရင်ခွင်ထဲပြိုလဲကျသွားပြီလားတောင် မသိဘူး ... တဒင်္ဂတော့ အသိတွေကင်းမဲ့သွားသလိုလို အခရာက ပြန်လွှတ်ပေးလိုက်မှ အနှိုင်း အသိတွေ ဝင်လာရသည်။

“Sorry အနှိုင်း ကိုယ်လွန်သွားတယ် ... ကိုယ့်ကို ယုံပေးပါနော် ... ကိုယ် မင်းကို ဘယ်လိုအကြောင်းနဲ့မှ လက်လွှတ်မခံနိုင်တော့လို့ပါကွာ”

အနှိုင်းအရမ်းကြောက်ပြီး လမ်းလျှောက်ဖို့တောင် မေ့လျှော့



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အခရာက သူမလက်လေးကို ဆွဲ၍ အောက်သို့ ဆက်ဆင်းလာခဲ့၏။ အောက်ဆုံးထပ်မှာ မိုးစက်က ထိုင်စောင့်နေသည်။

"အနှိုင်း ..."

"မိုးစက် အရမ်းဆိုးတယ် တကယ်ပဲ ... အရမ်းဆိုးတာပဲကွာ"

မိုးစက်က ရယ်နေသည်။ အခရာက အရင်ဆုံးထွက်သွားသဖြင့် အနှိုင်းစိတ်တွေ မွန်းကျပ်နေရာကနေ နည်းနည်းလေးသက်သာရ၏။ မိုးစက်က စိတ်ကိုထိန်းလိုက်ဦးဟု ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။

"အနှိုင်းရယ် ဒါက သဘာဝတရားပဲလေ ... ကိုယ့်ကို ချစ်တယ်လို့ လာရောက်ကမ်းလှမ်းတဲ့လူက ဘယ်လိုအဆင့်မျိုးလဲ အခရာ့ကို လုံးဝ လက်လွှတ်မခံစေချင်ဘူးကွာ ... ဒါကြောင့်ပါ"

မိုးစက်ကိုလည်း အနှိုင်းအပြစ်တွေအရမ်းကြီး မတင်လိုပေ။ အခရာ့လို ယောကျ်ားလေးမျိုးက မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဟု ပြောတာ ထိုမိန်းကလေး ကံကောင်းတာပါပဲလေ။

"အနှိုင်း ..."

"ဟင်"

"အပြင်ထွက်မယ်"

"အနှိုင်းတို့ အရမ်းကြီးနောက်ကျသွားပြီလား အပြင်မှာ ကိုကိုရောက်နေရင် ဒုက္ခပါပဲ"

"အနှိုင်းရယ် ဘာကြောက်စရာရှိလို့လဲ ... ဒီလိုပဲ အတန်း





တာ နောက်ကျတတ်ပါတယ် ... လာပါ ... ရှင့်မျက်နှာအနေအထားလည်း ပြင်လိုက်ဦး နှုတ်ခမ်းသားလေးတွက ရဲတွတ်နေသလိုပဲ ..."

"ဟင်"

အနှိုင်းက ရှက်လန့်တကြားနှင့် သူမလက်လေးနှင့် နှုတ်ခမ်းကို ဖိလိုက်သဖြင့် မိုးစက် အူလိုက်အသဲလှိုက် ရယ်ပစ်သည်။

"မဖြစ်ပါဘူး ... အလကား နောက်တာပါ ... ကေနွှဲတော့ ရှင်တို့နှစ်ယောက် kiss တွေဘာတွေ ..."

"ဟာ ... မိုးစက်နော် ဘာတွေလာပြောနေတာလဲ ... အနှိုင်း ရှက်လို့ သေတော့မယ်"

"အနှိုင်း ..."

"ဟင်"

"ဘာမှ မကြောက်နဲ့ ... ရှင့်ကိုကိုရှေ့မှာ အမူအရာမပျက်စေနဲ့နော် ... လာ"

မိုးစက်က ရှေ့မှ ဦးဆောင်ပြီးထွက်လိုက်ပြီး ကိုကိုမရောက်သေးဘူးဟု လှမ်းအော်မှ အနှိုင်းထွက်လာရဲသည်။

"အမလေး တော်ပါသေးရဲ့ ... အနှိုင်းကြောက်လို့သေတော့မယ် ... ဒူးတွေတောင် တုန်နေတယ်"

"ဒီလောက်အထိ မကြောက်ပါနဲ့ဟယ် ... သတ္တိရှိစမ်းပါ ... အနှိုင်းကိုကြည့်ရတာ တထိတ်ထိတ် တလန့်လန့်နဲ့ အခရာ့လို ယောကျ်ားမျိုးကို ရှင့်ကိုကိုသဘောကျ လက်ခံမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်းကတော့ ကိုကို သဘောကျ လက်ခံနိုင်မယ့် ယောကျာ်းလေးက မရှိနိုင်ဟုထင်သည်။ အနှိုင်းကို ချစ်သူလုံးဝ မထားရဘူးတဲ့ ... ကတိတွေ အထပ်ထပ်တောင်းထားခဲ့၏။ အနှိုင်း ဘယ်လို လုပ်ရမလဲ စိတ်တွေ ချောက်ချားနေသည်။

"လာထိုင် ... ရှင်ဘာမှ မကြောက်နဲ့ ဒီအရွယ်မှာချစ်သူထားတာ ဘယ်လူမျိုးကမှ မကန့်ကွက်ပါဘူး ... မသင့်တော်တာတွေ ဖြစ်သွားမှာပဲ စိတ်ပူတာပါကွာ"

မိုးစက် မသိပါဘူးကွာ ... ကိုကို အရမ်းချုပ်ချယ်တယ် ... အနှိုင်းမှာ ယောကျာ်းလေးတစ်ယောက်နှင့် ပတ်သက်ခွင့် လုံးဝ မရှိဘူး ... အိမ်မှာနေတာတောင် အနှိုင်းအား စိတ်မချ၍ အခန်းထဲသို့ အကြိမ်ပေါင်းများစွာ လာရောက်ကြည့်နေတတ်သည်။

"မိုးစက်"

"ပြော"

"အခရာ့ကိုပြောပေးပါနော် ... အနှိုင်းဆီ ဖုန်းမဆက်ပါနဲ့လို့"

"အင်းပါ ..."

တော်ပါသေးရဲ့ ကိုကိုနောက်ကျမှ ရောက်လာလို့ပါ ... ကိုကို့ကားလေး ဝင်လာမှ မိုးစက်က ထပြန်သွားသည်။

"အနှိုင်း အမှုအရာ မပျက်စေနဲ့နော် ... အခရာ့ဆီ မိုးစက် ဖုန်းဆက်ပြောထားမယ် အချစ်အတွက် သတ္တိရှိစမ်းပါ"

မိုးစက် ထွက်သွားမှ ကိုကိုကားလေးက အနှိုင်းရှေ့ ထိုးရပ်





သွားသည်။ ကားထဲကနေ ကိုကိုခပ်သွက်သွက် ဆင်းလာ၏။ အနှိုင်း စိတ်တွေ သတ္တိတွေဝင်လာကာ တည်ငြိမ်နေသည်။

"အနှိုင်း စောင့်ရတာကြာပြီလား ... ကိုကိုနောက်ကျသွားတယ် အစည်းအဝေးရှိလို့ပါ"

"နည်းနည်းလေး နောက်ကျတာပါ ကိုကို ..."

"တက်လေ ..."

ကိုကိုက သူမလက်လေးကို ဆွဲ၍ ကားပေါ်တက်စေသည်။ အနှိုင်းစိတ်က မလုံ ... အချစ်အတွက်မို့ အနှိုင်းဟန်ဆောင်၍နေရ၏။ တော်ပါသေးရဲ့ ကိုကိုမရိပ်မိလို့ ကားလေးက ကျောင်းဝင်းထဲကနေ လျှောခနဲ ထွက်သွားသည်။

"ဒီနေ့ ကိုကိုတို့ အပြင်မှာညစာစားကြမယ် ... အနှိုင်းလိုအပ်တာလေးတွေလည်း ဝယ်ပေးမယ်"

"ဟုတ်ကဲ့ ..."

ကိုကိုက ကားကိုအိမ်တန်းမပြန်ဘဲ ကုန်တိုက်ကြီးတစ်ခုဆီ မောင်းလာခဲ့သည်။ အရင်က ကိုကိုဒီလိုဝယ်ပေးလျှင် အနှိုင်းပျော်ရွှင်ရပေမယ့် အခုတော့ စိတ်ညစ်လာသည်။

"အနှိုင်းက အခန်းလေးထဲဝင်ပြီး အခရာ့အကြောင်းတွေ ငိုင်စားချင်တယ် ... အခရာ့အနမ်းကို သတိရချင်တယ်"

အခရာ့ကို အနှိုင်းချစ်တယ် ... အနှိုင်းရွေးချယ်ချင်ပါတယ် ကိုကို လက်ခံပေးပါနော် ...



www.burmeseclassic.com

www.burmeseclassic.com



"အနိုင်း"

"ရှင်"

"ဘာဖြစ်လို့လဲ ... ကိုကိုခေါ်တော့ အနိုင်းလန့်သွားသလို ပဲ"

"ကိုကိုက ရုတ်တရက်ကြီးခေါ်လိုက်တာကိုး ... အနိုင်းက စာတွေခက်လို့ စဉ်းစားနေတာပါ ... "

အနိုင်းရယ်လျက် ဝိဝိရိရိတောင် လိမ်ညာတတ်နေပြီပဲ ... အရင်ကအတိုင်း ကိုကို့လက်မောင်းကို ပြန်၍ ဖက်တွယ်ထားလိုက်သည်။ အနိုင်းမှာ ချစ်သူရှိနေတာကို သိလို့မဖြစ်ဘူး အနိုင်းအတွက် လိုအပ်တာတွေ ဝယ်ပေးသူက ကိုကိုပါ အနိုင်းငယ်ငယ်လေးထဲက ဒီအတိုင်းပဲ ...

"အနိုင်းစာကျက်ရင်စားတဲ့ အချဉ်ပေါင်းတွေ ကုန်နေပြီ ကိုကိုကြည့်ခဲ့တယ် ... ပုစွန်ခြောက်နဲ့ ကျောက်ပွင့်လည်း ဝယ်ရမယ် ... အနိုင်း အကြိုက်တွေလေ"

"ဟုတ် ... "

"ကောင်မလေး တက္ကသိုလ်ကျောင်းသူကြီးဖြစ်မှ အရင်ကလို ကိုကို့အပေါ် နွဲ့ဆိုးဆိုးတာတွေ ဂျီကျတာတွေ မလုပ်တော့ဘူးလား"

"အနိုင်းက သူငယ်နှပ်စားကောင်မလေးမှ မဟုတ်တော့တာ စိတ်တွေပြောင်းသွားပြီ ... အနိုင်းဆံရာဝန်ဖြစ်ချင်တယ် စာပဲကြိုး





စားချင်တယ် ... "

"Ok ကောင်းတယ် ... အနိုင်း အဓိကထားရမှာ ပညာရေးပဲ တခြားကိစ္စတွေ စိတ်မကူးနဲ့နော် ... ဒီကမ္ဘာကြီးထဲမှာ အနိုင်းအနားမှာ ကပ်ခွင့်ရှိတာ ကိုကိုတစ်ယောက်ပဲ မှတ်ထား ... "

သော် အခွင့်အရေးရတုန်း အနိုင်းနားထဲသို့ သူတစ်ယောက်ထဲ အနိုင်းကို ပိုင်ဆိုင်စေရမည်ဆိုတဲ့ အချက်တစ်ချက်ကို ရိုက်သွင်းဝစ်လိုက်သည်။ အနိုင်းဆီက ရုတ်တရက် အသံတိတ်သွားသဖြင့် သူ ဖျတ်ခနဲကြည့်မိ၏။ ထိုအဖြေက အနိုင်းဆီက ထောက်ခံမှုကို လိုအပ်သည်။

"အနိုင်း ... "

"ရှင်"

"ဘာဖြစ်လို့ တိကျတဲ့အဖြေ ချက်ချင်း မပေးနိုင်ရတာလဲ"

"ဒါက အဖြေပေးစရာလိုသေးလို့လား ... ကိုကိုရာ ညီမလေးက ငြင်းမလား"

ကိုကိုရယ် အနိုင်းမှာချစ်သူရှိနေပြီဟု ပြောချင်သည်။ ကိုကို့ကို အသိမပေးရက် ညီမလေးတစ်ယောက်ထဲ ကိုကိုငုံထားမတတ် ချစ်ခဲ့တာ အနိုင်းအသိဆုံးဖြစ်နေ၏။ စကားလမ်းကြောင်းလွဲသွားအောင် အနိုင်းဟိုပစ္စည်းတွေကြည့် ဒီပစ္စည်းတွေ ရွေးချယ်လိုက်လုပ်နေရသည်။

"ကိုကို အရုပ်လေးဝယ်မယ် ... အရမ်းချစ်စရာကောင်းတဲ့တာ ခွေးလေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်လေ ..."

အနှိုင်းဘာပဲလိုချင်လိုချင် ကိုကို မငြင်းပေ။ ငယ်ငယ်လေးထဲကပဲ အနှိုင်းသာတောင်းမယ်ဆိုရင် ကိုကိုကကောင်းကင်ပေါ်က ကြယ်လေးတွေပင် ဆွတ်ပေးမလားဘဲ တခါတလေတော့လည်း အနှိုင်းသဘောမကျသလိုကြီး ဖြစ်နေရသည်။

"ပစ္စည်းတွေတော့ စုံသလောက်ဖြစ်နေပြီ ... အနှိုင်းလာ ကိုကိုတို့ ညစာသွားစားကြမယ်"

"ဟုတ် ..."

ကိုကိုက နာမည်ကြီးစားသောက်ဆိုင်မှာ ညစာဝင်စားသည်။ အနှိုင်းကြိုက်တာတွေကို တန်းစီမှာသဖြင့် တားလိုက်ရ၏။ အခုချေကို သတိရလိုက်တာ စက္ကန့်မလပ် သတိရနေသူက သူမ ချစ်ရသော အခရာဖြစ်နေသည်။

"ညီမလေးက အရမ်းကိုးများလို့ ကိုကိုက အများကြီးမှာထားတာလေ ... စားချင်တာစား မစားချင်တာ ထားလိုက်နော်"

"အင်း"

"အားရှိအောင် များများစား အနှိုင်းကြိုက်တာတွေပဲ မှာထားတာလေ ..."

"ဟုတ်"

ယခင်ကလို ကိုကိုနှင့်သွားလာစားသောက်ရတာတွေ ပျော်စရာဖြစ်ခဲ့ပေမယ့် အနှိုင်းအိမ်ပဲပြန်ချင်သည်။ ချစ်သူအကြောင်းတွေပဲ စဉ်းစားချင်နေသည်။





"ရော့ ... ဒီ အသည်းဖတ်လေးတွေစား ... ဒါ ကိုကို့ချစ်ခြင်းမေတ္တာတွေ အသဲနှလုံးတွေ ..."

"ကိုကိုစားပါ အနှိုင်းကိုပဲကျွေးနေတာပဲ ... ကိုကိုစားပါ"

"ကိုကိုက ညီမလေးစားနေတာပဲ ကြည့်ချင်တာ ကိုကို့ဘဝမှာ အနှိုင်းက အရေးကြီးဆုံးပဲ"

ကိုကို့အကြည့်တွေကို အရင်ကလောက် အနှိုင်းအကြည့်မခံနိုင်။ သူမမှာ ချစ်သူရှိနေတာ မလုံမလဲဖြစ်နေလို့ထင်သည်။ အရင်ကထက်ပင် ကိုကိုဂရုစိုက်မှုတွေက လွန်ကဲနေသည်ဟုလည်း အနှိုင်းထင်မိနေ၏။ ကိုကိုနှင့်နေရတာ အနှိုင်းမပျော်မရွှင်လည်း ဖြစ်လာသည်။

"ကိုကို ..."

"ပြောလေ ညီမလေး"

"ပြန်ကြရအောင်နော် ... ဒီနေ့ တမနက်လုံးကျောင်းစာတွေ နပမ်းလုံးလာခဲ့ရတာမို့ပါ"

"Ok ညီမလေး ဆန္ဒအတိုင်းပါပဲကွာ ... ပြန်ကြမယ် ထ"

ကိုကိုက သူမရဲ့ပခုံးလေးနှစ်ဖက်မှ ဆွဲမထူပေးသည်။ ကိုကို အနှိုင်းကို ယခုအထိ ကလေးတစ်ယောက်ကဲ့သို့ ပြုမူဆက်ဆံနေသည်ဖြစ်နေ၏။ အနှိုင်းပခုံးလေးကို ဖက်၍ စားသောက်ဆိုင်အပြင်ထွက်လာတော့ မထင်မှတ်ဘဲနှင့် အခရာကို မိန်းမကြီးတစ်ယောက်နှင့် တွဲလျက်ဝင်လာတာတွေ့လိုက်ရသည်။ အခရာကလည်း အနှိုင်းတို့ကိုတွေ့၏။ မသိမသာ လက်လေးပြတော့ အနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ကိုကိုခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့မိသည်။ အခရာ မာမီထင်တယ် … တော်တော်လေးကို ကျက်သရေရှိပြီး ဖြူနုချောမောကာ ဂုဏ်သရေရှိ လူကြီးလူကောင်းပီသလွန်း၏။ စိန်တွေဝတ်ထားလိုက်တာ အနှိုင်းရင်တွေ တဒိန်းဒိန်းခုန်နေပြီး ဘာစကားမှလည်း မပြောနိုင်တော့ဘဲ ငြိမ်သက်သွားရလေသည်။

☆

အခန်း ( ၁၁ )

"မာမီ အဲဒီကောင်မလေးပါ … သားပြောတဲ့ အနှိုင်းမဲ့ဆိုတာလေ … သူ့အစ်ကိုနဲ့"

"ဟုတ်လား … "

သားသူငယ်ချင်း ဆေးကျောင်းသူ အနှိုင်းမဲ့ဆိုတာ သားနှစ်သက် သဘောကျလောက်အောင် ချောမောလှပသူလေးဖြစ်သည်။ ဆိုးပါဘူး … ယဉ်ကျေးသိမ်မွေ့စွာ အရှက်အကြောက်ရှိသူလေးဖြစ်၏။ သားရွေးချယ်တာ မမှားဘူးဟု ထင်သည်။

"အစ်ကိုက အရမ်းဂရုစိုက်တာပဲ ညီမလေးကို တယုတယနဲ့ချစ်မှာပေါ့လေ … မောင်နှမ နှစ်ယောက်တည်းရှိတော့လဲ"

အခရာ့စိတ်ထဲမှာ ဘဝင်မကျနိုင် … အစ်ကိုက ဘယ်လိုကြီးထဲ လိုအပ်တာထက် ပိုနေသည်ဟု အခရာထင်မှတ်မိနေသည်။ အစ်ကိုအရင်းမှ ဟုတ်ရဲ့လား သူသံယ ဝင်နေ၏။ မာမီကတော့ သဘောကျတယ် … သားရွေးချယ်တာ မမှားပါဘူးတဲ့ အခရာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားသည်။

"အနှိုင်းမဲ့လေးက အပြစ်ပြောစရာ မရှိအောင် ချောမော လှပသူလေးပါ ... မာမီ သဘောတူတယ် ... ကောင်မလေးက သားကိုကြိုက်ပြီလား"

"အဖြေတော့ အတိအကျ မပေးသေးဘူး ... မာမီ၊ အနှိုင်း လည်း အခရာ့ကို ချစ်နေပါတယ် ... ဒါပေမယ့် သူ့ကိုကိုကို ကြောက်နေတယ် ... အနှိုင်း လှုပ်တောင်မလှုပ်ရဲဘူး"

"အင်းလေ ... အစ်ကိုရဲ့ အုပ်ထိန်းမှုနဲ့နေရတာ ခက်ခဲတယ် တင်းကျပ်တယ်သား ... မာမီကတော့ အနှိုင်းရဲ့အချစ်တွေကို သား အတင်းအကျပ်ကြီး မတောင်းပါနဲ့ကွယ် ... ဒီလို မိန်းကလေးမျိုးက သစ္စာရှိတတ်ပါတယ် ... သူ့အစ်ကိုသိသွားရင် အကျိုးမဲ့လိမ့်မယ် ထင်တယ် ..."

အနှိုင်းကို ကျောင်းထုတ်ပစ်မည်ဟု ခြိမ်းခြောက်ထား၍ အနှိုင်းကြောက်နေလေသည်။ အခရာလည်း မာမီပြောတာကို လက်ခံပါတယ်။ အနှိုင်းကို စိတ်ကျဉ်းကျပ်မနေစေလိုပေ။ သူနှင့် မာမီညစာစား၍ ပြန်လာခဲ့ကြ၏။ အနှိုင်းမဲ့လေးကို မာမီလည်း ချွေးမအဖြစ် လုံးဝ လက်ခံနိုင်တယ်နော်သား ... ဒါပေမယ့် ရည်မှန်းချက်တွေတော့ အချစ်တစ်ခုထဲအတွက် အပျက်စီးမခံစေနဲ့ဟု ပြောနေသည်။

"သား ပိုပြီးကြိုးစားမှာပါ မာမီ ... အနှိုင်းအတွက်လေ အစ်ကို လုံးဝ မငြင်းပယ်နိုင်အောင် အထင်ကြီးအောင်ပါ"





"သားရယ် ..."

"မာမီ"

"ပြော"

"တကယ်လို့ အနှိုင်းကိုသားခိုးလာမယ်ဆိုရင်ရော"

"အမလေး အဲဒီလိုတော့ မိန်းကလေးဂုဏ်သိက္ခာမဲ့အောင် မလုပ်စေချင်ဘူး ... ပြဿနာတွေက ပိုပြီး ရှုပ်ထွေးစေလိမ့်မယ် အချိန်လေးစောင့်ပါ ... နှစ်ယောက်လုံး ရည်မှန်းချက်တွေ အောင်မြင်တဲ့အထိလေ ... အနှိုင်းမဲ့ကို သားချစ်မြတ်နိုးရင်ပေါ့"

အခရာ စိတ်ကိုမာမီက အမှားတွေမလွန်ကျူးမိစေရန် ဖျောင်းဖျပြောဆိုနေသည်။ အနှိုင်းနဲ့ ဝေးသွားမှာ အခရာ အလွန်အမင်း ကြောက်နေမိ၏။ အိပ်ခန်းထဲ ပြန်ရောက်အထိ စိတ်တွေက အနှိုင်းနောက်သို့ လိုက်ပါသွားနေ၏။ မိုးစက်က လုံးဝ ဖုန်းမဆက်နဲ့ Message တောင်မပို့နဲ့တဲ့ ... အနှိုင်းဆီ ဆက်သွယ်ချင်သည်။

"အနှိုင်းရယ် မင်းဘာတွေဖြစ်နေလဲ ... အခရာ့ကို ချစ်နေပါတယ် အနှိုင်း ... မျက်ဝန်းစိုလဲ့လဲ့လေးတွေက သက်သေပါ"

သူတွေးနေမိသည်။ လှေကားအချိုးအကွေ့လေးမှာ အနှိုင်းကို သူနမ်းရှိုက်ခဲ့မိ၏။ ရင်တွေတုန်နေဆဲပင်ဖြစ်၏။ အနှိုင်း မင်းကို ဘယ်လိုအကြောင်းမျိုးနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူးနော် ... နောက်ဆုံး ခိုးပြေးဖို့ အခရာကြံစည်နေမိသည်။ အခရာ အတွေးတွေနှင့် ရှုပ်ထွေးနေ၍လားမသိ ... အိပ်မက်ထဲမှာ အနှိုင်းကိုပွေ့ဖက်ထားရင်း အနှိုင်းကိုကိုက တွေ့သွားခဲ့၏။ ပြဿနာတွေတက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်း လက်ကို အတင်းစောင့်ဆွဲခေါ်သွားသည်။

"အနှိုင်းက ငါနဲ့လက်ထပ်မယ့် မိန်းကလေးကွ ... မင်းသိထားစမ်းပါ ... နောက်တစ်ခါ အနှိုင်းနဲ့ပတ်သက်ရင် မင်းကိုငါသတ်ပစ်မယ် ကြားလား ... "

ခြိမ်းခြောက်ဟိန်းဟောက်လျက် အနှိုင်းကို ကားပေါ်တင်၍ ဝေါခနဲမောင်းထွက်သွားသည်။ အခရာ နောက်မှပြေးလိုက်ရင်း အိပ်မက်က လန့်နိုးသွား၏။ အိပ်နေရာမှ ငုတ်တုတ်ထိုင်ဖြစ်သည်။

"ဘာကြီးလဲဟ ... အိပ်မက်ကြီးက တစ်မျိုးပဲ ကြောက်စရာကြီး"

အခရာတွေးလို့မဆုံးပေ ... အနှိုင်းကိုကိုစကားက အမိပ္ပါယ်မရှိလိုက်တာ သူ့အတွေးလွန်ပြီး စိတ်ချောက်ချားနေ၍လည်း ဖြစ်နိုင်သည်။

"အနှိုင်းတို့က မောင်နှမအရင်းပါ ... ငါစိတ်တွေ ထင်နေလို့ပဲ ... မဖြစ်နိုင်တာပဲ စိတ်ကူးနဲ့တောင် မတွေးသင့်ဘူးထင်တယ်"

အခရာ တကိုယ်လုံးချွေးစေးတွေ ပျံနေသည်။ စိတ်တွေချောက်ချားလွန်းလာရ၏။ အနှိုင်းတို့က မောင်နှမအရင်းတွေပါ။ အခရာ့သံသယတွေကြောင့် ပေါက်ကရအိပ်မက်တွေ မက်တာပဲဖြစ်နိုင်သည်။

"အာခေါင်တွေတောင် ခြောက်တယ် ... ရင်တွေပူလိုက်တာ"

သူ့ရင်ပူလာ၍ ရေအေးအေးလေး တစ်ခွက်ကို ယူသောက်





ပစ်ရသည်။ ပြန်အိပ်လို့ မရသဖြင့် စာကျက်နေလိုက်ဆိုသကဲ့သို့ အမိပ္ပါယ် မရှိတဲ့ အိပ်မက်ကို သူ့အသိစိတ်တွေထဲကနေ အမြန်ဆုံးမောင်းထုတ်ပစ်လိုက်မည်။

"အနှိုင်းရယ် ... ကိုယ်တို့ မဝေးချင်ဘူး ကိုယ့်ကိုချစ်တယ်လို့ အတိအကျ အဖြေပေးစမ်းပါ"

အနှိုင်းအဖြေက မရေမရာ ... သူ စိတ်ပူနေသည်။ အခရာကိုယ်တိုင် အနှိုင်းအား စွဲစွဲလမ်းလမ်း ချစ်မိနေတာ အံ့ဩနေမိ၏။ အခရာ့ဘဝမှာ ပညာရေးဘက်မှာ ထူးချွန်ထက်မြက်ဖို့ကလွဲပြီး ချစ်သူရည်စားကိစ္စ စိတ်ကူးထဲမှာ လုံးဝရှိနေခဲ့၍ ဖြစ်သည်။

"အနှိုင်း ... အနှိုင်းကိုယ့်ရင်ထဲမှာ အနှိုင်းပဲရှိနေတယ် ... အနှိုင်းပဲ တမ်းတနေမိတယ် ကိုယ်အရမ်းချစ်နေမိပြီ ထင်တယ်"

သူ စောစောထပြီး ရေချိုးခန်းထဲဝင်၍ သန့်ရှင်းရေးလုပ်၍ အဝတ်အစားလဲ ပြင်ဆင်ကာ ကျောင်းသွားဖို့ အောက်ထပ်ဆင်းလာခဲ့သည်။

"သားလေး အစောကြီးကွယ် ... မာမီ မနက်စာတောင် မပြင်ရသေးဘူး"

"မာမီ သားကျောင်းပဲသွားတော့မယ် ... အနှိုင်းနဲ့မနက်စာ အတူတူစားမလို့"

"အနှိုင်းနဲ့ သားက ချိန်းထားကြလို့လား"

"အင်း ... "

"ဒါဆိုလည်း သွားပါတော် ... အမေက အမိက မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့နော် ချစ်သူပဲပေါ့"

"မာမီရာ လေလောဆယ်တော့ သားအရမ်းအစိတ်တက်နေတယ် ... အနိုင်းဆီက အဖြေအတိအကျမရသေးလို့ထင်တယ် နားလည်ပေးပါနော်"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ သွားပါ ... ဒါပေမယ့် လူကြီးမိဘတွေ မျက်နှာပျက်အောင်တော့ မလုပ်စေချင်ဘူး သားရယ် ... အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့တဲ့ အနိုင်းလေးအတွက် စဉ်းစားပါ"

မာမီက အနိုင်းကိုချစ်၍ အခရာအတော်လေး စိတ်သက်သာ ပျော်ရွှင်နေသည်။ မိုးစက်ဆီ ဖုန်းဆက်၍ စောစောလာဖို့ ချိန်းလိုက်၏။ ဘယ်လိုလဲ အခရာ အစောကြီးနော် ဖင်မီးခဲထိုင်မိနေပြီလားတဲ့ ... အရေးကြီးလို့ အမြန်လာဖို့ ပဲခေါ်လိုက်၏။ အခရာကိုယ် အခရာ စိတ်နှင့်လူမကပ်နိုင်အောင် ထုံထိုင်း ပူလောင်နေ၍ အံ့ဩတာပဲရှိသည်။ နာရီသက်လောက်ကြာတော့ မိုးစက်ရောက်လာ၏။ သူထရပ်လိုက်သည်။

"ဘာတွေ ဖြစ်နေတာလဲ အခရာ ... အရူးထနေတာလား ဘာဖြစ်ရပြန်ပြီလဲ ... အရေးကြီးတယ်ဆိုတာ ... "

"မိုးစက်"

"ပြော ... "

"ကိုယ် အိပ်မက်တစ်ခု ထူးထူးဆန်းဆန်း မက်လို့"

"ဘာလဲ"

"အိပ်မက်ထဲမှာလေ အနိုင်းကိုကိုကလေ အနိုင်းလက်ကို





အတင်းဆွဲခေါ်ပြီး သူနဲ့အနိုင်းက ချစ်သူတွေတဲ့ ... လက်ထပ်ကြမှာပဲ အခရာ ထပ်ပတ်သက်ရင် သတ်ပစ်မယ်တဲ့"

"ဘာ ... ဘာလဲဟ ... အခရာ့ အိပ်မက်ကြီးသက ကြောက်စရာကြီး မိုးကြိုးတွေ ဘာတွေပစ်ချနိုင်တယ် ... ရှင့် အနားမှာကပ်နေလို့တောင် မဖြစ်တော့ဘူးထင်တယ်"

မိုးစက်ပင် အခရာ့အိပ်မက်ကြောင့် ကြက်သည်းမွေးညင်းတွေ ထောင်ထလာရသည်။

"အခရာ စိတ်စွဲနေလို့ပါ ... အနိုင်းကိုကိုက ညီမလေး တစ်ယောက်ထဲ မိဘတွေလည်း မရှိကြတော့ သံယောဇဉ်က အစွန်းရောက် အောင် တွယ်နေတာထင်တယ် ... ထူးဆန်းမှုတော့ရှိတယ် အနိုင်းနဲ့ကိုကိုက ရုပ်ချင်းလည်း ဆင်တူတယ်လေ"

"မာမီက အနိုင်းကိုလက်ခံတယ် မိုးစက်ကိုယ်ပြလိုက်ပြီ"

"ဟင်"

မနေ့ညက စားသောက်ဆိုင်မှာတွေ့ဆုံခဲ့တဲ့အကြောင်း ပြောပြမိသည်။

"အဲဒါကြောင့် ထင်တယ် အခရာ စိတ်စွဲနေလို့ပါ ... မောင်နမအရင်းကြီးကို မဟုတ်မဟတ်တွေ သွားထင်မနေစမ်းပါနဲ့ အခရာရယ် ... "

တခါတလေ မိုးစက်ပင် မောင်နမအရင်းမှ ဟုတ်ရဲ့လားဟုထင်မိနေသေးသည်။ အနိုင်းကိုကိုက လွန်တယ်အဖြစ်သည်းလွန်းနေသလို တယုတယလေး ဖက်တွယ်ထားတတ်သေး၏။ အခရာ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်တွေတည်ငြိမ်စေရန် ဖြောင်းဖျရသေးသည်။

"အနိုင်းကို တို့နှစ်ယောက်တွဲပြီး စောင့်နေလို့ မဖြစ်ဘူး အခရာ ရှောင်နေနော်"

"အင်းပါ ..."

"စားသောက်တန်းဘက် သွားနေ ... မိုးစက်တို့နှစ်ယောက် လိုက်လာခဲ့မယ်လေနော် ..."

အခရာ ခေါင်းလေးညိမ့်ပြလျက် ထွက်သွားသည်။ မိုးစက်ပင် အိမ်မက်အတွက် စိတ်တွေတုန်လှုပ်နေရ၏။ ဘယ်လောက်ပဲ အခရာစိတ်က သိသယဝင်နေပါစေ ဒီလိုအိပ်မက်မျိုးကြီးတော့ မမက်သင့်ဟု ထင်နေသည်။

"ဟော အနိုင်းကားလာပြီ ..."

အနိုင်းကားလေးက သူမနှင့်ခပ်လှမ်းလှမ်းလေးမှာ ရပ်သွားသည်။ ထုံးစံအတိုင်းပဲ သူ့ကိုကိုက တယုတယလေး အနိုင်းခန္ဓာကိုယ်မှာ သိုင်းထားတဲ့ ကြိုးကို ဖယ်ရှားပေးနေ၏။ ပြီးတော့ တံခါးကို တယုတယ ဖွင့်၍ ဆင်းစေ၏။ နဖူးလေးကို နမ်းလိုက်သေးသည်။

"ဘုရားရေ ... ဘယ်လိုကြီးလဲဟ အစ်ကိုကလည်း ချစ်သူကို လာပို့သလိုကြီးပါလားနော်"

ကျောင်းမှာ စောနေသေး၍ လူက ရှင်းနေသေးသည်။ သူများတွေမြင်လျှင် ဘယ်လိုထင်မလဲလို့ ... အခရာ အိပ်မက်ကို သတိရပေမယ့် အနိုင်းကိုမပြောပြဖို့ ဆုံးဖြတ်ထားကြ၏။ အနိုင်းက





သူမအနားသို့ လျှောက်လာသည်။

"မိုးစက်စောလိုက်တာ အမြဲတမ်းနောက်ကျနေတဲ့သူကများ အနိုင်းတောင် အံ့သြသွားတယ်"

"ရှင့်အဆက်ကြောင့်လေ အခရာပေါ့ မိုးစက်ကို အစောကြီး ဖုန်းဆက်နှိုးပြီး ချိန်းတယ်"

"ဟင်"

အခရာရောက်နေပြီပေါ့ ... မနေ့ညက အခရာတို့သားအမိနှင့် ဆုံကြောင်း မိုးစက်ကို ပြောတော့ သိပြီးပါပြီတဲ့ ... ချွေးမလောင်းလေးကို အရမ်းချစ်တယ်တဲ့ အနိုင်းမျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရသည်။

"ဘာချွေးမလောင်းလဲ မိုးစက်ရယ် ... ပတ်ဝန်းကျင်က လူတွေကြားသွားရင် တစ်မျိုးထင်နေပါဦးမယ် ... ရှက်စရာကြီး"

အခရာ့မာမီက အနိုင်းကို လက်ခံပေးပါမလားဟု စိတ်ပူနေခဲ့သည်။ နှုတ်တောင်မဆက်လိုက်ရဘူး ... ကိုကို့ကြောင့်ပါ အနိုင်း အပေါ် မယုံသင်္ကာတွေ ဖြစ်သွားမှာစိုး၍ မသိချင်ယောင်ဆောင် လိုက်ရတာ ရှိင်းသွားမလားဟု အနိုင်းစိတ်ပူပြီး အိပ်လို့ပင်မရ ... ထိုတို့ကို တမင်အတန်းစောစောရှိတယ်ဆိုပြီး ကျောင်းကိုပို့ခိုင်းတာ ပါ ... မိုးစက်ထိုင်စောင့်နေတာရော တခြားကျောင်းသားတွေ လည်း တဖွဲဖွဲရောက်လာသဖြင့် ကိုကိုယုံကြည်သွားသည်။

"လာ ... သွားကြမယ် အခရာက စားသောက်တန်းမှာ စောင့်နေမယ်တဲ့ ... တမင်ရှောင်ခိုင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်းလည်း ရှက်စိတ်တွေနှင့် ပူပူထူထူကြီးဖြစ်နေပေမယ့် အခရာ့ကို တွေ့ချင်နေသည်။ သူမ တောင်းပန်ချင်နေ၏။ အခရာ့မာမီကို နှုတ်ဆက်စကားပင် မပြောလိုက်ရ … အနှိုင်းသတ္တိရှိချင်တယ် … အခရာ့ကို ချစ်သည်။ စားသောက်တန်းရောက်လာတော့ အခရာထ၍ ဆီးကြိုနေ၏။ အနှိုင်း ရှက်ရှက်နှင့်ဝင်ထိုင်လိုက်ရသည်။

"ရှင်တို့နှစ်ယောက် စကားပြောကြ … မိုးစက် အတန်းထဲမှာဝင်ပြီး စောင့်နေမယ်"

"မိုးစက် … "

"သွားပါစေ … အနှိုင်း ကိုယ်နှစ်ယောက်ထဲ တွေ့ချင်လို့"

မိုးစက်က ဘာမှမကြောက်နဲ့ ရှင်ကလေးလားဟု ပြော၍ ထွက်သွားသည်။ ဟုတ်ပါတယ် … အနှိုင်း သတ္တိမွေးရမယ် အခရာက အရာရာပြည့်စုံတဲ့ ယောက်ျားတစ်ယောက် …

"အနှိုင်း"

"ဟင်"

"ကိုယ်လေ … တညလုံးအိပ်လို့တောင် မရဘူး … အနှိုင်းနဲ့ ဆုံပြီး စကားပြောခွင့် မရလို့လေ"

"ဟို … ဟိုလေ အနှိုင်းလည်း အခရာ့မာမီကို တောင်းပန်ချင်ပါတယ် … ကိုကို့ကြောင့်ပါနော် … အနှိုင်းအပေါ် ယုံကြည်မှုကင်းမဲ့သွားမှာ စိုးလို့ပါ … အခရာလည်း ပါနေလို့လေ"

အနှိုင်းကိုကြည့်ပြီး အခရာ အားမလိုအားမရကြီးနှင့် သူမလက်လေးအား ဆွဲယူဆုပ်ကိုင်လိုက်သည်။





"အို … အခရာ … ဟို … ဟို အဲဒါ"

"အနှိုင်းရယ် … ကိုယ်တို့က ချစ်သူတွေ ဖြစ်နေကြပြီပဲ"

"ရှင်"

အနှိုင်း ဘက်ကနေ ချစ်ပါတယ်ဟု အဖြေမပေးရသေးဘဲနှင့် အခရာက ချစ်သူတွေဖြစ်နေပြီ ဆိုတော့လည်း အထိတ်လန့်ဖြစ်သွားရသည်။ ဒါပေမယ့် အနှိုင်းမငြင်းမိ။ အခရာ့ကို ချစ်တယ်လို့ အနှိုင်း မဖြေရဲပါဘူးနော် … ခေါင်းလေးငုံ့ထားမိ၏။ အခရာ့ရဲ့ လက်တွေက ပူနွေးနေသည်။

"မာမီက အနှိုင်းကိုချစ်တယ် … ချွေးမလောင်းအဖြစ် အသိအမှတ်ပြုတယ် … ကိုယ့်ကိုတော့ ဂုဏ်ရွေသိက္ခာကြီးမားတဲ့ အနှိုင်းရဲ့ သိက္ခာ ကင်းမဲ့စေမယ့် အပြုအမူမျိုးတွေ ရှောင်ရမယ်တဲ့လေ"

အနှိုင်းမျက်နှာလေးပျော်ရွှင်ကြည်နူးသွားမိသည်။ အခရာနှင့် နေရတာ အနှိုင်းရင်ထဲသို့ အားအင်တွေ တိုးလာသလိုပင် သတ္တိတွေလည်း ပြည့်ဝလာရသည်။ အနှိုင်းမကြောက်ရွံ့တော့ တဖြည်းဖြည်းနှင့် အနှိုင်းစိတ်တွေ တည်ငြိမ်လာခဲ့၏။ အခရာက ချစ်တယ်ဆိုတဲ့ အဖြေ အတိအကျပေးပါဟု တောင်းဆိုတော့ အနှိုင်း အင်းဟုပဲ ခေါင်းညိတ်၍ အဖြေပေးလိုက်မိသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

ညသည် တိတ်ဆိတ်ပြီး ငြိမ်သက်လွန်းစွာဖြင့် အနှိုင်းစောင့်နေရတာ စိတ်မောနေမိသည်။ အခန်းတံခါးကိုလည်း လော့ခ်မချရဲ ကိုကိုက မကြာခဏဝင်လာတတ်၏။ ကိုကိုအိပ်ချိန်အား အနှိုင်း စိတ်ရှည်စွာ စောင့်နေမိခြင်းဖြစ်သည်။

"အနှိုင်း … ညီမလေး အိပ်ပြီလား"

ကိုကိုဝင်လာပြီး အနှိုင်းအိပ်ချင်ယောင် ဆောင်နေလိုက်သည်။ ဘယ်အချိန်ရှိပြီလဲ ကိုကိုဝင်လာနေသေးသည်။

"အနှိုင်း"

သော့်အကြည့်တွေက အနှိုင်းမျက်နှာလေးဆီ တည့်တည့် မတ်မတ် ကျရောက်နေသည်။ သော် ချစ်မြတ်နိုးရသူလေး လှပ အိစက်စွာ မျက်တောင်ကော့လေးတွေ သိသိသာသာကော့ပျံ့တက် နေသည်။

"အိပ်ပြီလားကွာ …"





အနှိုင်းဘေးမှာ သော်ဝင်ထိုင်ရင်း အနှိုင်းကိုငုံ့ကြည့်သည်။

"အနှိုင်းကို ချစ်တယ် … ကိုကို အရမ်းချစ်မြတ်နိုးတယ် အနှိုင်းလေးသိရဲ့လား"

ကိုကို ဆွေးဆွေးမြည့်မြည့် ကြေကြေကွဲကွဲပြောပြီး အနှိုင်း ပါးလေးကို နမ်းသည်။ အနှိုင်းတွန့်သွားချင်၏။ ကိုကို အမြဲတမ်း နမ်းနေကျဖြစ်နေပေမယ့် အနှိုင်းက ငယ်ရွယ်သူမှ မဟုတ်တော့ တာ … အနှိုင်းစိတ်တွေက မနှစ်သက်သလိုကြီး ဖြစ်နေရ၏။ အခုရော ကို သတိရနေတယ် … အနှိုင်းကို ကယ်တင်ပေးပါ … ကိုကို့ညီမ လေး အဖြစ်ကနေပါ … အလွန်အမင်း ပိုပို၍ ဂရုစိုက်လွန်းလာ၍ အနှိုင်းစိတ်ညစ်နေမိသည်။

"ချစ်စရာကောင်းတဲ့ အနှိုင်းလေး အပြစ်ကင်းနေတယ် … ကိုကို့ကို နားလည်လက်ခံပေးပါကွာ"

ကိုကိုက သူ့မဘေးနားမှာဝင်၍ လဲလျောင်းသည်။ ဒါက လည်း ကိုကိုအိပ်နေကျပါ … မောင်နှမနှစ်ယောက် တစ်ခါတရံ အတူတူအိပ်ပျော်တတ်ကြ၏။ အနှိုင်းမကြိုက်တော့ဘူး … ကိုကို ချွန်လာပြီ … ကိုကိုအနားကနေ ထ၍ ထွက်ပြေးသွားချင်သည်။ အနှိုင်းချစ်သူဆီ Message ပို့ချင်တယ် … အခုရောဆီက Message ရောက်လာမှာလည်း အနှိုင်းထိတ်လန့် ကြောက်ရွံ့နေ၏။ အခုရော ဆီတော့ ပြောထားတယ် … အနှိုင်းဘက် စပ့်မယ်လို့ … ။

"အနှိုင်းရယ် …"

သော်ထလိုက်သည်။ အနှိုင်းအပေါ် သူ့ဘက်ကစတင်၍ မရိုး



www.burmeseclassic.com

www.burmeseclassic.com



မသားဆက်ဆံတာမျိုး မလုပ်သင့်သေးဘူးဟု ထင်လာ၏။ ရုတ်တရက်ကြီး အနှိုင်းကြောက်သွားနိုင်တယ် … သူ့စိတ်တွေကို ထိန်းချုပ်ပစ်လိုက်သည်။

"အနှိုင်းလေး ကိုကိုသွားပြီ … အိပ်နေတော့နော်"

သော် အနှိုင်းနဖူးပြင်လေးပေါ်မှာ ဝဲပျံကျနေတဲ့ ဆံနွယ်လေးများအား တယုတယ ပွတ်သပ်ဖယ်ရှားပေးနေမိသည်။ တစ်နေ့တခြား အနှိုင်းအပေါ် မရိုးသားတဲ့ အချစ်တွေနှင့် ချစ်မိနေခဲ့၏။ ဖွင့်လည်း မပြောပြရက် … အနှိုင်းဘက်က ရုတ်တရက် လက်မခံနိုင်ပဲ ပေါက်ကွဲသွားမှာ ကြောက်မိနေသည်။

"ကိုကို စိတ်တွေကို ထိန်းချုပ်ပါ့မယ် … ကိုကို့အနားမှာ ညီမလေးအဖြစ်နေရင်ပဲ ကိုကို ကျေနပ်ပါတယ်ကွာ"

ညီမလေး ဆံနွယ်လေးများအား ပွတ်သပ်ပေးရင်း သူ့စိတ်ထဲကနေပြောနေမိသည်။ အနှိုင်း အိပ်စက်နေတာကို မနှောက်ယှက်လိုတော့သဖြင့် ပြန်ထွက်လာခဲ့သည်။

"ဟူး …"

အနှိုင်း သက်ပြင်းမောကြီးကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်လေသည်။ ကိုကိုက ယခုအထိ အနှိုင်းအား ကလေးတစ်ယောက်လို့ သတ်မှတ်ထားနေတာ မဟုတ်လား … တဖြည်းဖြည်းနှင့် အနှိုင်းစိတ်ရှုပ်ထွေးလာခဲ့ရပေမယ့် သံယောဇဉ်တွယ်စရာ အစ်ကိုတစ်ယောက်ထဲ ရှိနေတာမို့ ခွင့်လွှတ်ထားမိသည်။

"အစရာဆီ Message ပို့ရမယ် … ကိုကို ပြန်မလာတော့ဘူးထင်တယ်"





အနှိုင်း အသာလေးထပြီး ကိုကိုအိပ်ခန်းဘက်ကြည့်လိုက်တော့ မီးမှောင်ချထားကာ အိပ်စက်ပုံရသည်။ ကိုကိုအိပ်နေပါပြီ အနှိုင်းကို ခွင့်လွှတ်ပေးပါနော် ကိုကို … ညီမလေးမှာ ချစ်သူရှိနေပြီ … သူမ အိပ်ခန်းလေးထဲ ပြန်ဝင်လာပြီး ချစ်သူထံ Message ပို့သည်။

"အစရာ … အိပ်ချင်နေပြီလား အနှိုင်းအခုမှ အခွင့်အရေးရလို့ပါနော်"

အစရာ့ဆီကလည်း Message ချက်ချင်းပဲ ပြန်ပို့လာသည်။

"အချစ်ရယ် … မောင်စောင့်နေတာပါ … အစရာလို့ မခေါ်နဲ့တော့နော် … မောင်လို့ခေါ်"

"ဟင့်အင်း … ရှက်တယ်"

"ခေါ်ပါကွာ … ဘာရှက်စရာရှိလို့လဲ … မောင်ကြားချင်လို့ပါနော်"

"အင်း …"

"Message ပို့တာပဲကွာ … ဘာဖြစ်လဲ မောင်လို့ခေါ်"

"မောင်"

အနှိုင်းက မောင်ဟုခေါ်လိုက်သဖြင့် သူမ ဖုန်းကရုတ်တရက်မြည်လာသဖြင့် အနှိုင်း အထိတ်တလန့်ဖြစ်သွားရကာ ဖုန်းကို ကိုင်၍ နားထောင်လိုက်သည်။

"အနှိုင်း အသံလေးကြားချင်လို့ပါ … မောင် ဖုန်းဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလေ"

"မောင့်ရယ် ကလေးလည်း မဟုတ်ဘဲနဲ့နော် ... ကိုကိုနိုး သွားရင် ဘယ်လိုလုပ်မလဲ ... စောစောကတောင် အနှိုင်းအခန်းထဲ ဝင်လာသေးတာ ... အနှိုင်းနဲ့ အတူတူအိပ်မလို့လားဆိုပြီး လန့်သွားတယ် ... "

"ဘာ ... အနှိုင်းကိုကိုက ညီမနဲ့အတူတူ အိပ်တတ်လို့လား"

"အင်း ... ငယ်ငယ်ကဆို အမြဲတမ်းလာလာအိပ်တယ် ကိုကို့ အကျင့်ပဲလေ ... အိပ်ခန်းတံခါးကို ဖွင့်ထားပေးရတယ် ကိုကိုက စိတ်မချလို့လေ ... မကြာခဏလည်း ဝင်ဝင်ကြည့်တယ်"

အနှိုင်းစကားကြောင့် အခရာ စိုးရိမ်ထိတ်လန့်သွားရကာ အနှိုင်းကိုလည်း စိတ်မချဖြစ်သွားရသည်။ အနှိုင်းကိုကိုရဲ့ အပြုအမူ တွေက မလုပ်သင့် မလုပ်ထိုက်ဘူးဟု အခရာထင်မိ၏။ အနှိုင်းကတော့ ရိုးသားကြောင်း သူသိသည်။

"ဒါပဲနော် မောင် ... အနှိုင်းအိပ်တော့မယ် ... နောက်ထပ် မဆက်သွယ်နဲ့တော့ ... ကျောင်းမှာ တွေ့မယ်"

"အနှိုင်း အိပ်တော့မလို့လား"

"အင်း ... "

"တံခါးကို သေသေချာချာ လော့ခ်ချအိပ်နော် ... "

"အမလေး မလုပ်ပါနဲ့ ... အနှိုင်းကို ဘာတွေမဟုတ်တာ လုပ်မလို့ တံခါးလော့ခ်ချရတာလဲလို့ မသက်သာလို့ဆိုးမှာ မဟုတ်လား Bye"





အခရာ စိတ်ထဲမှာ မသက်သာစရာ အခြေအနေတွေ တိုးဝင်လာကာ သံသယတွေကြီးထွားလာရသည်။ အနှိုင်းကိုကိုရဲ့ အပြုအမူတွေကို သူလုံးဝ စဉ်းစားမရပေ။ ငယ်စဉ်လေးထဲက ဒီလိုပဲတဲ့လေ ... အနှိုင်းကို စိတ်မချနိုင်တော့ ... အစ်ကိုအရင်းရော ဟုတ်ရဲ့လားဆိုတဲ့ သံသယအား သူ့စိတ်ထဲကနေ အလျှင်အမြန် မောင်းထုတ်ပစ်လိုက်ရသည်။

"အနှိုင်း ... မောင်ဘယ်လို စိတ်ချရမလဲကွာ ... မင်း အစ်ကိုက ဘာကြီးလဲ"

အခရာ စိတ်မဖြောင့်တာက အိပ်မက်ကြောင့်ဖြစ်သည်။ ထိုအိပ်မက်အား အခရာ လုံးဝမေ့ပစ်လို့ မရနိုင်ခဲ့ ... စုံစမ်းရမယ် ဒါကိစ္စ သေသေချာချာကို စုံစမ်းရမယ် ... အသေအချာ စုံစမ်းဖို့ ဆုံးဖြတ်လိုက်သည်။ မနက်မိုးလင်းတော့ အနှိုင်းကိုကိုပိုင်တဲ့ ကုမ္ပဏီ ဖွင့် အခရာ့အစ်မ နှစ်ဝမ်းကွဲလောက်တော်တဲ့ မမချစ်ကို အစုရှယ်ယာဝင်ထားတာ သိရမိသွားသည်။

"မာမီ မမချစ်ကုမ္ပဏီ ဘယ်မှာလဲ သားတွေ့ချင်လို့ပါ"

"သား ... ဘာလုပ်မလို့လဲ မာမီလည်း ချစ်ချစ်နဲ့မတွေ့ဖြစ်တာ နှစ်တွေတောင် တော်တော်ကြာသွားပြီပဲ ... နေပါဦး ဩော် ... ဖုန်းနံပါတ်ရှိတယ် ... ချစ်ချစ်ဖုန်းလေး သားဆက်ကြည့်လိုက် ... ဖုန်းနံပါတ် ပြောင်းထားပြီလားတောင် မသိတော့ဘူး သားက ... ကိစ္စနဲ့ တွေ့ချင်ရတာလဲ အရေးတကြီးနဲ့"

"အနှိုင်းကိုကို ကုမ္ပဏီလို့ ထင်နေတယ် ... သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အနှိုင်း ကိုကိုအကြောင်း သားစုံစမ်းမလို့လား ... အင်းလေ စုံစမ်းကြည့်တာလည်း မမှားပါဘူး ..."

မာမီဆီကနေ မမချစ် ဖုန်းနံပါတ်ယူပြီး အခရာဖုန်းဆက်ကြည့်လိုက်သည်။ ဖုန်းက ဝင်သွားကာ မမချစ်အသံဝင်လာ၏ အခရာ ပျော်သွားသည်။

"မမချစ် အခု ... ဖုန်းဆက်နေတာ ဘယ်သူလဲသိလား"

"အင်း အသံကိုကြားဖူးနေသလိုပဲ ... မမချစ်က မှတ်ဉာဏ်တော့ အရမ်းကောင်းတာနော် ... နေပါဦး ဒီကောင်လေး ... အား သိပြီ မမကြီး သိတ္တသားလေး အခရာ မဟုတ်လား ပြော ..."

"ဟုတ်ပါ့ဗျာ ... တို့ မမချစ်အဖိုးကြီးက အရမ်းဦးနှောက်ကောင်းတယ်"

"အခရာလေး မမသိတာရော နေကောင်းရဲ့လား ... ဘာကိစ္စလဲ အဆက်အသွယ်ပြတ်နေတာတောင် ကြာပြီလေ"

"ကျွန်တော် အရေးကြီး ကိစ္စနဲ့တွေ့ချင်လို့ပါ ... ညနေ ကုမ္ပဏီမှာ လာကြို့မယ် အချိန်ရလား"

"ရတယ် အခရာ ... မမလည်း တွေ့ချင်နေတာ ... အခရာလေး ဘာသာစုံဂုဏ်ထူးထွက်တယ်ဆို ..."

"အင်း အခု ဆေးကျောင်းတောင်တက်နေပြီ"

"Ok ညနေလာခဲ့"

"မာမီနဲ့ စကားပြောလိုက်ဦး"

ဖုန်းကို မာမို့ဆီထိုးပေးလိုက်ပြီး သူတက်ကြွနေသည်။





ကျောင်းသွားဖို့ ပြင်ဆင်နေမိ၏။ အနှိုင်းကို ခိုးပြေးမယ် မောင်နှမ အရင်း မဟုတ်လို့ကတော့ လုံးဝမထားဘူး ... အခရာကျောင်းကို သွားသည်။ အနှိုင်းက မောင် အရမ်းအဖြစ်သည်းနေတယ် ညက ကိုကို ထပ်မလာလို့တော်ပါသေးတယ်ဟု ပြောလိုက်သဖြင့် အခရာ စိတ်အေးသွားရသည်။

"အနှိုင်း ..."

"မောင်"

"အနှိုင်းကို လိုအပ်ရင် မောင်ခိုးပြေးမှာနော်"

"မောင်ကလည်းလေ ... ကလေးကျနေတာပဲ အနှိုင်းတို့ ညှိရှယ်ချက်တွေ ပျောက်ဆုံးသွားလို့ မဖြစ်သေးဘူး ... ဆရာဝန်တွေ ဖြစ်ပြီးမှ လက်ထပ်ကြမယ်"

"အနှိုင်းကိုကိုက လက်မခံရင်ရော ..."

"လက်ခံမှာပါ ... အခု အနှိုင်းငယ်သေးလို့တဲ့ မောင့်လို ယောက်ျားတစ်ယောက်နဲ့ သဘောမတူစရာ ဘာအကြောင်းမှ မရှိပါဘူးနော်"

အနှိုင်းရယ် မောင်စိတ်ပူတယ် ... အနှိုင်းနဲ့ အဝေးမခံနိုင်ဘူး မောင်ကတော့ ကိုကိုက လက်မခံဘူးထင်တာပဲဟု ရင်ထဲကပဲပြောမိနေသည်။ ညနေ သင်တန်းတွေပြီးတော့ မမချစ်ရှိနေတဲ့ ကုမ္ပဏီကို ရောက်သွား၏။ မမချစ်က အပြုံးတွေနှင့် ဆီးကြို၍ သူ့အပေါ် တက်လိုက်လာသည်။

"ကောင်လေး အခရာ ဒီအရွယ်ကြီးတောင်ဖြစ်နေပြီလား



www.burmeseclassic.com

www.burmeseclassic.com



ထွားလာလိုက်တာ မမသိတာရော နေကောင်းလား"

"ကောင်းပါတယ် ..."

"ငယ်ငယ်လေးထဲက အစရာက ရည်မှန်းချက်ကြီးတယ်လေ မမချစ် အရမ်းအထင်ကြီးရတဲ့ ကလေး"

သူ့ စိတ်တွေက သည်းမခံနိုင်လောက်အောင် ဖြစ်ရပြီး မမချစ်ကို အနီးအနား စားသောက်ဆိုင်ကိုပဲ ခေါ်လာခဲ့၏။ အနိုင်းတို့ မောင်နှမအကြောင်း မေးမြန်း စုံစမ်းလို့နေခဲ့သည်။

"မမချစ် ဘာစားမလဲ"

"နေပါဦး အစရာ ... မင်းက အရေးတကြီး ကိစ္စဆိုတော့ ဘာများလဲပြော ..."

"မမချစ် ..."

"ဟင်"

"ကိုစစ်နိုင်သော်ကို သိလား"

"သိတာပေါ့ ... မမတို့ ကုမ္ပဏီပိုင်ရှင်ပဲလေ လူပျိုကြီး"

"သူ့ညီမလေး အနိုင်းမဲ့ဆိုတာရော သိလား"

"သိတာပေါ့ ... အစရာရယ် ... မမချစ်ရဲ့ ယောင်းမလောင်းလေးပဲဟာ ... အနိုင်းမဲ့ရဲ့ အစ်ကို လူပျိုကြီး သည်းသည်းလှုပ် ချစ်ရတဲ့ ညီမချောချောလေး ... ဘာလဲ အနိုင်းနဲ့အစရာက အတန်းအတူတူပဲလား"

"ဟုတ်တယ် ... သူ့အကိုကိုတော့ သွားမပြောနဲ့နော် မမချစ် ကျွန်တော်နဲ့ အနိုင်းနဲ့က ချစ်သူတွေဖြစ်နေကြပြီ"





"ဘာ ... ဘာပြောတယ် အစရာ ပြန်ပြောစမ်းပါဦး"

"ဟုတ်တယ် ... အနိုင်းနဲ့အစရာတို့ ချစ်နေကြတယ် ... ကိုစစ်နိုင်သော်ကြောင့် တစ်ယောက်နဲ့တစ်ယောက် တွေ့ဖို့ ခက်ခဲနေတယ် ... ဒါကြောင့် အနိုင်းအစ်ကိုအကြောင်း သိချင်လို့ပါ"

ချစ် တကယ့်ကိုပဲ အံ့သြတကြီးနှင့် အစရာ့ကို ကြည့်မိသည်။ အစရာနဲ့ အနိုင်းချစ်သူတွေတဲ့ သော်မသိသေးလို့ပါ ... ပြဿနာကြီးနိုင်၏။ အနိုင်းတောင် ချစ်သူတွေ့သွားပြီပဲ ချစ် မယုံကြည်နိုင်အောင် ဖြစ်နေရသည်။

"အစရာ ... အဲဒါ ပြဿနာကြီးတယ်နော် ... သူ့ညီမကို လုံးဝကို အထိမခံတာ ... စက္ကန့်တိုင်း မိနစ်တိုင်း အနိုင်း အနိုင်းပဲ ဖြစ်နေတာလေ ..."

"စစ်နိုင်သော်နဲ့ မမချစ်က ဘယ်လိုပတ်သက်ဆက်နွယ်ရတာလဲ"

"မမချစ်နဲ့ တက္ကသိုလ်မှာ ကျောင်းနေဘက်တွေလေ ခင်မင်ကြတယ် ... စစ်နိုင်သော်ရဲ့ မေမေဆုံးတာ ငါးနှစ်လောက်ရှိနေပြီ ... မမချစ်နဲ့လည်း သိတယ် ... သားအမိသုံးယောက် အရမ်းချစ်ကြတယ် အစရာ ..."

မောင်နှမအရင်းတွေလားဟု မေးရန်ခက်နေသည်။ မမချစ်တစ်မျိုးထင်မှာလည်း ကြောက်၍ မသိမသာလေး သတင်းနိုက်ရသည်။

"အနိုင်းကိုလည်း မမသိတယ် ... သော်က သူ့ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ဝေယျာဝစ္စကအစ ကိုယ်တိုင် လုပ်ပေးတာပါ”

“ဟုတ်လား ... မမနဲ့သိကြတော့ အနှိုင်း ဘယ်အရွယ်လဲ”

“အနှိုင်း ငယ်ငယ်လေးပဲ ရှိဦးမယ် ... ငါးနှစ်လောက်ပဲရှိမယ် ထင်တယ် ... အခရော ဘာဖြစ်လို့လဲ”

“မမချစ်နဲ့က စက်မှုတက္ကသိုလ်မှာ ခင်ကြတာလား”

“အင်း တစ်တန်းထဲတက်ကြရလို့လေ ... စစ်နိုင်သော်က မိန်းကလေးတွေကို လုံးဝ စိတ်မဝင်စားဘူး ရည်းစားလည်း မထားဘူး ... အချိန်ရရင် အိမ်ပြန် ညီမလေးကို ထိန်းတော့တာပဲ ... သူ့မေမေကိုတောင် သော်က စိတ်ချတာ မဟုတ်ဘူး”

အနှိုင်းတို့က မောင်နှမအရင်းတွေပါ ... မမချစ်ပင် သံသယ မဝင်ခဲ့ပေ ... အခရော စိတ်လျှော့ပစ်လိုက်သည်။ အရမ်းချစ်ကြတဲ့ မောင်နှမတွေပဲ မမချစ်ရိပ်မိမှာလည်း မလိုလားပေ ... အနှိုင်းနှင့် တွေ့ဖို့ မမချစ် သူ့အစ်ကိုကို အပိုင်ချိုင်လိုက်စမ်းပါဟု အခရောနောက် လိုက်တော့ မမချစ် မျက်နှာလေးပေါ်မှာ အညိုရိပ်လေးသမ်းသွား၏။ သော့်ကိုချစ်မိနေကြောင်းပါ ရင်ဖွင့်သည်။

“မမချစ်ဘက်က နည်းမျိုးစုံနဲ့ ကြိုးစားကြည့်ခဲ့ပါသေးတယ် အခရောရယ် မဖြစ်နိုင်ဘူးထင်တယ်”

“ဘာဖြစ်လို့လဲ မမရ ... ”

“သူ့ညီမမှ သူ့ညီမဖြစ်နေတာလေ ... မမချစ် မတိုးနိုင်ဘူး တစ်ချိန်လုံး သူ့ညီမလေး ဝေယျာဝစ္စတွေနဲ့ပဲ ရှုပ်ထွေးနေတယ် စီးပွားရေးတောင် မမချစ်နဲ့လွှဲထားတယ်”





“ဒါဆို အနှိုင်းကို အခရော အရင်ဆုံးသုတ်မယ် ... သူ့ ညီမ လင်ရသွားရင် မမချစ်ဘက် လှည့်လာမယ်ထင်တယ်နော်”

“အေးဟုတ်တယ် ... အနှိုင်းမှဲ့ အရင်လင်ယူမှပဲ ... ဒါပေမယ့် သော် အရမ်းစိတ်ထိနိုက်နိုင်တယ် အခရော ... လွယ်မယ်တော့ မထင်နဲ့ ကြောက်တယ် ... ”

ညီမအပေါ် အချစ်လွန်ကဲတဲ့ အစ်ကိုတစ်ယောက်ကို ချစ်မတွေ့ဖူးပေ။ ကြောက်စရာကောင်းလောက်အောင် ချစ်နေခဲ့သည်။ အခရောကလည်း ကောင်ချောလေးပဲ အရမ်းထူးချွန်တဲ့ ကောင်လေး မိဘတွေကလည်း ချမ်းသာကြ၏။ ဂုဏ်သရေရှိလူကြီး လူကောင်း မိသားစုမှ ဖြစ်သည်။

“အခရောကို အနှိုင်းမှဲ့ချစ်တာလည်း အပြစ်မဟုတ်ပါဘူးလေ အနှိုင်းကပဲ တကယ်ကို ဖန်ပေါင်ချောင်ထဲက ရွှေငါးလေးပဲ အခရော အရသုတ်နိုင်ရင်တော့ မမချစ် အပျော်ဆုံးပဲ ... ဒါပေမယ့် သတိကြီးစွာတော့ ထားရလိမ့်မယ်နော် အခရော ... ”

အခရော ဘာကိုမှ ဂရုမစိုက်ဘူး ... အနှိုင်းကို ပိုင်ဆိုင်ထားဖို့ သူ အမြဲတမ်းကြံစည်ကြိုးစားရလိမ့်မည် ဖြစ်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"ကိုယ့်ညီမလေးကို လုံးဝ စိတ်မချနိုင်ဘူး ... ချစ် ဖြစ်နိုင်ရင် မင်းပဲသွားပါ ... ကိုယ်လိုက်လို့ မဖြစ်တော့ဘူး ထင်တယ်"

"သော်ရယ် ဘာများစိတ်မချနိုင်စရာရှိလို့လဲ ... ရှင့်ညီမက ဆေးတက္ကသိုလ်ကျောင်းသူကြီးတောင် ဖြစ်နေပြီပဲ ချစ်သူတွေ့ရင်တောင် ရွေးချယ်တတ်တဲ့ အရွယ်ပါ ... "

"ဘာ ... ဘာပြောတယ် ချစ် ... ဘာ ကိုယ့်ညီမလေး ချစ်သူတွေ့ရင် ဟုတ်လား ... ဘာချစ်သူလဲ လုံးဝ မရှိစေရဘူး ... ဘယ်လို ယောကျ်ားမျိုးကိုမှ ရွေးချယ်စရာလည်း မလိုဘူး လုံးဝပဲ"

"အဲဒါတော့ ... သော်လွန်တယ် ... တစ်သက်လုံးကြီး ဘယ်လိုဖြစ်မလဲ ... သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်လေ ... "

"တော်ပြီ ချစ် ... မင်းနဲ့မဆိုင်ဘူး ဆက်မပြောနဲ့တော့"

ချစ်နှင့်က ပြောမနာ ဆိုမနာ ငယ်သူချင်းတွေ ဖြစ်နေ၍





သော် ဒေါသတကြီး မတုန့်ပြန်တာပါ ... ကြည့်စမ်း အနိုင်းဘဝမှာ သီးချိန်တန်ရင်တောင် ပွင့်ချိန်တန်ရင်တောင် တခြားယောကျ်ား တစ်ယောက်ကို ရွေးချယ်ခွင့် မရှိစေရဘူး ... သူ့စိတ်တွေ မောပမ်းလာသည်။

"သော် ... ဘာဖြစ်လို့လဲ ရှင့်ညီမက လိမ္မာပါတယ် ... ဒီလောက်အထိ စိတ်ခံစားမှု မပြင်းထန်ပါနဲ့နော် ... ချစ် တောင်းပန်ပါတယ် ... သော့်ကိုယ်သော် ပြန်ကြည့်ဦး အရမ်းချောင်ကျနေတယ်"

ဟုတ်တယ်ချစ် ... ကိုယ် ဘယ်လိုမှ နေလို့မရတော့ဘူး။ ညီမလေးအကြောင်း စဉ်းစားမိတိုင်း ကိုယ်ရူးသွပ်ရလိမ့်မယ် ... မစွန့်လွှတ်နိုင်ဘူး ... ဘယ်လိုယောကျ်ားမျိုးလက်ထဲမှ အနိုင်းကို မအပ်နိုင်ဘူး ... ကိုယ်ပဲ ပိုင်ဆိုင်ချင်တယ် ... ကိုယ့်ကို ကူညီပေးပါလား ... ချစ်ကိုလည်း သူ့ စီးပွားရေးလုပ်ငန်းတွေ စိတ်ချရ၍ ဆန့်ကျင်ဘက် မလုပ်နိုင်ပေ ... ရင်ဖွင့်လို့လည်း မဖြစ်ဘူး ... ။

"သော်"

"ဟင် ... "

"ရှင်ဘာတွေဖြစ်နေတာလဲ ... နိုင်ငံခြားက ရှင်မသွားလို့ မဖြစ်ဘူးနော် ... ချစ် တစ်ယောက်တည်းဘာမှ လုပ်လို့မရဘူးဆိုတာ ရှင်သိပါတယ် ... တပတ်အတွင်း စီစဉ်ရမယ် ... အနိုင်းက ရှင်သွားနေတဲ့ တစ်ပတ်အတွင်း ဘာမှ ပြောင်းလဲမသွားနိုင်ပါဘူး"

မင်းတာဝန်ယူနိုင်လို့လား ချစ် ... ကိုယ် စိတ်က တစ်ခုခုရှိ



www.burmeseclassic.com

www.burmeseclassic.com



တစ်စက္ကန့်တောင် စိတ်မချတာ ကိုယ်ကံကြမ္မာတွေကို ကြောက်တယ် ... အခု ကိုယ့်စိတ်တွေတောင် ပြောင်းလဲလာရပြီ ... တဖြည်းဖြည်းနဲ့ အနိုင်းကို ညီမလေးလို့တောင် မသတ်မှတ်နိုင်တော့ဘူး ညီမလေးဘက်က ဖြူစင်တယ် ... အစ်ကိုအရင်းလို့ပဲ သတ်မှတ်နေတယ် ... ကိုယ့်ရဲ့ အုပ်ထိန်းမှု လွတ်သွားတာနဲ့ ချစ်သူတွေ့သွားရင်ရော မင်းက ဘာတွေတာဝန်ယူနေရတာလဲ ... ချစ်အား ပြုံးကြောင်တဲ့ မျက်ဝန်းတွေနှင့် စိုက်ကြည့်မိသည်။

"သော် ... ရှင်နေမကောင်းဘူးလား ... အိပ်ရော အိပ်ရဲ့လားဟင်"

ချစ်လန့်သွားသည်။ သော် မျက်လုံးအကြည့်တွေက မှုမမှန်နိုင် ... ကြောင်စီစီ မှိုင်းဝေ့မှမ်းဖတ်နေသည်။ အိပ်ရေးတွေပျက်လားပဲ ... သော်ဘာတွေ ဖြစ်နေတာလဲ သူညီမမှာ ချစ်သူရှိနေပြီဆိုတာ သိသွားရင် သော့်ကိုယ်သော် သက်သေပစ်လိုက်မလားတောင် ထင်မိသည်။

"သော် ... "

"ဟင်"

"ချစ်နဲ့နိုင်ငံခြားကို တစ်ပတ်လောက်ပဲ သွားကြမယ် ... အနိုင်းကို ခွဲနေနိုင်အောင် ရှင်လေ့ကျင့်ရမယ် ထင်တယ် ... ချစ်စိတ်ပူလို့ပါ"

"ကောင်းပြီကွာ ... ကိုယ်တို့ သွားဖို့ ချစ်စီစဉ်ပါ ... ဟုတ်တယ် ကိုယ် လေ့ကျင့်ရမယ် ထင်တယ်"





သူနိုင်ငံခြားကိုသွားပြီး ဟိုမှာ စီးပွားရေးလုပ်ငန်း အခြေချနိုင်အောင် ကြိုတင်လုပ်ဆောင်ထားရမည် ဖြစ်သည်။ သွားရမယ် ညီမလေးကိုတော့ သူ့လူယုံ လက်ထဲအပ်ရမယ် စောင့်ကြည့်ခိုင်းရမယ် ... ဒီကောင် စိတ်အချရဆုံးပဲ နိုင်ငံခြားခရီးက သူသွားမှဖြစ်မယ့် ကိစ္စဖြစ်နေသည်။

"သော် ... အနားယူသင့်တယ်နော် ... ဘာဖြစ်လို့လည်းဆိုတော့ ရှင့်မျက်နှာက အရမ်းဖြူဖျော့နေပြီ"

"ချစ် ... "

"ပြော ... "

"ကိုယ့်အာရုံစိုက်မနေပါနဲ့ ကိုယ်စီးပွားရေးပဲနှစ်ပြီး လုပ်ပေးပါ"

"သော်ရယ် ... ဘယ်လိုပြောလိုက်တာလဲ ... တို့နှစ်ယောက်က ကျောင်းနေဘက်တွေလေ ... တစ်ယောက်ရဲ့ အဆိုးအကောင်းကို တစ်ယောက်က ဂရုစိုက်ပေးရမှာပဲ"

ချစ်ရင်ထဲမှာ သံယောဇဉ်ကြီးမားစွာ တွယ်ရတဲ့ စစ်နိုင်သော်က ချစ်ကိုနည်းနည်းလေးမှ သံယောဇဉ်ပြန်မတွယ်တာနဲ့ပေ။ သူစိမ်းဆန်လွန်းသည်။ ချစ်ဘက်ကနေ ဘယ်လောက်ပဲဖြားယောင်းမြူဆွယ်ပါစေ သော် မတုန်လှုပ်ခဲ့ ... သူ့ညီမအပေါ်မှာပဲ အာရုံကရှုးစိုက်နေသည်။

"ချစ်သွားတော့ ကိုယ်လည်း စီစဉ်စရာရှိတာတွေ စီစဉ်မယ် ကိုယ့်လက်ထောက် ဉာဏကို ခဏလွှတ်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ချစ်ရဲ့ သံယောဇဉ်တွေကိုလည်း သော်မသိ၍ မဟုတ်ပေ။ ဒါပေမယ့် သော့်ချစ်သူက ချစ်ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး ... သူ့လုပ်ငန်းတွေအားလုံး စိတ်ချစွာ စီမံခန့်ခွဲတတ်တဲ့ ချစ်အား သူ အလိုက်အထိုက် ဆက်ဆံနေခြင်းသာ ဖြစ်သည်။

"ဆရာ ... ဝင်လာရမလား"

"အေး ဉာဏ"

သူ့လက်ထောက် လုံးဝယုံကြည်စိတ်ချရတဲ့ ဉာဏဝင်လာသည်။

"ထိုင်"

"ဟုတ်"

"ဆရာ နိုင်ငံခြားကို တစ်ပတ်တိတိ သွားစရာရှိတယ်ဉာဏ"

"ဟုတ်ကဲ့ ... ပြောပါဆရာ ခိုင်းစရာရှိတာခိုင်းပါ လုံးဝအား မနာပါနဲ့ စိတ်ချလက်ချခိုင်းပါ"

"ကိုယ့်ညီမလေးကို မင်းကျောင်းအထိ သွားပြီးစောင့်ကြည့် ထားရမယ်"

"ဗျာ ... "

"အနှိုင်းဘာတွေလုပ်တယ် ... ဘယ်တွေသွားတယ် ... ကောင်လေးတွေနဲ့ ပတ်သက်တာအားလုံးပဲ ... စောင့်ကြည့်ထား ပါ ... ပြီးတော့ ညီမလေးကို အကြိုအပို့ မင်းလုပ်ရမယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ ဆရာ"





"မင်းကို ကိုယ်ယုံကြည်တယ် ... အားကိုးတယ်နော် ... စိတ်ချပါရစေ"

"ဆရာရယ် ... ကျွန်တော် လုံးဝ အမှားအယွင်း မရှိအောင် လုပ်ဆောင်ပေးပါ့မယ် ... ယုံကြည်ပါ"

"ကောင်းပြီ ... သွားခါနီးမှာ ထပ်ပြောမယ် ... ရော့ မင်း အသုံးစရိတ် ဆယ်သိန်းယူသွား"

"ဗျာ ... ဆရာ ... ဟို ... ဟို အဲဒီလောက်တောင်ပေးဖို့ မလိုပါဘူး ... ဆရာ့ကျေးဇူးတွေက အများကြီးပါ"

"ယူထားလိုက်ပါ ... မင်းဘဝရှေ့ရေးအတွက် အရင်းအနှီး တွေတောင် ထုတ်ပေးဦးမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ ... ဟုတ်ကဲ့"

ဉာဏတော့ ဆရာ့ရက်ရောမှုတွေအတွက် နားမလည်နိုင် အောင်ဖြစ်ရသည်။ ညီမအတွက် အဖြစ်သည်းလွန်းနေတာလား သူငယ်ချင်းကအစ စုံစမ်းထောက်လှမ်းခိုင်းက ငွေကုန်ခံနေ၏။ ဉာဏက ကျေးဇူးရှင်အပေါ် သစ္စာရှိရှိ လုပ်ဆောင်ပေးဖို့ ဆုံးဖြတ် ထားသည်။

"ခွင့်ပြုပါဦး ဆရာ ... "

"Ok သွားတော့ ... "

ဉာဏ အပြင်ထွက်လာတော့ မမချစ်စောင့်နေသည်။

"ဟဲ့ ... ဉာဏ ပြောစမ်း ... သော်နဲ့ ဘာတွေလုပ်နေလဲ အနှိုင်းကိစ္စ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ထုံးစံအတိုင်းပဲလေ ... ဆရာနဲ့ မမချစ်တို့ နိုင်ငံခြားသွားမယ်ဆို တစ်ပတ်တဲ့ ...”

“အင်းဟုတ်တယ် ... ဘာလဲ သော်က သူ့ညီမလေးကို စောင့်ကြည့်ထားဖို့ တာဝန်ပေးလိုက်တာ မဟုတ်လား”

“ဟုတ်ပါတယ် မမချစ် ...”

“အနှိုင်းလေးကိုလည်း သနားတယ် ... သူ့ခမျာ လွတ်လပ်ခွင့်မရှိဘူး ... လူ့အခွင့်အရေးတွေလည်း ဆုံးရှုံးနေရှာတယ် သော် လွန်တယ် ...”

“ကျွန်တော်ကတော့ ပေးအပ်တဲ့တာဝန်ကို စောင့်ရှောက်ရမှာပဲ မမချစ်”

“ဉာဏ”

“ဗျာ ...”

“နင့်မှာလည်း ညီမရှိတယ် ... မဟုတ်လား”

“ဟုတ်ကဲ့ ရှိပါတယ်”

“နင့်ညီမကို အရမ်းပြည့်စုံပြီး ထူးချွန်ထက်မြက်တဲ့ သူဌေးသား တစ်ယောက်က ချစ်ကြိုက်နေမယ်ဆိုရင် နင်ဘယ်လိုသဘောရလဲ ဉာဏ”

“ဟာ ... သဘောတူမှာပေါ့ ဝမ်းသာအားရလက်ခံတယ်”

တကယ်ဆို အခရာလေးက ဘယ်လောက်တောင် ပြည့်စုံလိုက်သလဲ ... ဘာကိုမှ ထောက်ပြစရာ ... မကောင်းတဲ့အချက် မရှိဘူး ... အနှိုင်းရဲ့ ချစ်သူ ...





“ကျွန်တော့်ကို ခွင့်ပြုပါဦး မမချစ်”

“ဉာဏ ...”

“ပြောပါ”

“အနှိုင်းနဲ့ ပတ်သက်တာတွေ အသေးစိတ် တင်ပြမနေနဲ့ သော့်ကြောင့်ပဲ အနှိုင်းဘဝမှာ အမှားအယွင်းတွေ ဖြစ်လိမ့်မယ် ... ဒုက္ခရောက်သွားမယ် ကြားလား”

“ဟုတ်ကဲ့ ...”

ဉာဏကတော့ ဆရာ့အလုပ်ကိုပဲ သစ္စာရှိရှိ လုပ်ဆောင်ပေးမှာပဲ ဆုံးဖြတ်ထားသည်။ အနှိုင်းမဲ့လေးကိုလည်း သနားမိနေ၏။ ဒါပေမယ့် ဆရာက သူ့ကိုယုံကြည်၍ ခိုင်းစေခြင်းဖြစ်သည်။

“ဉာဏ ...”

“ဗျာ ...”

“သော်က စိတ်တွေမမှန်ချင်တော့ဘူး ... ကျပ်ပြည့်လွန်နေတယ် ... သတိထား ဆက်ဆံနော်”

“မမချစ်ကလည်း ...”

ဉာဏထွက်သွားသည်။ ချစ်ဘာလုပ်ရမလဲ ... အခရာကို သွားတွေ့ရမည်ဖြစ်၏။ သတိပေးသင့်တာပေးရမယ် ... သော် ရူးပြီ ... စိတ်တွေ မမှန်တော့တာ သေချာ၏။ နိုင်ငံခြားရောက်မှ သော့်ကို စိတ်တွေ တည်ငြိမ်သွားအောင် လုပ်ပစ်မယ် ... အနှိုင်း ခိုးယူသွားမှ မှတ်သွားမယ့် သော်စုတ် ... ညနေ ရုံးဆင်းတော့ ဆရာတို့အိမ်ကို ချစ်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးချစ်ရယ် ... အမလေး အခုမှ လာတော့တယ် မမသီတာတို့ကို ပစ်ထားတာပေါ့လေ ... "

"သတိရပါတယ် မမရယ် ... ချစ်က အလုပ်တွေအရမ်းများတယ်လေ ... အခရာလေးရော ... "

"ရှိပါတယ် ... ညည်းမောင် အခန်းထဲမှာ တက်သွားလိုက်"

"ဟုတ်ကဲ့ ... မမသီတာ အခရာလေးနဲ့ အရေးတကြီးပြောစရာရှိလို့ပါ ... "

"တက်သွားလေ"

ချစ်ကို အခရာက ထွက်ကြိုသည်။ ဒီကောင်လေး အနှိုင်းကို အရူးအမူး ချစ်တာပဲ ... စာမှ စာဖြစ်နေတဲ့ကောင်လေးကများ အခရာ အိပ်ခန်းထဲဝင်လာသည်။

"မမချစ် ဘာအကြောင်းရှိလို့လဲ ... အနှိုင်းကိစ္စလား"

"အင်း ... "

"အနှိုင်း ဘာဖြစ်လို့လဲ ... ကျွန်တော် စိတ်တွေပူလိုက်တာ"

"ခဏနေပါဦး အခရာရယ် ... "

ယောက်ျားလေးတွေက အနှိုင်းအပေါ် အတော်လေးချစ်ခင်ကြပြီး သံယောဇဉ်တွယ်တာလိုက်တာကြတာ ချစ်တောင် မနာလိုဖြစ်ရသည်။

"အခရာ ... "

"ဗျာ ... "

"သော်နဲ့ မမချစ်တို့ နိုင်ငံခြားကို ခရီးထွက်ရမယ် ... "





"ဟာ ... ဝမ်းသာစရာကြီးပဲ ... "

"အရမ်းဝမ်းသာမနေနဲ့ဦး ... သူ့ လူယုံတွေနဲ့စောင့်ကြည့်နိုင်းထားတယ် ... အဲဒါ မမချစ်လာပြီး သတိပေးတာ"

"ဟာဗျာ ... အနှိုင်း အစ်ကိုက လွန်ကိုလွန်ပါတယ် ... Over ဖြစ်လွန်းတယ် ... မမချစ် အပိုင်ချုပ်လိုက်လို့ မရဘူးလား"

"မရလို့ပေါ့ဟဲ့ ... သူက သူ့ညီမလေးပဲ အာရုံရှိတာ စိတ်ပျက်စရာကြီး သိလား"

အခရာ စိတ်ထဲမှာ အနှိုင်း ကိုကို့လုပ်ရပ်တွေက သာမန်မဟုတ်တော့ဘူးဟု ထင်လာမိသည်။ အမိပွါယ် မရှိတာပဲ ... ညီမကို ဘယ်လောက်ပဲ ချစ်ခင်သံယောဇဉ် တွယ်ရပါဦး အခရာ မကျေမနပ်ဖြစ်ရသည်။

"မဟုတ်သေးဘူးနော် ... မမချစ် ဘာဖြစ်လို့များ ဒီလောက်အထိ အဖြစ်သည်းနေရတာလဲ"

"ဒီလိုပဲလေ ... အရင်ထဲကလည်း သူ့ညီမဆိုပဲ စိတ်ရောက်နေတတ်တာ ... အခုတောင် နိုင်ငံခြားကို မသွားမဖြစ်လို့ သွားရမှာလေ ... အခရာတို့ ဆင်ခြင်နေပါ ... အစောင့်ချထားခဲ့တယ် မမချစ် စိတ်ပူလို့ပါ ... "

"ကျွန်တော် နိုးပြေးမယ်ဗျာ ... "

"အနှိုင်းက အသက်မပြည့်သေးဘူး အခရာ ပြဿနာတွေ မိုးမီးလောင်နိုင်တယ် မိဘတွေရဲ့ ဂုဏ်သိက္ခာရှိသေးတယ် ... ပညာရေး ဆုံးခန်းတိုင်တဲ့အထိ ကြိုးစားကြပါ ... "



www.burmeseclassic.com

www.burmeseclassic.com



အခရာ ခိုးပြေးလို့ မရဘူး ... အနှိုင်းကို ခိုးပြေးလိုက်လျှင် ပြဿနာက ကြီးမားသွားနိုင်၍ ဖြစ်သည်။ သတိလာပေးတာပါ။

"အနှိုင်းလေးက သနားစရာကောင်းတယ် ... အပြစ်ကင်း လွန်းပါတယ် ... သော်ကြောင့်ပါ"

ချစ်လည်း သော့်ကို ဘယ်လိုထိန်းချုပ်နိုင်မလဲဆိုတာ အကြံ တွေ ထုတ်ရမယ် ...။

"အခရာ ... "

"ဗျာ ... မမချစ်"

"မင်း အနှိုင်းကိုတော့ အရယူစမ်းပါကွာ ... ဒါပေမယ့် အခု တော့ မဟုတ်သေးဘူး ... အခရာ အမှုပတ်လိမ့်မယ် ... အနှိုင်းကို ပြောလိုက် ဉာဏဆိုတဲ့ သော့်လက်ထောက်က သော့်လူယုံပဲလို့"

အခရာ ဒေါသတွေ ထွက်နေသည်။ အနှိုင်းအပေါ် မတရား အနိုင်ကျင့်နေတာဟုလည်း ပြောနေ၏။ ချစ်ကတော့ သော့်ရဲ့ မောင်နှမ သံယောဇဉ်ကြီးကို ကြောက်တောင်လာရသည်။

"အခရာလေး ... မင်းရဲ့ရည်မှန်းချက်တွေ ဘယ်လောက် ကြီးလည်းဆိုတာ မမချစ်သိတယ် ... ဒါကြောင့်ပါ၊ ပြီးတော့ ... အနှိုင်း အသက်မပြည့်သေးဘူး ... သော်ရဲ့ အုပ်ထိန်းမှုအောက်မှာပဲ ရှိသေးတယ်လေ"

"အနှိုင်း ... အသက်ပြည့်လို့ကတော့ ကိုစစ်နိုင်သော် ရင်ထဲ နာကျသေသွားလိမ့်မယ် ... အနှိုင်းက အခရာ့ကို အရမ်းချစ်နေတယ် ခွဲလို့ရမယ် ထင်လို့လား"





"မမချစ် သွားပြီနော် ... အခရာ သတိထားနေကြနော်"

"ဟုတ်ကဲ့ ... "

မမချစ်ပြန်သွားသည်။ အခရာတစ်ယောက်တည်း မကျေနပ် နှင့် ဒေါကန်နေရ၏။ အိပ်မက်အကြောင်း ဘယ်သူ့ကိုမှ ပြောမပြ ဖြစ်ခဲ့။ မိုးစက်ပဲ သိထား၏။ အနှိုင်း ဂုဏ်သိက္ခာအတွက် သူနှုတ်လုံ ထားသည် အစ်ကိုအရင်းပဲ ဖြစ်ပါစေဟု ဆုတောင်းနေရ၏။ အခရာ စိတ် မသက်မသာကြီး ဖြစ်နေရသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ကိုကို ခရီးထွက်ရမယ် အနှိုင်း ... စီးပွားရေးအတွက် မဖြစ် မနေသွားရမယ် ... ကိုကို မသွားချင်ဘူး ညီမလေး"

"ညီမလေးကို စိတ်ချပါ ကိုကိုရာ ... ဆရာဝန်တစ်ယောက် ဖြစ်ဖို့က ညီမလေးရဲ့ အဓိက ရည်မှန်းချက်ပါ မမေ့ပါနဲ့ ... "

"အနှိုင်း ... "

"ရှင် ... "

"ညီမလေးအတွက် စက္ကန့်မလပ် ကိုကို ပူပင်နေရတာပါ စိတ်မချဘူးကွာ"

သော်လက်တွေက အနှိုင်းနဖူးလေးပေါ်မှ ဆံနွယ်လေးများကို သပ်ပေးနေရင်း ခွေးခွေးမြည့်မြည့်လေး ပြောမိသည်။ ညီမလေးရယ် ကိုကို့စိတ်တွေ ပြောင်းလဲနေခဲ့ပြီ။ မင်းက ကိုကို့ညီမလေး အရင်းမှ မဟုတ်တာပဲ ... ကိုကို့ စိတ်ထဲမှာ အနှိုင်းကို ချစ်သူလို ချစ်နေတယ် ... ကိုကို အရမ်းတုန်လှုပ်ချောက်ချားရပါတယ် —





အနှိုင်းအား ငယ်စဉ်လေးထဲက တယုတယ ကြင်နာယုယနေခဲ့တာပဲဖြစ်၏။ အနှိုင်းလေးက မျက်ဝန်းလေး ပြူးကြောင်စွာ သူ့ကို ကြည့်နေသည်။

"ကိုကိုသွားနေတဲ့ အခါမှာ အနှိုင်းမဟုတ်တာ တစ်ခုခုလုပ်ရင်တော့ လုံးဝ ခွင့်မလွှတ်ဘူးနော် ... အနှိုင်း လိမ်လိမ်မာမာ နေပါ"

"ဟုတ်ကဲ့ပါ ... ကိုကို"

အစောင့်ချထားတာကိုတော့ သော် မပြောပြခဲ့ပေ။ အနှိုင်း စောင့်ကြည့်ရမယ် ဖြစ်နိုင်ရင် နိုင်ငံခြားကို ခေါ်သွားဖို့ စီစဉ်ရမည် ဖြစ်သည်။

"ဒီညပဲ ကိုကိုသွားရမယ် ... ချစ်နဲ့လေ"

"မမချစ်နဲ့လား ကောင်းတာပေါ့ တကယ်တော့လေ ကိုကို လက်ထပ်မယ်ဆိုရင် မမချစ်က အသင့်တော်ဆုံးပဲသိလား ကိုကို့ စီးပွားရေးမှာလည်း ကူညီနိုင်တယ် ... အနှိုင်းကိုလည်း ချစ်တယ် ယောင်းမတော်ချင်လိုက်တာ"

"ဘာပြောတယ် အနှိုင်းမဲ့ ... "

"ဟင် ... ဘာဖြစ်လို့လဲ ကိုကို"

ကိုကိုက ဒေါသတကြီးအော်ပစ်လိုက်၏။ အနှိုင်းထိတ်လန့်သွားရသည်။ အနှိုင်း ဘာများ အမှားပြောမိလို့လဲ ...

"ငါက ချစ်သူထားဖို့ စိတ်ကူးထဲမှာတောင် မရှိဘူး ... လက်ထပ်ဖို့ဆိုတာတော့ ဝေလာဝေးပဲ ... နင်က ငါ့ကိုပထုတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာလား အနှိုင်းမဲ့"

"ဟာ ကိုကိုကလဲ ... သဘောကို ပြောပြတာပါ ကိုကို မကြိုက်လည်း အနှိုင်းမပြောတော့ပါဘူး ... တောင်းပန်ပါတယ်နော် ကိုကို တစ်သက်လုံး အိမ်ထောင်မပြုဘူးပြောထားတာပဲ ... အနှိုင်း မေ့သွားလို့ပါ"

အနှိုင်း ချော့မော့တောင်းပန်လိုက်မှ ကိုကိုစိတ်ဆိုးပြေသွားသည်။ ကိုကို့ကို အိမ်ထောင်ပြုစေချင်တာပါ မမချစ်နဲ့လေ ... အစွမ်းအစရှိပြီး ချောမောတဲ့ မိန်းမ ... ပညာတတ်တစ်ယောက်က ကိုကို့အနားမှာ ရှိနေတာလုံးဝ စိတ်မဝင်စားပေ ... အနှိုင်း စိတ်ညစ်သည်။

"အနှိုင်း ... "

"ရှင်"

"ကိုကို့ကို ချစ်လား"

"ဟုတ် ... "

"ပါးစပ်က ချစ်တယ်လို့ပြော"

ကိုကို ဘာဖြစ်နေတာလဲ ... အနှိုင်းပင်ကြောက်လန့်သွားမိသည်။ ဝင်းတောက်နေတဲ့ ကိုကို့မျက်ဝန်းတွေက စူးစိုက်လွန်းနေ၏။ ချစ်သည်ဟု ပြောခိုင်းနေသည်။

"ပြောလေ ညီမလေး ... ကိုကိုမေးတာကိုဖြေ"

"ချစ် ... ချစ်ပါတယ် ကိုကို"

"ဒီလိုမှ ပေါ့ကွာ"





အနှိုင်း နဖူးပြင်လေးကို သူတမက်တမော နမ်းရှိုက်မိသည်။ အနှိုင်းဘက်ကနေ အစ်ကိုအရင်းတစ်ယောက်ကဲ့သို့ ချစ်တာကိုသော် တဖြည်းဖြည်းနှင့် နူးနှပ်ယူရမည်ဖြစ်သည်။ အနှိုင်းကို အမေရိကားခေါ်သွားမယ် ... ဘာပဲဖြစ်ဖြစ် လက်ထပ်မယ် သော်ဆုံးဖြတ်ထားသည်။

"ချစ်သူထားဖို့တော့ လုံးဝ မစဉ်းစားနဲ့နော် ... အနှိုင်း အဲဒီကောင်ကိုရော မင်းကိုရော အသက်ရှင်လျက် မထားဘူး သတ်ပစ်မှာ"

"ကိုကို ... "

"စကား ထပ်မပြောနဲ့နော် ... ကိုကို့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးနေ"

အနှိုင်းကို သော်ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားလိုက်သည်။ အနှိုင်းရယ် ကိုကိုလေ ဘယ်တုန်းကမှ အနှိုင်းကိုညီမလေး တစ်ယောက်လို မသတ်မှတ်ထားတာကြာပါပြီကွာ ... ကိုကို့ စိတ်တွေ လုံးဝပြောင်းလဲနေပြီ ... မင်းချစ်သူထားရင် တကယ်ပဲ ကိုကိုသတ်ပစ်လိုက်မိမှာ ... အနှိုင်းကို ထားခဲ့ရမှာ တစ်နာရီ တစ်စက္ကန့်ပင် သော် စိတ်မချနိုင် ... ခပ်တင်းတင်းလေး ပွေ့ဖက်ထားလိုက်သည်။

"ညီမလေး အိပ်တော့ ... ကိုကို ဘာသာသွားမယ် လိုက်မပို့နဲ့တော့ ... ချစ်လာခေါ်လိမ့်မယ်"

"ကိုကိုကလည်း အနှိုင်းမအိပ်ပါဘူး ... နှုတ်ဆက်ဦးမယ်လေ မမချစ်လာမှာဆိုတော့ ... "



www.burmeseclassic.com

www.burmeseclassic.com



"မထွက်နဲ့တော့ နှုတ်ဆက်နေရင် ကိုကိုထွက်သွားဖြစ်မှာ မဟုတ်လို့ ထွက်မလာနဲ့ ... "

"ကိုကိုကလည်း ... "

"ကိုကို မခံစားနိုင်ဘူးကွာ ... အနှိုင်းကိုထားပြီး ထွက်သွားနိုင်မှာ မဟုတ်လို့ပါ"

ကိုကို ပြန်ထွက်သွားသည်။ အနှိုင်းစိတ်ထဲမှာ ကြောက်လန့်တကြား တုန်လှုပ်နေဆဲပင် ... ကိုကို ဘယ်လိုဖြစ်နေရတာလဲ ညီမလေးအပေါ် သံယောဇဉ်ကြီးမားမှုအတွက် အနှိုင်းသဘောမကျသလိုကြီး ဖြစ်နေရသည်။ အနှိုင်းလည်း မထွက်ချင်ပါဘူး ... စိတ်တွေ နောက်ကျနေရ၏။ ခဏကြာတော့ မမချစ်ရောက်လာသည်။

"အနှိုင်းလေး မမချစ်ဝင်လာမယ်နော်"

"ဟုတ် ... "

မမချစ် ဝင်လာသည်။ အနှိုင်းတုန်လှုပ်နေဆဲပင်ဖြစ်သည်။

"အနှိုင်းလေး ... "

"ရှင် ... "

"ညီမလေး ကိုကိုအဖြစ်သည်းကြီးက ထွက်ပြီး နှုတ်မဆက်ရဘူးလို့ ပြောထားတယ်ဆို ... "

"ဟုတ် ... "

"ဘာမှ အားမငယ်နဲ့ မမချစ်ရှိပါတယ် ... အခုတောင် ဖွတ်ဝင်ပြီး နှုတ်ဆက်တယ် ... "

"မမချစ် ... "





"ဟင်"

"ကိုကို့ကိုအရမယူနိုင်ဘူးလားဟင် ... "

"မယူနိုင်ဘူး ဖြစ်နေတယ်လေ ... ညီမမှ ညီမဖြစ်နေလို့ ဒါကြောင့် အနှိုင်းပဲ ယောကျ်ားအရင်ယူရမယ်ထင်တယ်"

"သတ်ပစ်လိမ့်မယ်"

"ဟင် ... "

မောင်လေး အရေးအတွက်ပင် ချစ်စိတ်ပူမိသွားရသည်။ သော်က ဘယ်လိုကြီးလဲ အလွန်အကျွံ မဖြစ်သင့်ဟုထင်မိ၏။ ညီမအပေါ် တော်တော်လေး မကြုံစဖူး သံယောဇဉ်တွယ်လွန်းတဲ့သူ အနှိုင်းကို ဖက်ထားလိုက်သည်။

"အခုလဲက မမမောင်လေးဝမ်းကွဲပါ ... "

"ရှင်"

"စိတ်တော့ မလှုပ်ရှားနဲ့ မမချစ်ကူညီမယ် ... စိတ်ငြိမ်ပါ အမှားအယွင်းတွေ မလုပ်မိစေနဲ့ ဉာဏက သော့လှူယုံနော်"

"ဟုတ် ... ဟုတ်ကဲ့ မမချစ်"

"မမသွားမယ် ... "

မမချစ်စကားတွေကြောင့် အနှိုင်းအားတက်သွားရသည်။ ကိုကိုနှင့် ထွက်သွားသံကြားလိုက်ရမှ အနှိုင်း စိတ်သက်သာရာရသွား၏။ အသက်ကို ဖြောင့်အောင်ရှူနိုင်လေသည်။ ကိုကိုက သူမအား အပို့အကြို လုပ်ဖို့ကို ဉာဏအား တာဝန်ပေးခဲ့သည်တဲ့ အနှိုင်းသိပါတယ်။ ကိုကို အစောင့်ချထားခဲ့တာပါ။ ကိုကိုလက်ထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်းလွတ်မြောက်ချင်လာသည်။ နောက်နေ့တွင် အနှိုင်းကို ကျောင်းလိုက်ပို့တဲ့ ကိုဉာဏက စောစောလိုက်ပို့ပေးခဲ့၏။ အနှိုင်း သိနေသည်။ တစ်နေရာရာကနေ အနှိုင်းကို စောင့်ကြည့်နေမယ်ဆို တာ အနှိုင်း အတန်းပဲ တန်း၍ ဝင်လာခဲ့သည်။

"အနှိုင်း ... "

"ဟင် မောင်"

"မောင်သိတယ် ... ဒီလူက ဉာဏမဟုတ်လား"

"ဟင် ... မောင်က ဘယ်လိုလုပ်သိနေရတာလဲ"

"မမချစ်ပြောထားတာပါ"

"ဟုတ်တယ် ... မမချစ်ကသတိပေးထားတယ်လေ အခရာ က သူ့မောင်လေးတဲ့ အကူအညီပေးမယ်လို့ ပြောသွားတယ်"

"ဒီတစ်ပတ်အတွင်း မောင်တို့ အပြင်မှာတွဲလို့မဖြစ်ဘူး မောင်ကတော့လေ ဖြစ်ချင်ရာဖြစ် အနှိုင်းကို ခိုးပြေးလိုက်ချင်တယ်"

"အမလေး မလုပ်ပါနဲ့ မောင်ရယ် ... စိတ်ကို တည်ငြိမ် အောင် ထားစမ်းပါ မမချစ်က မှာသွားတယ်လေ အမှားမလုပ်မိစေ နဲ့တဲ့"

နည်းနည်းလေး စောနေသေးသဖြင့် လူတွေကရှင်းနေ သည်။ အနှိုင်းလက်ကလေးကို အခရာဆုပ်ကိုင်ထား၏။ အပြင် လည်း မထွက်ရဲပေ။ ကိုဉာဏ စောင့်ကြည့်နေမှာ သေချာသည်။

"မောင်"





"ဟင်"

"အနှိုင်းတို့ ထိန်းထိန်းသိမ်းသိမ်း နေကြရအောင်ပါနော် ပညာရေးပဲ ဆုံးခန်းတိုင်တဲ့အထိ ကြိုးစားကြမယ်"

ကိုကိုသာသိသွားရင် ဒေါသတွေ ပေါက်ကွဲကာ အကြီး အကျယ် ပြဿနာတက်မှာသေချာသည်။ ကိုကို့ကိုလည်း လူသတ် တရားခံ မဖြစ်စေချင်သလို မောင့်ကိုလည်း မသေစေချင်ပါဘူး။ အနှိုင်း စိတ်ပူပင်ထိတ်လန့်နေရတာ မောင့်ကိုပြောမပြရဲ ကိုကို့ အပေါ် မုန်းတီးသွားမှာ မလိုလား၍ ဖြစ်သည်။

"အနှိုင်း ကိုကို့ကိုလည်း မမုန်းပါနဲ့နော် ... မောင်၊ ငယ်ငယ် လေးထဲက မိဘလိုသံယောဇဉ်ကြီးကြီးနဲ့ စောင့်ရှောက်လာခဲ့တာ လေ ... "

အခရာကတော့ အနှိုင်းကိုကိုရဲ့စိတ်အခြေကို မယုံကြည်နိုင် အောင် ဖြစ်နေရသည်။ လွှန်လွှန်ကဲကဲ အပြုအမူတွေဟု ထင်မိ၏။ အိပ်မက် အကြောင်းတွေးမိတိုင်း သူ့စိတ်တွေပဲ ချောက်ချားနေရ ပြီး အနှိုင်းသိအောင် မပြောပြရဲခဲ့ ... ။ အနှိုင်းနှင့် ဝေးရမှာ စိတ်ပူ နေသည်။

"အနှိုင်းတို့ အသိရှိကြရအောင်ပါ ... ကိုကိုနဲ့ မမချစ် ဆက်ထပ်ဖြစ်အောင်လည်း အနှိုင်းကြိုးပမ်းချင်တယ် ... စိတ်ရှည် ထားပါမောင်ရယ် ... အနှိုင်းတို့ အသက်အရွယ်က ငယ်ပါသေးတယ် အမှားလုပ်လို့ မဖြစ်ဘူးနော်"

မောင့်အတွက် အန္တရာယ် ရှိနေသည်ဟု အနှိုင်းထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို တကယ်သတ်မှာပါ ... မနေ့ညက ကိုကို့မျက်ဝန်းတွေက ကြောက်စရာကြီးပဲ ... အနှိုင်းမှားပါတယ် အစ်ကို့အကြောင်း သိသိကြီးနှင့် မဆင်မခြင် ချစ်သူထားခဲ့မိသည်။

"စိတ်မပူနဲ့နော် အနှိုင်း ... မောင်ဆင်ခြင်ပါ့မယ် ... အနှိုင်းဘဝမှာ မှဲ့တစ်ပေါက်လေးတောင် မစွန်းထင်းစေချင်ပါဘူး ... အနှိုင်းပျော်နေတာ မောင်မြင်တွေ့ချင်တာပါ ... "

"မောင်ရယ် ... "

အနှိုင်းငိုပစ်ချင်နေသည်။ ကိုကို့ကြိမ်းမောင်းသံတွေက အနှိုင်းနားထဲက မထွက် ... ကြောက်စရာကောင်းနေ၏။ မောင့်လို ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့ ညီမလေးရွေးချယ်ခွင့်မရှိရတာလဲ ကိုကို ...

"ကဲပါ ... အနှိုင်းရာ ... စိတ်ညစ်စရာတွေ မတွေးနဲ့တော့နော် ... မောင်တို့မှာ အချိန်တွေရှိပါသေးတယ် ပညာရေးကိုပဲ အဓိက ထားကြရအောင် မမချစ်လည်း ရှိပါတယ် ... အနှိုင်းကိုကို့ အိပ်ခန်းထဲ အတင်းဝင်ခိုင်းပစ်လိုက်မယ်"

"အင်း ... ဟုတ်တယ်နော်"

မောင်က နောက်ပြောင်လိုက်သဖြင့် အနှိုင်းစိတ်သက်သာရရသွားသည်။ ရယ်မောမိကြ၏။ ကိုကို မရှိတာ စိတ်သက်သာနေရ၏။ အနှိုင်းဘဝမှာ ကိုကို့အရိပ်ကနေ လွတ်မြောက်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်ရတာ ပထမဆုံး ဖြစ်နေသည်။





"ကိုကိုနဲ့ နေထိုင်ရတာ အနှိုင်းအမြဲတမ်း ပျော်ရွှင်ချမ်းမြေ့ခဲ့ရတာပါ ... အကြောင်းတစ်ခုခုရှာပြီး ကျီကျရင်း ကိုကိုချော့မော့နှစ်သိမ့်ပေးတာ ခံယူချင်ခဲ့တာပါ"

အခုတော့ အနှိုင်းမှာ ချစ်သူရှိသွားလို့ အနှိုင်းဘက်မှ စတင်၍ သစ္စာဖောက်လိုက်တာ မဟုတ်လား ... အနှိုင်းစိတ်ထဲကနေ တွေးမိနေသည်။

"အနှိုင်း ... "

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ ... အနှိုင်းမျက်နှာလေး ညှိုးသွားတယ်"

"ကိုကို့ အကြောင်းတွေပါ အနှိုင်းက စတင်ပြီး ချစ်သူရှာပြီး မောင်နှမသံယောဇဉ်ကို ဖြတ်တောက်ပစ်ချင်တာလေ ... ကိုကိုက အနှိုင်းကို အရမ်းချစ်ခဲ့တာပဲ"

အနှိုင်းကို ပိုမို၍ ဂရုစိုက်ကြင်နာလာခဲ့တဲ့ ကိုကို့အကြည့်တွေ အပြုအမူတွေက မထူးဆန်းပေမယ့် အနှိုင်းစိတ်က မလိုလား မနှစ်သက်တာတွေ ဖြစ်ရတာက ထူးဆန်းနေသည်။

"ကိုကို့အကြောင်းတွေ စဉ်းစားမနေနဲ့တော့ အနှိုင်းနော်"

"အင်းပါ ... "

မောင်က အနှိုင်းမျက်နှာလေးကို စေ့စေ့ကြည့်နေသည်။ ချောမောလှပလွန်းတဲ့ မောင့်မျက်နှာပြင်ကိုလည်း အနှိုင်းတုန့်ပြန်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနှိုင်း"

"ရှင် ..."

"မောင့်ကိုချစ်လား ..."

"အင်း ..."

"ဟာကွာ ... အနှိုင်းနှုတ်ခမ်းလေးထဲကနေ ချစ်တယ်လို့ ပြောတာ မောင်ကကြားချင်တာပါ"

ကိုကို့ကို သတိရသွားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ မောင်က မေးနေပြန်၏။ အနှိုင်း စိတ်ခံစားချက်က မတူပဲ မောင့်မေးခွန်းကျမှ သွက်လက်စွာဖြေဆိုခဲ့သည်။

"မောင့်ကို အနှိုင်းချစ်တယ် မောင်က အနှိုင်းရဲ့အချစ်ဦးပါနော်"

"အနှိုင်းရယ် ..."

တစ်ယောက်လက်တစ်ယောက် တင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။

"မောင်တို့ ချစ်သူနှစ်ယောက် ဘယ်လိုအကြောင်းမျိုးမှ မခွဲခွာကြဘူး ကတိပေးပါ ... အနှိုင်းရယ်"

"ကျွန်မကတိပေးပါတယ် ... မောင့်ကို လုံးဝ မခွဲဘူး ... မောင့်ကို ခွဲခွာရမယ့်နေ့က ကျွန်မသေမယ့်နေ့ပဲမောင် ..."

"အနှိုင်း ..."

အခရော ရင်တွေနာကျင်ကြွေကျမတတ် ခံစားရသည်။ အနှိုင်းကတိစကားတွေက သူ့ထက်ပင် ပြတ်သားရဲရင့်နေသည်။





မောင်လည်း အနှိုင်းလိုပါပဲ ... ကွဲကွာရမယ့် အချိန်မှာ သေပစ်လိုက်ကြတာက အကောင်းဆုံးဟု ဆုံးဖြတ်ထားသည်။

"မောင်တို့နှစ်ယောက်ရဲ့ အချစ်တွေ သစ္စာတွေကြောင့် ဝေးကွာဖို့ဆိုတာ ဖြစ်မလာနိုင်ပါဘူး အနှိုင်း ... ပေါင်းကြရမှာပါ"

ကံကြမ္မာတွေကို အနှိုင်းကြောက်ရွံ့နေမိသည်။ ကိုကို့ကြောင့်ပဲ မောင်နှင့်အနှိုင်းတို့ ပေါင်းဖက်ခွင့်မရနိုင်ဟု ထင်မှတ်နေသည်။ ကိုကိုသာ သိသွားရင် မောင်တစ်ခုခုဖြစ်သွားမှာပါ။ မောင်နှင့်အနှိုင်းတို့ သစ္စာပြုခဲ့ကြ၏။ ဘယ်တော့မှ ဘယ်လို အကြောင်းနဲ့မှ မခွဲခွာစတမ်းလို့လေ ... တဖြည်းဖြည်းကျောင်းသား ကျောင်းသူတွေ တဖွဲဖွဲရောက်လာကြသည်။ မိုးစက်လည်း ရောက်လာပြီး အနှိုင်းတို့လို နောက်ပြောင်နေ၏။ စိတ်တွေ သက်သာရာရလာသလိုပင် မိုးစက် အပူအပင် သက်သာရာရလာသလိုပင် မိုးစက်က အပူအပင်မရှိ ... အမြဲတမ်း ရယ်မောနေတတ်သူဖြစ်သည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

သော် တစ်ယောက် စီးပွားရေးထက် တခြားကိစ္စတစ်ခုပါ လျှို့ဝှက်လုပ်ဆောင်နေကြောင်း ချစ် ရိပ်မိလာသည်။ ချစ်ကိုလည်း မခေါ်ပေ။ သူညီမထံလည်း တစ်ချိန်လုံး ဖုန်းဆက်နေသေး၏။ ဉာဏထံလည်း မေးခွန်းတွေ တစ်သီတစ်တန်း မေးတတ်သည်။

"သော်"

"ဟင် … ချစ်"

"အလုပ်ကိစ္စတွေ ပြီးပြီလေ … ချစ်တို့ ပြန်ကြမယ်"

"ချစ်"

"ဟင်"

"မင်း ပြန်နှင့်ပါ"

"ဘာဖြစ်လို့လဲသော် … အတူတူလာကြတာပဲ လာတုန်းကတော့ မနည်းခေါ်လာခဲ့ရတာပါ။ အခု ဘာကိစ္စနဲ့ ရှင်က နေခဲ့ဦးမှာလဲ"





ချစ် မသက်သာဖြစ်ရသည်။ သော့်အမူအယာက မရိုးသားပေ။ ပြီးတော့လည်း ချစ်ကို နည်းနည်းလေးမှ ဂရုမစိုက်၍လည်း ဒေါသဖြစ်နေရသည်။

"ကိုယ့်မှာ တခြားကိစ္စတစ်ခု ထပ်ပေါ်လာလို့ပါချစ် … မင်းကို ပြောပြလို့ မဖြစ်သေးဘူး"

"ပြောပြစမ်းပါ ဘာကိစ္စလဲ … ရှင်တစ်ယောက်ထဲ ဘာတွေလုပ်နေလဲလို့"

"မင်းပြန်ပါ ချစ် … ကိုယ် နောက်ထပ် တစ်ပတ်လောက်ထပ်နေမယ် … အရေးကြီးလို့ပါ"

"သော်"

"ဟင်"

"ချစ်တို့ လက်ထပ်ကြရအောင်"

"ဘာပြောတယ်ချစ် … အမိပ္ပာယ်မရှိတာ၊ မင်းနဲ့ကိုယ်က စီးပွားဘက်ပဲရှိတာ"

သော် အထိတ်တလန့်နှင့် ချစ်ကို ကြည့်မိသည်။ သူနှင့်ချစ်က သူငယ်ချင်းတွေပဲ ချစ်ဘာတွေလာတောင်းဆိုနေမှန်းမသိ။

"သော်ရယ် … ကျွန်မတို့နှစ်ယောက်ပေါင်းပြီး စီးပွားရှာတာ နှစ်တွေ မနည်းတော့ဘူးနော် … ချစ်သူဖြစ်ဖို့ လိုသေးလားဟင်"

ချစ် စိတ်မရှည်တော့။ မိန်းကလေးဖြစ်ပေမယ့် အရှက်ကို ခွင့်ကွက်နိုင်။ လက်ထပ်ဖို့ တောင်းဆိုမိသည်။ သော် နေနိုင်တယ်။ ချစ်ဘယ်လိုပဲ မြူဆွယ်ဖြားယောင်းနေပါစေ ငြင်းပယ်ရှောင်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ဒေါသက ထွက်ချင်သည်။

"တစ်နေ့ကျရင် အနှိုင်းက အိမ်ထောင်ပြုမှာနော် ... ရှင် ကြို့တင်လေ့ကျင့်ထားစမ်းပါ"

"မင်း ဆက်မပြောနဲ့တော့ ချစ် ... မဖြစ်နိုင်ဘူး၊ ကိုယ့်ညီမ အိမ်ထောင်ပြုဖို့ လုံးဝခွင့်မပြုဘူး"

"သော် ရူးနေလား ... ရှင် ဒီလိုကြီးတစ်သက်လုံး ရင်ခွင်ထဲမှာ အုပ်ထားလို့ရမှာလား ... အနှိုင်းလေးရဲ့ ဘဝရှေ့ရေးရော ရှင့်ရှေ့ရေးရော ကြည့်သင့်ပါတယ်"

"မကြည့်ဘူးကွာ ... ကိုယ်လည်း ဘယ်မိန်းမကိုမှ လက်မထပ်ဘူး ... သေတဲ့အထိပဲ"

"သော်ရယ် ... အဲဒီလိုကြီးလုပ်မနေပါနဲ့နော်၊ ရှင့်ကိုကြည့်ရတာ စိတ်မသက်သာလို့ပါ ... ချစ် စိတ်ပူတယ် ... အနှိုင်းလေးက သွေးနဲ့ကိုယ် သားနဲ့ကိုယ် သူ့အနာဂတ်ရှိသေးတယ်"

ချစ် တမင်ပြောပြစ်နေတာပါ။ သော်နဲ့လမ်းခွဲတော့မယ်။ ချစ်ဘက်က ဘယ်လောက်ပဲလိုက်လျော အနစ်နာခံနေပါစေ သော် စိမ်းကားရက်စက်လွန်းသည်။

"ချစ် ... မနက်ဖြန် မင်းပြန်တော့၊ ဒီကိစ္စတွေ ကိုယ်နားမထောင်ချင်ဘူး ... ကိုယ့်ညီမကိစ္စ ကိုယ်ပဲစီမံမယ် ... မင်းဝင်ပါစရာမလိုဘူး"

"သော် ရူးသွပ်သွားမှာစိုးလို့"

"ရူး ... ရူးကွာ"





သူ အော်ပြစ်သည်။ အနှိုင်းကို နိုင်ငံခြားကိုခေါ်ဖို့အတွက် သော် အစီအစဉ်တွေ လုပ်နေခဲ့သည်။ နေရာထိုင်ခင်းစီစဉ်နေတာပါ။ ချစ်ကို ပြန်ခိုင်းရမယ်။ ချစ်ဘက်မှ သူ့ကိုလက်ထပ်ချင်တဲ့ဆန္ဒတွေ အတိအလင်းပြသလာ၏။ သော် လက်မခံနိုင်။ တကယ်တမ်းဆိုရင်တော့ သူရွေးချယ်လက်ထပ်ယူသင့်တာက ချစ်ပါ။ အသိရှိပေမယ့် အချစ်တွေဖြစ်တည်မလာခဲ့။ သူချစ်ခဲ့တာက အနှိုင်းမှဲ။

"ကျွန်မ ပြန်တော့မယ် ... ရှင့်ရဲ့အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်တွေအတွက် ကျွန်မ အားမပေးချင်တော့ဘူး၊ ရှင်နဲ့လည်း စီးပွားရေးတွဲမလုပ်ချင်ဘူး ... သွားမယ် ... ကျွန်မအတွက် ဘာထူးမှာလဲ၊ ရှင့်ကို မျှော်လင့်မနေတော့ဘူး"

ချစ် ဒေါသဖြစ်ဖြစ်နှင့် စိတ်ထဲမှာရှိနေတာတွေ ပြောပြစ်မိသည်။ မထူးတော့ပါဘူး ... ဒီလောက်တောင် ညီမအပေါ် သံယောဇဉ်ကြီးနေတာ အရောနဲ့ပေးစားပြစ်မယ်။ ချစ် ပြောချင်ရာတွေပြောပြီး သော့်အနားကနေ ထလာခဲ့၏။ ကြည့်လေ ... ချစ်ကို မတားခဲ့။ သူ့ညီမတစ်ယောက်ပဲ မိန်းကလေးလို့ ထင်မှတ်နေလားမသိပါဘူး။ လွန်တယ်။

"ဟူး ... ခက်တယ်ကွာ ... ငါ့ဘဝကြီးက ဘာဖြစ်လို့များ ဒီလောက်အထိ ကံဆိုးမိုးမှောင်ကျနေရတာလဲ"

ချစ်က မျက်စောင်းထိုးပြီး ဒေါသတွေပေါက်ကွဲလျက် ထွက်သွားပေမယ့် သော် လုံးဝ မတားဆီးမိ။ ညီမလေးကလွဲပြီး ဘယ်မိန်းမကိုမှ ချော့ချင်တဲ့ဆန္ဒ မရှိခဲ့။ သော် အလွန်အမင်း သတိရနေ



www.burmeseclassic.com

www.burmeseclassic.com



တာက အနှိုင်းမဲ့ပဲ။ ဉာဏကတော့ ခုထိဘာမှ မသင်္ကာစရာ မတွေ့သေးဘူးတဲ့။ ဆရာ စိတ်အေးအေးနေပါတဲ့။ ဉာဏကို ယုံသည်။

"အနှိုင်းလေးက လိမ္မာပါတယ် ... စာလည်းကြိုးစားပါတယ် ... ဆရာ သံသယမဝင်ပါနဲ့"

သော် စိတ်အေးရသည်။ ချစ်ပြန်ပါစေ။ မင်း ကိုယ့်အလုပ်ထွက်လည်း ကိုယ်ဂရုမစိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်မကြာခင် နိုင်ငံခြားမှာ ပြောင်းနေတော့မှာလေ။ သော် ကျေနပ်စွာ ပြုံးလျှက် ညီမလေးဆီ ဖုန်းဆက်သည်။

"အနှိုင်း ... အိပ်ပြီလား။ ကိုကို့ကို သတိရရဲ့လားကွာ"

"သတိအရမ်းရပါတယ်ကိုကို ... ပြန်လာတော့မှာလားဟင်"

"မလာသေးဘူး ... ကိုကို နောက်ထပ်တစ်ပတ်လောက် ဆက်နေဦးမယ် ... အရေးကြီးတဲ့ကိစ္စရှိလို့ ... "

"မမချစ်ရောလား"

"ချစ် ပြန်လာလိမ့်မယ် ... ကိုကိုပဲနေခဲ့မှာ၊ အနှိုင်းလေး လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့"

"ကိုကို့မှာအရေးတကြီးလုပ်စရာရှိနေသေးတယ် ... ဘဝ အတွက်လေ ... အနှိုင်းလေးအနာဂတ်လည်း ပါတယ်"

အနှိုင်း စဉ်းစားမရ၊ ကိုကိုက တစ်ယောက်ထဲနေခဲ့မယ်ဆိုတော့ ဘာကိစ္စရှိသေးလို့လဲ။

"အနှိုင်း ... ငြိမ်သွားတယ်၊ စကားတွေအများကြီးပြောစမ်း





ပါကွာ၊ အနှိုင်းအသံလေးကို ကြားချင်လို့ပါ"

ကိုကိုပြောနေတာကြီးက ချစ်သူရည်းစားတစ်ယောက်အား ကြင်ကြင်နာနာကြွေပြီး ပြောနေသလိုကြီးမို့ ကိုကိုအရက်တွေများ သောက်ထားလားလို့ တွေးမိသည်။

"ကိုကို"

"ဟင်"

"အရက်တွေသောက်နေတာလား၊ မမချစ်ရော ... အနားမှာ မရှိဘူးလားဟင် ... ကိုကို့အသံကြီးက အရက်မူးနေသလိုပဲ ... ညီမလေး စိတ်ပူလို့ပါ"

"ကိုကို အရက်တွေမူးအောင် သောက်ပြစ်ချင်နေတယ်၊ ရင်ထဲမှာ မွန်းကြပ်နေရလွန်းလို့ပါကွာ"

"ဘာဖြစ်နေလို့လဲဟင် ... မမချစ်ကြောင့်လား၊ လူပျိုကြီး နော် ... မိန်းကလေးတစ်ယောက်ကို ရည်းစားစကား မပြောရဲရင် ညီမလေး ဝိုင်းကူပြောပေးမယ်လေ"

"အနှိုင်း"

"ဟင်"

"ကိုကို နှလုံးသားတွေထဲမှာ မိန်းကလေးတစ်ယောက်ကို အရူးအမူးချစ်နေမိတယ်"

"ဟယ် ... တကယ် ... ကိုကိုကတော့လေ မမချစ်လား"

"မဟုတ်ဘူး"

"ဘယ်သူလဲကိုကို ... အမေရိကားကလား၊ ဒါကြောင့် ကိုကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲ ညီမလေးကိုတောင် သတိမရတော့ဘဲနေခဲ့မှာပေါ့လေ"

"ဒါပဲကွာ ... နောက်မှပြောပြမယ် ... ကိုကို ချစ်မြတ်နိုးရတဲ့ကောင်မလေးအကြောင်းတွေလေ ... "

"သိချင်လိုက်တာ ... စွံအောင်လုပ်နော်၊ ညီမလေးကို စိတ်ချ ... လိုအပ်ရင် အကူအညီပေးမယ်"

အနှိုင်းကိုဆက်ပြီး ပြောနေနိုင်တဲ့သတ္တိတွေ မရှိတော့။ ဘယ်လိုရင်ဖွင့်ပြောပြရမှာလဲ။ သော် ရှုးသွပ်ချင်နေသည်။

"ကိုကို ချစ်တဲ့ကောင်မလေးက အနှိုင်းမဲ့ပါလို့ပြောဖို့ ကိုကို သွေးလန့်နေတယ်"

အနှိုင်းကတော့ အစ်ကိုအရင်းတစ်ယောက်အတွက် အားတက်သရော ပြောနေတာကို သူ့အောင့်သက်သက်ကြီးဖြစ်နေရသည်။ လောကကြီးက မတရားဘူး။ သော့်ကျမှ ဘာဖြစ်လို့များ ဆိုးဝါးရက်စက်နေရတာလဲ။ သူ့ကိုယ်သူပင် ရွံမုန်းမိလာသည်။

"အနှိုင်း ... အစားအသောက်တွေရော အဆင်ပြေရဲ့လား။ ကိုကိုဖုန်းနဲ့လှမ်းပြီး စိစဉ်ပေးနေရတယ်"

"ညီမလေးအတွက် ဘာမှစိတ်မပူပါနဲ့နော် ကိုကို၊ ဒေါ်စောက တာဝန်ကြေပါတယ် ... ကိုညဏကလည်း အနှိုင်းကို ဂရုစိုက်ပါတယ် ... ကိုကိုသာ လုပ်စရာရှိတာတွေ အောင်မြင်အောင်လုပ်နော်"

"အင်း"





"ကိုကို့ကို မျှော်နေမယ် ... အမြန်ဆုံးပြန်လာနော်"

ကိုကို ကျေနပ်စေရန် အနှိုင်းပြောလိုက်ရပေမယ့် ကိုကို မရှိတာက အနှိုင်းစိတ်တွေ သက်သာရာရနေခဲ့သည်။ ကိုညဏက အနှိုင်းအား ကိုကို့လောက် သတိထားစောင့်ကြည့်မနေပေ။ အနှိုင်းကို ယုံပါတယ်တဲ့။ အစ်ကိုမရှိတုန်း လွတ်လွတ်လပ်လပ်လေးနေတဲ့။ မောင်နဲ့အနှိုင်းတို့ သတိထားဆင်ခြင်နေထိုင်ရသည်။

"အနှိုင်းလေးအိမ်တော့ ... ဘာတွေလိုချင်လဲ ... ချစ်နဲ့ထည့်ပေးလိုက်မယ်"

"ဟင့်အင်း ... အနှိုင်း ဘာမှမလိုချင်ပါဘူးနော်၊ ကိုကိုသာ အနှိုင်းဆီ အမြန်ဆုံးပြန်လာခဲ့"

"အိုကေ ... အမေရိကားမှာ ကိုကိုချစ်တဲ့ကောင်မလေးနဲ့ အတူတူနေဖို့ စိစဉ်နေတာပါ ... အနှိုင်းရော လိုက်နေမယ်မဟုတ်လား"

"ရှင်"

အနှိုင်းမဖြေနိုင်။ မောင်နဲ့ခွဲခွာပြီး ဘယ်လိုအရပ်ဒေသမျိုးမှာမှ အနှိုင်းမနေချင်ပေ။ ကိုကိုက အမေရိကားက မိန်းကလေးကို လက်ထပ်မှာလားပဲ။ စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ။

"အနှိုင်း ဖြေလေ ... ကိုကိုမေးရင် တက်တက်ကြွကြွ လျှင်လျှင်မြန်မြန် ဖြေလေကွာ"

"ကိုကိုနေရင် အနှိုင်းလည်း လိုက်နေမှာပေါ့၊ ဒါပေမဲ့ ... အနှိုင်း ဆရာဝန်ဖြစ်ပြီးမှနော်"



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်း ဆရာဝန်ဖြစ်လာတဲ့အထိ ကိုကိုမစောင့်နိုင်တော့ဘူး ကွာ။ မကြာခင် စီစဉ်မယ်။ အနှိုင်းကို တစ်နည်းနည်းနှင့် နိုင်ငံခြားကို ခေါ်သွားဖို့ ကြံစည်စိတ်ကူးထားသည်။

"အနှိုင်းလေး အိပ်တော့ ... ကိုကို ချစ်တယ် ... ဂွတ်နိုက်"

"ဂွတ်နိုက် ... "

သူ ဖုန်းကိုပိတ်ပြစ်လိုက်သည်။ ဒီလောက်လေးဆို တော်ပါပြီ။ ရှတ်တရက်ကြီး ပြောလို့လည်း မဖြစ်ဘူး။ အနှိုင်းရဲ့အမုန်းတွေကိုလည်း သော် လုံးဝခံယူနိုင်မှာ မဟုတ်၍ ဖြစ်၏။ အနှိုင်းက နှလုံးသားနုနုလေးပါ။ မနက်ဖြန် ချစ်ပြန်မယ်။ သူ့ပို၍ လွတ်လပ်စွာ လှုပ်ရှားနိုင်မည်ဖြစ်သည်။ သူ ညဏာဆီလည်း ဖုန်းဆက်နေမိ၏။ အနှိုင်းနှင့်ပတ်သက်တာတွေ သတင်းအတိအကျ ရနိုင်ရန်ဖြစ်သည်။

"ဆရာ ... ဘာမှစိတ်မပူပါနဲ့၊ အနှိုင်းက လိမ္မာပါတယ်၊ အတန်းကလွဲပြီး တခြားဘယ်မှမသွားဘူး၊ ကျွန်တော် အချိန်ပြည့် စောင့်ကြည့်နေတာပါ"

ဆရာသမားက လွန်လွန်းသည်ဟု ညဏာထင်လာသည်။

"ညဏာ"

"ဗျာ"

"မိန်းကလေးဆိုတာ မာယာများတယ်နော် ... မင်းမသိသေးတာတွေ အများကြီးရှိတယ်ကွ"

"အနှိုင်း စာသင်ခန်းထဲအထိတော့ ကျွန်တော်လိုက်ကြည့်လို့ မသင့်တော်ဘူးထင်ပါတယ် ဆရာ ... "





"ကြည့်သင့်ရင် ကြည့်ရမယ်ကွ ... မင်းပြောတာလည်း တိကျပါစေညဏာ ... ကိုယ်က နောက်ထပ်တစ်ပတ်လောက် ထပ်နေဦးမယ် ... လုပ်စရာရှိလို့၊ ကိုယ်ပြန်လာရင် မင်းနဲ့တိုင်ပင်စရာရှိတယ်၊ ဂရုစိုက်ပါ ... "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... စိတ်ချပါနော် ဆရာ၊ ကျွန်တော် မသိမသာနဲ့ အနှိုင်းလေး စာသင်ဆောင်တွေအထိ လိုက်ကြည့်ပေးပါ့မယ်"

"အေး ကောင်းတယ် ... လုံးဝမျက်ခြေမပြတ်စေနဲ့ ... လုံးဝနော်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

မဖြစ်ဘူး ... မဖြစ်ဘူး။ အနှိုင်းကို တစ်နေ့တစ်ခြား စိတ်မချဖြစ်လာနေသည်။ မြန်မာပြည်မှာ ကြာကြာမနေလိုတော့ပေ။ ညဏာကိုတော့ ရင်ဖွင့်တိုင်ပင်ရမယ်။ သော်တစ်ယောက်ထဲ ကြိတ်ခံစားနေလို့ ရူးတော့မယ်ထင်တယ်။ သူ့စိတ်တွေ တည်ငြိမ်စေရန် အရက်သောက်ဖြစ်သည်။ အရက်က နည်းနည်းများသွားပြီထင်၏။ သူ အိပ်ပျော်သွားသည်။

"သော် ... သော် ... တံခါးဖွင့်ပါဦး၊ ဘာဖြစ်လို့ ဒီလောက်အထိ အိပ်ပုတ်ကြီးနေရတာလဲ ... ညကရော အိပ်ရဲ့လား"

ချစ် ပြန်တော့မည်ဖြစ်၍ သော့်ကို လာနှုတ်ဆက်တော့ အိပ်ရာကနေ မနိုးသေး၍ အတင်းနှိုးမိသည်။

"သော် ... သော် ... ထတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ... ဒုန်း ... "

ဖြစ်ချင်ရာဖြစ် ပတ်ဝန်းကျင်ကိုတောင် သတိမထားမိတော့ဘဲ သော့်ကို နိုးပြစ်လိုက်သည်။ အခန်းထဲမှ လှုပ်ရှားသံကြားရပြီး သော်က တံခါးလာဖွင့်ပေး၏။ သော့်ဆီက အရက်နံ့တွေထောင်းထောင်းထနေသည်။

"သော် ... ရှင်အရက်တွေသောက်ထားတာလား၊ ဘယ်တုန်းကများ သောက်ဖူးလို့လဲ ... ရှင် ဘာတွေဖြစ်နေလဲသော်၊ ပြောစမ်းပါ ... ချစ် လုံးဝစိတ်မချတော့ဘူး"

"ချစ် ... ဒီကိစ္စတွေ အန္တိုင်းမသိစေနဲ့နော်၊ လုံးဝမပြောဖြို့သတိပေးလိုက်မယ် ... မင်းပြန်တော့ ... "

"ပြန်မှာပါ ... ပြန်မှာပါ ... ရှင့်ကိုလာနှုတ်ဆက်တာ၊ ဟွန်း ရှင် အရက်တော်တော်သောက်ထားတာပဲ ... ကြည့်စမ်း အခန်းထဲမှာ ပုလင်းတွေ ... "

"ထားလိုက်ပါ ... မင်းအလုပ် မင်းလုပ်ပါ ချစ် ... ငြိမ်းသွားတော့ ... ကိုယ်ဆက်အိပ်ချင်သေးတယ်"

"ရှင့်ညီမအတွက် ဘာမှာလိုက်ဦးမလဲ"

"မရှိဘူး"

"တကယ်ပါပဲ ... သွားပြီ၊ မြန်မာပြည်ပြန်ရောက်တာနဲ့ ရှင့်ညီမကို လင်ပေးစားပြစ်မယ်"

"ဘာ ... ဘာပြောတယ်၊ မင်းဘာစကားပြောလိုက်တာလဲ"

ချစ် ခပ်သွက်သွက် ပြေးဆင်းသွားသဖြင့် မင်းသေချင်နေ





လား။ မင်းကို ငါသတ်ပြစ်မှာနော်ဟု ဒေါသတကြီး ပြောလိုက်သည်။

"တောက် ... "

ဒေါသထွက်ရသည်။ ချစ်က အရေးမစိုက်သလို သူ့ကိုပင် လှည့်မကြည့်တော့ စိတ်တွေပူလောင်လာရသည်။ ချစ်နောက်သွားတာလား။ ငါ့ညီမက ငါ့စကားကလွဲပြီး ဘယ်သူ့စကားမှ နားထောင်မှာမဟုတ်ဘူးနော်။ မင်းကိုသတ်ပြစ်မယ် ချစ် ... ငါ့ညီမကိုထိလို့ကတော့ မရဘူးမှတ်။ သူ ကြိမ်းမောင်းနေမိသည်။

☆

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၆ )

"အနှိုင်း ... မောင်းတော့ အရမ်းစိတ်ပူနေတယ်၊ အနှိုင်း ကိုကို့လုပ်ရပ်တွေက မရိုးသားဘူး ... သူချစ်သူနဲ့အမေရိကားမှာနေဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

"အနှိုင်းလည်းမသိဘူး ... ကိုကို့အမူအယာတွေက ထူးခြားနေတယ်၊ အနှိုင်းကြောင့်ပါ ... အနှိုင်းက ကိုကို့ကိုထားခဲ့ပြီး အိမ်ထောင်ပြုသွားမှာ ကိုကိုအရမ်းကြောက်နေတယ်၊ ညီမလေးကို အရမ်းချစ်တာလေ"

အခရာကတော့ အဓိပ္ပာယ်မရှိဘူးဟုထင်သည်။ ညီမလေးကို ဘယ်လောက်ပဲချစ်ပြီး သံယောဇဉ်ကြီးနေပါစေ။ ကိုစစ်နိုင်သော် အပြုအမူတွေက သဘာဝထက်လွန်ကဲနေ၏။ အခရာ လက်မခံနိုင်။ အနှိုင်းကိုများ နိုင်ငံခြားခေါ်သွားမလို့လား။ မမချစ် ပြန်ရောက်လာပြီး စိတ်ပူပင်စရာ စကားတွေ ကြားခဲ့ရသည်။

"အနှိုင်း ... ကိုကို့ရဲ့အပြုအမူတွေက မှုမမှန်တော့ဘူး၊ မောင်





စိတ်ထဲမှာ သံသယတွေ ဝင်နေတယ် ... မသင်္ကာတော့ဘူး"

"ဟင် ... ဘာလို့လဲမောင်"

"အနှိုင်း"

"ပြောလေ မောင် ... "

"အနှိုင်းတို့က မောင်နှမအရင်းအချာတွေမှ ဟုတ်ရဲ့လား"

"ဘာ ... ဘာပြောတယ်မောင် ... ဒီမေးခွန်းမျိုးက လုံးဝမမေးသင့်တာပါ ... ကိုကိုနဲ့အနှိုင်းကို မောင်က ဘယ်လိုမျိုးထင်နေတာလဲ"

မောင့်ကို အနှိုင်း အချစ်ဦးလည်းဖြစ်၍ အလွန်အမင်း ချစ်မြတ်နိုးမိပေမယ့် ကိုကိုနှင့်အနှိုင်းတို့ရဲ့ မောင်နှမသံယောဇဉ်အား စော်ကားသံသယဝင်တာမျိုးတော့ အနှိုင်း လုံးဝလက်မခံနိုင်ပါဘူး။ အနှိုင်း ထိုင်နေရာကနေ ဆတ်ခနဲ ထလိုက်သည်။

"အနှိုင်းတို့ မောင်နှမက အရမ်းချစ်ကြတယ်၊ သံယောဇဉ်ကြီးကြတယ် ... တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်ကတောင် အပျောက်ခံကြတာ မဟုတ်ဘူး ... မောင် ဘာဖြစ်လို့ သံသယဝင်ရတာလဲ၊ အနှိုင်းတို့က မောင်နှမအရင်းတွေမဟုတ်လို့ ဘာဖြစ်ရမှာလဲ"

ကိုကို့အပြုအမူတွေက အစ်ကိုတစ်ယောက် သံယောဇဉ်ထက် အလွန်အကျူးဖြစ်နေခဲ့တာ အနှိုင်းသိပေမယ့် ကိုကို့အပေါ် မောင်က အထင်သေးတာတော့ အနှိုင်း ကန့်ကွက်သည်။

"အနှိုင်း ငယ်ငယ်လေးထဲက မေမေရှိစဉ်ထဲကပဲ အနှိုင်း



www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ဘူး … အနှိုင်း ကိုကို့ကို လုံးဝအပြစ်တင်တာ လက်မခံနိုင်ဘူးနော် … အနှိုင်း မကြိုက်ဘူး”

အနှိုင်း အသံလေးက ပြတ်တောက်မာကျောနေသလို မျက်ဝန်းတွေထဲမှာ ဒေါသတွေနှင့် မောင် အံ့ဩရသည်။ အနှိုင်းကို ထိုစကားမျိုး အခုရော လုံးဝမပြောသင့်တာပါ။ အခုရော တောင်းပန်မိသည်။

“ပြန်ထိုင်ပါဦး အနှိုင်းရယ် … မောင် မှားသွားပါတယ်၊ မောင် အရမ်းစိတ်ပူသွားလို့ပါကွာ … မောင့်စကားအတွက် အနူးအညွတ်တောင်းပန်ပါတယ် … မောင်တို့နှစ်ယောက် သစ္စာဆိုထားကြတယ်လေ … ဘယ်လိုအကြောင်းမျိုးမှ မကွဲကွာကြဖို့”

“ကိုကို့ကိုတော့ မထိပါနဲ့မောင် … အထင်လည်း မသေးပါနဲ့၊ ကိုကိုက အရမ်းဉာဏ်ပညာထက်မြက်ပြီး အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ပါ … ညီမအတွက် ရှုးသွပ်နေတာလေ၊ အနှိုင်းတို့မှာ ဒီမောင်နှမပဲရှိတာ၊ ကိုကိုပိုပြီး ခံစားရလိမ့်မယ်”

“အနှိုင်းရယ် … မောင်မှားသွားပါတယ်ကွာ၊ ဒီစကားတွေ မေ့ထားလိုက်ကြရအောင်ပါ … ကိုကို့ကိုလည်း အစ်ကိုတစ်ယောက်လို မောင် ချစ်ပါတယ် … ”

“ကိုကို့ကို လေးစားရမယ်မောင် … အထင်လည်း မသေးပါနဲ့၊ သံသယဝင်နေရင် မောင့်အနေနဲ့ အနှိုင်းကိုထားပြစ်ခဲ့ပါနော်”

“အနှိုင်းရယ် … မောင် ဘယ်လိုလုပ်ပြီး အချစ်ဦးကိုစွန့်ခွာထားခဲ့ရက်မှာလဲ … ဘယ်လိုအကြောင်းမျိုးနဲ့မှ မထားခဲ့ပါဘူး”





အနှိုင်း ခန္ဓာကိုယ်လေးအား အခုရော တင်းကြပ်စွာပွေ့ဖက်ထားမိသည်။ မနက်ဖြန်ဆို အနှိုင်းကိုကို ပြန်ရောက်လာတော့မယ်။ အခုရောတို့ လွတ်လပ်မှုတွေ ဆုံးရှုံးရတော့မည်ဖြစ်သည်။ အခုရော စိတ်မအေးနိုင် … မမချစ်က သော်ကိုတောင် စိတ်မဝင်စားတာ ဘာကြောင့်လဲ။ အနှိုင်းက အဖြူရောင်သက်သက်လေ ဘာသိမှာလဲ။

“မောင်တို့ ပညာရေးပဲ အာရုံစိုက်ကြမယ် … တခြား ဘာမှ မတွေးကြတော့ဘူးနော်”

“မောင်ရယ်”

မောင့်ကိုလည်း အနှိုင်းချစ်သည်။ ဘယ်လိုအကြောင်းမျိုးနဲ့မှ ခွဲနိုင်ပါဘူး။ ကိုကိုကရော အနှိုင်း မရက်စက်နိုင်။ ဥပေက္ခာလည်း ပြုမထားနိုင် ဖြစ်ရသည်။

“ကိုကိုသဘောတူလက်ခံတဲ့အထိ အနှိုင်းကိုစောင့်ပေးစေချင်တယ် မောင် … ကိုကို့ဆန္ဒကိုတော့ အနှိုင်းမဆန့်ကျင်နိုင်ဘူး၊ နားလည်ပေးပါနော်”

“မောင် နားလည်ပါတယ် အနှိုင်းရယ် … စောင့်ပေးမယ်၊ မောင်ချစ်သူ အနှိုင်းဆံဖြူသွားကျိုး အသွားကြိုးဖြစ်တဲ့အထိဆိုရင်တောင် မောင် စောင့်နေမယ်”

“တကယ်နော်”

“ကတိ … ”

တစ်ယောက်လက်လေးကို တစ်ယောက်ဆွဲပြီး လင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြသည်။

"အနိုင်းမဲ့ … နင် … နင် … "

"ဟင် … ကိုကို၊ ဘယ်တုန်းကရောက်လာတာလဲ"

"ဟုတ်တယ် … ငါမနက်ဖြန်မှပြန်လာဖို့ပဲ … နင့်ကိုစိတ်မချလို့ ဘယ်သူ့မှအသိမပေးဘဲ ပြန်လာခဲ့တာ၊ ငါထင်ထားတဲ့အတိုင်းပါပဲလား အနိုင်းမဲ့ … ရက်စက်လိုက်တာ၊ နင် … နင် … ငါ့စကားတွေကို မနာခံဘူး … ချစ်သူထားတယ်၊ သစ္စာမဲ့တဲ့ ကောင်မလေးပဲ"

"အနိုင်းလေကိုကို … အနိုင်း … "

"တိတ်စမ်း ဆက်မပြောနဲ့ … ဟေ့ကောင် မင်းက ဘာကောင်လဲ … "

"ကိုကို … သူ … သူ … ဟို မောင် သွားပါတော့နော်"

"ဘာ … မောင် ဟုတ်လား … "

"ကဲဟာ"

"ဖြန်း"

"ဖြန်း"

"အား … ကိုကို"

သော် စိတ်တွေပေါက်ကွဲလှုင့်စင်သွားရပြီး အနိုင်းမဲ့ပါးပြင်အား ဘယ်ပြန်ညာပြန် ရိုက်ချပြစ်လိုက်မိသည်အထိ သူ့မျက်ဝန်းတွေထဲမှာ မီးဝင်းဝင်းတောက်သွားရသည်။

"ကိုစစ်နိုင်သော် … အဲဒီလိုမလုပ်ပါနဲ့၊ ကျွန်တော် ရှင်းပြမ





မယ် … တောင်းပန်ပါတယ်"

"ဟေ့ကောင် … မင်းဘာမှလာမပြောနဲ့၊ မင်းပါးစပ်ပိတ်ထားစမ်း … ထွက်သွား … ငါ့ညီမနဲ့လာပြီး ပတ်သက်ဖို့ မကြိုးစားနဲ့၊ မင်းကို ငါသတ်ပြစ်မယ်"

"ကျွန်တော်က လူကြီးလူကောင်း ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝန်းက တစ်ဦးတည်းသော သားပါ ကိုကို … "

"ဘာ … မင်းလိုကောင်ကများ … ဒီမှာ ငါ့ညီမအနိုင်းမဲ့နဲ့ တန်တဲ့ကောင် တစ်ကောင်မှမရှိဘူး … မှတ်ထား … ကျောင်းလည်း ဆက်မတက်ရတော့ဘူး၊ မင်းသွားတော့ … အနိုင်းမဲ့ကို မင်းရယူဖို့ မကြိုးစားနဲ့နော် … ငါမင်းကို မရက်စက်ချင်လို့ သတိပေးနေတာပဲ ကြားလား … "

သော် လုံးဝလက်မခံနိုင်ဘဲ အနိုင်းလက်ကိုဆွဲ၍ ကားထဲပြစ်ထည့်လိုက်ကာ လော့ဒ်ချပြစ်လိုက်သည်။

"ဟေ့ကောင် … မင်းဟာမင်း ဘာကောင်ကြီးပဲဖြစ်ဖြစ် လုံးဝအထင်ကြီးစရာမရှိဘူး … ငါ့ညီမက အသက်မပြည့်သေးဘူးနော် … ဒါပဲ သိထားစမ်း … "

"အနိုင်း … မောင့်ကိုမေ့မသွားပါနဲ့၊ မောင်တို့ လုံးဝမခွဲဘူးနော် … မောင်တို့သစ္စာရှိရှိ စောင့်ကြမယ် … ကြားလား"

"တောက် … "

သော် ဒေါသတကြီးနှင့် ကားကိုဝေါခနဲ မောင်းထွက်လာခဲ့သည်။ အနိုင်းမဲ့ သစ္စာမရှိလိုက်တာ။ ချစ်သူတောင် ထားတတ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ခေါ်တာတောင် မောင်တဲ့ ... သော့်စိတ်တွေ ယောက်ယက်ခတ်ပြီး ကားမောင်းတာပင် မတည်မငြိမ်နှင့် ဘယ်ညာတိမ်းခါနေ၏။ အနှိုင်းမဲ့က ကြောက်လန့်တကြား တားဆီးနေသည်။

"ကိုကို ... အနှိုင်း မှားပါတယ်၊ အနှိုင်း တောင်းပန်ပါတယ်နော် ... အနှိုင်း ရှင်းပြတာကို နားထောင်ပေးပါ၊ စိတ်တွေကိုလျှော့ပြစ်လိုက်ပါ နော် ... "

"တောက်"

သော် ဘယ်လိုမှ ဒေါသတွေကို လျှော့မပြစ်နိုင်ဘဲ ပို၍ပင် ပေါက်ကွဲနေသည်။ အိမ်ကိုရောက်အောင်ပဲ ကားကိုနှုန်းမြင့်၍ မောင်းလာခဲ့၏။ ကား ခြံထဲဝင်လာသည်နှင့် ဝေါခနဲ ထိုးရပ်ပြီး အနှိုင်းမဲ့အား ကားပေါ်မှဆွဲချကာ တိုက်ထဲဝင်စေသည်။

"ဆရာ ဘယ်လိုဖြစ်လာရတာလဲ"

"ဟေ့ကောင် ဉာဏ ... မင်းတော်းပဲ၊ အသုံးမကျတဲ့ကောင်၊ မင်းကို အလုပ်ဖြုတ်လိုက်ပြီ ... မင်းထွက်သွားတော့၊ နောက်ထပ် ငါ့မျက်စိအောက် ဘယ်လိုအကြောင်းနဲ့မှ ရောက်မလာနဲ့"

"ဆရာ ... ဆရာ ... "

"ထွက်သွား"

သော် ဒေါသတကြီး အော်ဟစ်၍ တိုက်ကြီးထဲဝင်လာခဲ့သည်။ တွေ့မြင်ရာတွေကို ဆောင့်ကန်တွန်းပြစ်၍ ဝုန်းဒိုင်းကြဲကာ အပေါ်ထပ်ရှိ အနှိုင်းမဲ့အခန်း တက်လာခဲ့၏။ ဒေါသတွေက ထိန်းချုပ်လို့မရတော့ဘူး။ ချစ်သူရှိနေတဲ့ အနှိုင်းမဲ့အား လုံးဝခွင့်မလွှတ်





နိုင်ဘဲ ဖြစ်နေသည်။

"ဝုန်း"

"ကျွီ ... "

"ဟင်"

"အနှိုင်းမဲ့ ... "

သူမ အခန်းတံခါးကို ဆောင့်ကန်ဖွင့်၍ ကိုကို ဒလကြမ်းဝင်လာသည်။ အနှိုင်း ကြောက်လွန်းသဖြင့် အသားတွေပင် တဆတ်ဆတ်တုန်ယင်လာနေ၏။ ကိုကို ဘာဖြစ်လို့များ ဒေါသတွေကြောက်စရာကောင်းလောက်အောင် ထွက်နေရတာလဲ။ သူမကိုကြည့်တဲ့ မျက်ဝန်းတွေက မာထန်နေသည်။

"အနှိုင်းမဲ့"

"ရှင် ကိုကို ... "

"နင် ဘာအချိုးချိုးတာလဲ၊ ငါ့အပေါ် ဘာဖြစ်လို့များ သံယောဇဉ်မဲ့ချင်ရတာလဲ အနှိုင်းမဲ့ ... "

"အနှိုင်း မှားသွားပါတယ်ကိုကို ... သူ ... သူကိုလေ အနှိုင်း ချစ်မိသွားပါတယ် ... အနှိုင်းတို့ ချစ်ခြင်းကို မခွဲပါနဲ့နော်"

"ဘာ ... တိတ်စမ်း၊ ဆက်မပြောနဲ့တော့၊ နင့်ကို ပညာသင်ဖို့ ကျောင်းကိုလွှတ်လိုက်တာလေ၊ နင်က ချစ်သူရှာနေတာပဲ၊ နင့်မှာ ဘာရိုးသားဖြူစင်မှုရှိလဲ ... ကျေးဇူးကန်းတဲ့မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အနှိုင်း ကိုကိုသဘောမတူဘဲ မောင့်ကိုလက်မထပ်ပါဘူး နော်"

"ဘာ ..."

"ဖြန်း"

"အား ..."

"ဖြန်း"

"ကိုကို အရမ်းရက်စက်တယ်၊ ညီမလေးက ဓာတ်စင်ပေါ်က ရုပ်သေးရုပ်တစ်ရုပ် မဟုတ်ဘူး ကိုကို ..."

"ဘာပြောတယ်"

"ညီမလေးချစ်သူက လူတော်လူကောင်းပါ။ မိဘတွေကလဲ ချမ်းသာတယ် ... ဘာမှထောက်ပြစရာ အပြစ်မရှိသူပါ ကိုကို"

"တော်စမ်း ... နင်ဆက်မပြောနဲ့တော့နော်"

"အစ်ကိုတစ်ယောက်အနေနဲ့ ကိုကိုလက်ခံပေးသင့်ပါတယ်"

"အနှိုင်းမှဲ့ ... နင် ... နင်က ..."

ငါ့ရဲ့ညီမလေးအရင်း မဟုတ်ဘူးဟု သော် ဒေါသတကြီး အော်ဟစ်ပြောလိုက်ချင်ပေမယ့် သူ့စိတ်ကို အလျှင်အမြန်ထိန်းချုပ် ပြစ်လိုက်သည်။ အနှိုင်းမှဲ့ရဲ့ အမုန်းတွေ ပိုမိုခါးသီးနာကျည်းသွားမှာ စိုးရိမ်နေခဲ့၏။ ညီမလေး ရှက်သွားလိမ့်မယ်။ ချစ်သူရှိနေပြီဖြစ်၍ သူ့ကိုစွန့်ခွာသွားမှာ သေချာသည်။

"နင် ကျောင်းဆက်မတက်ရတော့ဘူး၊ အိမ်ထဲမှာပဲနေ





မယ် ... နင့်ကောင် မသေချင်ရင်ပေါ့ ..."

"ကိုကို"

"ဆက်မပြောနဲ့"

"အနှိုင်း ကျောင်းဆက်တက်ပါရစေ ... အနှိုင်းဘဝရဲ့ ရည်မှန်းချက်က ဆရာဝန်ဖြစ်ဖို့ပါ"

"ဆရာဝန်ဖြစ်ချင်တဲ့သူက ရည်းစားထားလား ... နင့်ကို ငါဘယ်လို ယုံရမလဲ"

"အနှိုင်းမှာ ချစ်သူရှိတာက ရှိတာပဲ ... ပညာရေးက ပညာရေးပဲ အနှိုင်းတို့မှာ ရည်မှန်းချက်တွေရှိပါတယ်"

"မင်းချစ်သူကို စွန့်လွှတ်ရမယ် ... မင်းနိုင်ငံခြားမှာပဲ ဆေးပညာတွေ သင်ကြားဖို့ ကိုကိုစီစဉ်ပေးမယ် ဘယ်လိုလဲ ..."

အနှိုင်းကို ရိုက်နှက်မိသွား၍ သော် စိတ်အထိခိုက်ကြီးထိခိုက်ရသည်။ လေသံမာမာနှင့်ပင် ပြောခဲ့ဘူးခြင်း မရှိခဲ့။ သူ့လက်တွေကိုပင် ရိုက်ချိုးပြစ်ချင်သည်။

"အနှိုင်း လက်မခံနိုင်ဘူး ကိုကို ... သတ်ချင်သတ်ပြစ်လိုက်ပါ ... အနှိုင်း မောင်နဲ့ မခွဲနိုင်လို့ပါ"

"မင်း ... အနှိုင်းမှဲ့"

အနှိုင်းမှဲ့အား အကြမ်းနည်းနှင့် ချုပ်ကိုင်နိုင်လို့မဖြစ်တော့ဘူးဆိုတာ သော် သိလိုက်သည်။ ခင်းနဲ့ငါ သွေးသားမတော်စပ်ဘူးဆိုတာလည်း သူ့နှုတ်ကပြောမထွက်ခဲ့။ အနုနည်းနှင့် နိုင်ငံခြားကို ခေါ်ဆောင်သွားဖို့ပဲ စဉ်းစားထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆောလောဆယ်တော့ မင်းကို သည်းခံပေးလိုက်မယ်၊ အနှိုင်းမဲ့ နိုင်ငံခြားမှာ မင်းနဲ့ကိုကို နေထိုင်ဖို့ အားလုံးစီစဉ်ပြီးသွားပြီ”

သော့်စိတ်ထဲကနေပြောရင်း တသိမ့်သိမ့်ရှိုက်ငိုနေသော အနှိုင်းမဲ့အနားကပ်ထိုင်လိုက်ပြီး ပခုံးလေးနှစ်ဖက်အား ဆွဲယူ၍ သော့်ရင်ခွင်မှာ အပ်ထားလိုက်သည်။

“ကိုကို့အပေါ် ဘာဖြစ်လို့များ ရက်စက်ချင်ရတာလဲ ညီမလေးရယ် … ညီမလေးကို ဘယ်တုန်းကမှ စိတ်မချခဲ့ဘူး၊ မေမေ့လက်ထဲမှာ အပ်ထားခဲ့ရတာတောင် ကိုကို့ စိတ်မချနိုင်ခဲ့တာပါကွာ”

အနှိုင်းရဲ့ခေါင်းလေးကို ကုတ်ဖွပွတ်သပ်ပေးရင်း ပါးပြင်လေးပေါ်မှ သူ့လက်ချောင်းရာတွေ ထင်းနေတာလည်း ပါးပြင်ချင်းပွတ်သပ်တောင်းပန်မိသည်။

“ကိုကို မှားသွားပါတယ် ညီမလေးအပေါ် ဒီလောက်အထိ မရက်စက်သင့်ဘူး … ကြည့်စမ်း … ပါးပြင်လေးပေါ်မှာ ဒဏ်ရာတွေ့ ကိုကိုအသုံးမကျတာပါ … ကိုကို့စိတ်တွေကို မထိန်းချုပ်နိုင်ခဲ့တာပါ”

အသံတွေထွက်အောင်ပင် ကလေးဆန်ဆန်လေး ငိုယိုနေတဲ့ အနှိုင်းကို သူတွေးပွေ့ချော့မြူနေမိသည်။

“ကိုကို့လက်တွေကို အပြစ်ပေးရမယ် … ချစ်ရတဲ့အနှိုင်းလေးကို ရက်စက်နိုင်လို့”

သူ … ဒေါသတကြီးနှင့် ထ၍လက်သီးနှင့်နံရံတွေကို ထိုး





လိုက်သဖြင့် အနှိုင်း စိုးရိမ်တကြီး ဆွဲထားသည်။

“ကိုကို မလုပ်ပါနဲ့ … အနှိုင်းလည်း မှားခဲ့တာပဲ၊ အနှိုင်း ပညာသင်တဲ့အရွယ်မှာ ချစ်သူထားခဲ့တာလေ၊ အနှိုင်းကို ရိုက်သင့်ပါတယ်နော်”

“ကိုကို လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ညီမလေးကို ရိုက်မိလို့ပါ”

သော်လည်း မျက်နှာပေါ်မှာ လက်ဝါးဖြင့် အုပ်၍ ငိုပြစ်သည်။

“ကိုကိုရယ် … အနှိုင်းမှားပါတယ် … ကိုကို ဒီလောက်အထိ ထားနေတဲ့ကြားကနေ ချစ်သူထားခဲ့မိတယ်”

“အနှိုင်းလေးရယ်”

အနှိုင်းကိုယ်လုံးလေးအား သော် … လွှတ်ထွက်သွားမှာ ကြောက်နေသည့်အလား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိနေသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"သော် သိသွားပြီ ဟုတ်လား အခရာ ... ထင်တယ် ... သူ လူမသိ သူမသိ ပြန်ရောက်လာမယ်ဆိုတာလေ"

ညီမအပေါ် အလွန်အမင်း သံယောဇဉ်တွယ်နေတဲ့ သော့်ကိုတောင် ချစ် ဒေါသထွက်ရင်း မုန်းတီးလာမိသည်။

"အခုတော့ ဘယ်လိုလုပ်မလဲ အခရာ ... မောင်လေးတို့ ချစ်သူနှစ်ယောက် ဝေးကြရတော့မယ်ထင်တယ်၊ သော့်အကြံအစည် သိသွားပြီ ... သူ့ညီမနဲ့သူတို့ နိုင်ငံခြားမှာနေထိုင်ဖို့ သူကြိုတ်စီစဉ် နေတာပဲ"

"ဗျာ"

"မမချစ် ထင်သားပဲ ... "

"ကျွန်တော် လုံးဝလက်မခံနိုင်ဘူး မမချစ် ... အဓိပ္ပာယ်ရှိ တာဘဲ ... ကိုစစ်နိုင်သော်ကို ကျွန်တော် လုံးဝမယုံကြည်တော့ဘူး





အရှုံးကြီးပဲ ... "

အခရာ ဒေါသတွေပေါက်ကွဲပြီး ပြစ်ပြစ်နှစ်နှစ်ဝေဖန်ပြောဆိုမိသည်။ အနှိုင်းကြောင့်ပါ။ ခင်ဗျားကြီးကို စိမ်ခေါ်ပြစ်လိုက်ချင်တယ်။ အနှိုင်းကို အဝေးကိုခေါ်သွားလို့ကတော့ အခရာခွင့်ပြုမယ် ထင်နေလား။ အခရာ ဘယ်လိုလုပ်ရမှန်းမသိဘဲ အနှိုင်းနှင့်တွေ့ချင်စိတ်တွေ ပြင်းပြလာရသည်။

"စိတ်ကို လျှော့ထားလိုက် အခရာ ... မင်းဘာမှမပူနဲ့ မမ တစ်ယောက်လုံးရှိတယ် ... မမချစ် အစွမ်းကုန်ကူညီမယ်"

"ကျွန်တော်ကတော့ အနှိုင်းရှိနေမယ့်နေရာ မိုးအဆုံးမြေအဆုံး လိုက်ပြီးရှာမယ် ... ပြန်ခိုးမယ်"

"အခရာရယ် ... မောင်လေး ခံစားချက်တွေကိုလည်း မမချစ် သိပါတယ် ... သည်းခံနေလိုက်ပါ မမချစ် စုံစမ်းပေးမယ်"

ချစ်လည်း သော့်လုပ်ရပ်အမူအယာတွေအတွက် သံသယတွေ ဝင်နေသည်။ မောင်နှမအရင်းမှ ဟုတ်ရဲ့လားလို့ပါ။ အခရာလည်း ထင်နေ၏။ ဘယ်လိုပဲဖြစ်ဖြစ် ... အနှိုင်းလေးကို ကယ်တင်ပေးရမည်ဖြစ်သည်။

"အစ်ကိုအရင်းတစ်ယောက်ရဲ့ အချစ်က ဒီလောက်အထိပဲ ပြင်းထန်လွန်ကဲနေလား ... မမချစ် ပြောစမ်းပါ၊ အခရာ့ရင်တွေ မီးဟုန်းဟုန်းတောက်နေပြီဗျ"

အနှိုင်းကို သွားတွေ့ချင်တယ်။ အနှိုင်းကျောင်းတက်နေ ရှိ



www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်တော့။ တွေ့ဖို့ကမလွယ်နိုင်တော့ပေ။ အခရာ စိတ်ညစ်နေရသည်။

"မမကုမ္ပဏီကို သွားမယ် ... အခြေအနေကို စုံစမ်းပေးမယ်၊ မမချစ် ဝင်ထွက်ခွင့်ရအောင် စီစဉ်မယ် ... အနှိုင်းတို့ အိမ်က ထမင်းဟင်းချက်တဲ့အဘွားကြီးနဲ့လည်း မမချစ် ခင်တယ်၊ မင်းပြောချင်တာတွေ စာနဲ့ရေးထားလိုက် ... မမချစ် ရောက်အောင်ပို့ပေးမယ် အခရာ"

မောင်လေး အခရာ့ကိုလည်း သနားတယ်။ လူတော်လူကောင်းလေးပါ။ အခရာ့မာမီလည်း သားအတွက် စိတ်ပူနေသည်။

"ဘယ်လိုဖြစ်ရတာလဲ ချစ်ရယ် ... မမသီတာတော့ သားအတွက် စိတ်ပူနေတယ်၊ ချစ်သိတဲ့အတိုင်းပဲ သားကရည်မှန်းချက်ကြီးခဲ့တာလေ ... မမသီတာသား အခရာ ရှေ့ဆက်ရမယ့်အနာဂတ်က ဖြောင့်ဖြူးနိုင်ပါ့မလားတောင် မသိဘူး ... သားအက်ဒီလည်း အဝေးကနေ စိတ်ပူနေတယ်"

"ချစ်ရှိပါတယ် မမသီတာ ... အခရာ့အတွက် စိတ်မပူပါနဲ့၊ ချစ် ကူညီမယ်"

"မမချစ် ... "

"ပြော"

"ကျွန်တော်နဲ့အနှိုင်းတွေ့မှ ဖြစ်မယ် ... သူ့ဘာတွေဖြစ်နေလဲ၊ သူ့ဆန္ဒ ဘယ်လိုရှိလဲဆိုတာ သိရမှဖြစ်မှာပါဗျာ နော် ... "

ဖိုးလပြည့်စာပေ



"ခဏလေးစောင့်ပါကွယ်၊ အခြေအနေကို စောင့်ကြည့်ပြီး မမစီစဉ်ပေးပါ့မယ် မောင်လေး ... "

မမသီတာနှင့်အခရာလေးတို့အား နှုတ်ဆက်ပြီး ချစ်ကုမ္ပဏီကို ပြန်လာခဲ့သည်။ သော့လူယုံတော် ဉာဏပင် အလုပ်ထုတ်ခံရကြောင်း သတင်းရ၏။ ဉာဏလည်း ပစ္စည်းတွေ သိမ်းဆည်းနေသည်။

"ဉာဏ ဘယ်လိုဖြစ်ရတာလဲ ... သော်စိတ်ပြောသွားရင် တစ်မျိုးဖြစ်မှာပါ"

"ကုမ္ပဏီကိုတောင် ပိတ်သိမ်းတော့မယ်ထင်တယ် ... ဆရာနိုင်ငံခြားမှာပဲနေဖို့ အပြီးစီစဉ်လာတယ်ထင်တယ်၊ ရုံးအုပ်ကြီးကို စာရင်းရှင်းခိုင်းတယ်၊ မမချစ်ကိုလည်း ဖုန်းဆက်ပြောမယ်တဲ့"

"ဒီလောက်တောင်ပဲလား ... သော် ရူးသွားပြီထင်တယ်၊ အသိဉာဏ်တွေ ကင်းမဲ့လိုက်တာ၊ ကိုယ့်လုပ်ရပ်တွေအတွက်ရော စဉ်းစားဆင်ခြင်နိုင်သေးရဲ့လား"

"ဆရာ့စိတ်တွေက သဘာဝနယ်လွန်ဖြစ်သွားပြီထင်တယ်၊ ညီမအပေါ် အရူးအမူးချစ်တာ မတွေ့ဖူးတော့ဘူး၊ ကျွန်တော် အလုပ်ထွက်မယ် ... တခြားကုမ္ပဏီတွေ ရှိပါတယ်၊ သူ့ညီမ ရည်းစားထားတာ မသိလို့တဲ့ ... ဒီကောင်မလေးကလဲ မှင်သေသေနဲ့ ကျွန်တော့်ကို အယုံသွင်းပြီး လုပ်သွားတာပါ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏလည်း အန္တိုင်းအပေါ် အယုံကြည်ကြီးယုံကြည်နေမိသည်။ မှင်သေလိုက်တာ ... ဉာဏလည်း ဆရာ့အတွက် လုပ်ဆောင်မပေးနိုင်သဖြင့် ဆရာနှင့်မျက်နှာချင်းဆိုင်ရမှာပင် ရှက်လာ၍အလုပ်ထွက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ကုမ္ပဏီက ဖျက်သိမ်းဖို့များသွားပြီ မမချစ် ... အလုပ်အသစ်ပဲ ရှာဖွေထားကြတာ အကောင်းဆုံးထင်တယ်"

ချစ်ကိုယ်တိုင် သော်ကို ဘယ်လိုကိုင်တွယ်ရမှန်းမသိ ဖြစ်ရသည်။ သော်ရယ် ... ရှင့်အောင်မြင်မှုတွေ လက်လွှတ်ဆုံးရှုံးခံတော့မလို့လား။ ချစ် ဘာမှစဉ်းစားမနေတော့ဘဲ သော်နှင့်သွားတွေ့ဖို့ ဆုံးဖြတ်ထားလိုက်သည်။

"သော်နဲ့တွေ့မယ် ... ကုမ္ပဏီကိစ္စတွေကို ရှင်းလင်းရမယ်"

သော့်ဆီကို ချစ် ဖုန်းအဆက်အသွယ်လုပ်တော့ သူကုမ္ပဏီကိုလာမယ်တဲ့။ သူ့ဆီ လုံးဝမလာပါနဲ့တဲ့။ သော့်အိမ်က ချစ်အမြဲတမ်း ဝင်ထွက်သွားလာနေကျဖြစ်သည်။

"သော် ဘာတွေဖြစ်နေတာလဲ ... ဉာဏက သော့်အတွက် ဘယ်လောက်အနစ်နာခံလဲ ... သော် ရက်စက်တယ်၊ အလုပ်ကနေ ထုတ်ပြစ်တဲ့အထိ အပြစ်ပေးရလား"

"ကိုယ်လာခဲ့မယ်ချစ် ... မင်းကုမ္ပဏီကပဲ စောင့်နေပါ။ ကိုယ့်ခြံထဲကိုတော့ လုံးဝလာခွင့်မရှိဘူးနော် ... သတိပေးလိုက်တာ"





"ချစ်မလာပါဘူး ... ဒီလောက်လည်း အဖြစ်သည်းမနေစမ်းပါနဲ့ ... ရှင်လာခဲ့ပါ၊ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းကြီးကိုတောင် သော်က စွန့်လွှတ်လိုက်တော့မလို့လား"

ချစ် စိတ်ထိခိုက်ကြေကွဲရသည်။ ချစ်အမြဲတမ်း ချစ်သူပြစ်ခွင့်ကို သော့်ဆီကနေ မျှော်လင့်နေခဲ့ရသည်။ သော်က စိမ်းကားရက်စက်နိုင်၏။ အောင်မြင်နေတဲ့ စီးပွားရေးကိုတောင် ပိတ်သိမ်းပြီး နိုင်ငံခြားကို ထွက်သွားဖို့ ကြံစည်နေသည်။ ညနေ ကုမ္ပဏီပိတ်ချိန်တွင် သော် ရောက်လာခဲ့၏။ ချစ်နှင့် သူ့ရုံးခန်းထဲမှာ နှစ်ယောက်ထဲတွေ့ကြသည်။

"ချစ် ... မင်းကို အခွင့်အရေးပေးတဲ့အနေနဲ့ ကုမ္ပဏီကို မင်းလက်ထဲအပ်ခဲ့မယ် ... အပြီးအပိုင်နော်"

"သော်"

"ဟင်"

"ချစ်က ကုမ္ပဏီထက် သော်နဲ့အတူတူအလုပ်လုပ်ချင်ခဲ့တာပါ ... ဘာဖြစ်လို့လဲ အန္တိုင်းကြောင့်လား ... ကျောင်းနေဘက်သူငယ်ချင်းမို့ အသိပေးသင့်တာ ပေးတာပါ"

သော် ခေါင်းကိုခါရမ်းပြမိသည်။ အကြောင်းပြချက်က မနိုင်လုံပေ။ အန္တိုင်းနှင့် ဘဝတစ်ခုကို တည်ဆောက်ဖို့ပဲ သော် ဆုံးဖြတ်ချက်ချထားပြီးပြီဖြစ်သည်။ လုံးဝမဖြစ်တော့။ အန္တိုင်းကိုပါ အတင်းခေါ်ချုပ်ခေါ်ဆောင်သွားဖို့ပဲ။ အန္တိုင်းအား တခြားယောက်ျားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရင်ခွင်ထဲ ကြည်ဖြူစွာအပ်ဖို့ မဖြစ်နိုင်ပေ။ အနှိုင်းကလွဲ၍ ဘယ်အရာမှ တန်ဖိုးမထားနိုင် အားလုံးစွန့်လွှတ်နိုင်သည်။

"ကိုယ့်ကို မင်းဘာမှဆက်မမေးနဲ့ချစ် ... ကိုယ်ဘယ်တော့မှ မင်းကို မိတ်ဆွေအဖြစ်ထက် ကျော်လွန်လာမှာ မဟုတ်ဘူး ... ကိုယ် ဘယ်မိန်းကလေးကိုမှ မချစ်တတ်လို့ပါ"

"သော်ရယ်"

သော့် မျက်ဝန်းတွေက ရီဝေကြောင်စီနေသည်။ အိပ်ရေး အိပ်ရဲ့လား။ မျက်တွင်းတွေက ဟောက်ပက်။

"ကုမ္ပဏီကိုတော့ မင်းအတွက် လက်ဆောင်အဖြစ်ပေးအပ်တာပါ၊ မင်းဆက်လုပ်ပါ ... "

"ချစ်လည်း မယူချင်ဘူး ... ဖျက်သိမ်းပြစ်လိုက်တော့၊ သော် မရှိဘဲ ချစ်ဘာလုပ်နေရမလဲ ... ကျွန်မလည်း နိုင်ငံခြားထွက်မယ်"

"ချစ် ... ချစ် ... အဲဒီလိုမလုပ်ပါနဲ့၊ ဘာလဲ ... မင်းကိုယ့်နောက်လိုက်လာဦးမလို့လား ... မနောက်ယှက်ဖို့ ကိုယ်တောင်းပန်ပါတယ်"

"ဘာ ... ရှင့်ကို နောက်ယှက်တာဟုတ်လား ... အနှိုင်းကိုရော ဘယ်လိုလုပ်မှာလဲ"

"သူ ကိုယ်နဲ့လိုက်ရမယ် ... ကိုယ်ထားရာမှာနေရမယ်၊ ဆေးပညာက နိုင်ငံခြားမှာလည်း သင်လို့ရတာပဲ"

"အနှိုင်းက သဘောမတူဘူးဆိုရင်ရော"





"သတ်ပြစ်မယ်"

"သော်"

"ကိုယ်တို့ကိစ္စမှာ မင်းဝင်မပါစေချင်ဘူးချစ် ... ကင်းကင်းနေပါ ... အနှိုင်းကို ဒီမှာမထားနိုင်တော့ဘူး၊ အနှိုင်းမှာ ချစ်သူရှိတယ်၊ ကိုယ်လက်မခံနိုင်ဘူး ... မင်းကိုတော့ သူငယ်ချင်းမို့ ကိုယ်အခွင့်အရေးပေးတာပဲ"

သော် ရူးသွပ်နေပြီပဲ။ ပုံမှန်မဟုတ်တော့ အနှိုင်းနှင့်အခရော ကိုတွေ့ဆုံဖို့ ချစ်ဘယ်လိုလုပ်ရမလဲဟု အကြံထုတ်နေမိသည်။

"ကိုယ့်စိတ်တွေ အရမ်းရှုပ်ထွေးနေတယ် ချစ်ရယ် ... မင်းနားမလည်နိုင်တာတွေ အများကြီးပါ၊ ကိုယ်ရှင်းပြခွင့်လည်းမရှိဘူး၊ မင်းကုမ္ပဏီကိုဆက်ပြီး စီမံအုပ်ချုပ်လုပ်ကိုင်ပါ ... ဒါကကိုယ်လုပ်ပေးနိုင်တဲ့အရာပဲ ... ဒီထက်ပိုပြီး ဘာမှဆက်လုပ်မပေးနိုင်တော့ဘူး"

"သော်"

"ပြော"

"တကယ်လို့သာလေ အနှိုင်းချစ်သူက အနှိုင်းဘဝနောင်ရေးအတွက် အကောင်းဆုံးတာဝန်ယူပေးနိုင်တဲ့သူ ဖြစ်နေရင် အစ်ကိုတစ်ယောက်အနေနဲ့ သော် လက်ခံသင့်တယ်လို့ထင်တယ်"

"အနှိုင်းက ကိုယ့်ညီမလေးအရင်း မဟုတ်ဘူး ချစ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ် သော် ... "

"ကိုယ့်မေမေကမွေးစားထားခဲ့တာ ... အနှိုင်း ဆယ်လသမီး အရွယ်ထဲကပဲ ... "

"ဟင်"

ချစ်နှင့်အခုရော ထင်ထားတဲ့အတိုင်း ဖြစ်လာနေသည်။ သော့်ကိုကြည့်ရတာ စိတ်နဲ့လူကပ်ပုံမရ၊ ချစ်ပင် ထိတ်လန့်တုန်လှုပ်သွားရ၏။ သော်အချစ်တွေ လွှမ်းကဲနေတာ ချစ် သိလိုက်သည်။

"ကိုယ် ဘာလုပ်မလဲ ချစ်ရယ် ... မင်းက သော့်ရဲ့သံယောဇဉ်အကြီးရဆုံး ငယ်သူငယ်ချင်းပါ ... ကိုယ်အရမ်းနာကျင်နေတယ်၊ ကိုယ် ဘယ်တုန်းကမှ ကိုယ့်ညီမလေးအရင်းလို့ မသတ်မှတ်ထားခဲ့ဘူး"

"သော် ... ဒါ ... ဒါဆို အနှိုင်းအပေါ် သော့်စိတ်တွေမရိုးသားခဲ့ဘူးလို့ ပြောချင်တာလား"

"ဟုတ်တယ်"

"သော် ... ရှင်ရူးနေလား ... ဘယ်လိုဖြစ်နိုင်မှာလဲ၊ အနှိုင်းကိုယ်တိုင်က အစ်ကိုအရင်းတစ်ယောက်လို့ ထင်နေတာလေ ... သိသွားရင် အနှိုင်းသူ့ကိုယ်သူတောင် သတ်သေသွားမလားဘဲ"

"ဟင်"

လောကကြီးထဲမှာ ဒီလိုထူးဆန်းအံ့ဖွယ်အဖြစ်အပျက်တွေ





က ရှိနေခဲ့တာပါပဲလား။ ချစ် စိတ်ထဲမှာ နာကျင်ကြေကွဲရလွန်းနေသည်။ သော်က ထူးဆန်းစွာဖြင့် ချစ်ရင်ခွင်ထဲ ခေါင်းဆိုးဝင်လာခဲ့၏။ သော် ငိုနေခဲ့သည်။

"အနှိုင်းချစ်သူထားလိုက်တာ ကိုယ်အတုန်လှုပ်အခြောက်ခြားဆုံးပဲချစ်ရယ် ... ကိုယ့်မှာ ရင်ဖွင့်စရာမရှိလို့ မွန်းကျပ်နေတယ်၊ ကိုယ်ဘယ်လိုမှ အနှိုင်းကိုမစွန့်လွှတ်နိုင်ဘူး ... ကိုယ့်ညီမလေးတစ်ယောက်အဖြစ်နဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်ဇနီးအဖြစ်နဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်အနားမှာရှိနေရမယ်"

ချစ်အထိတ်တလန့်နှင့် သော့်ကို သူမရင်ခွင်ထဲကနေ တွန်းဖယ်ပစ်မိသည်။ မကြီကောင်း မစည်ရာ အနှိုင်းလေးဘက်က နာကြင်ကြေကွဲရမှုတွေကို သော် စဉ်းစားပေးခဲ့ရဲ့လား။ သော့်လုပ်ရပ်ကြောင့် ဝမ်းနည်းပူဆွေးသောကတွေ ကြီးမားစွာ တွေ့ကြုံလိုက်ရနိုင်သည်။

"မဖြစ်ဘူးနော် သော် ... အေးချမ်းနေတဲ့အရာတွေက မီးဟုန်းဟုန်းတောက်သွားလိမ့်မယ် ... ဒီလိုအခြေအနေကို အနှိုင်းလက်ခံနိုင်မှာမဟုတ်ဘူး ... အခု အနှိုင်းကိုသော် အခန်းပိတ်ပြီးချုပ်နှောင်ထားတာလား ... အနှိုင်းခံစားရပြီး တစ်ခုခုအဆုံးစီရင်လိုက်ရင် ဘယ်လိုလုပ်မလဲ သော်ရယ် ... "

"အနှိုင်းမဲ့သေသွားတာ သော်လက်ခံနိုင်တယ် ... သော်ညည်း လိုက်သေပြစ်မယ် ... နှစ်လောင်းပြိုင်ဝွဲ မကောင်းဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ချစ် ... ”

သော် မှုမမှန်တော့ဘူး။ အနှိုင်းကိုရော သော်ကိုပါ ဘယ်လို အန္တရာယ်မှကျရောက်နေတာမျိုး ချစ်လက်မခံနိုင်ပါဘူး။ ဘယ်လို တားဆီးရမလဲ။ သော် ရယ်မောနေသည်။

“ဟား ... ဟား ... မင်းက ကိုယ်ပြောတာတွေကို ယုံနေတာလား ချစ် ... ဟား ... ဟား ... ဟား ... ”

“သော်”

“အလကား ... ကိုယ်ပြောနေတာ မဖြစ်နိုင်တာဘဲ၊ အနှိုင်းက ကိုယ့်ညီမလေးအရင်းပါ ... ကိုယ်ရယ်ပြစ်ချင်လို့ လုပ်တာတွေပြောတာလေ ... ကိုယ်ပြောတာတွေ မေ့ပြစ်လိုက်ပြန်ပြီ”

“သော် ... ရှင့်စိတ်တွေကို ထိန်းချုပ်ပါ ... အဓိပ္ပာယ်မရှိတာတွေကို မလုပ်ပါနဲ့ ... အနှိုင်းကိုချစ်တယ်ဆိုရင် အနှိုင်းစိတ်ထိခိုက်ကြေကွဲရမယ့် အလုပ်တွေကို မလုပ်ပါနဲ့”

“ချစ်”

“ဟင်”

ချစ်ရဲ့ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ သူ့လက်တွေနှင့်ကြမ်းတမ်းစွာ ဆုပ်ကိုင်လိုက်သည်။

“ကိုယ်ပြောတဲ့ကိစ္စတွေကို မင်းနှုတ်လုံပါ ... မင်းကို ယုံကြည်ပြီး ကိုယ်ရင်ဖွင့်လိုက်မိတာပဲ ... ကိုယ့်အပေါ် သစ္စာရှိပေးမယ်မဟုတ်လား ချစ် ... ”





“အင်းပါ ... အင်းပါနော် ... ချစ် ကတိပေးပါတယ် သော်အပေါ် ချစ် သစ္စာရှိပါ့မယ် ... သော့်အကျိုးစီးပွားကို ကာကွယ်ပေးပါ့မယ် ... ယုံပါ သော် ... ”

သော် စိတ်တွေ မထိန်းချုပ်နိုင်စွာဖြင့် ချစ်ကိုရင်ဖွင့်လိုက်မိသည်။ သော် မှားသွားပြီထင်တယ်။ ချစ်က သော့်ကိုကြိတ်ပြီးချစ်နေတဲ့မိန်းမပဲ။ သူ နိုင်ငံခြားမထွက်ခင်အထိ အနှိုင်းကို အဖြစ်မှန်တွေ မသိစေချင်ပေ။ နိုင်ငံခြားရောက်ရင်တော့ သူကိုယ်တိုင်ဖွင့်ပြောပြမှာပါ။ သော့်အသိစိတ်တွေက ကပ်လိုက် မကပ်လိုက်နှင့်ချစ်မျက်ဝန်းတွေထဲ ထိုးဖောက်မတတ် အကြည့်တွေက စူးစိုက်နေလျှက်။ မင်း သတိထားနေပါဟုပြော၍ ချစ်ခန္ဓာကိုယ်လေးအားတွန်းဖယ်ပြစ်လိုက်သည်။

“အား ... အမလေး ... သော့် ဘယ်လိုလုပ်လိုက်တာလဲ အား ... ”

ချစ် အော်ဟစ်ညည်းညူရင်း ကြမ်းပြင်ပေါ်ပြစ်လဲကျသွားသည်။ သော် တစ်ချက်လေးမှ စောင်းငဲ့ကြည့်မနေတော့ဘဲ အခန်းထဲကနေ ထွက်လာခဲ့၏။ ဒါ ... မင်းကို နောက်ဆုံးတွေ့ခြင်းပဲချစ်။ ကားမောင်း ပြန်လာခဲ့လေသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"အခရာ ... မမချစ် သိလာရတာက မင်းထင်ထားတဲ့ အတိုင်းပဲ ... အနှိုင်းမဲ့က သော်ညီမအရင်း မဟုတ်ဘူး မွေးစားထားတာတဲ့"

"ဗျာ ... မမချစ် တကယ်ပြောတာလား၊ ဘယ်ကနေကြား လာတာလဲ"

"သော်ကိုယ်တိုင်ပြောတာ"

"ဟင်"

ချစ်နှင့်သော်တို့ရဲ့ အဖြစ်အပျက်တွေကို အခရာသိစေရန် ပြန်ပြောပြလိုက်သည်။ အနှိုင်းကို ကယ်တင်ရမယ်။ သော့်မှာ အသိတရားတွေလွှတ်နေပြီဖြစ်၏။ အဆိုးဝါးဆုံး အခြေအနေတစ်ခုကို ဖန်တီးတော့မည် ဖြစ်သည်။

"အနှိုင်းကို ကယ်တင်ရမယ် ... သော် မဟုတ်တာတွေ လျှောက်လုပ်နေရင် အနှိုင်းလေး သေလိမ့်မယ် အခရာ"





"ဟုတ်တယ် မမချစ် ... ကျွန်တော်တို့ ဘာဆောင်လုပ်ကြ မလဲ ... အနှိုင်းကို ကယ်တင်ရမယ်"

အခရာကတော့ ချစ်သူအတွက် အလွန်အမင်း စိတ်ပူနေ သည်။

"သော့်ကိုလည်း အပြစ်တင်လို့မရဘူးလေ အခရာ ... သူက ညီမအရင်းမဟုတ်ဘူးဆိုတာသိနေခဲ့လို့လေ ... အနှိုင်း ချစ်သူထား လိုက်လို့ ပိုပြီးပေါက်ကွဲသွားရတာပဲ ... အရူးတစ်ယောက်လိုဖြစ် နေပြီ"

သော့်ကိုလည်း ချစ်ကယ်တင်ချင်တယ်။ အသိတရားတွေ ဝင်စေချင်သည်။ အနှိုင်းက သော်ဖြစ်စေချင်တဲ့ပုံစံမျိုး လုံးဝလက်ခံ မှာမဟုတ်ပေ။ ပြဿနာတွေက ကြီးထွားလာမှာပဲဖြစ်သည်။

"မမချစ်တို့ တားဆီးရမယ် အခရာ ငြိမ်ငြိမ်လေး နေပါဦး၊ အခွင့်အရေးကို စောင့်ရမယ် ... လောလောဆယ်တော့ သူနိုင်ငံခြား ကို မထွက်သေးပါဘူး"

"ကျွန်တော် အရမ်းစိတ်ပူနေပြီ ... အနှိုင်းနဲ့ဝေးရမှာကို ကျွန်တော် လုံးဝလက်မခံနိုင်ဘူး မမချစ် ... "

အနှိုင်းနှင့်ဝေးရမှာကို အခရာ စဉ်းစား၍ပင်မရပေ။ စိတ်တွေ တုန်လှုပ်ချောက်ခြားနေသည်။ အနှိုင်းကိုတွေ့ရမှဖြစ်မယ်။ ကိုစစ်နိုင် သော် ... ဘယ်လိုကြံစည်မလဲ။ အနှိုင်းကတော့ အစ်ကိုအရင်းတစ် ယောက်ဟုပဲ ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ပြန်မယ် ... လုပ်ငန်းကိစ္စတွေလည်း ရှိသေးတယ်၊ သော့်စိတ်တွေ မှုမမှန်တော့ဘူး ... တစ်ခုခုဖြစ်လိမ့်မယ်၊ အခရာလည်း သတိထားနော်"

"ဟုတ်ကဲ့"

မမချစ် ပြန်သွားပေမယ့် အခရာကတော့ လုံးဝသည်းမခံနိုင်ဘဲဖြစ်နေသည်။ ကျောင်းသွားတော့လည်း အနှိုင်းကို သတိရလွန်း၍ သူ့ရင်က ပွင့်ထွက်မတတ်ပင်။ မိုးစက်လည်း ထိတ်လန့်တကြားနှင့် ဖြစ်နေသည်။

"ထင်သားပဲ ... ထင်တယ် ... အနှိုင်းတော့ ဒုက္ခဖြစ်ပြီ၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ကိုယ်ကတော့ အနှိုင်းကို သွားတွေ့မယ်"

"ဖြစ်ပါ့မလား အခရာရယ် ... ပြဿနာတွေက ပိုပြီးကြီးထွားလာလိမ့်မယ်"

"ခဏလေးဖြစ်ဖြစ်ပါ ... ကိုယ်သွားရလိမ့်မယ်၊ အနှိုင်းကို တွေ့ချင်တယ် ဘယ်လိုအနေအထားမျိုးပဲဖြစ်ဖြစ်လေ"

အနှိုင်းရှိနေတဲ့ ခြံဝင်းကိုပဲ ငေးကြည့်ရ ကြည့်ရပါ သူသွားတွေ့သည်။ အားလုံးတားဆီးနေသည့်ကြားမှပင် အခရာရောက်အောင်သွားခဲ့သည်။

"အနှိုင်းရယ် ... မောင် ဘယ်လိုလုပ်ရမလဲ မောင်စိတ်ပူတယ် ... အနှိုင်းနဲ့ဝေးရမှာလေ"





အနှိုင်းတို့ ခြံကြီးက သံပန်းတံခါးအမြင့်ကြီးနှင့် အလုံပိတ်ထားသည်။ အနှိုင်းရှိနေတဲ့နေရာအား အခရာ ငေးမော ကြည့်မိနေ၏။ ရင်တွေနာကျင်ရသည်။ ပတ်ဝန်းကျင်မှာ အမှောင်ထုကလွှမ်းသွားပေမယ့် သူကတော့ ရပ်နေဆဲပင်ဖြစ်၏။ အနှိုင်းတို့ အရိပ်အယောင်မျှပင် မတွေ့ပေ။ သူ ရပ်နေမိသည်။

"ဟောကောင် ... မင်းဘာလာလုပ်တာလဲ ... ထွက်သွားစမ်း မင်းကို အချုပ်ထဲထည့်လိုက်ရမလား"

အနှိုင်း ကိုကိုက သူ့အနောက်ကနေ ပေါ်လာသည်။ ဒေါသမျက်ဝန်းတွေနှင့် မာထန်နေသည်။

"ကိုစစ်နိုင်သော် ... ကျွန်တော် တောင်းပန်ပါတယ်၊ အနှိုင်းကို ချုပ်ချယ်ထားတာတွေ မလုပ်ပါနဲ့"

"အဲဒါ ... မင်းနဲ့ဘာဆိုင်လဲ"

"အနှိုင်းက ကျွန်တော့်ချစ်သူပါ"

"ဘာကွ"

သူ့လက်သီးက အနှိုင်းချစ်သူဟုပြောတဲ့ကောင်ရဲ့ မျက်နှာဆီသို့ တန်းခနဲ ဝင်သွားသည်။

"ခွပ် ... ခွပ် ... "

"ခွပ်"

"အစ်ကိုထိုးပါ ... ကျွန်တော်တို့ရဲ့ ချစ်ခြင်းကိုမခွဲပါနဲ့၊ အနှိုင်း တစ်ခုခုဖြစ်သွားမှာ အရမ်းစိတ်ပူလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိတ်ပူစရာမလိုဘူး ... မင်းထွက်သွား ... နောက်တစ်ခါလာရင် အနှိုင်းကို ငါသတ်ပစ်မယ် ... အနှိုင်း အလောင်းကိုမင်းသယ်သွား"

"အဲဒီလို မလုပ်ပါနဲ့ ဒုက္ခတွေအားလုံးရောက်သွားပါလိမ့်မယ် တောင်းပန်ပါတယ် အစ်ကို ... "

"ပေ့ကောင် ... ငါ့ကို အစ်ကိုမခေါ်နဲ့ မင်းနားမလည်ဘူးလား"

အခရာဆိုတဲ့ကောင်ရဲ့ ရင်ဘတ်မှအကျီစကို ဆွဲယူရင်း ... ဒီကောင့်ကို အသေသတ်ပစ်လိုက်ရင် ကောင်းမလားဟု စဉ်းစားမိနေသည်။ သူ့ဒေါသတွေက အထွတ်အထိပ်ရောက်နေ၏။ ကောင်လေးမျက်နှာပေါ်မှာ သွေးအလိမ်းလိမ်း။ သူ့နိုင်ငံခြားကို ထွက်သွားတော့မှာမို့ စိတ်ကို ထိန်းချုပ်ထားရသည်။

"မင်း ... မင်း ... ထွက်သွား ... မင်းကိုလည်း ငါတောင်းပန်ပါတယ်၊ ငါနဲ့အနှိုင်း ဝေးကွာသွားအောင် မလုပ်ပါနဲ့ကွာ"

အခရာဆိုတဲ့ကောင်လေးကို ဆောင့်တွန်းပြစ်လိုက်သည်။ တော်တော်မာကျောတဲ့ကောင်ပဲ။ လဲကျနေရာက ချက်ချင်းပြန်ထ၏။ ဒူးထောက်ပြန်သည်။

"ကျွန်တော် တောင်းပန်ပါတယ် အစ်ကို ... အနှိုင်းဘဝအတွက် ကျွန်တော် အကောင်းဆုံးတာဝန်ယူပေးနိုင်ပါတယ်"

"ဘာပြောတယ်ကွ ... မင်းနဲ့မဆိုင်ဘူးလို့ ငါပြောပြီးပြီနော်၊





မင်းကို ငါသတ်ပစ်လိုက်ရမလား"

"သတ်ပါ အစ်ကို ... သတ်ပြစ်လိုက်ပါ ... အနှိုင်းကိုစိတ်သောကရောက်အောင် မလုပ်ပါနဲ့ တောင်းပန်ပါတယ်"

"ခွပ် ... ခွပ် ... "

"ထိုးပါအစ်ကို ... ထိုးပါ ... ကျွန်တော် သေချင်သေပါစေ၊ အနှိုင်းနဲ့ဝေးရမယ့်အစား သေပဲသေပြစ်ချင်ပါတယ်"

"ဒီကောင် ... မင်း နေချင်နေ ... ဒါပေမဲ့ အနှိုင်းနဲ့တွေ့ခွင့်မရှိဘူး ... အနှိုင်းကို ငါဒီထက်မက ချုပ်နှောင်ထားပြစ်မယ်၊ အနှိုင်းဘာမှမဖြစ်စေချင်ဘူးဆိုရင် မင်းလုံးဝလာမပတ်သက်နဲ့"

သော် ဒေါသတကြီး ပြော၍ ကားမောင်းထွက်လာခဲ့သည်။ ခြံထဲဝင်ပြီး ခြံစောင့်အား သေသေချာချာ ဂရုစိုက်ဖို့နှင့် ဘယ်သူ့ကိုမှ အဝင်မခံဖို့ သတိထပ်ပေးခဲ့၏။ သော် တိုက်ကြီးထဲ ဝင်လာခဲ့သည်။

"ဝုန်း"

"ကျွီ"

အခန်းထဲမှာ ငုတ်တုတ်လေးထိုင်နေသူက အနှိုင်းပင်။ အစားအသောက် မစားဘဲ အနှိုင်း ငိုရှိုက်နေသည်။

"အနှိုင်းမဲ့"

အနှိုင်းက မလှုပ်။ သော် ဘယ်လိုချော့မော့နှစ်သိမ့်ပေးရမှန်းပင် မသိ။ အနှိုင်း စိတ်ကောက်တာ ငယ်ငယ်ကလောက် ချော့ရမလွယ်ပေ။ သော် ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့စကားကို ဘာဖြစ်လို့ ဆန့်ကျင်ချင်ရတာလဲ အနှိုင်း၊ ပြောစမ်းပါ ... မိဘနဲ့မခြား ကိုကိုက ပြုစုစောင့်ရှောက်လာခဲ့တာပါ ... ကိုကိုနဲ့နိုင်ငံခြားမှာအတူနေပြီး အနှိုင်းဖြစ်ချင်တဲ့ ဆရာဝန်ဖြစ်ခွင့်ရှိတာပဲ ... ကိုကို ကတိပေးပါတယ်၊ အနှိုင်းလေး လိုက်ခဲ့နော်"

"ဟင့်အင်း ... အနှိုင်း ဘယ်ကိုမှမလိုက်ဘူး၊ ကိုကိုသတ်ပြစ်လိုက်ပါ ... အနှိုင်း ဒီမှာပဲနေမယ်"

"မင်းက ကိုကို့ကို စိတ်ဆင်းရဲပြီးသေစေချင်တာလား အနှိုင်းမဲ့"

"ကိုကိုလည်း မသေပါနဲ့ ... အနှိုင်းလည်း မသေချင်ပါဘူး၊ ကိုကို စိတ်လျှော့လိုက်ပါနော်"

"မရဘူး ... နိုင်ငံခြားမှာနေဖို့ ကိုကို အားလုံးစီစဉ်ထားပြီးပြီ လိုက်ခဲ့ပါ"

အနှိုင်းကတော့ မောင့်ကိုခွဲ၍ ဘယ်မှလိုက်မသွားဖို့ ဆုံးဖြတ်ထားသည်။ ကိုကို လွန်တယ် ... အနှိုင်းကို နိုင်ငံခြားကိုခေါ်သွားဖို့ ပြင်ဆင်နေ၏။ ချစ်သူကိုထားခဲ့ဖို့ အနှိုင်းကြောက်ရွံ့တုန်လှုပ်နေသည်။

"ကိုကို သေတာကို အနှိုင်းကတွေ့မြင်ချင်နေတာလား ပြောလေ ... ကိုကိုသေမှ အနှိုင်းချစ်သူနဲ့အတူနေပါ"

ကိုကို့ကိုလည်း သနားတယ်။ အနှိုင်း မစွန့်ပြစ်ထားခဲ့နိုင်ပါ





ဘူး။ ကိုကို အခုတလော မအိပ်မစားနှင့် အနှိုင်းလိုပဲ ခံစားနေရသည်။

"အနှိုင်းတို့ လက်မထပ်ပါဘူး ... ကိုကို လက်ခံတဲ့အထိ စောင့်ကြမယ် ... အနှိုင်းကိုချစ်ရင် လက်ခံပေးပါကိုကိုရယ်နော်"

"နင့်ပါးစပ်ပိတ်ထားလိုက် အနှိုင်းမဲ့ ... လုံးဝမဖြစ်နိုင်ဘူး။ ကိုကိုနဲ့အတူ နိုင်ငံခြားကိုလိုက်ခဲ့ပါ ... ညီမလေး ဆေးကျောင်းတက်လေ ... ဆရာဝန်ဖြစ်မှ အနှိုင်းကိုလွတ်လပ်ခွင့်ပေးပါ့မယ်"

သော်အတွက် အရေးကြီးတာက အနှိုင်းလိုက်ဖို့ပင်။ အချိုသတ်၍ခေါ်ဆောင်ဖို့ပဲ ဖြစ်သည်။

"အနှိုင်းကို စိတ်မချဘူး ... အနှိုင်းကစပြီး ဖောက်တာပါ ကိုကို ဘာပြောထားလဲ ..."

အနှိုင်း ပခုံးလေးကို မွေ့ဖက်၍ သော် လေပြည်လေးနှင့် ပြောမိသည်။

"ကိုကို့အပေါ် သံယောဇဉ်မဲ့တော့မှာလား အနှိုင်းရယ် ... မင်းလေး ချစ်သူနဲ့ကိုကို့ကို လဲပြစ်လိုက်မှာလား"

အနှိုင်းလည်း ကိုကို့ကို မပြစ်ပယ်နိုင်တာတော့ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ ... မောင်နှင့်လည်း အဝေးမခံနိုင်ပါဘူး။ မောင်ရော ကျောင်းရောတက်နိုင်ပါ့မလား။ အနှိုင်း တွေ့ချင်မိ၏။ ကိုကိုက အခန်းထဲကပင် ထွက်ခွင့်မပြုဘဲ ထားသည်။

"အနှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဘာဖြစ်လို့များ ကိုကို့ကို စိမ်းသွား၇တာလဲ ... အနိုင်းသာ ချစ်သူဘက်ကို ရွေးချယ်လိုက်ရင် ကိုကို သတ်သေပြစ်မှာနော်"

"ကိုကို"

"ပြော"

"မောင်နဲ့တစ်ကြိမ်ပဲ တွေ့ခွင့်ပေးပါ ... ဒီတိုက်ကြီးထဲမှာပဲ တွေ့မှာပါ ... အနိုင်းတို့ တွေ့ဆုံပြီးရင် ကိုကို့ဆန္ဒအတိုင်း အနိုင်း လိုက်ခဲ့ပါ့မယ်နော်"

"ဘာ ... ဘာပြောတယ် အနိုင်း"

"ကိုကိုနဲ့နိုင်ငံခြားကို လိုက်ခဲ့ပါ့မယ် ... ဟိုမှာပဲ ပညာသင် မှာပါ ... နော်ကိုကို ..."

သော် ဘာလုပ်ရမလဲ။ ဟိုကောင် အခရာကလဲ တောင်းဆို နေသည်။ ခုထိ မြို့ရှေ့မှာပဲလား။ သော် ဘာဆက်လုပ်ရမလဲ။ အနိုင်း နိုင်ငံခြားလိုက်ဖို့အတွက် သော် တစ်ခုခုတော့လုပ်မှဖြစ်မည်။ အနိုင်း နှင့်အခရာတို့အား တစ်ကြိမ်တော့ တွေ့ဆုံခွင့်ပေးဖို့ ဆုံးဖြတ်လိုက် သည်။

"ကောင်းပြီလေ ... အနိုင်း ကိုကိုလက်ခံမယ်၊ အိမ်မှာပဲ ကိုကို့ရှေ့မှာ တွေ့ရမယ် ဘယ်လိုလဲ ..."

"ရပါတယ် ကိုကို ... ကိစ္စမရှိပါဘူး၊ အနိုင်းနဲ့မောင် ပြော စရာလေးတွေ ပြောရုံပါပဲ"





"ကိုကို လိုက်လျှောပေးမယ် ... အရေးကြီးတာက အနိုင်းနဲ့ ကိုကို နိုင်ငံခြားကို ထွက်ကြမယ် ... အနိုင်း အသက်ငယ်သေး တယ် ... ကိုကို စိတ်မချဘူး"

"ကိုကိုရယ်"

ကိုကို သံယောဇဉ်တွေကိုလည်း အနိုင်း ရက်စက်စွာဖြတ် တောက်ပြစ်ဖို့ ခက်ခဲနေသည်။

"မောင်နဲ့တွေ့ရရင် ကျေနပ်ပါပြီ ကိုကို ... တကယ်ပဲ တွေ့ ခွင့်ပေးမှာလားဟင်"

"ပေးမှာပေါ့ ... အနိုင်းလေးကို ပျော်ရွှင်စေချင်ပါတယ်ကွာ၊ ကိုကိုဆန္ဒတွေအားလုံး အနိုင်းလေးရှေ့ရေးအတွက်ပါပဲ"

အနိုင်းကို နိုင်ငံခြားသို့ မရမက ခေါ်ဆောင်သွားဖို့ သော် ဆုံးဖြတ်ထားသည်။ အရေးကြီးတာက အနိုင်းလိုက်လာခဲ့ဖို့ပဲ။ ဟို ရောက်မှ ပြတ်ပြတ်သားသား လုပ်စရာရှိတာကိုလုပ်ဆောင်ဖို့ပဲ ဖြစ် သည်။

"မင်းက မောင် ... မောင်နဲ့ ငါ့ကိုတောင် နည်းနည်းလေးမှ ငဲ့ညှာထောက်ထားမှု မရှိပါလား အနိုင်းမဲ့ ... လုပ်ထားလိုက်ဦးပေါ့ ကွာ ... နိုင်ငံခြားရောက်မှ ဘီလူးဆိုင်းပဲတီးရတီးရပါ ... ကိုကိုက တော့ မင်းကို အပိုင်သိမ်းပိုက်ပြစ်ရမှာပဲ အနိုင်းမဲ့ရာ ..."

သော်ကတော့ စိတ်ထဲကနေပဲ ဒေါသတကြီး ကြိမ်းမောင်း နေမိသည်။ အနိုင်းမဲ့နှင့်အခရာတို့ သူ့ရှေ့မှာပဲတွေ့ရမယ်။ ပြေချင်



www.burmeseclassic.com

www.burmeseclassic.com



တာတွေ ပြောခွင့်ပြုမယ်။ သူ လွတ်လပ်ခွင့်တော့ မပေးနိုင်ပါဘူး။ အနှိုင်း နှုတ်ခမ်းပြင်လေးအား ဖွဖွလေး နမ်းမိသည်။

“ဒီညစာကို အနှိုင်းနဲ့ကိုကိုတို့ အတူတူစားကြမယ်၊ ကိုကို ပြင်ဆင်ပေးမယ်နော် ကလေး ...”

“အင်း ...”

“လီမ္မာတယ်”

“ကိုကို”

“ဟင်”

“မောင်နဲ့ဖုန်းပြောဖို့ ကိုကို ခွင့်ပြုပေးမယ် မဟုတ်လား”

“ခွင့်ပြုပေးမယ် ... ဒါပေမဲ့ တွေ့ဆုံခွင့်က ကိုကို့ရှေ့မှာပဲ နော်”

“ဟုတ်ကဲ့ပါ ... ကိုကို့ကွယ်ရာမှာလည်း ပြောစရာ ဘာ အကြောင်းမှ မရှိပါဘူးနော်”

“အိုကေ ...”

“ဒါမှ အနှိုင်းကိုကိုကွ”

အနှိုင်း ဘယ်လောက်များ ဝမ်းသာသွားလဲဆိုတာ သော့ပါး ကို ရွတ်ခနဲ နမ်းရှိုက်ပြစ်သည်အထိပင်။

☆

အခန်း ( ၁၉ )

“မောင် ... အနှိုင်းပါ ...”

“အနှိုင်း ... အနှိုင်း ... မောင့်ဆီဖုန်းဆက်တာ အနှိုင်းပါနော်၊ အခု အနှိုင်းလို့ ပြောလိုက်တာလား”

“ဟုတ်ပါတယ် ... အနှိုင်းပါ ... ကိုကိုကလေ မောင်နဲ့တွေ့ ခွင့်ပေးပါတယ်”

“ဘာ ... ဘာပြောတယ်”

အနှိုင်းပြောလိုက်တဲ့စကားတွေကို အရော မယုံနိုင်။ ညက သူ့ကို လက်သီးနှင့်ထိုးကြိတ်ထားတာ ဒဏ်ရာတွေ မပျောက်သေး ပေ။ မာမီ စိတ်ပူပြီး သားရန်ဖြစ်လာတာလားဟု မေးနေသည်။ အရော အမှန်တွေ မပြောပြခဲ့။ အနှိုင်းအစ်ကိုအပေါ် မာမီစိတ်ခုသွား မှာစိုး၍ ဖြစ်၏။ အနှိုင်း ပြောနေတာကို မယုံနိုင်ဘဲ ဖြစ်ရသည်။

“တကယ်ပါ ... ကိုကိုကလေ မောင့်ကို အနှိုင်းနဲ့တွေ့ခွင့်ပြု တယ်၊ မနက်ဖြန်မနက် မောင် လာခဲ့ပါ ... အနှိုင်းတို့အိမ်ကိုလေ”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား အနှိုင်း ... မောင် လာခဲ့မယ်၊ ... တကယ်ပဲ မင်းအစ်ကိုက ခွင့်ပြုတာလား ... မောင်တော့ မယုံနိုင်အောင်ဖြစ်နေရတယ် အနှိုင်းရယ် ... "

"မောင် လာခဲ့နော် ... အနှိုင်း စောင့်နေမယ်၊ မောင့်ကို ပြောပြစရာတွေ အများကြီးရှိတယ်"

"အနှိုင်း ... မောင်တော့လေ လုံးဝမယုံကြည်နိုင်ဘူးဖြစ်ရတယ် ... အနှိုင်းကို မောင်အရမ်းချစ်တယ်ကွာ၊ အနှိုင်းရော မောင့်ကို ချစ်ရဲ့လား ... သစ္စာရှိကြမယ်နော်၊ ဘယ်တော့မှ မခွဲခွာစတမ်း"

"ဒါပဲနော် မောင် ... မနက်ဖြန် မနက် လာခဲ့ပါ၊ အနှိုင်း စောင့်နေမယ် ... တကယ်ပဲ ကိုကိုက တွေ့ခွင့်ပြုခဲ့တာပါ မောင်ရယ် ... နော် ... "

"အနှိုင်း ... အနှိုင်း ... "

"အနှိုင်း"

"ဟာ"

အနှိုင်းဘက်မှ ဖုန်းပိတ်သွားသည်။ အခရာ မယုံနိုင်။ ဒီလူဘာတွေအကွက်ဖန်ပြီလဲ။ သူ့ကို ထိုးကြိတ်ပြီး နောက်တစ်ခါ အနှိုင်းကိုထပ်တွေ့ဖို့ကြိုးစားရင် သတ်ပြစ်မည်ဟုတောင် ကြိမ်းမောင်းပြောဆိုထားသည်။

"ခင်ဗျားကြီး ဘာတွေအချိုသတ်မလို့လဲ ... ကျုပ်လုံးဝ မယုံကြည်ဘူးဗျာ"





အခရာ မယုံကြည်နိုင်ပေ။ အနှိုင်းကို နိုင်ငံခြားခေါ်သွားဖို့ ကိုစစ်နိုင်သော် လိုက်လျောမှုတစ်ခု ပြုလုပ်ပေးလိုက်တာပဲဖြစ်နိုင်သည်။ ဒီလောက် လျှင်လျှင်မြန်မြန်ကြီး ပြောင်းလွဲသွားတာကိုက မရိုးသားတာဘဲ။

"အနှိုင်းရယ် ... မောင့်စိတ်တွေ အရမ်းပူနေပြီ၊ အနှိုင်းနဲ့ မောင် ဝေးကြရတော့မယ်ထင်တယ်"

ကိုစစ်နိုင်သော်ကို လုံးဝမယုံကြည်မိပေ။ အကွက်ချောင်းနေတာပါ။ အနှိုင်းကိုခေါ်ထုတ်သွားဖို့အတွက်ပဲ ဖြစ်နိုင်သည်။ အခရာ စိတ်တွေပူပြီး မမချစ်ဆီ ဖုန်းဆက်ရ၏။ သူဘာဆက်လုပ်ရမလဲ။ သူ့ကို အနှိုင်းအစ်ကို လက်သီးနှင့်ထိုးတာလည်း ပြောပြလိုက်သည်။

"ဟုတ်တယ် အခရာ ... ဒီလူ သော် ရူးနေပြီ ... မမချစ်လည်း အရမ်းစိတ်ပူနေတယ်၊ ဘာဆက်လုပ်ကြမလဲတောင် မစဉ်းစားတတ်တော့ဘူး"

"အနှိုင်းကို နိုင်ငံခြားခေါ်ထုတ်သွားဖို့ အကွက်ဖန်တာပါ မမချစ် ... ဒီလိုတွေ့ခွင့်ပြုလိုက်တာပဲ အနှိုင်းစိတ်တွေ ယိမ်းယိုင်သွားအောင် ဖြားယောင်းမှုတစ်ခုလို့ ထင်တယ်"

"အခရာ သွားတွေ့လိုက်ပါ ... မင်းအစ်ကိုအရင်းမဟုတ်ဘူးဆိုတာ အခွင့်ရရင် ပြောပြထားလိုက် ... မမချစ်လည်း အနှိုင်းကို ကယ်တင်ဖို့ ကြံစည်နေတယ်"

"အနှိုင်းကို ကယ်တင်ပေးပါ၊ နိုင်ငံခြားကိုသာလိုက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



အနိုင်းဘဝပျက်ပြီပဲ ... အနိုင်း သေသွားနိုင်တယ်နော် မမချစ်"

"ဟုတ်ပါပြီ ... ဒါပေမဲ့ အရမ်းလုပ်လို့မရဘူးနော် အခရာ၊ ဒီကိစ္စက သိမ်မွေ့နက်နဲတယ် ... စိတ်ကိုတည်ငြိမ်အောင်ထားပါ။ မမချစ်လည်း နည်းလမ်းတွေရှာနေပါတယ် မောင်လေးရယ် ... "

ချစ်လည်း စိတ်ပူတယ်။ သော်နှင့်စကားပြောဖို့ ကြိုးစားတာ လက်မခံပေ။

"မင်းကို ငါမယုံတော့ဘူးချစ် ... မင်းက ငါ့ကိုနောက်ကျောကနေ ဓါးနဲ့ထိုးသတ်မယ့် မိန်းမ ... မင်းကိုလက်မခံဘူး၊ အနိုင်းကို ငါနဲ့သွေးသားရင်း မဟုတ်ဘူးလို့ မင်းသွားပြောရင်လည်း ငါငြင်းမယ် ချစ် ... မင်း သော့်ကိုချစ်တယ်ဆို သော့်ဆန္ဒတွေ သော့်ရဲ့ပျော်ရွှင်မှုတွေအတွက် မင်းဘာဖြစ်လို့ အကူအညီမပေးချင်ရတာလဲ"

သော်ကတော့ ဘယ်လိုမှ ဖြောင်းဖျပြောဆို၍ မရတော့အောင် ဖြစ်နေသည်။ စိတ်တွေ ကယောင်ချောက်ချားဖြစ်နေ၏။ သော် တစ်ခုခုဖြစ်သွားမှာစိုးရိမ်၍ပင် ချစ် ငြိမ်ငြိမ်လေးစောင့်ကြည့်နေရသည်။

"မမချစ် ... ဘာဖြစ်လို့ ငြိမ်သက်သွားရတာလဲ၊ တစ်ခုခုပြောပါဦးဗျာ ... အခရာ့စိတ်တွေ အရမ်းလှုပ်ခတ်နေတယ် ... ကြောက်လာတယ် ... "

"အခရာ ... မင်းသွားတွေ့လိုက်ပါ အနိုင်းကို သစ္စာရှိဖို့ပဲပြော ... တခြားကိစ္စ မမစီစဉ်မယ်၊ စိတ်ထင်တိုင်းလုပ်လို့ကတော့





မဖြစ်ဘူး အခရာ ... "

မမချစ်နှင့်ဖုန်းပြောပြီး မိုးစက်ထံလည်း ဆက်မိသည်။ မိုးစက်ကတော့ အခွင့်အရေးရတုန်း အနိုင်းတို့က မောင်နှမအရင်း မဟုတ်ဘူးဆိုတာ ပြောပြခဲ့တဲ့။ အနိုင်း မြန်မာပြည်ကနေ ထွက်သွားလို့မဖြစ်ဘူးဟု ပြောသည်။

"မိုးစက် ... ကိုယ် မနက်ဖြန် သွားတွေ့မယ်၊ အနိုင်းရှေ့မှာ ကိုယ်ရပ်တည်နိုင်ပါ့မလား"

"အခရာ ... နင်ယောက်ျား မဟုတ်ဘူးလား၊ စိတ်ဓာတ်တည်တည်ငြိမ်ငြိမ်လေး နေပြီး ရင်ဆိုင်ပါ"

မိုးစက် သတိပေးလိုက်သဖြင့် အခရာ နဲနဲလေးတော့ငြိမ်သက်သွားရသည်။ သူ အိပ်လို့ပင်မရ။ မာမီကိုယ်တိုင် သူ့ကိုအားပေးစကားတွေ ပြောနေ၏။ အခရာ ရင်ဆိုင်မယ် ... အနိုင်းကို လုံးဝလက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး။ အခရာ စိတ်တွေ တည်ငြိမ်စေရန် ကြိုးစားနေရသည်။

"သား ... စိတ်ကိုထိန်းချုပ်ပါ မာမီ စိတ်ပူတယ် ... သား တစ်ခုခုလုပ်လို့တော့ မဖြစ်ဘူးနော်"

"စိတ်ချပါ မာမီရယ် ... အနိုင်းအတွက် သားစိတ်ဓာတ်တည်ငြိမ်ဖို့ လိုအပ်တယ်"

မနက် မိုးလင်းသည်နှင့် အနိုင်းကိုတွေ့ဆုံရန် အခရာ ခေါင်းမော့ရင်ကော့ပြီး ထွက်လာခဲ့သည်။ အနိုင်းနေတဲ့ ခြံကြီးရဲ့အဝိတ်



www.burmeseclassic.com

www.burmeseclassic.com



သံပန်းတံခါးကြီးရှေ့မှာ သူရပ်၍ ဖုန်းဆက်အကြောင်းကြားလိုက်ရာ ခြံစောင့်က တံခါးလာဖွင့်ပေးသည်။ တိုက်ကြီးရဲ့ပေါ်တီကိုအောက်မှာ ဆီးကြိုနေသူက ကိုစစ်နိုင်သော်ပင်။

"ဟော့ကောင် အခရာ ... မင်းကို ငါပြောထားမယ်၊ အနှိုင်းကို မင်းပြောချင်တာပြောနိုင်တယ်၊ ဒါပေမဲ့ ... ငါ့ကို အပုတ်ချတဲ့စကားလုံးတွေ တစ်လုံးမှမပါစေနဲ့ မင်းကို ငါသတိပေးလိုက်တာပဲ"

"ကျွန်တော်တို့နှစ်ယောက်ကို လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးပါ"

"မရဘူး ... ငါ့ရှေ့မှာပဲ ပြောရမယ် ... ငါထိုင်နေမှာ"

"ဗျာ"

"ဝင်လေ ... ဧည့်ခန်းမှာ မင်းကို အနှိုင်းစောင့်နေတယ်"

အခရာ ဘာမှဆက်ပြောမနေတော့ဘဲ တိုက်ကြီးထဲဝင်လာခဲ့သည်။ ဧည့်ခန်းမှာ အနှိုင်းက အပြုံးချိုချိုလေးနှင့် စောင့်ကြိုနေ၏။ သူပြေး၍ ပွေ့ဖက်ထားလိုက်သည်။

"အနှိုင်း ကိုစစ်နိုင်သော်က မင်းအစ်ကို အရင်းမဟုတ်ဘူး။ မင်းကို မွေးစားထားတာပါ ... သူက မင်းကိုယူမှာပဲ"

"ဟင်"

သူက မထင်မှတ်တဲ့လုပ်ရပ်ဖြင့် အနှိုင်းကို ပြောချင်တာတွေ ပြောလိုက်သည်။ မမချစ် သိတယ်မှုပြောလိုက်၏။ ကိုစစ်နိုင်သော် ရောက်လာကာ သူ့ကိုဆွဲခွာတွန်းပြစ်လိုက်သည်။





"ဟော့ကောင် ... မင်းဘာလုပ်တာလဲ၊ အစ်ကိုတစ်ယောက်ရှေ့မှာ မဖွယ်မရာနဲ့ သေသွားချင်တာလား"

"ကိုကို ... မလုပ်ပါနဲ့"

အခရာဆိုတဲ့ကောင်ရဲ့ လုပ်ရပ်ကြောင့် သော်ရဲ့ထိန်းချုပ်ထားတဲ့စိတ်တွေ ဝုန်းခနဲ လွှတ်ထွက်သွားရကာ လဲကျနေတဲ့ အခရာရဲ့ အင်္ကျီစကိုဆွဲယူဆုပ်ကိုင်၍ ထိုးဖို့ပြင်လိုက်သည်။ အနှိုင်းက ဆွဲထား၏။ သော့်မျက်ဝန်းတွေ ဝင်းတောက်နေသည်။

"ပြန်ထိုင်စမ်း အနှိုင်း ... ကိုကိုရဲ့စေတနာကို မထေမဲ့မြင်တော့ မလုပ်နဲ့နော်"

အခရာ ပြောချင်တာပြောလိုက်ရသဖြင့် သူကျေနပ်စွာ ထလိုက်သည်။ အနှိုင်းက ရီဝေပြုံးကြောင်တဲ့ မျက်ဝန်းတွေနှင့်ကြည့်၏။ အခရာ ခေါင်းညိတ်ပြလိုက်သည်။

"မောင်နဲ့ အနှိုင်း လုံးဝမခွဲနိုင်ဘူးနော် ... သစ္စာရှိကြမယ်၊ မောင့်အချစ်တွေကို ဘယ်လိုသက်သေပြရမလဲတောင် မောင် မသိတော့ဘူး"

အနှိုင်း နှုတ်ခမ်းလေးတွေက လှုပ်ရှားမရဘဲဖြစ်နေသည်။ မောင်ပြောသွားတာက ကိုကိုနဲ့အနှိုင်းတို့က မောင်နှမအရင်းတွေ မဟုတ်ဘူးတဲ့။ အနှိုင်းက မွေးစားထားတာတဲ့လေ။ ဟုတ်ရဲ့လား။ ကိုကိုက အနှိုင်းအစ်ကိုအရင်းမဟုတ်ဘဲ အနှိုင်းကိုယူမှာတဲ့။ ဘာတွေလဲ ... မောင်ဘာတွေ လာပြောနေတာလဲ။ ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ။ မောင့်မျက်နှာပေါ်မှာလည်း အညှိုအမဲစွဲနေတဲ့ ဒဏ်ရာတွေပြည့်နှက်နေသည်။ ကိုကို ထိုးကြိတ်ထားတာလားပဲ။

"အနှိုင်း"

"ဟင်"

"မောင်ပြောတာတွေကို ယုံပါ ... အမှန်တွေချည်းပဲ၊ အနှိုင်းကို မောင် ဘယ်လိုအကြောင်းမျိုးနဲ့မှ မစွန့်လွှတ်နိုင်ဘူး"

"အနှိုင်း ... အနှိုင်းရောပဲ၊ တစ်နေ့နေ့မှာ ပြန်ဆုံကြဖို့ အနှိုင်းနဲ့မောင် သစ္စာရှိရှိ စောင့်နေကြရအောင်ပါ ... ကျွန်မ ကတိပေးပါတယ်နော် ... မောင်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး၊ အသေပဲခံမယ်"

"အနှိုင်းရယ်"

ကိုကို့မျက်ဝန်းတွေက မီးထတောက်မတတ် နီစွေးဝင်းတောက်နေသည်။ အနှိုင်း သံသယတွေ ဝင်စပြုနေတာ ကြာပါပြီ။ ကိုကို့အပြုအမူတွေက မောင်နှမ သံယောဇဉ်ထက် လွန်ကဲနေသည်ဟုပင်။ ကိုကို ဆတ်ခနဲ ထလာသည်။

"တော်ပြီ ... ဒီလောက်ပဲ ခွင့်ပြုနိုင်မယ်၊ မင်းတို့နှစ်ယောက် သစ္စာစကားတွေ ဆိုကြပြီးပြီပဲ ... ဖူးစာရှင်မှန်ရင် ပေါင်းဖက်ကြရမှာပါ ... မင်းပြန်တော့ အခုရော"

အနှိုင်းကို ပြောပြထားခဲ့ချင်တာ ပြောပြထားပြီး၍ အခုရော ပြန်ဖို့ ပြင်လိုက်သည်။





"အနှိုင်း"

"မောင်"

"မောင်တို့နှစ်ယောက်က ဖူးစာရှင်တွေပါ သေချာတယ်၊ မောင်တို့ ပြန်ပြီးချစ်သူတွေအဖြစ် ပေါင်းဖက်ကြရမှာပါ ... အနှိုင်းလည်း ကြိုးစားနော် ... "

"အင်း"

ကိုကိုက မျက်ခြေမပြတ် စောင့်ကြည့်နေ၍ အနှိုင်း ဘာမှ ဆက်ပြောခွင့်မရပေ။ မောင့်စကားတွေကိုလည်း အနှိုင်းယုံရမလား မမချစ် သိတယ်တဲ့။

"မောင် ပြန်ပြီနော်"

"အင်း"

"ချစ်တယ်"

"ဟော့ကောင် ... "

ဒီကောင့်ကို သတ်မိတော့မယ်။ သော် အတတ်နိုင်ဆုံး ဒေါသတွေ မပေါက်ကွဲစေရန် ထိန်းထားရတာပါ။ သေတော့မယ်။ အနှိုင်းကရော ဒီလိုကောင်ကိုများ အရှုံးအမူးနဲ့ နိုင်ငံရပ်ခြားကို ရောက်မှ အနှိုင်းကို သိမ်းပိုက်ပြစ်မယ်။

"ဟော့ကောင် ပြန်လေ ... မင်းကို လူလိုပြောနေတာ၊ မင်းဟာ အစ်ကိုတစ်ယောက်ရှေ့မှာ မဖွယ်မရာစကားတွေ ပြောနေတာ လူကျင့်ဝတ်ကို နားမလည်တဲ့ကောင်ပဲ ... ထွက်သွား ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထွက်သွားမှာပါ ကိုစစ်နိုင်သော် ... ဒါပေမဲ့ အနှိုင်းကိုတော့ မထိပါနဲ့ ... အနှိုင်း တစ်ခုခုဖြစ်မှာကို လုံးဝလက်မခံဘူး"

"ဘာ ... ဟောကောင် မင်းကများကွာ ... တောက်"

"ကိုကို"

ကိုကိုက မောင့်ကိုဘေးမှာရှိနေတဲ့ ပန်းအိုးနှင့်ကောက်ရိုက်တော့မလို ပြင်လိုက်သဖြင့် အနှိုင်း ဝင်တားလိုက်သည်။

"မောင် သွားမယ် အနှိုင်း ... သတိထားနေပါ၊ အနှိုင်းကိုယ် အနှိုင်း ကာကွယ်နိုင်အောင် ကြိုးစားပါ"

မောင် ပြန်ထွက်သွားသည်။ ကိုကို့ဒေါသတွေက အနှိုင်းဆီ ပေါက်ကွဲစွာ လွင့်စင်လာ၏။ အနှိုင်းကို အပေါ်ထပ်ပြန်တက်ဖို့ ပြောလိုက်သည်။

"သွားတော့ ... အစ်ကိုတစ်ယောက်ရှေ့မှာ ဘယ်လောက်ပဲချစ်ချစ် ယဉ်ကျေးမှုတော့ ရှိသင့်ပါတယ် ... ဆောရီးကွာ ကိုကို စိတ်မထိန်းနိုင် ဖြစ်သွားတယ်"

ကိုကိုက အနှိုင်းလက်လေးကို ဆွဲကိုင်လိုက်သဖြင့် အနှိုင်း အထိတ်တလန့် ဖြစ်သွားသည်။ မောင် ပြောလိုက်တဲ့စကားတွေက အမှန်တွေပဲလား။ အနှိုင်းတို့ကို သွေးခွဲစကားတွေလား။ မောင်က မဟုတ်တာတွေ ပြောဆိုတတ်တဲ့ယောက်ျားတစ်ယောက် မဟုတ်ဘူးဆိုတာတော့ အနှိုင်း ယုံကြည်နေ၏။ ကိုကိုက သူမအား ခေါ်





လာသည်။

"အနှိုင်း"

"ဟင်"

"မင်းချစ်သူကို ဒေါသတကြီး တုန့်ပြန်မိတာ တောင်းပန်တယ်ကွာ ... တကယ်တော့ ညီမလေးအပေါ် အစ်ကိုတစ်ယောက် အနေနဲ့ သံယောဇဉ် အရမ်းကြီးလွန်းသွားတယ် မဖြစ်ဘူးထင်တယ်"

အနှိုင်း စိတ်ထဲမှာ သံသယမဖြစ်အောင် နေထိုင်ပြရမယ်။ သတိလက်လွတ်လုပ်ဆောင်နေမှုတွေကို ဆင်ခြင်ကာ အနှိုင်း အပေါ် ကြမ်းတမ်းတဲ့ အပြုအမူတွေ ရှောင်ရမည် ဖြစ်သည်။

"အနှိုင်း စိတ်မပူနဲ့တော့၊ ကိုကို ဆုံးဖြတ်လိုက်ပြီ ... ညီမလေးကို တစ်သက်လုံး စိတ်အနှောက်အယှက် မဖြစ်စေရတော့ပါဘူး ... ညီမလေး ပညာရေးအတွက် ကိုကိုတို့နိုင်ငံခြားမှာ စိတ်အေးလက်အေး နေကြမယ်"

မောင်က အနှိုင်းကို သတိတွေအထပ်ထပ်ပေးထားခဲ့သည်။ ကိုကိုက အနှိုင်းကို အရယူမှာတဲ့။ ဘာတွေလဲ ... အနှိုင်းကြောက်လိုက်တာ။ ဒီလောက်အထိ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အပြုအမူမျိုးက ဘယ်မှာရှိမှာလဲ။ မောင်က မဟုတ်ဘဲနဲ့တော့ မပြောပေ။ သူမ ယုံကြည်သည်။

"အနှိုင်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အနားယူတော့ … တစ်ပတ်အတွင်း နိုင်ငံခြားကိုထွက်ကြမယ် … ကိုကို အားလုံး စီစဉ်ထားပြီးပြီလေ၊ ညီမလေးအတွက်ပါ။ ဆရာဝန်ဖြစ်တာနဲ့ ညီမလေးချစ်သူဆီပြန်လို့ရတယ် … ကိုကို ကတိပေးပါတယ်ကွာ"

သူမ အိပ်ခန်းလေးထဲ ရောက်လာသည်။ အနှိုင်း ရင်တွေ ကြောက်စိတ်ကြောင့် တထိတ်ထိတ်ခုန်နေသည်။ ကိုကို့ကိုလည်း မယုံတော့ဘူး။ အမြဲတမ်း အနှိုင်းအိပ်ရာကအစ ကိုကိုကိုယ်တိုင် ပြင်ဆင်ပေးတတ်သော ပန်းရောင်သွေးတွေ လွှမ်းနေတဲ့ အိပ်ရာပေါ် သူမခန္ဓာကိုယ်လေး ညင်သာစွာလဲလျောင်းစေသည်။ ထိုကဲ့သို့သော အပြုအမူမျိုးသည် အစ်ကိုရင်းတစ်ယောက်ရဲ့ အပြုအမူဖြစ်နိုင်ပါ့မလား။ သူမ နဖူးလေးအား ညင်သာစွာ နမ်းရှိုက်သည်။

"အိပ်တော့ … ကလေးလေး၊ ချစ်သူအကြောင်းတွေလည်း စဉ်းစားချင်စဉ်းစား … ဒါပေမဲ့ လွတ်လပ်ခွင့်တော့ မပေးနိုင်ဘူးနော် … အနှိုင်းလေးက ငယ်ပါသေးတယ်"

ကိုကိုက သူမအခန်းတံခါးလေးကိုစေ့၍ ပြန်ထွက်သွားသည်။ အနှိုင်း ထိတ်လန့်တကြားနှင့်ထပြီး တံခါးကို အတွင်းမှ လော့ခ်ချပြစ်လိုက်ချင်မိ၏။ အခြေအနေတွေကို တည်တည်ငြိမ်ငြိမ် ဖြေရှင်းဖို့ပဲ ဆုံးဖြတ်ထားလိုက်လေသည်။

★

အခန်း ( ၂၀ )

"အနှိုင်း ကြောက်တယ် မောင် … ကိုကို့အမူအရာတွေ ပြောင်းလဲနေတာ အမှန်ပဲ … အနှိုင်း ဘယ်လိုလုပ်ရမလဲဟင်"

မမချစ်နှင့်ဆက်သွယ်ဖို့ အနှိုင်း ကြိုးစားမိသည်။ မရပေ။ ကိုကိုက ဖုန်းကိုသိမ်းထားသည်။ အနှိုင်း မယုံတော့ဘူး။ ကြောက်တယ် … မောင် ပြောသွားသည့်စကားတွေကို အနှိုင်း ယုံကြည်မိသည်။

"ကိုကို့နောက်လိုက်ဖို့ အနှိုင်းကြောက်တယ် … မဖြစ်နိုင်ဘူး ကိုကို့အကြံအစည်တွေကို အနှိုင်းသိတယ် … မောင်ရယ် အနှိုင်းကို လာကယ်ပါဦး"

အနှိုင်း တစ်ယောက်ထဲ မျက်ရည်တွေစီးကျရင်း တိတ်တိတ်လေး ကြိတ်၍ငိုရှိုက်မိနေသည်။ လွတ်မြောက်ရာ မတွေ့ပေ။ တဖြည်းဖြည်းနှင့် ညဉ့်နက်လာ၏။ ဒီမှာဆက်နေလျှင် အနှိုင်းနှင့်

www.burmeseclassic.com



မောင် ပြန်လည်တွေ့ဆုံဖို့ အခွင့်အရေး မရနိုင်တော့ဘူးဆိုတာ သိလာသည်။

"အနှိုင်း ... ဆက်မနေရဲတော့ဘူး ... နိုင်ငံခြားကိုလည်း လိုက်မသွားရဲတော့ဘူး"

အနှိုင်း အပြင်ကို ထွက်ဖို့အတွက် ကြံစည်ရင်း အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ ကိုကို အိပ်နေပြီထင်တယ်။ တိုက်ကြီးထဲမှာ ငြိမ်သက်တိတ်ဆိတ်နေသည်။

"အနှိုင်း"

"ဟင် ... ဒေါ်စော"

"ဘာဖြစ်လို့ အောက်ဆင်းလာရတာလဲ၊ ဆရာသိသွားရင် ပြဿနာတက်လိမ့်မယ် ... ပြန်တက်လေ ... "

"ဒေါ်စော"

"ပြောလေ"

"ကျွန်မ ထွက်ပြေးချင်တယ် ... ကျွန်မကို အကူအညီပေးပါနော်"

"ဘာ ... ဘာဖြစ်လို့လဲ ... မကြံကောင်း မစည်ရာကွယ် မဖြစ်နိုင်ဘူး ... သူဋ္ဌေးက အနှိုင်းလေးကိုဘယ်လောက်ချစ်ရှာလဲ၊ မလုပ်ပါနဲ့ ... အနှိုင်းလေးက အသက်မပြည့်သေးဘူးလေ ... တခြားသူတွေပါ ဒုက္ခရောက်လိမ့်မယ်၊ သူဋ္ဌေးက ထောင်ထဲပို့ပြစ်လိမ့်မယ်"



"ဟင်"

"ပြန်တက်နော်"

"အနှိုင်း နိုင်ငံခြားကို မလိုက်ချင်လို့ပါ၊ ကြောက်တယ် ... မောင်နဲ့ဝေးရမှာ စိုးရိမ်နေတယ် ... အနှိုင်းကို ကယ်ပါဦး"

"အနှိုင်းလေး ခံစားနေရတာတွေလည်း ဒေါ်စော သိပါတယ် ... ဘယ်တတ်နိုင်မလဲကွယ် ... သူဋ္ဌေးက ညီမလေးကို ချစ်နေရှာတာကို သံယောဇဉ်ကြီးရှာပါတယ်လေ ... အိမ်ထောင်တောင် မပြုရှာဘူး"

ဒေါ်စောကို အဖြစ်မှန်တွေ ထုတ်ဖော်ပြောဆိုဖို့လည်း မဖြစ်နိုင်ပေ။ ဒီကိစ္စက ဟုတ်မဟုတ် အသေအချာသိခဲ့တာမဟုတ်။ အနှိုင်း ပြန်တက်လာခဲ့ရသည်။

"ဟုတ်တယ် ... အနှိုင်း ထွက်ပြေးလိုက်ရင် မောင် ဒုက္ခရောက်မှာပါ"

သူမ တစ်ယောက်ယောက်နဲ့ဆက်သွယ်နိုင်စေရန် ဒေါ်စောဆီက ဖုန်းခဏ ငှားမိသည်။

"ဒေါ်စောရဲ့ ဖုန်း ခဏလောက်ငှားထားပါနော်၊ ကိုကို မသိနိုင်ပါဘူး ... မောင်နဲ့ဆက်သွယ်ချင်တယ် ... ကျွန်မ နိုင်ငံခြားကို လိုက်သွားရတော့မှာပါ ... သနားပါ ... "

"အင်းလေ ... ခဏတော့ ယူသွားပါ၊ သူဋ္ဌေး မသိစေနဲ့နော် အနှိုင်းလေး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဒေါ်စောကလဲ အနိုင်းကို သနားနေသည်။ ကိုကိုနှင့်အနိုင်းတို့ မောင်နှမအရင်းတွေ မဟုတ်ဘူးဆိုတာ ဒေါ်စောလည်း မသိနိုင်ပေ။ ဒေါ်စောလာနေတာ အနိုင်းလူမှန်းသိတတ်စအရွယ်က ဖြစ်နေသည်။ အနိုင်း အပေါ်ထပ်သို့ပြန်တက်လာခဲ့၏။ ကိုကို့အိပ်ခန်းကငြိမ်သက်နေသဖြင့် သူမ အိပ်ခန်းထဲဝင်လာကာ ဖုန်းခိုးဆက်သည်။

"မမချစ်လား ... ဟဲလို မမချစ် ... အနိုင်းပါ ... အနိုင်းမဲ့လေ"

"အို ... ညီမလေး အနိုင်းလား၊ ညဉ့်နက်နေပြီပဲ၊ မမချစ်တရေးနိုးသွားလို့ ပြောလေ ... ညီမလေး ဘာတွေဖြစ်နေလဲ"

"အနိုင်း ကြောက်နေတယ်၊ ကိုကို့ကိုလေ ... နောက်နေ့ဘာဖြစ်မလဲမသိဘူး ... မောင်က ပြောသွားတယ်၊ အနိုင်းတို့ကမောင်နှမအရင်းမဟုတ်ဘူးတဲ့ ... မမချစ် သိတယ် မဟုတ်လားဟင်ဘယ်ကနေသိထားတာလဲ ... "

"သော် ပြောပြတာပဲ ... မမက ညီမလေးအပေါ် ဒီလောက်အထိ ပြုမူဖို့ မလိုဘူးပြောတော့ သူ့ညီမအရင်း မဟုတ်ဘူးတဲ့၊ သူ့လက်ထပ်မှာတဲ့ ... "

"ဟင်"

"အနိုင်း နိုင်ငံခြားကို မလိုက်နဲ့ ... ထွက်ပြေးဖို့ကြိုးစားပါ"

"မမချစ် လာကယ်ပါနော် ... အနိုင်း ကြောက်တယ်၊ လာ



ကယ်ပေးပါ ... အဲဒီလိုအခြေအနေမျိုး အနိုင်း လုံးဝလက်မခံနိုင်ဘူး၊ အခုတောင် အရမ်းကြောက်လို့ သေတော့မယ်"

"အနိုင်းလေး ... လောလောဆယ်မှာ မမချစ် ဘာမှလုပ်လို့ပြောလို့မရသေးဘူးလေ ... သူက ငြင်းမှာလေ ... သက်သေအထောက်အထားလည်း မရှိဘူး ... အနိုင်း သတိထားပြီးနေပါ၊ သူ့ဘက်က အမှားကို စောင့်ရမယ် ... မမချစ်လည်း သူ့ကို ဒုက္ခမရောက်စေချင်ပါဘူး၊ မမချစ် သံယောဇဉ်ကြီးရတဲ့ သူငယ်ချင်းပါ၊ သော်က လူကောင်းပါ ... ထက်မြက်လွန်းသူပါ"

"မမချစ်ရယ်"

ကိုကို ခြေသံကြားရ၍ အနိုင်း ကပျာကယာပဲ ဖုန်းပိတ်ပြစ်လိုက်သည်။ ဘုရားရေ ... ကိုကိုလာပြီ။ အနိုင်း ကြောက်လာပေမယ့် စိတ်တွေကို ထိန်းချုပ်ထားလိုက်ရ၏။ တံခါးက ကျီခနဲပွင့်လာ၍ သူမ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

"အနိုင်း ... မင်းအိပ်ချင်ယောင်ဆောင်နေတာ မဟုတ်လား"

အနိုင်း အသံမထွက်ရဲပါဘူး။ ကြောက်တယ် ... ကိုကိုကသူမအနားမှာ ဝင်ထိုင်သည်။

"အနိုင်း"

"ကလေးလေးရယ် ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူမဘေးမှာ လှဲအိပ်လိုက်သဖြင့် အနှိုင်း ကြောက်စိတ်တွေနှင့် ကျောကနေ စိမ့်သွားသည်။ အနှိုင်း ထပြီးပြေးချင်တာ။ ဒီလိုအပြုအမူမျိုးက ကိုကိုပြုလုပ်နေကျဖြစ်ပေမယ့် အနှိုင်း ကြောက်လာသည်။

"ကိုကိုတို့နိုင်ငံခြားမှာပဲ သွားပြီးနေကြရအောင်ပါ အနှိုင်းလေးရယ်နော် ... စိတ်ချလုံခြုံတဲ့နေရာလေးမှာပေါ့"

အနှိုင်း အိပ်ချင်ယောင်ဆောင်နေတာ သော်သိနေသည်။ ဒီမှာတော့ သော့်စိတ်တွေ လွှတ်ထွက်လို့မဖြစ်ဘူး။ အနှိုင်း လိုက်ဖို့ ငြင်းပြစ်လိုက်မှာသေချာ၏။ သော့်စိတ်တွေကို အနှိုင်နိုင်ထိန်းချုပ်နေရသည်။

"ညီမလေးကို ဘယ်လောက်အထိချစ်ခင်သံယောဇဉ်တွယ်တာရတာလဲဆိုတာ ညီမလေး သိပါတယ်ကွာ"

နဖူးလေးကို နမ်းသည်။ အနှိုင်းကစတင်ပြီး ကိုကို့အပေါ် သစ္စာမဲ့လိုက်တာပါ။ ချစ်သူထားခဲ့တယ်။ ကိုကို့နှလုံးသားတွေ ကွဲအက်ကြေမွသွားမတတ်ဘဲ။ အနှိုင်းလေးအတွက် ကိုကို ဘယ်လောက်အထိ အချိန်တွေပေးဆပ်ထားခဲ့ရလဲ။ တခြားဘယ်မိန်းကလေးကိုမှ မချစ်တတ်တော့ဘူး။ မုန်းတယ် ... အနှိုင်းလေးကိုပဲချစ်တယ်ကွာ။

"ကိုကို ရူးနေပြီ ... အနှိုင်းလေးအတွက် ရင်တွေပူလောင်



နေတယ်၊ ကိုကို အေးချမ်းပျော်ရွှင်တဲ့ဘဝလေးတစ်ခုကို ပိုင်ဆိုင်ချင်တယ်"

သူ ပြန်ထလိုက်သည်။ အနှိုင်းကို အယုံသွင်းဖို့အတွက် သူ့ဒေါသတွေကို ထိန်းချုပ်ရမည် ဖြစ်၏။ အနှိုင်း ပါးပြင်လေးအား နမ်း၍ ထွက်လာခဲ့သည်။

"ကိုကိုချစ်တဲ့ ညီမလေးအတွက် ဘယ်လောက်အထိ ပေးဆပ်းခဲ့ရလဲကွာ ... ကလေး နားလည်စမ်းပါ"

ကိုကို ပြန်ထွက်သွားသည်။ အနှိုင်း ငုတ်တုတ်လေးပြန်ထိုင်သည်။ ကြောက်လိုက်တာ ... ဇောချွေးတွေ ပျံချင်လာ၏။ မျက်ရည်တွေ ပြည့်လာသည်။

"မောင်ရယ် ... အနှိုင်း ကြောက်တယ် ... လာကယ်ပါ"

ကိုကို နိုးလာပြီဖြစ်၍ အနှိုင်း ကြောက်လန့်၍ မောင့်ဆီဖုန်းမဆက်ရဲပေ။ ဘယ်လိုလုပ်ရမလဲ ... ထွက်ပြေးဖို့ပဲ ကြံစည်နေမိသည်။ ဒါပေမဲ့ ... ကိုကို့စကားနဲ့ မောင်နှမအရင်း မဟုတ်ပါဘူးဟု ဘယ်လိုသက်သေပြရမလဲ။

"မမချစ် ပြောတာတွေအမှန်ပဲ ... အနှိုင်းကိုယ်တိုင် ကိုကိုဒုက္ခရောက်ရမှာလည်း စိတ်ပူတယ်"

အနှိုင်းလည်း အစ်ကိုတစ်ယောက်အနေနှင့် ကိုကို့အပေါ် သံယောဇဉ်ကြီးရသည်။ အနှိုင်းရင်တွေ နာကျင်နေ၏။ မျက်ရည်တွေကလျှံပြီး အနှိုင်းမှာ အဖော်မဲ့လွန်းနေသည်။ မနက်မိုးလင်းတော့

www.burmeseclassic.com



ကိုကိုက မနက်စာ စားရန်လာခေါ်သည်။

"အနှိုင်းလေး ထတော့လေ ... အိပ်တုန်းပဲလားကွာ"

ကိုကိုက အနှိုင်းကို လာနှိုးနေကျပါ။ ဆွဲထူနှိုးမှ အနှိုင်းက ထသည်။ အခုတော့ အနှိုင်း ထလိုက်သည်။ ကိုကို ဆွဲထူမှာကို ကြောက်နေ၏။ ကိုကို့အပြုံးတွေကို ကြောက်သည်။

"ထပြီလား ... ညက အနှိုင်းလေး အိပ်လို့ကောင်းရဲ့လား"

"အင်း"

"မျက်နှာသစ် ... မနက်စာအတွက် ကိုကိုအားလုံးပြင်ဆင်ထားပြီးပြီ ... အနှိုင်းလေးကြိုက်တဲ့ နို့နဲ့ပေါင်မုန့်ထောပတ်သုပ်"

"ဟုတ်"

အနှိုင်း ရေချိုးခန်းထဲ ထလာခဲ့သည်။ အနှိုင်း ဘယ်လိုရင်ဆိုင်ရမလဲ။ အစ်ကိုအရင်းဟု အနှိုင်းထင်မှတ်နေခဲ့တာပါ။ အခုတော့ စိတ်တွေက မလုံမလဲဖြစ်နေရ၏။ သူမ စိတ်ညစ်သည်။

"ကိုကိုရဲ့ မရိုးသားမှုအတွက် အနှိုင်း လုံးဝလက်မခံနိုင်ဘူး။ အနှိုင်း ကြောက်လိုက်တာ ..."

အနှိုင်း မျက်ရည်တွေ ကျလာသဖြင့် ရေတွေနှင့်အလျင်အမြန် ဖယ်ရှားပြစ်လိုက်ရသည်။ ထွက်ပြေးမယ် ... နိုင်ငံခြားကိုတော့ အနှိုင်း လုံးဝမလိုက်နိုင်ဘူး။ ရေချိုးပြီး မထွက်ချင်ပေမယ့် အတင်းပွေ့ချီခေါ်ဆောင်နေမည်စိုး၍ အနှိုင်းထွက်လာခဲ့ရသည်။

"အနှိုင်းလေး လာထိုင် ... ဒီမှာ ကိုကိုစီစဉ်ပေးတဲ့ အစား



အသောက်တွေ ကြိုက်ရဲ့လား"

"ဟုတ်ကဲ့ ... ကြိုက်ပါတယ် ကိုကို ... "

အနှိုင်း မျက်နှာလေး မသာမယာနှင့် စက်ရုပ်လေးတစ်ရုပ်ကဲ့သို့ လှုပ်ရှားနေတာ သော် သတိထားမိလိုက်သည်။ အနှိုင်း သိသွားပြီလား။ တစ်ခုခုတော့ တစ်ခုခုပဲ။ စိမ်းတဲ့မျက်ဝန်းတွေကို သော် စူးစိုက်ကြည့်နေသည်။

"အနှိုင်း"

"ရှင်"

"အနှိုင်းလေး နေမကောင်းဘူးလားဟင် ... ဘာဖြစ်လို့လဲ ချစ်သူနဲ့ဝေးရမှာကြောက်လို့လား ... ကိုကို ကတိပေးပါတယ်ကွာ၊ အနှိုင်းလေး ငယ်နေသေးလို့ပါ ... ဆရာဝန်ဘွဲ့ရပြီး ပညာစုံတာနဲ့ ကိုကို လွတ်လပ်ခွင့်တွေ ပေးမှာပါနော်"

ကိုကို့မျက်ဝန်းတွေကို အနှိုင်း မရဲတရဲလေး ပြန်မော့ကြည့်မိသည်။ ဟင့်အင်း ... မာထန်တဲ့ဒေါသတွေ ပြည့်နှက်နေ၏။ မယုံပါဘူး။ နိုင်ငံခြားရောက်ရင် အနှိုင်းဘဝလေး ပျက်ရတော့မယ်ထင်နေသည်။

"စားနော် ... ကိုကိုတို့ရှေ့တစ်ပတ်ထဲမှာ ထွက်ကြမယ်၊ ချစ်သူနဲ့ဝေးရလဲ ခဏပါကွာ ... ဖုန်းနဲ့အဆက်အသွယ်လုပ်ခွင့်ပေးပါ့မယ် ... စိတ်မပူနဲ့နော် ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူမမေးစေ့လေးကို တယုတယဆွဲတော့ သူမ ဖယ်ပြစ်ချင်လာသည်။ ကိုကို ရိပ်မိသွားလို့ မဖြစ်သေးဘူး။ အနှိုင်း မတုန်လှုပ်ဖို့ သတိပေးနေရ၏။ ကိုကို့လက်တွေကိုလည်း မဖယ်ရဲ၊ အသားတွေ တုန်ချင်လာသည်။

"ဒေါ်စော"

"ရှင်"

"အိမ်ကို ဂရုစိုက်ပါ ... မကြာခင် ကျွန်တော်နဲ့ညီမလေးတို့ ပြန်လာမယ် ... အနှိုင်းအတွက် အမေ့ပါ"

အနှိုင်း ထွက်ပြေးဖို့ကြံစည်နေပြီဆိုတ သူ့ရွှေးကို ဖွင့်ပြောပြလိုက်ရမလား။ ညက ထွက်လာသည်။ ဒေါ်စောဆီက ဖုန်းခဏငှားသွားခဲ့၏။ အနှိုင်းလေးဘဝကို သနားပါတယ်။ မောင်စစ်နိုင်သော်က အရမ်းချစ်ပြီး ချုပ်ချယ်လွန်းတာပဲရှိပြီး အနှိုင်းလေးအတွက် ဂရုတစိုက်ရှိလွန်းတဲ့ အစ်ကိုပဲ။ ဒေါ်စော တွေဝေချိန်ဆနေသည်။

"ထတော့ အနှိုင်းလေး ... အဝတ်အစားတွေထည့်ပြီးပြီလား သိပ်အများကြီး မယူနဲ့နော် ... ကိုကို ဟိုရောက်မှ ဝယ်ပေးမယ်"

သူမ ထလိုက်သည်။ အရင်ကလို ကိုကို့အား ချွဲနွဲ့မနေချင်တော့ဘဲ သူမဘာသာ ထလိုက်၏။ ကိုကို့ရှေ့ကနေ ထွက်လာခဲ့သည်။ အပေါ်ထပ်တက်ကာနီးမှ သူမ ပြန်လှည့်လိုက်သည်။

"ကိုကို ခဏလေးနော် ... ဒေါ်စောကို လက်ဖက်သုပ် သွား



မှာဦးမယ် ... အခန်းထဲလာပို့နိုင်းမလို့ပါ"

"ဒါများ ညီမလေးရယ် ... ကိုကို လုပ်ပေးပါ့မယ်"

"ဟင့်အင်း ... ဒေါ်စောကို ညွှင်းချင်လို့ပါ"

သူမ ပြန်ထွက်လာခဲ့သည်။ ဒေါ်စောဆီကို အလျင်အမြန် ရောက်လာ၏။ လက်ဖက်သုပ် လာပို့ပေးဖို့ပြောပြီး ဖုန်းယူထားဦးမယ်ဟု တောင်းပန်ပြောဆိုမိသည်။

"ဒေါ်စော ... ဖုန်းယူထားဦးမယ်နော်၊ ဒီတစ်ညလေးထဲပါ။ အနှိုင်း ထွက်ပြေးဖို့ ကြံစည်တာတွေကိုကို့ကို သွားမပြောပါနဲ့၊ အနှိုင်း မောင်နဲ့မဝေးနိုင်လို့ပါ ... တောင်းပန်ပါတယ်နော်"

"သူ့ရွှေးက ဒေါ်စောကို အလုပ်ထုတ်ပြစ်မှာ ကြောက်ရတယ် ... အနှိုင်းလေးရယ် ... တစ်ခုခုနိုင်းချင်လို့ ဖုန်းဆက်ရင် ဘယ်လိုလုပ်မလဲ ... ဒေါ်စော စိတ်ပူတယ်"

"ဘာမှစိတ်မပူနဲ့နော် မမချစ် ကူညီမှာပါ ... မောင်လည်း ရှိပါတယ် ဒေါ်စောအတွက် အားလုံးတာဝန်ယူပါတယ်"

သူမ လက်အုပ်လေးချီ ရှိခိုးတောင်းပန်ပြီး ပြေးထွက်လာခဲ့သည်။ မထူးတော့ဘူး အနှိုင်းလွတ်မြောက်အောင် ကြိုးစားတော့မယ်။ နိုင်ငံခြားသို့ အတင်းအကျပ် ခေါ်ဆောင်သွားမှာ ကြောက်နေမိ၏။ သူမ အိပ်ခန်းထဲဝင်လိုက်တော့ ကိုကို ထိုင်နေတာ တွေ့လိုက်ရ၍ လန့်အော်မိသည်အထိ ကြောက်လန့်သွားရသည်။

"အမေ့ ... အား"

www.burmeseclassic.com



အနှိုင်း သတိလက်လွတ်ဖြစ်သွားပြီး ထွက်ပြေးဖို့ပြင်လိုက်စဉ် ကိုကိုက လှမ်းဆွဲထားသည်။

"အနှိုင်း ... ဘာကိုကြောက်နေရတာလဲ၊ ပြောစမ်း ... အနှိုင်းလေး ဘာတွေဖြစ်နေရတာလဲ"

"ဟို ... ရုတ်တရက်ပါ၊ အနှိုင်း မထင်မိလို့လေ"

"ဘာပြောတယ် အနှိုင်း ... ဒါမျိုး ဆန်းလို့လား"

"ရှင်"

"မင်းအိပ်ခန်းထဲမှာ ကိုကိုရှိနေတာ ဘာဆန်းလဲ ... အနှိုင်း ဘာတွေလျှို့ဝှက်ကြံစည်ထားလဲ ... မင်းချစ်သူနဲ့လိုက်ပြေးဖို့လား"

"မဟုတ်ပါဘူး ကိုကို ... ဘာအကြံအစည်မှလည်း မရှိပါဘူး၊ မောင်နဲ့ဝေးရမှာ စိုးထိတ်ပြီး အနှိုင်းလည်း ကယောင်ချောက်ချားဖြစ်နေတယ်"

အနှိုင်းမှဲ့ သတိထားစမ်းပါ။ ကိုကို သိသွားလို့ လုံးဝမဖြစ်ဘူးနော်။ အနှိုင်းတုန်လှုပ်နေတဲ့စိတ်တွေကို စုစည်းထိန်းချုပ်ပြီး ကိုကို့ အနားတိုးကပ်ထိုင်ပြစ်လိုက်သည်။ ကိုကို့ကို ပြန်အယုံသွင်းရမယ်။ ကိုကို့လက်မောင်းအား ငယ်စဉ်ကလို ဖက်တွယ်ထားလိုက်၏။ ကိုကိုက တုန့်ပြန်၍ သူမကိုဖက်တော့ မုန်းတီးစိတ်တွေ တိုးဝင်လာလေသည်။

☆

အခန်း ( ၂၁ )

"မမချစ် ... အနှိုင်း ထွက်ပြေးလာခဲ့မယ်၊ ကိုကိုသောက်မယ့် ကော်ဖီထဲမှာ အနှိုင်း အိပ်ဆေးခတ်ထားတယ်၊ အိပ်ပျော်နေပြီလေ"

"အနှိုင်း အပြင်ကို ဘယ်လိုထွက်မလဲ ... အခုရောကိုရော မမချစ် အသိပေးလိုက်ရမလား"

"ဟင့်အင်း ... မောင် မသိပါစေနဲ့၊ သူ ဒုက္ခရောက်လိမ့်မယ်၊ မမချစ်ပဲ ကားနဲ့လာကြိုပေးပါ ... အနှိုင်းကို လုံခြုံတဲ့တစ်နေရာကို ပို့ပေးနော်၊ မမချစ်ကိုလည်း ဒုက္ခမရောက်စေချင်ဘူးလေ"

"ထွက်လာလို့ မဖြစ်ဘူးထင်တယ် အနှိုင်း ... ပြဿနာကြီးလိမ့်မယ် ... သော် ရှုးသွားမလားဘဲ"

"မတတ်နိုင်တော့ဘူး ... အနှိုင်း ကြောက်တယ်၊ မောင်နှမအရင်းမဟုတ်ဘူးဆိုတဲ့ အသိက အရမ်းခြောက်လှန့်နေတယ်၊ ဟိုရောက်ရင် အနှိုင်းဘဝ မလွယ်ဘူးဆိုတာ သိတယ်၊ ကယ်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



နော်"

"အင်းလေ ... အခြေအနေကြည့်ပြီး ထွက်လာခဲ့၊ မမချစ် စောင့်နေမယ် ... "

"ဟုတ်"

အနှိုင်း အခန်းကို ပြန်ပိတ်၍ အိတ်လေးဆွဲပြီး ထွက်မည်ပြုစဉ် အပေါက်ဝမှာ ကိုကိုရပ်နေတာကို ဘွားခနဲ တွေ့လိုက်ရသည်။

"အနှိုင်းမဲ့ ... နင်က တော်တော်လေး လူလည်ကျချင်နေတာပေါ့လေ ... ငါ့ကို ဒါမျိုးလာလုပ်လို့ရမလား"

"ဟင် ... ကိုကို"

"တော်သေးတာပေါ့ ... နင့်အကြံအစည်တွေကို အစောကြီးက သိလိုက်လို့လေ"

"ရှင်"

သော့ကို ဒေါ်စောက ပြောပြ၍ ချစ်သူခြင်း မခွဲဖို့တားဆီးခဲ့သည်။ သူသောက်မယ့် ကော်ဖီထဲ အနှိုင်းအိပ်ဆေးခတ်လိုက်တာ ဒေါ်စော မြင်သွားပြီး သတိလာပေးခဲ့၏။ သော် လုံးဝမသောက်ခဲ့။ အနှိုင်း ဖုန်းဆက်နေတာတွေလည်း သူအားလုံးကြားလိုက်ရသည်။

"နင့်ကို ချစ်က ပြောတာလား၊ ဟုတ်တယ် ... နင်နဲ့ငါက မောင်နှမအရင်းတွေ မဟုတ်ကြဘူး ... နင့်ကို ရှစ်လသားအရွယ်ထဲက မွေးစားထားခဲ့တာပဲ"





"ဟင်"

မမချစ် ပြောပြတာ အသေအချာပဲ။ အနှိုင်း မယုံနိုင်အောင် တုန်လှုပ်ချောက်ချားသွားရသည်။ ကိုကို့မျက်လုံးတွေက တည်ငြိမ်မှုကင်းမဲ့နေကာ ကြောင်စီစီနှင့်ကြည့်သည်။

"နင့်အပေါ် ငါဘယ်လောက်အထိ သံယောဇဉ်ကြီးခဲ့ရတာလဲ ... ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်လာခဲ့ရလဲ၊ ကျေးဇူးကန်းတာပေါ့လေ အနှိုင်းမဲ့ ... "

အနှိုင်းမဲ့ ထွက်ပြေးဖို့ ကြံစည်ခဲ့တာကို သော် လုံးဝခွင့်မလွှတ်နိုင်ဘဲ ဖြစ်ရသည်။ အနှိုင်းမဲ့အား ဘယ်လိုအကြောက်မျိုးနဲ့မှ သူ့ရင်ခွင်ထဲကနေ လွှတ်မြောက်ခွင့် မပေးနိုင်ပေ။ မထူးတော့ဘူး။ အနှိုင်းကို ဒီမှာပဲသိမ်းပိုက်လိုက်ဖို့ ရှုးမိုက်စွာ ဆုံးဖြတ်ထားလိုက်သည်။

"မေမေက မသေခင်ပြောထားခဲ့တယ် ... အနှိုင်းမဲ့ကို သားလက်ထပ်ပါတဲ့"

"ဟင် ... ကိုကို ... အဲဒီလို မလုပ်ပါနဲ့၊ အနှိုင်း တောင်းပန်ပါတယ်နော်၊ မဖြစ်နိုင်ပါဘူး ... အနှိုင်းတို့က မောင်နှမတွေပါ၊ မောင်နှမအရင်းပဲ ... ကိုကို ယေစဉ်လေးထဲက အနှိုင်းကို ညီမလေးတစ်ယောက်လို ကျွေးမွေးစောင့်ရှောက်လာခဲ့တာပါ ... ညီမလေးပါ"

"မင်း ... မင်း ငါ့ကိုစွန့်ခွာသွားဖို့ ကြံစည်ရှာတယ်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်တယ် … ချစ်သူရှာတယ်၊ မင်းကရော ငါ့အပေါ်ပေးဆပ်တာ ဘာရှိလဲ … ”

သော့်စိတ်တွေက အမိုက်မှောင်တွေ ဖုံးလွှမ်းကာ ဝေဝါးမှောင်မိုက်နေသည်။ အနှိုင်းမဲ့က ဆန့်ကျင်လိုက်တာပဲ။ သူ့အကြည့်တွေက အနှိုင်းမဲ့အား ပေါက်ကွဲစွာ စိမ်းတောက်နေ၏။ အနှိုင်းအနားသို့ တဖြည်းဖြည်း တိုးကပ်လာခဲ့သည်။

“ကိုကို … အနှိုင်း တောင်းပန်ပါတယ်နော်၊ မလုပ်ပါနဲ့၊ ကိုကို့ညီမလေးပါ … စိတ်တွေကို ထိန်းချုပ်ပါဦး ကိုကိုရယ် … ”

“အနှိုင်းမဲ့ … ”

“ရှင်”

“အနှိုင်းလေးအပေါ် ဘယ်ကောင်က အကြင်နာအယုအယတွေ ပေးနိုင်မှာလဲ … ချစ်နိုင်မှာလဲ၊ ကိုကိုကမှ အရူးအမူးချစ်ရတာပါ”

“ဟင့်အင်း … မဖြစ်သင့်ပါဘူး ကိုကို … အနှိုင်းကို သနားပါဦး”

“အနှိုင်းလေးကို သနားတယ် ချစ်တယ် … ဘယ်တုန်းကမှ အနှိုင်းအပေါ် ကိုကို့ညီမအရင်းလို့ သတ်မှတ်မထားခဲ့ဘူး”

“ဟင် … အမလေး … ကိုကို မလုပ်ပါနဲ့ … အနှိုင်း တောင်းပန်ပါတယ်၊ အနှိုင်း ကြောက်လို့ပါ … ”

“အနှိုင်းမဲ့ … မင်း ကိုကို့ကိုလက်ထပ်ပါ၊ ကိုကို ဘယ်လိုနည်း



နဲ့မှ မင်းကို လက်လွှတ်အဆုံးရှုံးမခံနိုင်လို့ပါကွာနော်”

“ဟင့်အင်း … ဟင့်အင်း … အနှိုင်းဘက်က ကိုကို့ကို အစ်ကိုအရင်းတစ်ယောက်လိုပဲ သတ်မှတ်ပါတယ်၊ မောင်ကလွဲပြီး အနှိုင်း ဘယ်ယောက်ျားကိုမှ ချစ်လည်း မချစ်နိုင်ဘူး”

“မရဘူး … မင်း ကိုကို့ရင်ခွင်ထဲကနေ ထွက်သွားလို့ မရဘူး၊ ကိုကို့လောက် ဘယ်ယောက်ျားကမှ မင်းကိုချစ်နိုင်မယ် မထင်ဘူးကွာ … ”

သော်ကတော့ အခွင့်အရေးတစ်ခုကို ဘယ်လိုနည်းနှင့်မှ လက်လွှတ်အဆုံးမခံနိုင်တော့ပေ။ အခရာဆိုတဲ့ကောင်ကိုလည်း သတ်မယ်။ မင်းကို ဝင်ကူညီတဲ့ ချစ်ချစ်ဆိုတဲ့ကောင်မကိုလည်း သတ်မယ်။ အနှိုင်းဆီက မုန်းတီးတဲ့မျက်ဝန်းတွေရှေ့မှာ သူ့ဒေါသတွေ ပေါက်ကွဲလာရသည်။

“ကိုကို အဲဒီလိုလုပ်ရင် အနှိုင်း ကိုယ့်ကိုယ်ကို သတ်သေပြစ်လိုက်မယ်”

“သေလေ … မင်းသေရင် ငါက အော်ဟစ်ရယ်မောပြစ်မှာပဲ၊ ငါ့ရင်ခွင်ထဲကနေ မင်းအသေထွက်ပဲရမယ် အနှိုင်းမဲ့ … ”

မင်းတစ်ယောက်ယောက်နဲ့ လိုက်သွားချင်ရင် မင်းအလောင်းပဲရမယ် အနှိုင်းမဲ့။ ကိုကို ဘယ်လောက်အထိ စိတ်တွေထိခိုက်ကြေကွဲရလဲ … မအိပ်နိုင် မစားနိုင်နဲ့ အရှုံးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ အနှိုင်းမဲ့။ သော့စိတ်တွေ လွင့်စင်ပေါက်ကွဲလျှက် အနှိုင်းမဲ့ရဲ့ အသနားခံမှုအပေါ် ခံစားချက် ကင်းမဲ့စွာ ပွေ့ဖက်လိုက်သည်။

"ကိုကိုရယ် ... မလုပ်ပါနဲ့ အနှိုင်း တောင်ပန်ပါတယ်၊ အနှိုင်းကို အသေသာသတ်လိုက်ပါ"

"မသတ်ပါဘူး ကလေးရယ် ... ကိုကို ချစ်မြတ်နိုးရတဲ့ ကောင်မလေးပဲ၊ အဲဒီလောက်အထိ ကိုကို မရက်စက်နိုင်ဘူး"

အနှိုင်း ရှန်းဖယ်ပြစ်လိုက်သည်။ ကိုကို့လုပ်ရပ်အတွက် အနှိုင်း လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေ၏။ ဒေါသတွေ ထွက်လာသည်။

"ကိုကို ဖယ်ပါ ... အဲဒီလို မလုပ်ပါနဲ့ အနှိုင်း လက်မခံနိုင်ဘူးနော်"

"မင်း ထွက်ပြေးလေ ငါက အုပ်ထိန်းသူအနေနဲ့ အခရာနဲ့ ချစ်ကို ထောင်ထဲပို့ပြစ်မယ်"

"ကိုကိုနဲ့အနှိုင်းတို့က မောင်နှမအရင်းမှ မဟုတ်တာ"

"ဘာ"

သူ့ရင်ထဲမှာ စူးနင့်တဲ့ဝေဒနာတွေကို ခံစားလိုက်ရသည်။ သူ့စိတ်တွေ ချောက်ချားလှုပ်ခတ်သွား၏။ အနှိုင်း နှုတ်ကနေ ရင့်သီးစိမ်းကားလွန်းတဲ့စကားတွေ ထွက်ပေါ်လာသည်။

"ကျွန်မကို ဒီလိုရက်စက်ကြမ်းကြုတ်တဲ့ စကားတွေ မပြောပါနဲ့ ... အပြုအမူတွေလည်း အနှိုင်း လုံးဝလက်မခံနိုင်ဘူး"

"မင်း လက်ခံတာတွေ လက်မခံတာတွေ မသိဘူး အနှိုင်းမဲ့၊



မင်းကို လုံးဝအလွတ်မပေးနိုင်တော့ဘူး ... မရရတဲ့နည်းတွေနဲ့ ကိုကို သိမ်းပိုက်ပြစ်မယ်"

ကိုကို့ကိုယ်လုံးကြီးက အနှိုင်းအပေါ် အုပ်မိုးလိုက်ချိန်တွင် ဘေးနားမှ ဖုန်းသံကထ၍ မြည်သွားသည်။

"တောက် ... ဘယ်ကဖုန်းလဲ၊ ချစ်ပဲနေမယ်"

ဖုန်းကို ပြန်၍ပိတ်ပြစ်လိုက်ပြီး အခန်းအပြင်ဘက်သို့ ထွက်လာကာ အခန်းတံခါးအား အပြင်မှ သော့ခတ်ပြစ်လိုက်သည်။

"အနှိုင်းမဲ့ နင့်ငြိမ်ငြိမ်နေ၊ ပြဿနာရှာမယ်ဆိုရင်တော့ မီးကိုမီးနဲ့တက်ရှို့ပြစ်လိုက်မှာနော်"

"ကိုကို ... ကိုကို အဲဒီလို မလုပ်ပါနဲ့၊ အနှိုင်း တောင်းပန်ပါတယ်၊ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး ... အနှိုင်းမှာပဲ အပြစ်ရှိတာပါ"

အနှိုင်းကို ထားခဲ့ပြီး ခြံအပြင်ဘက်သို့ ထွက်လာခဲ့သည်။

"ချစ်ချစ် ... နင်က ငါ့ညီမကို အပြင်ခေါ်ထုတ်ဖို့ အကူအညီပေးမယ်ပေါ့လေ ... တွေ့ကြသေးတာပေါ့ကွာ"

ခြံအပြင်သို့ထွက်လာပြီး ခပ်လှမ်းလှမ်းမှာရပ်ထားတဲ့ကားဆီ လျှောက်လာခဲ့သည်။

"အနှိုင်း ... အနှိုင်းလေး ဒုက္ခပါပဲ ... အနှိုင်းလေး ဘာတွေဖြစ်နေပြီလဲ အနှိုင်း ..."

အနှိုင်းလေးဆီသို့ ချစ် စိတ်ပူပြီး ဆက်သွယ်ကြည့်နေတာပါ။ ဖုန်းက ခေါ်ပြီးမှ ပိတ်ပြစ်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com



"အနှိုင်း ... ဟဲလို အနှိုင်းလေး ... "

"ချစ်"

"ဟင်"

သူမ ပခုံးအား တစ်စုံတစ်ယောက်ကလာ၍ ကိုင်ထားရင်း သူမနာမည်ခေါ်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ သော် ဖြစ်နေ၏။ ထိတ်လန့်တုန်လှုပ်သွားသည်။

"ရှုပ်"

"ဟင် ... သော် ဘယ်လိုလုပ်လိုက်တာလဲ၊ တောင်းပန်ပါတယ်သော်ရယ် ... သတိရှိပါဦး၊ အမှားအယွင်းတွေဖြစ်အောင် မလုပ်ပါနဲ့တော့နော် ... "

သော့်မျက်ဝန်းတွေထဲမှာ ဘယ်အရာကိုမှ မမြင်နိုင်တော့။ မီးတွေ တဟုန်းဟုန်းတောက်လောင်ပြီး မြင်မြင်သမျှ နှင်းခြေဖျက်ဆီးပြစ်ချင်လာသည်။

"ငါ့အကြံအစည်တွေ ပျက်အောင် နှင်လုပ်ပြစ်လိုက်တာပဲ အနှိုင်းမဲ့က ငါ့ကိုမုန်းတီးသွားအောင် နှင်ကြံစည်တာပဲ၊ နှင့်ကို ငါ လုံးဝခွင့်မလွှတ်ဘူး ချစ်ချစ် ... "

"ဟုတ်တယ် သော် ... ရှင် မှားနေပြီ၊ မလုပ်သင့်တဲ့ဟာတွေကို မလုပ်ပါနဲ့၊ ချစ် တောင်းပန်ပါတယ် ... သော့်အတွက်ပါ"

"ချစ် ... နှင့်လိုသစ္စာဖောက်မကို ငါကညှာတာထောက်ထားမယ်လို့ ထင်နေလား၊ ငါ ... နှင့်ကို ကုမ္ပဏီတောင်ပေးခဲ့တာ





ကျေးဇူးကန်းတာပဲ"

ချစ် ဆံပင်တွေကို လှမ်းဆွဲ၍ ဆုပ်ကိုင်ရင်း ကားတံခါးကို ဆွဲဖွင့်၍ အထဲသို့ ပြစ်သွင်းလိုက်သည်။

"အား ... အမေလေး မလုပ်ပါနဲ့သော် ... စိတ်ကိုထိန်းချုပ်ပါနော်၊ ချစ်ကိုသတ်လည်း ချစ်ကသော့်ကို ဘာပြဿနာမှမရှာဘဲ အသေခံသွားမယ် ... လွှတ်ပါ ... "

"မင်း ... မင်းစကားတွေကို ငါလက်မခံဘူး၊ မင်း ငါတို့မောင်နှမကြား သွေးထိုးခဲ့တာပဲ ... မင်း ငါ့ကို အပြင်းထန်ဆုံးထိုးနှက်လိုက်တာ မင်းကိုခွင့်မလွှတ်ဘူး"

"သော် ... တောင်းပန်ပါတယ် ... အား ... "

"ဖြန်း"

"မင်းလိုကောင်မကများ ငါနဲ့အနှိုင်းတို့ရဲ့ ချစ်ခြင်းကိုခွဲပြစ်ရက်တယ်"

"ဖြန်း"

"ဖြန်း"

"ချစ်ကိုသေအောင် ရိုက်လိုက်စမ်းပါသော် ... ဒါပေမဲ့ အနှိုင်းလေးကို လွှတ်လပ်ခွင့်ပေးလိုက်ပါ ... အနှိုင်းလေး သူ့ကိုယ်သူ သတ်သေသွားလိမ့်မယ်"

"တောက် ... ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

ချစ် ခေါင်းမှာ နာကျင်တဲ့ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ သော် ကြောက်စရာကောင်းလောက်အောင် ဒေါသတွေပေါက်ကွဲနေပုံပင်။ သော်အတွက် ချစ်စိတ်ပူမိ၏။ ဘယ်လိုပဲဖြစ်စေ တားဆီးဖို့ ဆုံးဖြတ်ထားသည်။

"မင်းကို သတ်ပြစ်လိုက်တာ ငါလုပ်ရမယ့်အလုပ်တွေပဲချစ်၊ ငါ့အကြံအစည်တွေကို မင်းဖျက်ဆီးပြစ်လိုက်ပြီ၊ အန္တိုင်းက ငါ့နောက်မလိုက်တော့ဘူး ... မုန်းနေပြီကွ"

သော့်စိတ်တွေ ပူလောင်နာကျင်စွာ ဆောက်တည်ရာမရအောင် ပေါက်ကွဲနေသည်။ အန္တိုင်းက သူ့ကိုမုန်းတီးနေပြီ။ အစ်ကိုအရင်းတစ်ယောက် မဟုတ်ဘူးဆိုတာသိသွား၍ နိုင်ငံခြားသို့ ခေါ်ဆောင်၍မရတော့။ သော့်အကြံအစည်တွေ မှားသွားပြီဖြစ်သည်။

"သေစမ်း ... ချစ်ချစ် ... ငါ့နောက်ကျောကို ဓားနဲ့ထိုးလိုက်တာပဲ ... ငါ့မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေ စုတ်ပြတ်သတ်သွားပြီကွ"

"သော်ရယ် ... မလုပ်ပါနဲ့၊ ချစ်တောင်းပန်ပါတယ်၊ သော့်အတွက်ပါနော်"

"မပြောနဲ့ ... ဆက်မပြောနဲ့တော့"

ချစ်ကို သဲကြီးမဲကြီးနှင့် ရိုက်နှက်ဖို့ကြိုးစားနေသည်။ ချစ်



ရှောင်တိမ်းရင်း တားဆီးနေရ၏။ မကြာခင် ... အခရာ ရောက်လာသည်။

"ကိုစစ်နိုင်သော် ... တောင်းပန်ပါတယ်၊ အဲဒီလို မလုပ်ပါနဲ့ဗျာ ... မမချစ်မှာ ဘာအပြစ်မှ မရှိပါဘူး၊ သတ်ချင်ရင် ကျွန်တော့်ကိုပဲသတ်ပါ"

"ကောင်းတယ် အခရာ ... မင်းကိုသတ်ရမှာ၊ ငါသတ်ရမှာက မင်းပဲ"

အခရာ ရောက်လာ၍ သော့်ဒေါသတွေက အခရာ့အပေါ်စုပြုံကျရောက်သွားသည်။ အခရာ ... အန္တိုင်းရဲ့ချစ်သူ။ သူနှင့်အန္တိုင်းကို ခွဲပြစ်လိုက်တဲ့ကောင်။ ပျော်ရွှင်ချမ်းမြေ့တဲ့သူနှင့် အန္တိုင်းမဲ့ဘဝမှန်တိုင်းထန်သွားစေရန် ဒီကောင်လုပ်တာ။ သူ့လက်ထဲမှာ ဓားကိုဆုပ်ကိုင်ထားလိုက်သည်။

"သော် ... မလုပ်ပါနဲ့၊ အခရာ မင်းပြန်တော့ ... မမချစ်တာဝန်တွေအားလုံးယူတယ်၊ သွားပါတော့ အခရာရယ်"

ချစ် မထနိုင်။ ခေါင်းတွေမူးဝေကာ ခြေထောက်ကလဲ နာနေသဖြင့် အော်ဟစ်တောင်းပန်နေရသည်။ သော် ဘယ်လိုမှ တားဆီးမရဘဲ အခရာ့နား တိုးကပ်သွားချိန်တွင် ရဲကားတွေရောက်လာ၏။ ချစ် သတိပေးတားဆီးလိုက်ပေမယ့် နောက်ကျသွားသည်။

"သော် ... ရပ်လိုက်ပါတော့ ... ရဲတွေလာနေပြီ၊ ရှင် အဖမ်းခံရလိမ့်မယ် ... တော်ပါတော့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အခရာ ... မောင်လေး ..."

မောင်လေး အခရာရဲ့ ညည်းတွားသံကြားရပြီး ချစ်လည်း အသိကင်းမဲ့သွားရ၏။ နောက်ဆုံး သူမသိလိုက်တာက သော့်ကို ဆတ်ထိပ်ခတ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

"သော်ရယ် ... ရာဇဝတ်မှုတွေ မကျူးလွန်ပါနဲ့တော့နော်၊ အမှားအယွင်းတွေ ထပ်မလုပ်ပါနဲ့တော့ ... ရှင်က ဂုဏ်သရေရှိ လူကြီးလူကောင်းပါ"

ချစ် သတိပြန်ရတဲ့အချိန်တွင် နှုတ်ကနေ တတွတ်တွတ် ပြောဆိုတောင်းပန်နေမိသည်။

"သော့်ကို မဖမ်းကြပါနဲ့ ... သော်က လူကောင်းပါ၊ အပြစ် မပေးကြပါနဲ့"

ချစ် အသိတွေ ပြန်၍ကင်းမဲ့သွားရလေသည်။

☆

အခန်း ( ၂၂ )

"ကိုကိုလည်း အဖမ်းခံရတယ် ဟုတ်လား ... မောင်လည်း ဓါးထိုးခံရတယ်၊ မမချစ်က ဆေးရုံမှာလား ... ဘာတွေဖြစ်ကုန်ကြတာလဲ ဒေါ်စော"

"အနှိုင်း မြန်မြန်ထွက် ... ဘာတွေဖြစ်ကုန်လည်း ဒေါ်စော လည်း မသိတော့ဘူး ... ဒီကြမ်းပြင်မှာ သူ့ရွှေးသော့ချထားခဲ့လို့ ဒေါ်စော လာဖွင့်ပေးတာ ... ကိုညဏ ဖုန်းဆက်တယ်၊ သူလာခဲ့မယ်တဲ့"

အနှိုင်းကို ဒေါ်စောက တံခါးဖွင့်ပေးသည်။ ကိုကိုက သော့ခတ်ခဲ့တာပါ။ မမချစ်ဆီက ဖုန်းလာတာတွေ့သွား၍ ကိုကို ဒေါသတကြီး ထွက်သွားခြင်းဖြစ်သည်။ ကိုညဏ ရောက်လာ၏။ မောင်က ဖုန်းဆက်၍ အနှိုင်းအားစောင့်ရှောက်ပေးဖို့ အကြောင်းကြား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လာရောက်ခြင်းဖြစ်သည်ဟု ပြောသည်။

"ဘာဖြစ်လို့လဲဟင် ... မောင်ရော ဒဏ်ရာပြင်းလား"

"မပြင်းဘူး အနှိုင်း ... စိတ်မပူနဲ့ မမချစ်လည်း ဒဏ်ရာတွေ ရပေမယ့် စိုးရိမ်စရာ မရှိဘူး ... အနှိုင်း စိတ်ကိုထိန်းပါ"

ဉာဏလည်း သံသယတော့ ဝင်မိသည်။ ဆရာနှင့်အနှိုင်းတို့က မောင်နှမအရင်းတွေ မဖြစ်နိုင်ဟုပင်။ အနှိုင်းလေးကို သနားမိသည်။

"အနှိုင်း"

"ရှင်"

"အနှိုင်းလေး စိတ်ကိုထိန်းထားနော် ... ဆရာလေ ... ဆရာ ဆုံးသွားပြီ ... "

"ဟင်"

"အခုပဲ ကိုဉာဏ အချုပ်ထဲရောက်ခဲ့တယ်၊ ဆရာက အတင်း အော်ဟစ်ပြီး သူ့ညီမလေးကို တံခါးပိတ်ထားခဲ့တယ်၊ စိတ်မချဘူး သူ့ကိုလွှတ်ပေးပါတဲ့၊ အော်နေရင်း လဲကျသွားတာပဲ"

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်"

"အလောင်းကို ဆေးရုံကြီးပို့လိုက်ပြီ၊ နှလုံးသွေးရပ်သွားတာတဲ့လေ"



သူမ နာကြင်ကြေကွဲရလွန်း၍ ကြမ်းပြင်ပေါ်လဲပြိုကျသွားသည်။ ဒေါ်စောပွေ့ထူမလိုက်ရ၏။ ကိုကို ဆုံးသွားပြီတဲ့။ ဘယ်လိုပဲ အစ်ကိုအရင်းမဟုတ်လည်း သူမအား သံယောဇဉ်ကြီးမားလွန်းကာ ကျွေးမွေးစောင့်ရှောက်ပေးခဲ့သူဖြစ်သည်။

"ကိုကိုရယ် ... အနှိုင်း ဘယ်လိုလုပ်ရမလဲဟင်၊ ကံကြမ္မာတွေက ကြောက်စရာကောင်းလိုက်တာနော် ... အနှိုင်းတို့ ဆိုးဝါးတဲ့ အဖြစ်တွေနဲ့ရင်ဆိုင်ရတယ် ... အနှိုင်း ကြောက်လိုက်တာ"

မမချစ်အတွက်ရော မောင့်အတွက်ရော စိတ်ပူမိသည်။

"ကျွန်မ ဆေးရုံသွားချင်တယ်၊ မောင့်ကိုတွေ့ပါရစေ၊ မမချစ်ကိုရောပဲ ... "

"အနှိုင်း ခဏလေးနေပါ အားမွေးပါဦး ... မမချစ်ရော ... အခုရော အသက်အန္တရာယ်ထိခိုက်စရာ မရှိတော့ပါဘူး"

ဒေါ်စောနှင့်ကိုဉာဏတို့က အနှိုင်းကိုပြုစုနေကြသည်။ ဆရာဝန်ပင့်ပြီး အားဆေးသွင်းရ၏။ ကိုကို မအိပ်မစားဘဲ အနှိုင်းအတွက် စိတ်သောကတွေရောက်နေခြင်း ဖြစ်၏။ နှလုံးအားနည်းသွားခြင်းပါ။ ကိုကို့ဘဝ အဆုံးသတ်က မလှပပေ။ ချမ်းသာကြွယ်ဝပြီး ဂုဏ်သိက္ခာကြီးမားခဲ့သော လူတစ်ယောက်က အချုပ်ခန်းထဲမှာ လဲကျသေဆုံးခဲ့ရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့အတွက် အကောင်းဆုံးကုသိုလ်တွေသာ ရွေးချယ်ပြီး လုပ်ပေးသင့်တော့တယ် အနှိုင်း … ဘယ်တတ်နိုင်မလဲ၊ ကံကြမ္မာဆိုးတွေက ဝင်ရောက်မွှေနှောက်လာပြီပဲလေ"

အနှိုင်း အားအင်ပြည့်လာသည်နှင့် ဆေးရုံကြီးသို့ လိုက်သွားခဲ့သည်။ မိုးစက်လည်း မောင့်အနားမှာ ရောက်နေ၏။ မောင့်ဒဏ်ရာက ဝမ်းဗိုက်ကို ထိုးမိကာ အသက်အန္တရာယ် မရှိတော့ဟု ပြောကြသည်။

"အနှိုင်း … ဘယ်လိုတွေဖြစ်ကုန်ကြတာလဲကွာ၊ မိုးစက်စိတ်မကောင်းလိုက်တာ … အခုပဲ အနှိုင်းဆီ လိုက်လာခဲ့မလို့ပါ"

"မိုးစက်ရယ်"

မိုးစက်ကို ဖက်၍ငိုမိသည်။ မောင်ကတော့ ဆေးအရှိန်နှင့် အိပ်စက်နေ၏။ မောင်အသက်အန္တရာယ်မရှိတော့ဘူးဆိုတာ သိရ၍ စိတ်အေးရသည်။

"ကိုကို မရှိတော့ဘူး မိုးစက်"

"ဟင် … ဘယ်လို အနှိုင်း … မင်းကိုကိုက ဘယ်ရောက်သွားလို့လဲ"

"ဆုံးသွားပါပြီ"

"ဟယ်"



မိုးစက်လည်း အံ့သြတုန်လှုပ်သွားရသည်။ အနှိုင်းလက်တွေအား ခြောက်ခြောက်ခြားခြား ဆုပ်ကိုင်၍ အားပေးနေခဲ့၏။ မမချစ်ကိုသွားတွေ့ရာသို့ မိုးစက်လည်း လိုက်လာခဲ့သည်။

"အနှိုင်းလေး … ဖြစ်မှဖြစ်ရလေကွယ်၊ အဖြစ်အပျက်တွေက ကြောက်စရာပဲ … သော့်ကို မမုန်းပါနဲ့၊ သော်က သံယောဇဉ်ကြီးတတ်တဲ့နှလုံးသား နုလွန်းတဲ့ကောင်ပါ … အခုလေ သူ့အဖမ်းခံထားရပြီ … မမရော အခုရောရော အမှုမဖွင့်ဘူး၊ သော့်ကို လုံးဝအပြစ်ပေးခံရတာမျိုး မဖြစ်စေရဘူး … အနှိုင်းလည်း ခွင့်လွှတ်ပါ"

ကိုကို သေဆုံးသွားတာ မမချစ်ကို အသိပေးဖို့ခက်ခဲနေသည်။ မမချစ်ရဲ့ ကျောင်းနေဖက် သူငယ်ချင်း ငယ်ချစ်ပါ။ အနှိုင်းထက်ပင် နာကျင်ကြေကွဲနေ၏။ သော့်ကို ခွင့်လွှတ်ဖို့လည်း အနှိုင်းအားအထပ်ထပ် တောင်းပန်သည်။

"မမချစ်လေ … ဆေးရုံကဆင်းခွင့်ရတာနဲ့ သော့်ဆီကိုသွားတွေ့မယ် … နောင်တရပါတော့လို့ သော့်ဘဝကို မဖျက်ဆီးဖြစ်ပါနဲ့တော့လို့ … မမချစ် ဖြောင်းဖျမယ် … သူသတ်ချင်သတ်ပါစေ"

"မမချစ်"

"ပြောလေ အနှိုင်း … "

"မမချစ်က အနှိုင်းထက်တောင် ပိုပြီးတည်ငြိမ်ရင့်ကျက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုကို့ကုမ္ပဏီလုပ်ငန်းကိုလည်း ဦးဆောင်ပေးရဦးမယ်၊ မမချစ် စိတ်တွေခိုင်မှနော် … ”

“သော့်ကို လုံးဝအရေးမယူစေရဘူး … မိသားစုကိစ္စတွေပဲ ကွယ် … မမချစ် တာဝန်ယူမှာပါ၊ သော့်ကို ဖျောင်းဖျရမယ်၊ အခု လောက်ဆိုရင်တောင် သော် နောင်တတွေရနေလောက်ပြီ”

“ကိုကို ဆုံးသွားပြီလေ … ”

“ဘာ … ဘာပြောတယ် အနှိုင်းမဲ့ … သော် ဘာဖြစ်တယ်”

“ကိုကို ဆုံးသွားပါပြီ၊ အချုပ်ခန်းထဲမှာ လဲကျသွားတယ်၊ နှလုံးသွေးရပ်သွားတဲ့ … အအိပ်အစားတွေ ပျက်ပြီး ကိုကို့နှလုံးက အားအရမ်းနေလို့တဲ့ … ”

“ဟင် … အနှိုင်းမဲ့ မင်းဘာတွေပြောနေရတာလဲ၊ သော် သေပြီ ဟုတ်လား … အဓိပ္ပာယ်မရှိတာဘဲ၊ သော့်လိုယောကျ်ား တစ်ယောက်က အချုပ်ခန်းထဲမှာ သေစရာလား”

“မမချစ် စိတ်ကိုထိန်းပါနော် … ကိုကိုထားခဲ့တဲ့ ကုမ္ပဏီကို ရော အနှိုင်းကိုရော စောင့်ရှောက်ပေးရမယ့်တာဝန်တွေ မမချစ်မှာ ရှိလာပါပြီနော် … ကိုကို့အစားလေ … ”

“သော်ရယ် … ချစ်တို့ကိုထားခဲ့ပြီလားဟင် … ချစ်ကို အသေသတ်ပြစ်ထားခဲ့သင့်တာပါနော်”



ချစ် ငိုမိသည်။ တသိမ့်သိမ့်ကို ရှိုက်ငင်ငိုကျွေးတာပါ။ သော့်ကို ချစ် ချစ်မိခဲ့တာ နှစ်တွေဘယ်လောက်ကြာခဲ့ပြီလဲ။ သော့်လုပ်ရပ်တွေကို တားဆီးမိရင်း ပြဿနာတွေက ပို၍ပင် ရှုပ်ထွေးသွားခဲ့ရသည်။

“ချစ် အရမ်းကြေကွဲရပါတယ်၊ သော့်ကို အဖြစ်မှန်ရစေချင်လို့ပါ … ကျွန်မ သော့်ကိုချစ်တယ်၊ ကျွန်မ ဘယ်လိုမှ မဖြေနိုင်တော့ဘူး သော်ရယ် … ”

“မမချစ် … အနှိုင်းအတွက် မားမားမတ်မတ် ရပ်တည်ပေးပါ … အနှိုင်းလည်း ကြေကွဲရပါတယ် … အဟင့် … ဟင့် ဟင့်”

အနှိုင်းလေး ငိုနေသဖြင့် ချစ်လည်း လက်လေးကို ဆုပ်ကိုင်ထားမိသည်။ အရမ်းကို သနားစရာကောင်းတဲ့ မိန်းကလေးပါ။ ချစ် စောင့်ရှောက်ရမယ့်တာဝန် ရှိနေသည်။ သော့်ကိုယ်စားပေါ့။

“မမချစ် စောင့်ရှောက်ပေးပါ့မယ် အနှိုင်းရယ် … ဘယ်တတ်နိုင်တော့မလဲလေ … ကံကြမ္မာအရပဲပေါ့၊ သော့်အတွက် အကောင်းဆုံးလုပ်ပေးကြရအောင်ပါ”

“ဟုတ်ကဲ့ မမချစ် … ”

ကိုကို့အဖြစ် ဆိုးလွန်းသည်။ အမှုတွေနှင့်အချုပ်ခန်းထဲမှာ သေဆုံးရတဲ့အဖြစ် အနှိုင်းကြောင့်လည်း ဖြစ်နေ၍ အနှိုင်း မဖြေနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ခံစားနေရ၏။ ကိုကို့အား သက်ဆိုင်ရာက စစ်ဆေးမှုတွေ ပြုလုပ်ပြီး သဂြိုလ်ခွင့်ပြုခဲ့၏။ မမချစ် တစ်ယောက်ပဲ ဆေးရုံကနေ ဝှီးချဲလ်ဖြင့် လာရောက်ပို့ဆောင်နိုင်ခဲ့သည်။

"သော် ... ရှင် လွတ်မြောက်ရာကိုသွားပါ၊ အချစ်တွေ သံယောဇဉ်တွေနဲ့ဝေးရာကိုပါနော်"

"ဟုတ်ပါတယ် ကိုကိုရယ် ... အနှိုင်း တောင်းပန်ပါတယ်နော်၊ ဘဝဆက်တိုင်းပဲ ကိုကို့ညီမလေးအရင်းဖြစ်ချင်ပါတယ်၊ ကျွန်မကတော့ ကံကြမ္မာကိုပဲ ပုံချပြစ်လိုက်ချင်တယ် ... အရမ်းဆိုးဝါးလွန်းတဲ့ ကံကြမ္မာပါ"

ကိုကို မသေဆုံးခင်မှာ အသက်ရှုကျပ်တဲ့ဝေဒနာအား ပြင်းပြစွာ ခံစားခဲ့ရှာကာ မျက်လုံးတွေပင် ပြူးထွက်နေခဲ့သည်။ အနှိုင်းကို စိတ်မချတာလား ကိုကို။

"အနှိုင်း ဆေးကျောင်းပြန်တက်မယ် ... ဆရာဝန်တစ်ယောက်ဖြစ်အောင် အနှိုင်း ကြိုးစားမယ် ... "

ကိုကို့အတွက် အလှူအတန်းတွေ လုပ်ပေးခဲ့သည်။ ကိုကို ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာ အတော်များများအား ဒုက္ခရောက်နေတဲ့ လူတွေ လိုအပ်တဲ့နေရာတွေကို လှူဒါန်းပေးခဲ့ပြီး အမှုအတန်းတွေ ပေးဝေခဲ့၏။ ကိုကိုကွယ်လွန်ပြီး တစ်လပြည့်မြောက်တဲ့နေ့တွင်



မောင် ရောက်လာခဲ့သည်။

"အနှိုင်း"

"ဟင်"

"အားမငယ်ပါနဲ့ အနှိုင်းရယ် ... မောင့်ကိုလည်း အထင်မလွဲပါနဲ့၊ မောင် သက်ဆိုင်ရာကို အကြောင်းကြားလိုက်တာ လုံးဝမဟုတ်ပါဘူး၊ ပတ်ဝန်းကျင်က အကြောင်းကြားခဲ့တာပါ"

မောင်က အနှိုင်းကို တောင်းပန်နေခဲ့သည်။

"အနှိုင်း သိပါတယ် မောင်ရယ် ... ကိုကို ပြုလုပ်ခဲ့တဲ့ အကြောင်းတွေကြောင့်ပါ၊ ဘာပဲဖြစ်ဖြစ် ကိုကိုက ကျွန်မကိုကိုအရင်းပါ"

"ကိုကို့အတွက် အကောင်းဆုံးတွေလုပ်ပေးခဲ့ပြီးပြီပဲ ... အနှိုင်း ကျောင်းပြန်တက်ပါ၊ ဘဝကိုရဲရဲရင့်ရင့် သတ္တိရှိရှိရင်ဆိုင်ပါနော်၊ အနှိုင်း ဆရာဝန်တစ်ယောက် ဖြစ်ချင်တာ မဟုတ်လား"

"အင်း ... အနှိုင်း ကြိုးစားမှာပါ"

"မမချစ်က အနှိုင်းနဲ့လာနေပေးလိမ့်မယ်၊ ကိုစစ်နိုင်သော်ရဲ့ စီးပွားရေးကိုလည်း ဦးစီးလုပ်ဆောင်ပေးလိမ့်မယ် ... မိုးစက်လည်း ရှိပါတယ် မောင်ရောပဲလေ ... "

အနှိုင်း လက်လေးကို မောင်က ဆုပ်ကိုင်ထားလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အနှိုင်း မရှန်းဖယ်ခဲ့။ ကိုကို မရှိတော့၍ အနှိုင်းနှင့်မောင့်ကို ခွဲပြစ်မယ့်သူလည်း မရှိပေ။ မောင့်ကို အနှိုင်းချစ်သည်။

"အနှိုင်းတို့ဘဝ တိုးတက်လမ်းအတွက် ကြိုးစားကြမယ် မောင်ရယ်နော် ... ရည်မှန်းချက်တွေ မပျောက်စေရဘူး၊ မောင့်ကို အနှိုင်း ချစ်တယ်"

"အနှိုင်းရယ်"

မောင့်ရင်ခွင်ထဲသို့ အနှိုင်းမဲ့ တိုးဝင်ဖက်တွယ်ထားလိုက်သည်။ အနှိုင်းရဲ့အားကိုးမှီတွယ်ရာက မောင်ပဲရှိတော့တာပါ။ အနှိုင်းတစ်ယောက်ထဲ လောကဒဏ်ကို ရင်ဆိုင်ဖို့ သတ္တိတွေမရှိတာတော့ အမှန်ပဲဖြစ်၏။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားမိကြလေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com